
# FAMOUS CHINESE SHORT STORIES

## Retold by LIN YUTANG (1959)



# Part I

Translated by Ma Hninpwint


FAMOUS
CHINESE
SHORT
STORIES
RETOLD BY
LIN YUTANG
THE POCKET LIBRARY

# FAMOUS CHINESE SHORT STORIES

Retold by **LIN YUTANG (1959)**

## မာတိကာ

**အပိုင်း - ၁**


၁ - မုတ်ဆိတ်နီကြီး ( တုကွမ်ထျင်း - တန်မင်းဆက်)

၂ - လူမျောက်ဖြူ ( အမည်မသိ - တန်မင်းဆက်)

၃ - လူစိမ်းရဲ့စာ ( ချင်ပင်းရှန်တန် - ဆွန်မင်းဆက်)

၄ - ကျောက်စိမ်းနတ်မယ် (ချင်ပန်ထန်ရှု - ဆွန်မင်းဆက်)

၅ - ပြဟ္မစရိယမုန်ခုံး ( ပါးစပ်ရာဇဝင် - တန်မင်းဆက်)


**အပိုင်း - ၂**


၆ - ရမက် ( ယွင်ချန် - တန်မင်းဆက် )

၇ - ချန်နန် ( ချန်ဆွမ်ယူ - တန်မင်းဆက်)

၈ - မင်းကတော် မဒီ ( လျန်ပူ - ဆွန်မင်းဆက် )

၉ - မနာလိုစိတ် ( ချင်ပန်ထန်ရှု - ဆွန်မင်းဆက် )

၁၀ - ဂျိုဂျို ( ပုဆန်လင်း - ချင်မင်းဆက် )

**အပိုင်း - ၃**

၁၁ - အပယ်ခံမိန်းကလေး (တွမ်ချန်ရှု - တန်မင်းဆက်)

၁၂ - ပုရစ်ကလေး ( ပုဆန်လင်း - ချင်မင်းဆက်)

၁၃ - ကဗျာ့ရိပ်မြုံ (ဝမ်ချူး - ဆွန်မင်းဆက် )

၁၄ - စာဂျပိုး ( ပုဆန်လင်း - ချင်မင်းဆက် )

၁၅ - ချွန်ဆန် က ဝံပုလွေ ( ရှဲ့လျန် - ဆွန်မင်းဆက်)

**အပိုင်း - ၄**

၁၆ - တညတာနားခိုရာ ( လီဖူယန်း - တန်မင်းဆက်)

၁၇ - ငါးဘဝမှာ ခဏတာ ( လီဖူယန်း - တန်မင်းဆက်)

၁၈ - ဟင်းမျိုးကြီး ( လီဖူယန်း - တန်မင်းဆက် )

၁၉ - ဖူးစာတည်းခိုခန်း ( လီဖူယန်း - တန်မင်းဆက်)

၂၀ - ဖိုးသမားအိမ်မက် ( လီကွမ်စို- တန်မင်းဆက် )

All pictures and paintings including the book cover are taken from Google.



## Curly-Beard

This is a favorite Tang story , distinguished by sharp characterization and dialogue. It was probably written by Tu Kwang-t'ing (A.D. 850-933), a highly distinguished Taoist himself and an author of many works. It forms No. 193 of T'aip'ing Kwangchi, but slightly varying texts exist, some of which ascribe it to one Chang Yueh. Legendary tales had grown up around the figure Li Tsing, who is also the hero in " A Lodging for the Night ." There were two dramatizations of the story. I have supplied some details in the part at the Taiyuan inn. ( Lin Yutang)

## ၁ ။ မုတ်ဆိတ်နီကြီး

တန်မင်းဆက်ကြီး ခိုင်ဖြိုးကြွယ်ဝလာစေဖို့ ဝိုင်းဝန်းထူထောင်အုတ်မြစ်ချခဲ့စဉ်အချိန်က ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေဟာ သိပ်စိတ်ဝင်စားစရာကောင်းပါသတဲ့ ။ နိုင်ငံတခုစတည်ထောင်ဖို့လျှောက်လှမ်းခဲ့ကြရတဲ့လမ်းကြမ်းကြီးမှာတော့ထုံးစံအတိုင်းသူရဲကောင်းတွေ ၊ ကြမ်းကြမ်းရမ်းရမ်းစွန့်စားခန်းတွေ၊ လွမ်းစရာချစ်ပုံပြင်တွေ ၊ တိုက်ပွဲတွေ ၊ အဝေးမြေကအောင်ပန်းတွေနဲ့ လူထူးလူဆန်းတွေရဲ့အံ့မခန်းလုပ်ရပ်တွေအပြည့်ပေါ့ ။ ပြောရမယ်ဆိုရင် အဲဒီခမ်းနားကြီးကျယ်လှတဲ့ခေတ်ကာလကြီးထဲကဇာတ်လိုက်တွေအကြောင်းကတော့ ပိုပြီးနားထောင်ကောင်းသလိုပါပဲ ။ သူတို့ရဲ့ စိတ်ကူးအိမ်မက်တွေဟာလဲ ပိုမိုခမ်းနားသလို ၊ သူတို့တွေရဲ့နှလုံးသားတွေက ပိုပြီးကြီးမြတ်ကြသလိုထင်ရတယ် ။ စွန့်စားခန်းတွေဆိုရင်လဲပိုပြီးဆန်းကြယ်လှပတယ်ဆိုတာ ငြင်းမရဘူးဆိုရမယ် ။ ဒီပုံပြင်ကိုစရရင် အချိန်ကတော့ စွီမင်းဆက်ပြိုလဲလုဆဲဆဲကာလမှာပေါ့ ။ တောထဲမှာရှဉ့်ညိုတွေပြည့်နေသလိုပဲနိုင်ငံတော်ကြီးတခုလုံးမှာလဲ ခါတော်မှီကြေးစားစစ်သားတွေတင်းကျမ်းဖြစ်နေသလို မင်းယောက်ျားမှန်သမျှကလဲ  ရှိသမျှစည်းစိမ်ပုံအောပြီးလောင်းကြေးကြီးကြီးထပ်ကြလို့ ဉာဏ်ချင်းပြိုင်နေကြတဲ့အချိန်လဲဖြစ်ရဲ့ ။ သူတို့အားလုံးမှာ ကိုယ်ပိုင်ယုံကြည်မှုတွေ ၊ အယူသီးတာတွေ ၊ ရန်ညှိုးတွေ ၊ သစ္စာစောင့်သိကြတာတွေနဲ့ တကယ့်တိုက်ပွဲဝင်မင်းယောက်ျားတွေချည်းဆိုပါတော့ ။ အဲ..တခါတရံတော့ ဒီလိုလှည့်လည်နေတဲ့စစ်ထွက်ယောက်ျားတွေထဲမှာရှားရှားပါးပါးလို့ဆိုရမဲ့ ခွန်အားအရာမှာသံမဏိလိုခိုင်ခန့်သန်စွမ်းပြီး ရွှေစင်လိုမြင့်မြတ်အဖိုးတန်လှတဲ့နှလုံးသားပိုင်ရှင်များကိုလဲ ကြုံရဆုံရတတ်သတဲ့ ။ ကဲ..နားထောင်ကြည့်ရအောင်လေ ။

ညဦးပိုင်းသာသာ ကိုးနာရီလောက်မှာပေါ့ ။ လီဆင်းလို့ခေါ်တဲ့ အသက်သုံးဆယ်အရွယ်လုလင်တယောက်ဟာ ညလယ်စာစားပြီးအိပ်ရာထဲမှာ ခဏလှဲနေသတဲ့ ။ လူကသာလှဲနေပေမဲ့ စိတ်ကတော့ရှုပ်ထွေးငြီးငွေ့ပြီး အလိုမကျဖြစ်နေလို့ သက်တောင့်သက်သာတော့မရှိလှဘူး ။ လီဆင်းဟာ အရပ်မြင့်မြင့် တောင့်တောင့်တင်းတင်းနဲ့ပေါ့ ။ ဆံပင်တွေကတော့လှိုင်းထပြီးကြွက်သားအပြိုင်းပြိုင်းထနေတဲ့ပခုံးပေါ် ဝဲလို့ ။ ပျင်းပျင်းရိရိနဲ့ပဲ လီဆင်းဟာသူ့လက်မောင်းကြွက်သားတွေကို ရုန်းလိုက်ကြွလိုက်ဖြစ်အောင်

လုပ်နေလေရဲ့ ။ သူဟာရည်ရွယ်ချက်ကြီးမားသလောက် သန်စွမ်းကြံ့ခိုင်လှပေမဲ့ လောလောဆယ်မှာ ဒါတွေကိုအသုံးချဖို့နေရာမရှိသေးတော့ ကေသရာဇာခြင်္သေ့မင်းများကို လှောင်ချိုင့်ထဲထည့်ထားသလို အင်မတန်မှဂဏာမငြိမ်ဖြစ်နေတာပဲ ။

သူဒီမနက်ပဲ စစ်သေနာပတိယန်ဆူဆီကိုသွားပြီး ပြိုလဲမတတ်ဖြစ်နေတဲ့စွီနိုင်ငံတော်ကိုကယ်တင်နိုင်မဲ့သေနင်္ဗျူဟာတခုကိုတင်ပြခဲ့သေးတယ် ။ ဒါပေမဲ့ရောက်ရောက်ချင်းပဲ စစ်သေနာပတိဆိုတဲ့ လူအိုဝတုတ်ကြီးက လုံးလုံးစိတ်မဝင်စားဘူးဆိုတာကို လီဆင်းရိပ်မိလိုက်တာပဲ ။ ဖတ်ကြည့်ဖို့ဆိုတာ ဝေလာဝေးပေါ့လေ ။ စွီဧကရာဇ်နန်ကင်းဘက်မှာမောင်းမတွေနဲ့ပျော်နေတုံး အနောက်ပိုင်းမြို့တော်ကို ကာကွယ်ဖို့အာဏာကုန်လွှဲအပ်ခြင်းခံထားရတဲ့ စစ်သေနာပတိအိုကြီးကတော့ နန်းဆောင်ထဲကသလွန်တော်ပေါ်မှာသူ့ဘဝကိုအကျေနပ်ကြီးကျေနပ်နေတာကိုး ။ လီဆင်းတင်ပြမဲ့ သွေးနဲ့ချွေးနဲ့ရင်းရမဲ့အလုပ်ကိုဘယ်ခေါင်းထဲ ထည့်ပါ့မလဲ ။ အဖိုးကြီးရဲ့ဝက်များလိုတွဲကျနေတဲ့ ပါးတုန်တုန်ကြီးတွေ ၊ ရမက်ဆန္ဒကြီးဟန်တူတဲ့ နှုတ်ခမ်းထူကြီးတွေနဲ့ မျက်အိမ်တွဲကြီးတွေကိုကြည့်တာနဲ့တင် သိနိုင်ပါတယ် ။ စည်းစိမ်ပုံမှာပျော်မွေ့နေတာဘယ်လောက်ကြာခဲ့ပြီဆိုတာပေါ့ ။ သေနာပတိရယ်လို့ ထက်မြက်စူးရှတဲ့အမူအရာလဲမရှိတဲ့အပြင် နပ်တရှူ့ရှူ့လုပ်နေတဲ့ လူအိုဝဝကြီးကိုကြည့်ပြီး လီဆင်းခမျာလာမိတာမှားပြီးလို့ထင်မိပါသတဲ့ ။ လီဆင်းနန်းဆောင်ထဲဝင်သွားတော့ သေနာပတိကြီးကို မိန်းမလှလေးတွေ အယောက်နှစ်ဆယ်လောက်နဲ့မြိုင်မြိုင်ဆိုင်ဆိုင်ကြီးတွေ့လိုက်ရတယ် ။ အဲ ..မိန်းကလေးတွေကတော့ သေနာပတိယန်ဆူရဲ့သလွန်တဖက်တချက်မှာ ရေကလပ်တို့ ၊ မုန့်ချိုတို့ ၊ ထွေးခံတို့ ၊ ယပ်တို့စတာတွေကိုကိုင်ပြီးခစားနေတာပေါ့ ။ တစ်တောင်လောက်ရှည်တဲ့ မြင်းမြီးယပ်မှာ ကျောက်စိမ်းလက်ကိုင်တပ်ထားတာကိုကြည့်ရုံနဲ့တောင် ဒီသေနာပတိဘယ်လောက်ကြွယ်ဝသလဲဆိုတာသိနိုင်သတဲ့ ။ လေထဲမှာကျက်သရေရှိရှိယိမ်းနွဲ့နေတဲ့ ပိုးသားလို မြင်းဖြူမြီးယပ်တွေဟာ အသုံးမကျလှပေမဲ့ ဓနအင်အားရဲ့ပြယုဂ်တခုပဲကိုး ။ ဒီလိုခမ်းနားကြီးကျယ်လှတဲ့အဆောင်အယောင်တွေကို ပိုင်ဆိုင်သူကခံစားနှစ်သက်မွေ့ပျော်တတ်လောက်အောင်ဉာဏ်မမှီနိုင်တာကတော့ လောကကြီးရဲ့သရော်ချက်တကွက်လို့ပဲ ပြောရလေမလား ။

အဲ.. ဆိုခဲ့တဲ့နန်းဆောင်ကြီးထဲမှာ အသားကြေးနီရောင်နဲ့ စစ်သည်ပုံပေါက်နေတဲ့လီဆင်းဟာ မားမားမတ်မတ်ရပ်နေသတဲ့ ။ မျက်လုံးတွေကလဲအတွေးနက်နေသလို မှိုင်းမှုန်လို့ ။ သူ့ရင်ထဲမှာတော့ မကြာခင်ပဲပုပ်ဆွေးအမှည့်လွန်နေတဲ့ ပန်းသီးလိုကြွေကျသွားတော့မဲ့ တိုင်းပြည်အတွက်ပူပန်နေတယ်။ နိုင်ငံတဝှမ်းလုံးမှာ မငြိမ်မသက်နဲ့ ကြိမ်မီးအုံးသလိုဖြစ်နေချိန်မှာ နန်းဆောင်ထဲကစစ်သေနာပတိဆိုတဲ့ ဝက်ကြီးကမိန်းမလှအုပ်ကြီးထဲမြုပ်မတတ်ကိုး ။ မြုပ်မတတ်ဆိုတာ စကားအဖြစ်သာပြောတာမဟုတ်ပေဘူး ။ တကယ်လဲသေနာပတိအိုကြီးရဲ့ကိုယ်မှာအနွေးဓါတ်ကလေးကူးစေဖို့ နန်းဆောင်ကိုမိန်းမလှလေးတွေနဲ့သိပ်ထည့်ထားတာလို့ ဆိုကြတယ် ။ ဒါနဲ့ သေနာပတိယန်ဆူက လီဆင်းရဲ့ မိတ်ဆက်လွှာကိုစိတ်မပါလက်မပါကြည့်ရင်း အင်မတန်ငြီးငွေ့ပင်ပန်းနေတဲ့လေသံနဲ့ မေးသတဲ့ ။

"..........မောင်မင်းက..ဘယ်သူများတုံးကွဲ့.........."

".........ကျွန်တော်မျိုးက..အညတရတယောက်ပါပဲ..ဒါပေမဲ့ဒီလိုစစ်မီးတောက်နေတဲ့အချိန်မှာ..သေနာပတိမင်းအနားမှာအကြံဉာဏ်သစ်တွေပေးနိုင်ပြီး..သေနင်္ဂဗျူဟာနားလည်တတ်ကျွမ်းတဲ့သူတွေလိုအပ်မယ်လို့ထင်မိလို့လာပြီးအခစားဝင်တာပါပဲ...သေနာပတိမင်းအနေနဲ့အခုထက်ပိုပြီးမှလှိုက်လှိုက်လှဲလှဲရှိမယ်ဆိုရင်တော့အတိုင်းထက်အလွန်ပေါ့ဗျာ..ဉပမာ..ညှော်သည်ကိုနေရာထိုင်ခင်းပေးတာမျိုးပေါ့........"

လီဆင်းက နည်းနည်းမှရှိန်နေတာမျိုးမရှိဘဲ အဲဒီလိုပြန်ဖြေလိုက်တော့ သူ့တသက်မှာဒီလိုပက်ကနဲပြန်အပြောမခံရဖူးတဲ့ သေနာပတိယန်ဆူလဲ အံ့သြတကြီးနဲ့ အိုးတိုးအတဖြစ်သွားပြီး လီဆင်းကိုထိုင်ဖို့ပြောရတော့တယ် ။

".........အသက်ကရလာတော့လဲအမေ့မေ့အလျော့လျော့ဖြစ်လာသကွယ်.....စိတ်မရှိပါနဲ့..မောင်မင်း...ထိုင်ပါ..ထိုင်ပါ.................."

အဲဒီလိုတသက်လုံးကညှော်သည်တွေကိုထိုင်ရာမထဘဲ မောက်မောက်မာမာလက်ခံတွေ့လေ့ရှိတဲ့ အဖိုး

ကြီးတောင်းပန်သံကြားလိုက်ရတော့ ဝိုင်းနေကြတဲ့ရံရွေတော်တွေထဲက ဟယ် ကနဲအသံထွက်လာပြီး သွယ်သွယ်ရှည်ရှည်နဲ့ပန်းဆီရောင်ဆင်ထားတဲ့ မိန်းမလှလေးတယောက်ရဲ့လက်ထဲက အဖိုးတန်မြင်း မြီးယပ်လွတ်ကျသွားမလိုဖြစ်သွားလို့ သူ့မှာမနည်းလှမ်းဖမ်းလိုက်ရတာကို လီဆင်းသတိပြုမိပါသတဲ့ ။ မိန်းကလေးကိုလီဆင်းအမှတ်တမဲ့ကြည့်လိုက်မိတော့ စိတ်လှုပ်ရှားနေပုံရတဲ့မဟူရာမျက်လုံးရွဲကြီးတွေ သူ့ကိုငေးနေတာနဲ့ဆုံမိတယ် ။ လီဆင်းကတော့ သက်တောင့်သက်သာထိုင်ချလိုက်တော့ သေနာပတိ ယန်ဆူကမေးပြန်တယ် ။

"............ကိုင်း......မောင်မင်း...ဘာအလိုရှိသလဲ................"

"..........ကျွန်တော်မျိုးဘာမှမလိုအပ်ပါဘူး.......သေနာပတိမင်းကော..တခုခုမလိုအပ်ဘူးလား........."

"..........ဟေ....ငါဘာလိုသလဲ..ဟုတ်လား............"

လီဆင်းရဲ့ရဲတင်းမှုအပေါ်ကိုပိုလို့သာအံ့သြလာဟန်နဲ့ သေနာပတိကြီးက ဗလုံးဗထွေးရေရွတ်တယ် ။

"............ကျွန်တော်မျိုးဆိုလိုချင်တာက..ဒီလိုအရေးတော်ပုံကာလမျိုးမှာ..သေနာပတိမင်းအနေနဲ့ဘာ များလိုအပ်သလဲလို့ပါ...ဥပမာ..ချောက်ထဲကျတော့မဲ့နိုင်ငံတော်ကိုကယ်ဆယ်နိုင်မဲ့စီမံကိန်းမျိုးနဲ့ ဒါကို အကောင်အထည်ဖော်နိုင်မဲ့လူမျိုး............."

ဆိုပြီးပြောရင်းတန်းလန်းနဲ့ပဲ လီဆင်းကစကားဖြတ်ပစ်လိုက်သတဲ့ ။ သေနာပတိယန်ဆူကတော့အခုထိ နားဝေတိမ်တောင်ဖြစ်နေဟန်နဲ့ ရေရွတ်ပြန်တယ် ။

".........ဟေ......စီမံကိန်း..ဟုတ်လား............"

"...............သေနာပတိမင်းဘာမှမလိုအပ်ဘူးဆိုတာ..ကျွန်တော်မျိုးသိလိုက်ရပါပြီ....အချိန်ပေးတွေ့ဆုံခွင့်ပြုတဲ့အတွက်ကျေးဇူးတင်ပါတယ်....ခွင့်ပြုပါဦး....."

ဆိုပြီးပြောပြောဆိုဆိုနဲ့လီဆင်းပြန်တော့မဲ့ဆဲဆဲမှာပဲ သေနာပတိယန်ဆူက လီဆင်းရဲ့သေနင်္ဂဗျူဟာစီမံကိန်းကိုကြည့်ပါရစေလို့ ဝတ်ကျေတန်းကျေဆိုသတဲ့ ။ လီဆင်းအိပ်ကပ်ထဲကလဲထုတ်ပေးလိုက်ရော .. အနားကခုံပုလေးပေါ်ကို ဖြန့်တင်လိုက်ပြီး သမန်ကာလျှံကာတချက်ကြည့်ပြီး လေးလေးတွဲ့တွဲ့မေးပြန်ပါရော ။

"...........အင်း..အင်း...မောင်မင်းရဲ့သေနင်္ဂဗျူဟာစီမံကိန်းဆိုတာ..ဒါပေါ့...ဟုတ်လား........."

"............မှန်ပါတယ်........."

လို့ပဲပြန်ဖြေပြီးစကားပြန်တောင်မစောင့်ပဲ လီဆင်းထထွက်လာတော့တယ် ။ ဒါနဲ့သူသေနာပတိနဲ့စကားဆိုနေတုံးပန်းဆီရောင်ဝတ်ထားတဲ့မိန်းကလေးနဲ့မျက်လုံးချင်းဆုံမိပြန်တယ် ။ လီဆင်းပြန်ဖို့ထွက်အလာမှာရုံရွှေတော်တွေကြားဖြတ်လျှောက်လာတော့ အဲဒီမိန်းကလေးကိုင်ထားတဲ့ မြင်းမြီးယပ်တခါပြုတ်ကျပြန်ပါရော ။ ဒီလိုမျိုးယန်ဆူနဲ့တွေ့ဆုံခန်းကို အခုအိပ်ရာထဲမှာလဲ့ရင်း ပြန်စဉ်းစားနေတဲ့လီဆင်းဟာယပ်နစ်ခါလွတ်ကျတဲ့ပန်းရောင်မိန်းကလေး သူ့ကိုစိုက်ကြည့်နေခဲ့တာကိုတွေးမိပြီးပြုံးမိတုန်းမှာပဲ သူ့အခန်းတံခါးကိုအသာအယာခေါက်သံကြားလိုက်ရသတဲ့ ။

ဒါနဲ့ဒီလိုအချိန်ကြီးမှာဘယ်ကညည့်သည်များပါလိမ့်ဆိုပြီး တံခါးထဖွင့်ရတယ် ။ ဒီနေ့မနက်မှာသူသွားတွေ့ခဲ့တဲ့ သေနာပတိယန်ဆူလွှတ်လိုက်တဲ့သူမဟုတ်ဘူးဆိုတာတော့ အသေအချာပဲကိုး ။ ဒါနဲ့တံခါးဖွင့်လိုက်တော့ ခရမ်းရောင်ဝတ်လုံကို ခြေဆုံးခေါင်းဆုံးလုံလုံခြုံထားပြီး အထုတ်တစ်ထုတ်ကိုင်လို့ရပ်နေတဲ့လူစိမ်းတယောက်ဖြစ်နေတယ် ။

"...............ဘယ်သူများလဲ....မိတ်ဆွေ..........."

လို့လီဆင်းကမေးတော့ လူစိမ်းကလေသံလေးနဲ့ ပြန်ဖြေတယ် ။

".........ကျွန်မကသေနာပတိယန်ဆူအိမ်တော်မှာ..ဒီနေ့မနက်ရှင်တွေ့ခဲ့တဲ့ယပ်တော်ကိုင်ရံရွေတော်ပဲ..အထဲဝင်ခဲ့လို့ရမလားရှင်............."

လီဆင်းလဲ သင့်တော်ရာဝတ်လုံတခုကိုအမြန်ကောက်ပတ်ပြီး မိန်းကလေးကိုအိမ်ထဲခေါ်ရတာပေါ့လေ။ စိတ်ထဲမှာလဲ ရုပ်ဖျက်ပြီးသူ့ဆီလာတဲ့ ပန်းဆီရောင်မိန်းကလေးကြောင့်အံ့သြလို့ပေါ့ ။ အိမ်ထဲရောက်လို့ ခြုံလာတဲ့ဝတ်ရုံကိုအသာလှစ်လိုက်တော့ မနက်ကတွေ့ခဲ့တဲ့ယပ်ကိုင်မိန်းကလေးပါပဲ ။ အသက်ဆယ့်ရှစ်ဆယ့်ကိုးလောက်ပဲရှိဦးမဲ့ မိန်းကလေးဟာ သွယ်သွယ်နွဲ့နွဲ့ကိုယ်ကလေးပေါ်မှာ ပန်းထိုးအင်္ကျီပြာကလေးနဲ့တိမ်လိပ်ဆင်စကပ်အနီရဲကလေးနဲ့ ချစ်စရာကောင်းလှပါသတဲ့ ။ လီဆင်းကအံ့အားကြီးသင့်ပြီး မိန်းကလေးကိုငေးကြည့်နေမိတော့ သူလေးကငွေလလိုပပဝင်းနေတဲ့မျက်နှာကလေးကိုညွတ်ချလို့အရှိအသေပြုရင်း သူ့လာရင်းကိစ္စကိုပြောပြတယ် ။

"..............အခုလိုအချိန်ကြီးမှာရုတ်တရက်လာတွေ့မိတာစိတ်မရှိပါနဲ့ရှင်...ရှင်ဒီနေ့သေနာပတိကြီးနဲ့စကားပြောနေတုန်းက..ကျွန်မအနားမှာရှိနေခဲ့တယ်..အခုလဲရှင့်လိပ်စာကိုရှင်ချန်ထားခဲ့တဲ့..မိတ်ဆက်လွှာထဲကနေရှာပြီးလာခဲ့တာပဲ.........."

"...............အင်း..မင်းကိုငါမှတ်မိပါတယ်...လာရင်းကိစ္စကိုပြောပါဦး..........."

ပြောရင်းဆိုရင်းနဲ့ သူ့ဆီအကြည့်တချက်မှမရောက်ပဲ ဝတ်ရုံကိုသာသပ်ရပ်ပြုပြင်ပြီးပြတင်းပေါက်ကနေအပြင်ကိုလှမ်းအကဲခတ်နေတဲ့လီဆင်းကိုလိုက်ကြည့်ရင်း မိန်းမပျိုကဆိုတယ် ။

"............ကျွန်မပြောတာကိုအသေအချာနားထောင်ပေးပါ..လီသခင်လေး...ကျွန်မအိမ်တော်ကနေအပြီးထွက်ပြေးခဲ့ပြီ............"

"..........အေး...မင့်အထုတ်ကိုကြည့်ပြီး..ငါရိပ်မိပါတယ်....ဒါပေမဲ့သေနာပတိအိမ်ကနေထွက်ပြေးတယ်ဆိုတာပြောသလောက်မလွယ်လှဘူးကွဲ့.........အခုလောက်ဆိုရင်..တမြို့လုံးကနန်းစောင့်ရဲမက်တွေမင်းနောက်ကိုခြေရာခံလိုက်ရှာနေလောက်ပြီ.........."

ဆိုပြီးလီဆင်းကပြောတော့ မိန်းကလေးကချစ်စဖွယ်ချိုချိုသာသာပြုံးရင်းဆိုသတဲ့ ။

"............စိတ်မပူပါနဲ့..သခင်လေး....ကျွန်မအားလုံးစီစဉ်ခဲ့ပါတယ်...ကျွန်မနေရာမှာရုံရွှေတော်အင်မတန်ဖြစ်ချင်တဲ့သူငယ်ချင်းမလေးတယောက်ကို..အစားထိုးထည့်ထားခဲ့ပါတယ်.....စစ်သေနာပတိဆိုတဲ့လူအိုဝတုတ်ကြီးကကျွန်မ..မရှိတော့တာကိုတောင်သတိထားမိမှာမဟုတ်ပါဘူး...အခုဆိုရင်သေနာပတိယန်ဆူရဲ့အိမ်တော်ဟာပြိုကွဲစပြုနေတဲ့ကျွန်မတို့ရဲ့စွီနိုင်ငံတော်ကြီးလိုပဲ..ကိုယ့်သခင်အပေါ်ကိုသစ္စာစောင့်သိတဲ့သူဆိုလို့တယောက်မှမရှိတော့ဘူး...အမှန်ပြောရရင်အခြွေအရံတွေမှန်သမျှကသေနာပတိအပေါ်ရိုသေလေးမြတ်မှုမရှိကြတော့ပဲ..သူ့ဆီကနေတတ်နိုင်သလောက်အမြတ်ထုတ်သွားဖို့ပဲကြံနေကြတော့တာရှင့်......."

နည်းနည်းစိတ်အေးသွားတဲ့ လီဆင်းကမိန်းကလေးကို သူ့အခန်းလေးထဲကအကောင်းဆုံးလို့ဆိုရမဲ့နေရာမှာဝင်ထိုင်ဖို့ပြောပေမဲ့ ရပ်မြဲရပ်နေတဲ့မိန်းကလေးက လီဆင်းကိုစိုက်ကြည့်ရင်း ခပ်အေးအေးပြောတယ် ။

"............ကျွန်မလီသခင်လေးရဲ့သေနင်္ဂဗျူဟာအကျဉ်းချုပ်ကိုဖတ်ပြီးပြီ.............."

"...............ဒီတော့မင်းဘယ်လိုသဘောရတုံး..............."

"............အံ့ဩဖို့ကောင်းလောက်အောင်..လက်တွေ့ကျတဲ့အစီအရင်ခံစာပါပဲ...ဒါပေမဲ့ယန်ဆူကိုမှလာ ပြတာကတော့..ကျွဲပါးစောင်းတီးနေသလိုဖြစ်နေသလားလို့.............."

"...........သေနာပတိကြီးက..မဖတ်ဘူးမဟုတ်လား............"

"............တို့တောင်မတို့ဘူး.....သခင်လေးလဲသိမှာပါ............"

မိန်းကလေးရဲ့မျက်လုံးလှလှတွေထဲမှာတဖျတ်ဖျတ်တောက်နေတဲ့ ဉာဏ်ပညာကြီးမားထက်မြက်မှုကို လီဆင်းလှမ်းမြင်လိုက်တော့ ထပ်ပြုံးမိပြန်ပါသတဲ့ ။

"................ဒါနဲ့ပဲ..မင်းထွက်ပြေးလာတယ်ဆိုပါတော့.................."

"..................အင်း...ပြောရရင်တော့အရှည်ကြီးပဲရှင့်.........."

လို့အစချီပြီးအခုမှအေးအေးသက်သာထိုင်ချရင်း မိန်းကလေးကရှင်းပြတယ် ။

"...................နန်းဆောင်ထဲကဘယ်သူမဆို..စွီမင်းဆက်မကြာခင်မှာပြိုကွဲတော့မယ်ဆိုတာ..သိနေကြတာပဲ.....မကြာခင်မှာပဲစစ်မီးပွားမဲ့အရိပ်အယောင်တွေကိုမြင်နေရတော့..နေ့လားညလားပဲဆိုတာသတိပြုမိကြတယ်..အင်း..နန်းဆောင်ထဲကသေနာပတိအမည်ခံအတ္တဘောကြီးကလွဲလို့ပေါ့လေ..ကျွန်မတို့ရဲ့ရှေတော်တွေကလဲဒါတွေကိုသိတော့..ကိုယ့်ကိုအကာအကွယ်ပေးနိုင်မဲ့အရိပ်ကောင်းကိုလိုက်ရှာနေကြရတယ်...ကျွန်မသူငယ်ချင်းတော်တော်များများဆိုရင်ထွက်ပြေးသွားတာကြာပေါ့....အခုလိုခေတ်ကြီးထဲမှာနောက်တနစ်လောက်ဆိုရင်ကိုပဲ..သေနာပတိယန်ဆူဆိုတာရှိတော့မှာမဟုတ်ဘူး...ဒီလိုအခြေအနေမျိုးမှာဒီနေ့မနက်..သခင်လေးကိုကျွန်မတွေ့လိုက်ရတော့...အားတက်ဝမ်းသာမိတယ်.........."

မိန်းကလေးဒီလိုဇတ်စုံခင်းနေတုံး လီဆင်းသူ့ကိုသေသေချာချာအကဲခတ်မိတယ် ။ အပြင်ပန်းရုပ်ရည်အလှအပကိုသတိတော့ပြုမိပေမဲ့ မိန်းကလေးရဲ့သူ့လွတ်ရာလွတ်ကြောင်းကြံစည်တတ်ပြီး အမြော်အမြင်ရှိလှပုံ ၊ ရှေ့ကိုကြိုမြင်တတ်ပုံတွေကိုအင်မတန်လေးစားပြီးပိုစိတ်ဝင်စားမိပါသတဲ့ ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအနောက်ပိုင်းနေပြည်တော်ကိုသာ စစ်မီးကူးစက်လာရင် ဒီမိန်းကလေးလိုရုံရွေတော်တွေရဲ့ကြမ္မာကိုလီဆင်းကောင်းကောင်းကြိုမြင်နေတာကိုး ။ သူတို့လိုအကာအကွယ်မဲ့ရုံရွေတော်တွေဆိုတာစစ်သားတွေရဲ့အနိုင်ကျင့်စော်ကားမှုကိုခံရမယ် ၊ ဒါမှမဟုတ် ဖမ်းဆီးပြီးကျွန်အဖြစ်နဲ့ရောင်းခံရမှာ..ဒီလိုပဲလာမှာပဲလေ ။ ကံမကောင်းရင်တော့ နှစ်မျိုးစလုံးဖြစ်နိုင်တဲ့အပြင် အသက်တောင်ဆုံးပါးနိုင်သေးတယ် ။ မိန်းကလေးရဲ့ရုပ်လက္ခဏာကိုကြည့်မိတော့ အတော်ထူးထူးခြားခြားတင့်တယ် လှတယ်ဆိုရမယ် ။ မျက်ဝန်းလျားလျား ၊ ပါးရိုးမြင့်မြင့်နဲ့ မျက်နှာလေးကသွယ်သွယ်လေး ။ ဒီလိုအလှပိုင်ရှင်မျိုးဆိုရင်တော့ ပိုတောင်အန္တရာယ်ကြီးသေးတယ် ။ မိန်းကလေးကတော့ တည်တည်ကြည်ကြည်ပဲဆက်ပြောသတဲ့ ။

"...............ဒီတော့..ကျွန်မလိုအားနွဲ့တဲ့မိန်းမသားမှာ..ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့အတွက်..ခိုလှုံရမဲ့အရိပ်ရှိရာကိုစွန့်စားပြီးထွက်လာရတာပါပဲ...ကျွန်မပြောတာယုံသလားဟင်.........."

ဝမ်းနည်းရိပ်သမ်းနေတဲ့မျက်လုံးနဲ့ မိန်းကလေးအသံထဲကလေးနက်မှုဟာ လီဆင်းကိုကောင်းကောင်းဖမ်းစားလိုက်နိုင်ပါတယ် ။ ဘာပဲဖြစ်ဖြစ် ဒီမိန်းမလှလေးဟာ သူ့ရဲ့စောင့်ရှောက်မှုအောက်ကိုရောက်လာရမှာပေါ့ ။

"............မင်းမျိုးရိုးနာမည်ကဘာလဲ......မောင်နမထဲမှာရော..ဘယ်နှစ်ယောက်မြောက်လဲ......"

".........ချန်..ပါ..ကျွန်မတို့မိသားစုဆွေမျိုးတွေထဲမှာတော့..ကျွန်မကသမီးဦးပါ.........."

လီဆင်းက အလ္လာပသလ္လာပ စမေးပေမဲ့ မိန်းကလေးကြည့်ရတာ ခုနကစကားကိုဆက်ချင်သေးဟန်ပဲ ။

"............ဒီအတောအတွင်းမှာ..သေနာပတိကြီးကိုလာအခစားဝင်ကြတဲ့သူတွေအများကြီးပါပဲ...ဒါပေမဲ့ ရှင့်လိုလူတော့တယောက်မှမပါဘူး..သခင်လေးရဲ့.........."

ပြောစကားတွေအရရော ၊ မိန်းကလေးရဲ့အကြည့်တွေအရပါ သူဟာအပြီးထွက်ပြေးလာပြီး လီဆင်းကို သူ့အရိပ်အဖြစ်နဲ့ရွေးလိုက်ကြောင်းအသိသာကြီးပါပဲ ။ ပြောမယ်ဆိုရင် လီဆင်းကလဲငြင်းစရာမရှိပါဘူး ။

"..............တခုတော့မင်းသိထားရလိမ့်မယ်..ချန်မိန်းကလေး..ငါ့လိုရဲမက်တယောက်ရဲ့ဘဝကိုဝေမျှယူဖို့ ဆိုတာနန်းဆောင်ထဲကဘဝလိုပန်းခင်းလမ်းမဟုတ်ဘူးကွဲ့...ဟိုနေရာမှာတလ..ဒီနေရာမှာတလနဲ့..တာဝ န်နဲ့ဝတ္တရားရှိရာဆီကိုတစိုက်မတ်မတ်သွားနေရတာပဲ...,လျှောက်ရမဲ့လမ်းကလဲဘာမှရေရေရာရာမရှိတဲ့အ ပြင်ဘေးရန်အပြည့်နဲ့..အင်မတန်ခက်ခဲကြမ်းတမ်းလိမ့်မယ်..........."

"....ကျွန်မ..သခင်လေးရဲ့စီမံကိန်းကိုဖတ်ပြီးကတည်းက..ဒါတွေအားလုံးကိုနားလည်ထားပြီးသားပါ......."

"..................ဟုတ်ပါပြီလေ..နောက်တခုက..မင်းဒီနေ့မနက်ကမှကိုယ့်ကိုပထမဆုံး..စမြင်တွေ့ဖူးတာပဲ.. ဘယ်လိုကြောင့်ကိုယ်ဟာမင်းခိုနိုင်မဲ့အရိပ်ဆိုတာ..သေချာသိသလဲကွဲ့............"

"...........ဘာလို့လဲဆိုတော့..သခင်လေးဟာသေနာပတိယန်ဆူကို..သူ့ရဲ့မောက်မာမှုအတွက်အားနာ ပြီးဝန်ချတောင်းပန်လာအောင်ပထမဆုံးလုပ်နိုင်ခဲ့သူမို့ပဲ..တခြားလူတွေဆိုတာ..မော်တောင်ကြည့်ရဲကြ တာမဟုတ်ဘူး....သခင်လေးမှာအကြောက်တရားဆိုတာမရှိဘူး..အဲဒီမှာတင်..ကျွန်မကိုယ်ကျွန်မပြော မိတယ်..ဒါမှတကယ့်မင်းယောက်ျားအစစ်အမှန်ပဲလို့လေ...သခင်လေးသာကျွန်မကိုလက်ခံကာကွယ်ပြီး အနားမှာနေခွင့်ပြုမယ်ဆိုရင်..ကျွန်မအိမ်တော်ခဏပြန်ပြီး..စီစဉ်စရာရှိတာတွေကို..သွားအပြီးသတ်ခဲ့ပါ့ မယ်..........."

တကယ်လဲနောက်တစ်နာရီလောက်ကြာတော့ ချန်မိန်းကလေးပြန်ရောက်လာသတဲ့ ။ လီဆင်းကတော့ သူ့ကံကြမ္မာအလှည့်အပြောင်းကိုဝမ်းတွေသာလို့ပေါ့လေ ။ ဖြစ်လာမဲ့အကျိုးဆက်တွေအတွက်လဲစိတ်ပူမိတယ် ။ မိန်းကလေးမရှိတော့ဘူးဆိုတာ သိသိချင်းအိမ်တော်ကလိုက်ရှာကြတော့မယ်လေ ။ နောက်အကြောင်းတချက်ကတော့ သူဟာခြူးတပြားမှမကပ်တဲ့စစ်သားကြီးလုံးလုံးဖြစ်နေတာကြောင့်ပဲ ။ ပြီးတော့ချန်မိန်းကလေးနောက်ကနေ တယောက်ယောက်နောက်ယောင်ခံပြီးများ လိုက်လာမလားဆိုပြီး ပြတင်းပေါက်ကနေအပြင်ကိုခဏခဏချောင်းရတာလဲအမောပဲ ။

ချန်မိန်းကလေးကတော့ထူးထူးခြားခြား အလွန်ကိုတည်တည်ငြိမ်ငြိမ်ရှိသတဲ့ ။ မျက်လုံးတွေကတော့လီဆင်းလှုပ်ရှားမှုမှန်သမျှကို အားကိုးတကြီးနဲ့တလေးတစားလိုက်ကြည့်လို့ ။

"………မင်းမှာဆွေမျိုးမိသားစုတွေမရှိဘူးလား………"

လို့လီဆင်းကမေးကြည့်တော့ ချန်မိန်းကလေးက စိတ်မဝင်စားသလိုပြန်ဖြေတယ် ။

"……….မရှိဘူး…ကျွန်မမှာအားကိုးစရာမိသားစုသာရှိမယ်ဆိုရင်..ဒီလိုအိမ်တော်ကိုရံရွေတော်အနေနဲ့တောင်ရောက်လာစရာအကြောင်းမရှိဘူး…..ဒါပေမဲ့ကျွန်မအခုတော့လဲဝမ်းတောင်သာပါသေးတယ်…."

"…………ငါ့မှာဘာအလုပ်အကိုင်မှမရှိဘူးဆိုတာ..မင်းသိတယ်နော်……….."

"……….ဟုတ်ကဲ့….ဒါပေမဲ့ကိစ္စမရှိပါဘူး….သခင်လေးလိုရည်ရွယ်ချက်ကြီးမားသူဟာမကြာခင်ပဲအလုပ်ကြီးအကိုင်ကြီးတွေစတော့မယ်ဆိုတာ..ကျွန်မသိနေတာပဲ………………"

"…………မင်းဘယ်လိုကြောင့်..သေချာနေရသလဲကွဲ့……….."

"..........သခင်လေးရဲ့..သေနင်္ဂဗျူဟာစီမံကိန်းကြောင့်ပေါ့.........."

".............အင်း...ဟုတ်သားပဲ...ငါ့ရဲ့စီမံကိန်းကြီး......ဟင်း...ဟင်း............"

ဆိုပြီးလီဆင်းက မဲ့ပြုံးပြုံးမိသတဲ့ ။ သူရေးခဲ့တဲ့သေနင်္ဂဗျူဟာစီမံကိန်းကို အားမရဘဲသံသယဝင်မိလို့ တော့မဟုတ်ပါဘူး ။ လီဆင်းဆိုတာ စစ်မက်အရေးမှာကျွမ်းကျင်သလို စာပေအရာမှာလဲအလွန်တတ် ပွန်ကြေညက်သူဥစ္စာ ။ သူရေးခဲ့တဲ့စစ်စီမံကိန်းဟာ ရှင်းလင်းပြတ်သားသလောက် ၊ အံ့သြစရာကောင်း လောက်အောင်ရဲတင်းပြီး တိတိကျကျအသေးစိတ်တင်ပြထားတာဆိုတာကို သူသိနေတာပဲ ။ ယန်ဆူ လိုလူမျိုးကိုသွားပြမိတော့ ဝက်ရှေ့ကိုပုလဲရတနာချပေးလိုက်သလို ဟိုကတို့တောင်မတို့ဖြစ်တာကိုသူ သတိရလိုက်လို့ပါပဲ ။ သူ့ရှေ့က သေနာပတိထက် အဆပေါင်းမြောက်များစွာ ပိုပြီးဉာဏ်ကြီးတဲ့ ရံရွေ တော်ဆိုသူလေးကိုလဲ ကျီစယ်ချင်စိတ်ပေါ်လာတယ် ။

".......ဆိုတော့..မင်းကလူကိုမကြည့်ဘဲငါ့စီမံကိန်းကိုကြည့်ပြီးရွေးခဲ့တာဆိုပါတော့....လူကိုယ်တိုင်ထက် စာကိုပိုပြီးမေတ္တာသက်ဝင်စိတ်ဝင်စားမိတယ်ပေါ့လေ........"

"............စာကိုစိတ်ဝင်စားမိတာတော့အမှန်ပါပဲ..စာရေးတဲ့သူကိုတော့..ပိုပြီးအထင်ကြီးလေးစားမိတယ် သေနာပတိယန်ဆူ..ဒီစီမံကိန်းကိုမဖတ်တာတော့..သူအဆုံးရှုံးကြီးဆုံးရှုံးသွားတာပဲ.........."

ဒီလောက်ပဲချန်မိန်းကလေးက ပြန်ဖြေတယ် ။ တကယ်တော့လီဆင်းရဲ့အင်မတန်ယောကျ်ားပီသလှတဲ့ မျက်နှာချောချောရယ် ၊ ကြွက်သားအမြောင်းမြောင်းထနေတဲ့လည်တိုင်နဲ့ပခုံးကျယ်ကျယ်တွေ ၊ ကြည် လင်လှတဲ့မျက်လုံးစူးစူးရှရှတွေရယ် ၊ အင်မတန်ခံ့ငြားတဲ့ကိုယ်ဟန်အမူအရာတွေရယ်ကို မြင်မြင်ချင်း မေတ္တာသက်ဝင်လို့အရူးအမူးဖြစ်ခဲ့ရတာကိုတော့ နောက်တော်တော်ကြာမှအားတင်းလို့ပြောပြပါသတဲ့ ။

ဒါနဲ့နောက်ရက်အနည်းငယ်ကြာတော့ ထွက်ပြေးသွားတဲ့ချန်ရံရွေတော်ကိုလိုက်ရှာနေကြတယ်

ဆိုတဲ့သတင်းထွက်လာရော။ ဒါပေမဲ့ ချန်မိန်းကလေးပြောခဲ့တဲ့အတိုင်း ဝတ်ကျေတန်းကျေပဲရှာကြတာ ဆိုတော့လီဆင်းက ချန်မိန်းကလေးကိုယောက်ျားလေးလိုဝတ်ပေးပြီး မြင်းပေါ်တင်လို့နှစ်ယောက်သား ခပ်အေးအေးပဲလွတ်မြောက်လာကြတာပါပဲ ။

"..................ကျွန်မတို့အခု..ဘယ်ကိုသွားကြမလဲဟင်......................"

"......................တို့တွေ..တိုင်ယွမ်ကရောင်းရင်းတယောက်ဆီခဏသွားခိုကြတာပေါ့............"

ဒီလိုမငြိမ်မသက်ကာလကြီးထဲမှာ ခရီးထွက်တယ်ဆိုတာ အင်မတန်မှ အန္တရယ်ကိုလက်ယပ်ခေါ်သလိုလုပ်ရပ်မျိုးပဲ ။ ဒါပေမဲ့ လက်ရုံးချင်းများယှဉ်ရမယ်ဆိုရင်တော့ လီဆင်းအတွက်ကမှုလောက်စရာမရှိပေဘူး ။ သူရဲဘောကြောင်ယုတ်မာစွာနဲ့ခြုံခိုအလစ်ဝင်တိုက်တာမျိုးသာမဟုတ်ရင် တော်ရုံလူဆယ်နှစ်ယောက်လောက်များတော့ လီဆင်းကအသာလေးထိန်းနိုင်တယ် ။ လီဆင်းဟာ စွီမင်းဆက်ပြိုလဲခါနီးခေတ်ပျက်ကြီးထဲမှာတွေ့ရလေ့ရှိတဲ့ အင်မတန်လက်ရုံးရည် ၊ နှလုံးရည်နဲ့ပြည့်ဝပြီး ရည်ရွယ်ချက်ကြီးလှတဲ့သူရဲကောင်းစစ်သည်တယောက်ပေကိုး ။ သူလိုစစ်သည်မျိုးဟာနိုင်ငံတော်တဝှမ်း မိုးအစွန်မြေအဆုံးလျှောက်သွားပြီး ရောက်ရာအရပ်မှာ စိတ်တူကိုယ်တူတွေနဲ့တွေ့ရင်သွေးသောက်ရောင်းရင်းတွေဖွဲ့လို့ ၊ ဒေသန္တရဇာတ်ပသုတတွေကိုဆည်းပူးသင်ယူလို့ ၊ နိုင်ငံရေးအခြေအနေကိုမျက်ခြေမပြတ်အကဲခတ်လေ့လာလို့အရေးတော်ပုံကြီးများဟုန်းကနဲထတောက်ခဲ့ရင် အသင့်ဖြစ်နေရအောင် ဝမ်းစာမပြတ်ဖြည့်နေသူပေါ့ ။ အပြင်လောကမှာသူ့လိုပဲရုပ်ဖျက်သွားလာလှုပ်ရှားလို့ ထွန်းထွန်းပေါက်ပေါက်ရှိပြီး ရဲရင့်သစ္စာစောင့်သိမဲ့ ရဲဘော်ရဲဘက်တွေကိုလိုက်ရှာနေသူ သူရဲကောင်းတွေလဲမနည်းလှပေဘူး ။ ဒီလိုနဲ့ခရီးပြင်းနှင်နေကြရင်း လီဆင်းကချန်မိန်းကလေးကိုမေးကြည့်တယ် ။

"..............မင်းကံဇာတာဆိုတာကို..အယုံအကြည်ရှိသလား................. "

"..............လီသခင်လေးက..ဘာကိုဆိုလိုတာလဲ....................."

"...............ဉပမာကွယ်..အထုံပါလာတာမျိုးပေါ့.......တို့အခုသွားမဲ့တိုင်ယွမ်နယ်က..တိုင်ယွမ်တပ်မှူးရဲ့ဒုတိယသားတယောက်ဟာ..မင်းဆက်အသစ်ကိုထူထောင်မဲ့ဇာတာပါလာတယ်လို့ပြောကြတယ်ကွဲ့..သူ့အဖေမသိစေဘဲတော်လှန်ရေးကြီးစဖို့..အကွက်ချစီစဉ်နေတဲ့ငါ့ရောင်းရင်းလျူဝမ်ရျင်းကတော့..သူ့ကိုကောင်းကောင်းသိတဲ့အပြင်..သိပ်လေးစားပြီးယုံကြည်အားကိုးတယ်...သူ့အပြောအရတော့ဒီလူငယ်ဟာကောရာဇ်ဖြစ်မဲ့ကံပါလာသူ..တကယ့်နဂါးအစစ်ပဲလို့ဆိုတယ်..........."

"..........တကယ့်နဂါးအစစ်..ဟုတ်လား..သခင်လေး........."

ဆိုပြီးချန်မိန်းကလေးကရင်သပ်ရှုမောမေးတော့ မျက်လုံးတွေတောက်ပလို့လီစင်းကပြန်ဖြေတယ် ။

"..........ဟုတ်တယ်...တကယ့်နဂါးအစစ်ပဲတဲ့...နိုင်ငံတော်အသစ်ရဲ့နဂါးပလ္လင်ကိုအောင်နိုင်အုပ်စိုးမဲ့သူဖြစ်ရင်လဲဖြစ်လာနိုင်တယ်..သူ့မှာအင်မတန်ထူးခြားတဲ့မျက်နှာသွင်ပြင်ရှိသတဲ့...မျက်နှာသွင်ပြင်ကိုဖတ်ရှုပြီးလူတယောက်ရဲ့စိတ်နေစိတ်ထား ၊ အရည်အချင်း နဲ့ရှေ့ရေးကို..ဟောကိန်းထုတ်နိုင်တဲ့သျှုတ္တရဗေဒပညာကိုမင်းယုံသလား.........."

"..............ယုံပြီလား...သခင်လေးရယ်...ကျွန်မသခင်လေးကိုရွေးခဲ့တာကလဲ..သျှုတ္တရကျမ်းအရပါပဲ.....အခုပြောတဲ့သူကရော..ဘယ်လောက်ထူးခြားတဲ့လက္ခဏာသွင်ပြင်တွေရှိသတဲ့လဲ.........."

"......ငါအသေအချာတော့ပြောမပြောတတ်ဘူးကွ....တောင့်တင်းသန်မာပြီးရုပ်အဆင်းခံ့ငြားတင့်တယ်တယ်ဆိုတာလောက်ပဲအကြမ်းဖြင်းပြောတတ်တယ်..ဒါပေမဲ့..သူအခန်းထဲကိုဝင်လာပြီဆိုရင်ချက်ခြင်း..ကိုသတိပြုမိတာပဲ...သူ့ကိုယ်ကနေဘုရင်ကောရာဇ်တို့ရဲ့အရှိန်အဝါထွက်နေသလိုထင်ရတယ်...မင်းသာသူနဲ့ဆုံခွင့်ရမယ်ဆိုရင်တော့..ငါဆိုလိုချင်တာကိုနားလည်မှာပဲကွယ်..............."

"...........သူ့နာမည်ကရော..ဘယ်လိုခေါ်သလဲ...သခင်လေး..........."

“..........လီယှီမင်း..တဲ့....လူတွေကတော့နောင်တော်လေးလို့ခေါ်ကြတယ်....သူကတိုင်ယွမ်တပ်မှူးရဲ့ဒုတိယသားကိုး.............”

အခုလီဆင်းနဲ့ချန်မိန်းကလေးပြောဆိုနေကြတဲ့လီယှီမင်းဟာ နောင်တချိန်မှာလဲတကယ်ပဲ တန်မင်းဆက်ကိုထူထောင်သူကေရာဇ်တပါးဖြစ်လာတဲ့အပြင် နောင်နှစ်ပေါင်းရာထောင်ချီတိုင်သည့်အောင် သူ့လောက်တိုင်းသူပြည်သားတွေရဲ့ ချစ်ခင်လေးစားမြတ်နိုးမှုကိုခံရတဲ့ဘုရင်မျိုး ထပ်ပေါ်မလာတော့ဘူး ။ ငြိမ်းချမ်းလှတဲ့လီယှီမင်းအုပ်စိုးစဉ်ကာလများကို တန်မင်းဆက်နိုင်ငံတော်ကြီးရဲ့ရွှေခေတ်ကြီးလို့တောင်ခေါ်ကြရတယ် ။ ဆိုတော့ဒီလို မတထောင်တကောင်ဖွား ရှာမှရှားတဲ့လူမွန်ရဲ့ အတွင်းစိတ်ဓါတ်အရည်အချင်းကို သူ့မျက်နှာလက္ခဏာသွင်ပြင်နဲ့ဖတ်ရှုဟောကိန်းထုတ်နိုင်တာဟာ ဘာဆန်းမလဲ ။ မင်းဆက်တစ်ဆက်ကိုစတင်ထူထောင်သူဆိုတာ နယ်နယ်ရရမှမဟုတ်တာ ။ သူလိုမင်းလောင်းကတော့သာမန်လူတွေထဲမှာထူးခြားချွန်ထွက်နေတဲ့အပြင် သူ့မျက်နှာမှာလဲဘုန်းတန်ခိုးအရှိန်အစော်တွေ ပေါ်လွင်နေမှာပဲကိုး ။

ဒါနဲ့ပေါ့လေ ပြောရင်းဆိုရင်းနဲ့ခရီးနှင်လာလိုက်တာ လင်ရှီနယ်ရောက်တော့ တည်းခိုခန်းသေးသေးလေးမှာ လီဆင်းတို့နှစ်ယောက်သားတထောက်နားဖို့ပြင်ကြတယ် ။ ဒီတည်းခိုခန်းလေးဟာဘယ်လောက်တောင်သေးလဲဆိုတော့ အခန်းသတ်သတ်ရယ်လို့မရှိပဲ အခန်းကျယ်ကြီးတခုအထဲမှာပဲ တည်းခိုသူအားလုံးကစုပြီးနေကြရသတဲ့ ။ အိပ်ရာတွေနားကဘုံမီးဖိုကလေးမှာပဲ ကိုယ့်ဖာသာကိုယ်ချက်ပြုတ်စားကြရတယ် ။ ဒါနဲ့လီဆင်းတို့လဲ အခန်းထောင့်ကချောင်ကျကျတနေရာမှာ အိပ်ရာပြင်ပြီးနေရာယူကြတာပေါ့ ။ လီဆင်းကအပြင်ထွက်ပြီးမြင်းရေချနေတုန်း ချန်မိန်းကလေးက သူယောက်ျားလေးလိုရုပ်ဖျက်လာတာတွေကိုချွတ်ဖယ်ပြီး ပိုးသားလိုချောမွေ့လို့ အင်မတန်ရှည်လျားတဲ့ဆံပင်နက်နက်ကို ကြမ်းပြင်နဲ့မထိရလေအောင် အိပ်ရာပေါ်တက်ပြီး ဖြီးသင်နေတယ် ။ သူတို့အနားကမီးဖိုလေးပေါ်မှာမြေအိုးမဲလေးထဲကသားပြုတ်မ်းဟင်းက တပွက်ပွက်ဆူလို့ ။ အဲဒီအချိန်မှာပဲဂင်တိုတိုဒုကြီးကြီး ၊နီကြင်ကြင်မုတ်ဆိတ်တိုရုပ်ထွေးထွေးနဲ့လူတယောက်ဟာ မြည်းပိန်တစီးကိုဆွဲလို့ သူတို့နားနေတဲ့ တည်းခိုခန်းလေးကို ရောက်လာသတဲ့ ။ အဲ..အထဲလဲရောက်ရော လီဆင်းတို့အနားမှာနေရာယူပြီး ခပ်တည်တည်ပဲ သူ့မှာပါလာတဲ့

သားရေဗယားအိတ်ကြီးကိုခေါင်းအုန်းလို့ ဝုန်းကနဲပစ်လှဲအိပ်ချလိုက်တာပဲ ။ ပြီးတော့ချန်မိန်းကလေးကို စူးစူးစိုက်စိုက်ကြည့်နေပါလေရော ။ အခုမှရောက်လာတဲ့ဒီဧည့်စိမ်းရဲ့ရဲတင်းရိုင်းစိုင်းမှုကို လီဆင်းအနေနဲ့သဘောမတွေ့လှပေမဲ့ မြင်းကိုရေချိုးမပြတ်ဘဲ ခပ်အေးအေးသတိထားပြီးကြည့်နေတယ် ။

ချန်မိန်းကလေးကလဲ သူတို့နားကလူစိမ်းကိုမသိမသာအကဲခတ်နေတာပါပဲ ။ လူကြီးရဲ့မျက်နာကကြေးညိုရောင်ပေါက်ပြီး သားမွေးဝတ်လုံနဲ့ သားရေဘောင်းဘီကိုဆင်လို့ ဆိုတော့နေပြည်တော်သားမဟုတ်တာကတော့အသေအချာပဲ ။ ရောမခါးကောက်ကြီးခါးမှာချပ်ထားတဲ့ ဒီဧည့်စိမ်းကြည့်ရတာအကဲစမ်းလို့ရမဲ့ လူမျိုးမဟုတ်ဘူးဆိုတာသိသာတယ် ။ ဒါနဲ့ ချန်မိန်းကလေးလဲ ဆံပင်အဖြီးမပြတ်ဘဲလီဆင်းဘက်ကိုအသာလှည့်လို့ လူစိမ်းကိုဂရုမထားဖို့အချက်ပြလိုက်တာပေါ့ ။ လူပုံကြည့်ရတာ တောင်ပေါ်သားလူကြမ်းပေမဲ့ အကောက်ကြံယုတ်မာမဲ့လူမျိုးမဟုတ်ဘူးလို့ သူအကဲခတ်မိတာကိုး ။

ဒါနဲ့ဆံပင်လဲရှင်းပြီးရော ချန်မိန်းကလေးကလူစိမ်းဘက်ကိုလှည့်လို့ ယဉ်ကျေးဖွယ်ရာနဲ့စကားစမြည်စပြောတယ် ။ အလ္လာပသလ္လာပပြောကြရင်းနဲ့ လူစိမ်းကသူဟာ ချန်မျိုးနွယ်ပါလို့မိတ်ဆက်သတဲ့ ။

“...........ဟယ်..ဟုတ်လား...မျိုးရိုးထဲမှာဘယ်နှစ်ယောက်မြောက်များတုံး...အကိုကြီးရဲ့................”

“............ငါကတတိယသားကွ...............”

လို့လူစိမ်းကဆိုတော့ ချန်မိန်းကလေးက ချစ်စဖွယ်ပြုံးရင်းဆိုတယ် ။

“...............ကျွန်မလဲချန်မျိုးနွယ်ပဲရှင့်...ကျွန်မကတော့ဆွေမျိုးတွေထဲမှာ..သမီးဦးပေါ့...ဒီကအကိုကြီးကကျွန်မရဲ့မျိုးနွယ်တူသားချင်းပဲနော်...တွေ့ရတာဝမ်းသာလိုက်တာ...........”

“...............ဟော..ဒီလိုလား..ဒါဆိုရင်တော့မိန်းကလေးကို..ငါနှမလေးလို့ခေါ်လို့ရတာပေါ့...ငါကလဲ

မင်းလိုမျိုးနွယ်တူနမတယောက်နဲ့..ခရီးသွားရင်းဟန်လွဲတွေ့ရတာဝမ်းသာပါတယ်ကွယ်.......”

ဒါနဲ့လီဆင်းတယောက် မြင်းရေချိုးပြီးပြန်ဝင်လာတော့ ချန်မိန်းကလေးကလှမ်းခေါ်တယ် ။

“..........လီဆင်းရေ...မောင်..ဒီကိုလာပါဦး...ဒီမှာကျွန်မရဲ့တတိယအကို..ကိုဂါဝရလာပြုပါဦး.........”

ဒီလိုနဲ့သူတို့တတွေလူစိမ်းနဲ့စကားလက်ဆုံဝင်သွားကြသတဲ့ ။ သူတို့ချန်အကိုကြီးလို့ခေါ်တဲ့ မုတ်ဆိတ်နီကြီးဟာ ဖော်ရွေပေမဲ့စကားပြောရာမှာအတော်ကိုတုံးတိတိနိုင်လှတယ် ။ ဒါပေမဲ့သူပြော တာနားထောင်ကြည့်ရုံနဲ့တင် ဒီလူဟာနေရာအနှံ့အပြားရောက်ဖူးပြီး အင်မတန်မုဗဟုသုတနဲ့ပြည့်စုံ ကာသူ့ကိုယ်သူလဲယုံကြည်မှုအပြည့်အဝရှိတဲ့လူမျိုးဆိုတာသိနိုင်သတဲ့ ။ လီဆင်းနဲ့ချန်မိန်းကလေးတို့ ကိုတော့ မုတ်ဆိတ်နီကြီးကတချက်ပဲအကဲခတ်ပြီး သူ့ဟာသူကောက်ချက်ချပြီးဟန်နဲ့မမေးမစမ်းဘဲ နေတယ် ။

လီဆင်းကတော့မုတ်ဆိတ်နီကြီးရဲ့ အဝတ်အစားနဲ့လေသံဟန်ပန်ကိုကြည့်ရုံနဲ့တင် ဒီလူကြမ်း ဟာလဲသူ့လိုပဲ ချက်ကောင်းစောင့်နေတဲ့ စစ်သည်တယောက်ဆိုတာ ချက်ခြင်းရိပ်မိလိုက်တယ် ။ သူ ဒီလိုလူမျိုးကို ရဲဘော်ရဲဘက်အဖြစ်ရှာနေတာကြာလှပြီလေ ။ စကားဆိုရင်လဲလိုရင်းတိုရှင်းနဲ့ လူတွေ ကြားထဲနေလို့ ဘဝကိုထဲထဲဝင်ဝင်နားလည်တတ်ပြီး ချက်ကောင်းပေါ်တာနဲ့ရဲဘော်ရဲဘက်တွေနဲ့သေ အတူရှင်မကွာအရိုးကြေကြေအရေခန်းခန်းခါးဆွဲလို့လိုက်မဲ့လူမျိုးပေါ့ ။ အရေးရယ်အကြောင်းရယ်ပေါ် လာရင်ရောင်းရင်းတွေအပေါ်မှာအင်မတန်သစ္စာရှိပြီး ရန်သူတွေအတွက်တော့မြင်ရုံနဲ့ကိုဖိန့်ဖိန့်တုန်ရမဲ့ တကယ့်စစ်သားလူကြမ်းကြီးတွေဆိုပါတော့ ။ လီဆင်းကသာ လူစိမ်းအကြောင်းအတွေးစကြာဖြန့်နေ ပေမဲ့ မုတ်ဆိတ်နီကြီးကတော့ ခပ်အေးအေးပဲ ချန်မိန်းကလေးကိုလှမ်းမေးလေရဲ့ ။

“.........အိုးထဲကဘာတုန်း..ငါ့နမ......”

"..........သိုးသားပြုမ်းဟင်းပါ..အကိုကြီး...ခဏနေရင်နူးတော့မယ်.......”

"............အေး..ကောင်းသကွာ...ငါဆာလှပြီ............”

ဒါနဲ့လီဆင်းလဲအပြင်ခဏထွက်သွားပြီး ပြန်လာတော့မုယောမုန့်လုံးကလေးတွေယူလာတယ် ။ အဲဒီည ကညစာကို မုတ်ဆိတ်နီကြီးနဲ့ ဝိုင်းဖွဲ့ဝေမျှစားကြတာပေါ့ ။ အဲ ..စားလဲစားကြရော..မုတ်ဆိတ်နီကြီးက ဘာမပြောညာမပြောနဲ့ ခါးကခါးကောက်ကြီးထုတ်ပြီး သိုးသားတွေနွှင်လို့အားပါးတရစားတော့တာပဲ ။ ဝါးမရတဲ့အရွတ်ဖတ်ကိုလဲ ဖတ်ကနဲအပြင်ကောက်ပစ်လိုက်သေးတယ် ။ ဘာယဉ်ကျေးဖွယ်ရာမှ လုပ် မနေဘဲပလုတ်ပလောင်းနဲ့ လှီးကာဖဲ့ကာစားပစ်လိုက်တာ မျက်စိတမှိတ်အတွင်းစားပြီးသွားပါလေရော။ ပြီးတော့ လီဆင်းတို့စားနေတာစောင့်ရင်း ဆိုတယ် ။

"..........မင်းတို့နှစ်ယောက်ကို..ကြည့်ရတာစိတ်ဝင်စားစရာပဲကွ.....အင်း....ဆင်းရဲပေမဲ့လဲတယောက်နဲ့ တယောက်ချစ်ခင်ကြတယ်...ငါ့နှမကရော..လီဆင်းကိုဘယ်လိုလုပ်ပြီးရွေးခဲ့တာလဲ...မင်းတို့နှစ်ယောက် ဟာဇနီးမောင်နှံမဟုတ်သေးတဲ့အပြင်..တယောက်ယောက်ဆီကနေထွက်ပြေးလွတ်မြောက်လာကြတာ ငါရိပ်မိပါတယ်...မကြောက်ပါနဲ့..ငါ့နှမရဲ့..အကိုကြီးပြောတာမှန်တယ်..မဟုတ်လား..........”

ဆိုပြီးချန်မိန်းကလေးကိုလှမ်းပြောလိုက်တဲ့လေသံဟာ တုန်းတိတိနိုင်ပေမဲ့ နွေးထွေးမှုရှိတယ်လို့လီဆင်း ခံစားရတယ် ။ သူကတော့နားရွက်တောင်မခတ်ပေမဲ့ စိတ်ထဲကတော့မုတ်ဆိတ်နီကြီးဘယ်လိုများသူတို့ နောက်ကြောင်းကိုပြောနိုင်သလဲဆိုတာကို အံ့ဩလို့ရယ် ။ ဒီလူ လူကဲခတ်တော်လှချည်လားပေါ့ ။ ဒါမှ မဟုတ် ချန်မိန်းကလေးရဲ့သွယ်ပျောင်းနေတဲ့လက်ကလေးတွေနဲ့ လက်သည်းရှည်ရှဲရှဲကလေးတွေကပဲ သူ့ရဲ့ရွှေတော်ဖြစ်ခဲ့ဖူးတာကို သိပ်သိသာနေစေသလားဆိုပြီးလဲ တွေးမိတယ် ။ လှည့်စားလို့ရမဲ့သူလဲမ ဟုတ်မှန်းသိတော့ လီဆင်းကဟက်ကနဲရယ်ပြီး အမှန်ကိုဝန်ခံလိုက်သတဲ့ ။

"..........အကိုကြီးပြောတာအားလုံးမှန်ပါတယ်..ကျွန်တော့်ကိုသူရွေးခဲ့တာဆိုတာလဲအမှန်ပါပဲ..အကို့နှမကိုမိန်းကလေးမို့လျှော့တွက်လို့မရဘူးဗျ...မကြာခင်မှာအရေးတော်ပုံစတော့မယ်ဆိုတာ..သူသိနှင့်နေပြီးသားလေ.........."

သူတို့နောက်ကြောင်းတွေကို အစုမှုစဆွေးနွေးနေတဲ့မှတ်ဆိတ်နီကြီးရဲ့ရည်ရွယ်ချက်ကိုသူ့မျက်လုံးထဲမှာအဖြေရှာဖို့ကြိုးစားရင်း လီဆင်းကရယ်ကာမောကာပြောသတဲ့ ။ အရေးတော်ပုံဆိုတဲ့စကားလဲကြားရော ၊ မှတ်ဆိတ်နီကြီးရဲ့မျက်လုံးတွေတဖျတ်ဖျတ်အသက်ဝင်လာကြတော့တာပဲ ။

"............အရေးတော်ပုံ..ဟုတ်လားကွ............."

".............ဟုတ်ပဗျား...................."

မိန်းကလေးပေမဲ့ ဖာသိဖာသာအိုးတိုးအတမနေဘဲ စစ်မက်အရေး နိုင်ငံရေးကိုတီးမိခေါက်မိရှိပါကလား ဆိုပြီးလေးစားတဲ့အရိပ်အယောင်တွေဟာမှတ်ဆိတ်နီကြီး ချန်မိန်းကလေးကိုဖျတ်ကနဲလှမ်းကြည့်လိုက်တဲ့အကြည့်တွေထဲမှာ ထင်ဟပ်လို့လာတယ် ။

"..............မင်းတို့..ဘယ်ကများလာကြသတုံး.............."

"...............နေပြည်တော်ကပါ.............."

မှတ်ဆိတ်နီကို စူးစူးစိုက်စိုက်ကြည့်ရင်း လီဆင်းကခပ်အေးအေးပဲပြန်ဖြေတယ် ။

"............မင်းတို့ဆီမှာ..အရက်ကလေးများမပါဘူးလားကွာ.........."

"...............မပါဘူးဗျ...ဒါပေသိ..ဟိုနားမှာတော့အရက်ဆိုင်တွေ့ခဲ့တယ်............"

ဒါနဲ့မှတ်ဆိတ်နီကြီးလဲဘာမပြောညာမပြောထထွက်သွားတော့ ချန်မိန်းကလေးကလီဆင်းကို စိုးရိမ်ဟန်နဲ့ဆိုတယ် ။

"..............မောင်ရယ်...ဘာလို့များကျွန်မတို့အကြောင်းတွေကို..အခုမှတွေ့တဲ့သူစိမ်းကိုဖွင့်ပြောပြလိုက်ရတာလဲ.............."

"..............စိတ်မပူပါနဲ့ကွာ...သူလိုတောသားလူကြမ်းဟာ..နန်းတော်ထဲကမှူးမတ်တွေထက်တောင်ဖြောင့်မတ်သစ္စာရှိသေးတယ်..သူ့ကိုမြင်ကတည်းကယုံကြည်စိတ်ချရတဲ့သူဆိုတာငါရိပ်မိပါတယ်......"

"............ဒါပေမဲ့..ရှင့်လူကြီးကကြမ်းကလဲကြမ်း..ရိုင်းလဲရိုင်းပြလှတယ်..မောင်ရဲ့.......သိုးသားကိုခုတ်ထစ်နေလိုက်တာများကြောက်စရာပဲရှင်...စားကြွင်းစားကျန်တွေကိုလဲ..မပြောမဆိုနဲ့သူ့မြည်းစားခွက်ထဲသွန်ထည့်ပစ်သေးတယ်..တကယ်ဆိုကိုယ့်ကိုခေါ်ဖိတ်ကျွေးမွေးတဲ့သူကို..အရင်ဆုံးတော့မေးစမ်းသင့်တာပေါ့...တကတည်း..သူ့လက်သူ့ခြေချည်းပဲ....................."

"...........ငါကတော့..အဲဒီအချက်တွေကိုသဘောအကျဆုံးပဲကွဲ့...သူသာနူတ်ချိုချိုနဲ့ယဉ်ကျေးဖွယ်ရာလုပ်နေရင်စိတ်ပူမိဦးမယ်....သူဟာစိတ်ကြမ်းကိုယ်ကြမ်းပေမဲ့..မင်းကိုလဲခင်မင်ရှာပုံရပါတယ်............"

"..........ဟုတ်ပါတယ်လေ..ကျွန်မလဲ..အဲဒါကိုတော့သတိထားမိပါတယ်........."

ဆိုပြီးပြောဆိုနေကြတုန်း အရက်တအိုးကိုင်လို့မှတ်ဆိတ်နီကြီးပြန်ရောက်လာသတဲ့ ။ ဒီတခါတော့ပိုပြီးသက်တောင့်သက်သာရှိလာဟန်နဲ့ မျက်နှာလဲပို့ရွှင်လာတယ် ။ နားထင်ကြောကြီးတွေထောင်ထနေပေမဲ့အာလေးလျှာလေးမရှိဘဲ စကားကိုအသံခပ်နိမ့်နိမ့်နဲ့ ရှင်းရှင်းလင်းလင်းပြောသတဲ့ ။ သူနဲ့ ဒီတခါစကား

ပြောအကြည့်မှာ မုတ်ဆိတ်နီကြီးဟာ အရေးတော်ပုံအကြောင်းပြပြီး သူတစ်လူငါတစ်မင်းလုပ်နေကြတဲ့ စစ်သေနာပတိတွေ ၊ တပ်မှူးတွေ ၊ နယ်စားပယ်စားတွေကိုအထင်မကြီးလှကြောင်းပေါ်လာတယ် ။ သူ့အပြောအရတော့ အခုအုံကြွနေကြတဲ့ မတစ်ရာသားတွေထဲမှာ နဂါးပလ္လင်နဲ့ထိုက်တာ တယောက်မှမပါပဲ ပြည်လှေးပြည်မွှားအဆင့်လောက်ရှိသူတွေပဲ များသတဲ့ ။ အဲဒီတော့မှလီဆင်းလဲ မုတ်ဆိတ်နီကြီးဟာ အရေးတော်ပုံအတွက်ပူးပေါင်းသစ္စာတော်ခံဖို့ အရှင်သခင်ရှာနေသူမဟုတ်ဘဲ သူကိုယ်တိုင်ဆင်ကြံကြံနေသူဆိုတာကိုရိပ်မိလိုက်တော့တယ် ။

"............အကိုကြီး...စစ်သေနာပတိယန်ဆူကိုရော..ဘယ်လိုသဘောရတုံး............"
မုတ်ဆိတ်နီကြီးက ဒီမေးခွန်းလဲကြားရော ခါးကြားကဓါးမြှောင်ကို စားပွဲပေါ်ဖြောင်ကနဲနေအောင်စိုက်ချပြီးရယ်တယ် ။ ထက်မြနေတဲ့ဓါးသွားကသစ်သားစားပွဲကိုဖောက်ထွင်းပြီး တဆတ်ဆတ်တုန်ယင်နေတာ မီးရောင်ထဲမှာတလက်လက် အရောင်ပြန်လို့ရယ် ။

"............ယန်ဆူတဲ့လား......ဘာဖြစ်လို့သူ့အကြောင်းမေးရတာလဲကွဲ့.................."

".................အကိုကြီးရဲ့အမြင်ကိုကြားချင်လို့ပါဗျာ...................."

လို့အစချီပြီးလီဆင်းကသူယန်ဆူဆီကို သေနင်္ဂဗျူဟာစီမံကိန်းသွားပြီးတင်ပြခဲ့ပုံ ၊ ယန်ဆူရဲ့ရုံရွေတော်ချန်မိန်းကလေးကသူ့ကိုတွေ့သွားပြီးရွေးချယ်ခဲ့ပုံ ၊ နောက်တော့သူတို့ထွက်ပြေးလွတ်မြောက်လာကြပုံတွေကိုမုတ်ဆိတ်နီကြီးကိုပြောပြတယ် ။

"............ဒါနဲ့အကိုကြီးကကော..ဒီကနေဘယ်ကိုခရီးဆက်မှာလဲ...................."

"............တိုင်ယွမ်နယ်ကိုသွားမလားလို့..အဲဒီမှာတော့ငါစိတ်အေးလက်အေး..ခဏလှုပ်ရှားလို့ရမယ်ထင်တာပဲ........."

"...............အင်း...တိုင်ယွမ်နယ်မှာလှုပ်ရှားဖို့ဆိုတာ..နည်းနည်းခက်မယ်ထင်တယ်...အကိုကြီး...တိုင်ယွမ်ကနဂါးအကြောင်းကြားဖူးသလား.........."

ဆိုပြီးလီဆင်းက နဂါးပလ္လင်ကိုဆက်ခံမဲ့သူလို့နာမည်ထွက်နေတဲ့ တိုင်ယွမ်နောင်တော်လေး လီယှီမင်း အကြောင်းပြောပြသတဲ့ ။

"..........အင်း....မင်းကော..သူ့ကိုဘယ်လိုမြင်လဲ..လီဆင်း.................."

".......ကျွန်တော်တော့အင်မတန်ထူးခြားပြီး..ဘုန်းလက်ရုံးနဲ့ပြည့်စုံသူလို့မြင်မိတာပဲ..အကိုကြီး......"

ဒီလိုကြားလိုက်ရတော့ မုတ်ဆိတ်နီကြီးရဲ့မျက်နှာဟာ ထူးထူးခြားခြားကိုတည်ငြိမ်လေးနက်သွားသတဲ့ ။

"..............ငါသူ့ကို..ဘယ်လိုနည်းနဲ့တွေ့ခွင့်ရနိုင်မယ်လို့မင်းထင်လဲ............"

"................ကျွန်တော်အခုသွားခိုမဲ့ရောင်းရင်းလျူဝမ်စင်းက..တိုင်ယွမ်နောင်တော်လေးနဲ့သိပ်ရင်းနှီးကြတာဆိုတော့အကိုကြီးတွေ့ချင်သပဆို..သူ့ကိုမိတ်ဆက်အသိအကျွမ်းဖွဲ့ခိုင်းလို့ရပါတယ်.....အကိုကြီးကကော..လီယှီမင်းကိုဘာဖြစ်လို့တွေ့ချင်ရတာလဲ..........."

"................ငါကလူကဲခတ်ပညာမှာကျွမ်းကျင်တော့..သူတကယ့်နဂါးဟုတ်မဟုတ်ဆိုတာကိုအကဲခတ်ကြည့်ချင်တာပါပဲ................."

ဒီလိုစကားလက်စသိမ်းလိုက်ကြပေမဲ့ လီဆင်းကတော့အင်မတန်အရေးကြီးပြီးသမိုင်းအလှည့်အပြောင်းတခုကိုဖြစ်ပေါ်လာစေမဲ့ ဖြစ်ရပ်တခုကို သူဖန်တီးလိုက်မိပြီဆိုတာကိုမသိလိုက်ပါဘူးတဲ့ ။

ဒါနဲ့တိုင်ယွမ်ရောက်ပြီးနောက်တနေ့အရုဏ်တက်မှာ ဖန်းယန်တံတားနားတွေ့ကြမယ်လို့ အစီအစဉ်ဆွဲပြီးလမ်းခွဲကြတယ် ။ လီဆင်းတို့အတွက်တည်းခိုခကိုတော့ သူ့ချန်နမအတွက်မို့သူပေးပါရစေဆိုပြီးမုတ်ဆိတ်နီကြီးကအတင်းလုရှင်းတယ် ။ ပြီးတော့သူ့မြည်းပိန်လေးကိုဆွဲပြီး ခရီးဆက်နှင့်သတဲ့ ။ ချန်မိန်ကလေးနဲ့ တည်းခိုခန်းအထဲကိုပြန်ဝင်လာကြရင်း လီဆင်းကဆိုတယ် ။

"..............အကိုကြီးကတော့..တကယ့်လူဆန်းပါပဲ...အခုလဲတိုင်ယွမ်နဂါးကိုဒီလောက်စိတ်ဝင်စားနေတာဟာအကြောင်းတခုခုရှိရမယ်လို့ကိုယ်ထင်တယ်ကွဲ့...............”

ဒါနဲ့တိုင်ယွမ်ရဲ့မှုန်မှိုင်းမှိုင်းနံနက်ခင်းအရုဏ်တက်စမှာ မြူတွေရစ်သိုင်းနေတဲ့ဖန်းယန်တံတားပေါ်မည်းမည်း မည်းမည်းနဲ့လူရိပ်နှစ်ခုဆုံကြတယ် ။ ချိန်းဆိုထားတဲ့အတိုင်း လီဆင်းနဲ့မုတ်ဆိတ်နီကြီးပါပဲ ။ အလွယ်ရတဲ့မနက်စာကိုပဲ ခပ်မြန်မြန်လဲစားပြီးသွားကြရော လီဆင်းကသူကတိပြုထားတဲ့အတိုင်း မုတ်ဆိတ်နီကြီးကို သူ့ရောင်းရင်းလျူဝမ်စင်းဆီခေါ်သွားတယ် ။ နှစ်ယောက်သားလျူဝမ်စင်းအိမ်ကိုခပ်သုတ်သုတ်လျှောက်နေကြတုံး ရင်ထဲကတူညီတဲ့ရည်ရွယ်ချက်ရဲ့ကြီးမားလေးနက်မှုကြောင့် စကားတောင်ဟာဟာမဆိုဖြစ်ကြဘူး ။ မကြာခင်မှာပဲ နဂါးလောင်းဆိုသူကိုတွေ့ရတော့မယ်လေ ။ ခပ်မြန်မြန်လျှောက်နေတဲ့သူတို့ပုံရိပ်နှစ်ခုဟာ ယောကျ်ားပီသတာနဲ့ ခြေလှမ်းမြန်ဆန်တိကျတာကလွဲရင် တူတာဆိုလို့ဘာမှကိုမရှိဘူး ။ လီဆင်းက အရပ်မြင့်မြင့်နဲ့သန်မာတောင့်တင်းပြီး တက်သစ်စစစ်သည်ပို့မျှားလို ဖြတ်လတ်သလောက် မုတ်ဆိတ်နီကြီးကတော့ ထုကြီးတဲ့ကိုယ်ကြီးကိုညွတ်ကနဲညွတ်ကနဲနေအောင်လှမ်းလို့ ဝါရင့်စစ်ပြန်ကြီးလို စစ်ရည်ဝနေတဲ့ပုံစံမျိုး ။ တအိအိနဲ့လျှောက်နေပုံကတော့ မိုင်တရာခရီးတောင်ချွေးမစို့တဲ့လူမျိုးပေါ့ ။

"...............အကိုကြီး..အင်္ဂါရုပ်လက္ခဏာသျှတ္တရဗေဒပညာရပ်ကို..ဘယ်လိုမြင်လဲ.............”

".........အင်း...လူတယောက်ရဲ့ရုပ်ရည်သွင်ပြင်ကိုယ်ဟန်အမူအရာအားလုံးဟာ..သူ့ရဲ့အကျင့်စာရိတ္တစရိုက်တွေရဲ့မှတ်တမ်းတမျိုးပဲကွ.......မျက်လုံးတွေ ၊ နှာခေါင်းပုံစံတွေ ၊ နှုတ်ခမ်းမေးစေ့တွေ ၊ နားရွက်

တွေနဲ့ ကုန်ကုန်ပြောရရင်အသားအရောင်ကိုကြည့်ပြီးတောင်မှ..လူတယောက်ရဲ့အကြောင်းကိုစာအုပ်ဖတ်သလိုဖတ်ကြည့်လို့ရတယ်....ဒါတွေကိုကြည့်ခြင်းအားဖြင့်ဒီလူတယောက်ဟာခိုင်မာသလား..ပျော့ညံ့သလား..ကောက်ကျစ်သလား..ရိုးဖြောင့်သလား..ပြတ်သားပြီးရက်စက်တတ်သလား......တီထွင်ဖန်တီးမှုပညာကြီးပြီးဖြတ်ထိုးဉာဏ်ကောင်းသလား...စတာတွေကို..မျက်နှာကြည့်ရုံနဲ့တင်သိနိုင်တာပဲကွဲ့....လူကိုလေ့လာဖတ်ရှုရတာကတော့.အရှုပ်ထွေးဆုံးပညာရပ်တခုပဲကွ....လူဆိုတဲ့သတ္တဝါကလဲအရှုပ်ကြီးမဟုတ်လား....လူတကိုယ်ထဲမှာပဲမထင်မှတ်တဲ့ကိုယ်ရည်ကိုယ်သွေးတွေကလဲ..ပေါင်းစပ်နေနိုင်သေးတာမျိုးကိုး............"

"...............ဒီတော့..အကိုကြီးဆိုလိုတာက..လူတယောက်မှာမွေးကတည်းကကံကြမ္မာကသတ်မှတ်ပေးလိုက်တဲ့..ဇာတာပါလာတယ်ဆိုတာ..အမှန်ပဲပေါ့........."

"...............အင်း......ဖြစ်နိုင်ခြေများတာပေါ့.......လူတယောက်ဟာသူ့စရိုက်သဘာဝကနေ..လုံးလုံးကြီးဆန့်ကျင်ပြောင်းလဲသွားဖို့ဆိုတာ..မလွယ်ဘူးလေ....ချွတ်စွတ်တူတဲ့မျက်နှာဆိုတာမရှိဘူးကွ...လူတယောက်တွေးသမျှ..ကြံသမျှ..လုပ်သမျှဟာ..သူ့မျက်နှာပေါ်မှာလာထင်ဟပ်နေတာကြောင့်ပဲ....လူတယောက်ရှင်သန်လာတာနဲ့..ဘဝမှာအမျိုးမျိုးအဖုံဖုံကြုံရမှာပဲ...ဒါတွေကိုဘယ်လိုရင်ဆိုင်ကိုယ်တွယ်ဖြေရှင်းသလဲဆိုတာတွေက..သူ့ကိုယ်ရည်ကိုယ်သွေးမှတ်တမ်းအဖြစ်..မျက်နှာပေါ်လာပေါ်ကြတာပဲ..."

ပြောရင်းနဲ့လျှောက်လာလိုက်ကြတာ လျူဝမ်စင်းအိမ်နားရောက်ခါနီးတော့ မှတ်ဆိတ်နီကြီးမှာစိတ်လှုပ်ရှားလွန်းလို့ အသက်ရှုများတောင်မြန်လာတာကို လီဆင်းသတိပြုမိပါသတဲ့ ။ လျူဝမ်စင်းအိမ်တော်ကိုရောက်တော့ လီဆင်းကအရင်ဆုံးဝင်သွားပြီး သူ့ရောင်းရင်းကို နောင်တော်လေးကိုဆုံချင်တဲ့အာသီသပြင်းပြနေတဲ့မိတ်ဆွေတယောက်ပါလာကြောင်း တံခါးဝမှာစောင့်နေကြောင်း ပြောပြတယ် ။ လျူဝမ်စင်းက ဝမ်းသာအားရပဲအထဲခေါ်ခဲ့ဖို့ပြောပြီး အစီအစဉ်ဆွဲတော့တာပဲ ။ သူကနောင်တော်လေးရဲ့သစ္စာတော်ခံတဦးကိုး ။ အခုအရေးတော်ပုံအတွက်လဲနောင်တော်လေးနဲ့အတူ လက်တွဲလို့ကြိုးပမ်းနေတာပဲ ။ လီဆင်းမိတ်ဆွေဟာ လက္ခဏာဗေဒကျွမ်းကျင်သူဆိုတာသိရတော့ ပိုတောင်ကျေနပ်သွား

သေးတယ် ။ ဘယ်သူမဆို နိုင်ကြက်ဘက်ကသာ လောင်းချင်ကြတာမဟုတ်လား ။ အသက်စွန့်ပြီးအမှုတော်ထမ်းရမဲ့သူကနဂါးအစစ်ဆိုတာကို အထပ်ထပ်အခါခါသေချာသည်အထိ ကြားချင်ပေမပေါ့လေ ။ ဒါနဲ့ လီဆင်းနဲ့ မုတ်ဆိတ်နီကြီးကို နေ့လည်စာစားဖို့ဖိတ်ပြီး လီယီမင်းကိုဆက်သားလွှတ်ပြီးစာတစောင်စေလိုက်ရော ။

မကြာခင်ဘဲ လူငယ်တယောက်ရောက်လာတယ် ။ ခေါင်းကိုဝံ့ဝံ့စားစားမော့လို့ မိုးထိနေတဲ့အရပ်အမောင်းနဲ့ လုလင်ပျိုဟာခပ်ရိုးရိုးသားမွေးဝတ်လုံကို လျော့တိလျော့ယဲသာဆင်ထားပေမဲ့ ဖြာထွက်နေတဲ့အရှိန်အဝါတွေကတော့ အံ့ဩလောက်စရာပဲ ။ ပြုံးရွှင်လို့ စိတ်အားထက်ထက်သန်သန်မျက်နှာမှာကိုယ့်ကိုယ်ကိုယုံကြည်မှုပြင်းလွန်းလို့ ဘယ်လိုမင်းပွဲသဘင်ပရိသတ်အလယ်မှာမဆိုကိုယ့်အိမ်ကိုယ့်ယာလိုသက်တောင့်သက်သာရှိလှပြီး ချောမောလှတယ်မဆိုနိုင်ပေမဲ့ အခန်းထဲဝင်လာတဲ့အချိန်မှာ သူ့ဘုန်းအရှိန်အဝါကို လူတိုင်းခံစားလိုက်ရသလိုထင်ရတဲ့ တိုင်ယွမ်နောင်တော်လေး လီယီမင်းဟာတခန်းလုံးကိုတချက်သာဝေ့ကြည့်လိုက်ပေမဲ့ တခုမကျန်သတိပြုလိုက်မိတယ်ဆိုတာကတော့ သံသယကိုဝင်စရာမလိုပေဘူး ။ နှာခေါင်းချွန်ချွန်အောက်က နှုတ်ခမ်းမွှေးကော့ကော့ဟာလဲ လေးကိုင်းတောင်ချိတ်လို့ရမယ်လို့ထင်ရတယ် ။ မုတ်ဆိတ်နီကြီးကတော့ နောင်တော်လေးနဲ့ပတ်သတ်ပြီး တစမကျန်အောင်ကိုသိမ်းငှက်မျက်လုံးမျိုးနဲ့ အကဲခတ်နေခဲ့တာ လီဆင်းသတိပြုမိသတဲ့ ။ ဒါနဲ့ နေ့လည်စာထမင်းစားပြီးကြတော့မုတ်ဆိတ်နီကြီးက လီဆင်းအနားကပ်လို့တိုးတိုးပြောတယ် ။

"………………..ဒီလူငယ်ကိုအကဲခတ်ဖို့..ငါ့မိတ်ဆွေတာအိုအတွေးအခေါ်ပညာရှင်သာ..ပါလာနိုင်ရင်သိပ်ကောင်းမှာပဲ………"

ဒါနဲ့စားသောက်ပြီးကြတော့ နှစ်ယောက်သားအိမ်ပြန်ဖို့ပြင်ကြတယ် ။ အပြန်လမ်းမှာမုတ်ဆိတ်နီကြီးအမူအရာပြောင်းသွားပုံကတော့ မယုံနိုင်စရာပဲလို့ဆိုတယ် ။ မျက်နှာမှာ သေလောက်တဲ့ခါးချက်မိထားသလိုမျိုးအရောင်ပြောင်းနေပြီး တလမ်းလုံးခေါင်းငိုက်စိုက်ပြန်လာသတဲ့ ။ မျက်လုံးတွေလဲ ဝေခွဲမရဖြစ်နေတဲ့အရိပ်တွေနဲ့မှုန်မှိုင်းလို့ရယ် ။ တရှူးရှူးနဲ့အသက်ရှူသံကိုဘေးနားက လီဆင်းတောင်ကြားနေရ

တာ ။ ဒါနဲ့ အကြီးအကျယ်အမူအရာပျက်နေတဲ့ မုတ်ဆိတ်နီကြီးကို လီဆင်းမေးစမ်းကြည့်တာပေါ့လေ ။ တော်တော်နဲ့ ဖြေသံထွက်မလာလို့နှစ်ခါ သုံးခါပြန်မေးယူရတယ် ။

"...............တိုင်ယွမ်နောင်တော်လေးကို..အကိုကြီးဘယ်လိုမြင်တုံးဗျ.....ဟင်...အကိုကြီး..ပြောပါဦး အကိုကြီး..ထင်မြင်ချက်ကိုသိရပါစေ.........."

နောက်ဆုံးမှ သူ့ဟာသူရေရွတ်နေသလိုအသံမျိုးထွက်လာသတဲ့ ။

"..........သူဟာနဂါးပလ္လင်ကိုဆက်ခံမဲ့သူဆိုတာ..ရှစ်ဆယ်..ကိုးဆယ်ရာခိုင်နှုန်းလောက်တော့..ငါသေချာပြောနိုင်တယ်.......ငါ့မိတ်ဆွေတာအိုအတွေးခေါ် ရှင်သာပါလာရင်..ဘယ်လောက်ကောင်းလိုက်မလဲကွာ...ဟော့..လီဆင်း..မင်းဘယ်မှာတည်းနေတုံး........."

ဒါနဲ့သူတို့တည်းခိုခန်းအသေးလေးမှာနေကြောင်းလီဆင်းကပြောပြတာပေါ့ ။

".........အင်း..အဲလိုနေရာကခဏတဖြုတ်ဆိုရင်တော့ကိစ္စမရှိပါဘူး.........မင်းငါနဲ့ခဏလိုက်ခဲ့ဦး......"

ဆိုပြီးမုတ်ဆိတ်နီကြီးက လီဆင်းကိုပိုးထည်ဆိုင်တဆိုင်ရှေ့ခေါ် သွားရော ။ ခဏကြာတော့ဆိုင်ထဲကနေပြန်ထွက်လာပြီး လီဆင်းကိုစက္ကူအိတ်တအိတ်လှမ်းပေးတယ် ။ အိတ်ထဲမှာတော့ငွေစတွေ အောင်စသုံးလေးဆယ်လောက်ရှိမယ်လို့ ခန့်မှန်းရသတဲ့ ။ မုတ်ဆိတ်နီကြီးက လီဆင်းကိုငွေအိတ်ပေးရင်းခပ်အေးအေးပြောလေရဲ့ ။

"..........လီဆင်းရေ...ဒါကိုယူပြီးငါ့နှမကို..နေရာကောင်းကောင်းလေးမှာထားပါကွာ........."

လီဆင်းတယောက် အံ့ဩလွန်းလို့ပြူးတူးပြဲတဲဖြစ်နေတာမြင်တော့ ထပ်တိုက်တွန်းသတဲ့ ။ ရက်ရော

ကြင်နာတတ်ပုံကတော့ ပုံပြင်ထဲကသူရဲကောင်းဇာတ်လိုက်များလိုပါပဲ ။ ဒီလိုလူတွေဟာအဲဒီခေတ်ကာလကြီးထဲမှာတကယ်ကို ရှိခဲ့ကြတာပေါ့ ။ ကဲလေ..ဒီပုံပြင်ဘက်ကိုပြန်လှည့်ကြရအောင် ။

"..........လုပ်ပါကွ..လီဆင်းရ..ရော့..ယူစမ်းပါ............"

"...........အကိုကြီး..ပိုးထည်တိုက်ကို..ခါးပြတိုက်လာတာတော့မဟုတ်ပါဘူးနော်............"

လို့လီဆင်းကမေးတော့ မုတ်ဆိတ်နီကြီးက ဟက်ဟက်ပက်ပက်ရယ်တယ် ။

"..........မဟုတ်ရပါဘူးကွာ...ဒီဆိုင်ရှင်ကငါ့မိတ်ဆွေပါ....မင်းထပ်လိုချင်သေးရင်လဲရတယ်...ငါမရှိတုန်းငွေလိုရင်လဲ..ဒီမှာလာယူလို့ရအောင်ငါမှာထားခဲ့မယ်...ကြိုက်တဲ့အချိန်လာပြီးလိုသလောက်သာယူစမ်းမင်းတို့မောင်နှံနွမ်းပါးတယ်ဆိုတာ..ငါရိပ်မိပါတယ်ကွယ်..ငါ့နှမကိုမဆင်းရဲစေချင်ဘူး...နောက်ပြီးမင်းတို့တိုင်ယွမ်မှာကြာကြာနေဖို့..မသင့်တော်ဘူးလို့ငါထင်တယ်...လိုယန်နယ်ကိုပြောင်းလာပြီးငါနဲ့လာနေစေချင်တယ်ကွဲ့...နောက်တလဆိုရင်ပြောင်းလာကြပေတော့..ဟုတ်ပြီလား..........."

ဆိုပြီးလက်ချိုးလို့ရက်တွက်ကာပြောပြန်တယ် ။

"............နှစ်လပိုင်းရဲ့သုံးရက်မြောက်နေ့မှာငါလိုယန်ကိုပြန်ရောက်မယ်.......အဲဒီနေ့ကျရင်အရှေ့တံခါးမြင်းစောင်းတွေနားကအရက်ဆိုင်ကိုလာခဲ့ကွဲ့.......မင်းဒီမြည်းနဲ့လားအမည်းလေးတကောင်ဆိုင်ရှေ့မှာလှန်ထားတာတွေ့ရင်..ငါနဲ့ငါ့မိတ်ဆွေတာအိုအတွေးအခေါ်ရှင်ရောက်နေတဲ့အထိမ်းအမှတ်ပဲ..အဲဒီအခါကျရင်ဆိုင်အပေါ်ထပ်ကိုသာတန်းပြီးတက်ခဲ့ပေတော့...ဟုတ်ပြီလား..............."

ဒါနဲ့လီဆင်းတို့တည်းနေတဲ့ တည်းခိုအိမ်သေးလေးဆီ ရောက်လာကြတယ် ။ မုတ်ဆိတ်နီကြီးကအထဲထိဝင်လိုက်လာပြီး ချန်မိန်းကလေးကိုနှုတ်ဆက်စကားဆိုရှာတယ် ။ သူကတော့ လီဆင်းတို့မောင်နှံကို

ဟိုနှစ်ပေါင်းမြောက်များစွာကသိကျွမ်းရင်းနှီးလာသလိုကို ဆက်ဆံတာပဲ ။ အဲဒီညနေမှာမုတ်ဆိတ်နီကြီး ကကောင်းပေ့ဆိုတဲ့ညစာတွေမှာယူကျွေးမွေးသေးတယ် ။ ပြီးတော့ညအတော်နက်တဲ့အထိစကားပြော မဲ့ဟန်နဲ့ ချန်မိန်းကလေးကိုဒီလိုပြောသတဲ့ ။

"………ငါ့နှမရေ…တို့ညီအစ်ကိုတွေရဲ့ယောက်ျားစကားဝိုင်းကိုငြီးငွေ့ရင်..သွားသာနားနှင့်ပါကွယ်….."

ဆိုပြီးတညလုံးနီးပါး လီဆင်းနဲ့စကားထိုင်ပြောကြသတဲ့ ။ သူ့ကိုကြည့်ရတာပင်ပန်းနွမ်းနယ်ဟန်လဲမရှိ ဘူး ။ ချန်မိန်းကလေးကတော့ သူတို့တွေစကားပြောနေတဲ့နားမှာ အိပ်ရမှာနည်းနည်းရှက်ပေမဲ့ မျက်ခွံ တွေကိုတောင်မသယ်နိုင်တော့တာနဲ့ အရင်ဝင်အိပ်လိုက်ရတယ် ။ မုတ်ဆိတ်ကြီးကတော့ သူမတူတဲ့ ခွန်အားနဲ့သက်လုံရှိတယ်လို့ဆိုရမယ် ။ နောက်တနေ့မနက်လင်းခါနီးလို့ လီဆင်းငိုက်ကျသွားတဲ့အချိန် အထိ လန်းဆန်းမှုအပြည့်နဲ့စကားထိုင်ပြောတုံးပဲကိုး ။ ဒါနဲ့နေအတော်မြင့်မှမုတ်ဆိတ်နီကြီးကလီဆင်း ကိုနှိုးသတဲ့ ။

"……………အကိုကြီး..ညကဘယ်မှာအိပ်တာလဲဗျ…ကျွန်တော်လဲငိုက်ကနဲဖြစ်သွားလို့………"

"……………….ဒီနားမှာပဲ..ခဏတဖြုတ်မှေးလိုက်တာပေါ့ကွာ…………"

"……………..အိုဗျာ…ကျွန်တော်တို့နှစ်ယောက်အတွက်..အိပ်ဖန်စောင့်လိုတယ်မှတ်လို့လား..ခက်လိုက် တဲ့လူနယ်…တခြားမှာသက်တောင့်သက်သာများနားပါတော့………….."

လို့လီဆင်းကဂရုဏာဒေါသောနဲ့ အပြစ်တင်ပေမဲ့ မုတ်ဆိတ်နီကြီးကိုကြည့်ရတာတော့ အလွန်အိပ်ရေးဝ ထားတဲ့သူလိုပဲ လန်းလန်းဆန်းဆန်းရှိနေသတဲ့ ။

"............ငါဒီနေ့..ဂူတန်တောင်တော်ဘက်ကိုခရီးထွက်ရမယ်ကွဲ့..........လုပ်စရာရှိတာတွေသွားပြီးကိစ္စ ဖြတ်ခဲ့ရဦးမယ်...နှစ်လပိုင်းသုံးရက်နေ့တော့ငါလိုယန်ကိုပြန်ရောက်မှာပဲ....မင်းမေ့မနေနဲ့နော်..ငါ့နမကိုလဲ ခေါ်ခဲ့ပါကွယ်............"

ဆိုပြီးထွက်သွားသတဲ့ ။ အခုဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကိုနားထောင်ကြည့်ရင် ဆန်းသလိုထင် ရပေမဲ့ ဒါဟာအဲဒီခေတ်တုံးကသူရဲကောင်းတွေရဲ့ဘဝနေနည်းပါပဲတဲ့ ။ သူတို့ဟာတနိုင်ငံလုံးအနှံ့ လေလို အဟုန်နဲ့ခြေဆန့်ရင်း စိတ်တူကိုယ်တူသမားချင်းတွေ့ရင် ချက်ခြင်းရင်းနှီးသွားကြတာပဲ ။ အင်မတန်စိတ် သဘောထားရဲရင့်ခိုင်ကျည်ကြတဲ့အပြင် ၊ ရက်ရောပေးကမ်းကြဖို့လဲဝန်မလေးကြပေဘူး ။

ဒါနဲ့နှစ်လပိုင်းရောက်လို့ချိန်းဆိုထားတဲ့နေ့မှာ လီဆင်းနဲ့သူ့ဇနီးချန်မိန်းကလေးဟာလိုယန်မြို့ကို ရောက်လာကြသတဲ့ ။ အချိန်းအချက်လုပ်ထားတဲ့ အရှေ့တံခါးမြင်းစောင်းနားကအရက်ဆိုင်မှာလဲ မုတ် ဆိတ်နီကြီးပြောခဲ့တဲ့အတိုင်း မြည်းပိန်လေးနဲ့လားနက်တကောင်ချည်လို့ ။ ဒါနဲ့သူတို့မောင်နှံလဲ အပေါ် ထပ်ကိုတက်သွားကြတာပေါ့ ။

".............မင်းတို့ရောက်လောက်ပြီလို့တော့..ထင်သားကွ...လာကြ..လာကြ....."

ဆိုပြီးမုတ်ဆိတ်နီကြီးကဝမ်းသာအယ်လဲကြိုဆိုရင်း သူ့မိတ်ဆွေတာအိုအတွေးအခေါ်ပညာရှင် ဆိုသူနဲ့ မိတ်ဆက်ပေးတယ် ။ ဒီလူက ဗေဒင်လက္ခဏာ ၊ ဆန်းကျမ်း ၊ သျှတ္တရ ၊ အင်္ဂဝိဇ္ဇာ ၊ နက္ခတ်ပညာ၊ မှော် အတတ် ၊ ဆေးပညာ ၊ အင္ဂရိယတ် အစရှိတဲ့ လောကီပညာရပ်မှန်သမျှကို အရည်ကျိုသောက်ထားသူ ပေါ့ ။ အသံတိုးတိုးလေးနဲ့စကားပြောတတ်ပြီး အင်မတန်နှုတ်နည်းတဲ့ဒီတာအိုသမားဟာသူ့ဝသီအတိုင်း ပဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့လီဆင်းတို့မောင်နှံကိုအကဲခတ်နေပြီး တိုးတိုးသက်သာဆိုသတဲ့ ။

"...............ဆိုတော့..ခင်ဗျားက..ကလောင်ကိုလွှတ်ပြီးဓါးလွတ်ကိုင်ဖို့ရွေးချယ်ခဲ့တာပဲနော်.........."

"...............အေးဗျာ......ဒီခေတ်ကြီးမှာလက်ရုံးရည်ကိုပိုလိုအပ်တယ်လို့ကျုပ်ယုံကြည်သဗျ............"

လို့သာပြန်ပြောပေမဲ့ လီဆင်းရဲ့စိတ်ထဲမှာတော့ ဒီတာအိုပညာရှင်မှန်ကန်လှတာကို ကြိတ်ပြီးချီးကျူးမိတယ် ။ တကယ်လဲ လီဆင်းဟာအသက်ဆယ့်ခြောက် ဆယ့်ခွန်လောက်အထိ စာပေကိုအထူးတလည်လိုက်စားခဲ့တော့ စာပေအလင်္ကာအရာမှာ အလွန်တတ်ပွန်ကျွမ်းကျင်တဲ့သူပါပဲ ။ ဒါကြောင့်မို့လဲစစ်သားကြီးလုံးလုံးအနေနဲ့ပဲဘဝကိုမြှုပ်နှံမလား ၊ စာပေပညာရှင်အနေနဲ့ပဲဘဝကိုဖြတ်သန်းမလားဆိုတဲ့ဆုံးဖြတ်ချက်ကြားမှာ လီဆင်းအတော်အကြပ်ရိုက်ခဲ့ရဖူးသတဲ့ ။

စကားပြောဆိုမိတ်ဆက်ပြီးကြတော့ မုတ်ဆိတ်နီကြီးက သူတို့ဇနီးမောင်နှံအတွက်အရက်ဆိုင်အပေါ်ထပ်ကအခန်းလေးတခုကိုပေးတယ် ။

"...............ဒါမင်းတို့အတွက်..ငါပြင်ထားတဲ့အခန်းပဲ...စိတ်အေးချမ်းသာနေကြပေရော့...ဒီအရက်ဆိုင်ကိုငါပိုင်တယ်ကွဲ့.....ဆိုင်ကငွေစတွေကိုလဲလိုသလောက်သာယူသုံးကြ..ဟုတ်ပြီလား...လီဆင်းကလဲငါ့နမကိုအဝတ်လေးဘာလေးဝယ်ဆင်ပေါ့......ကိုင်း..နားကြတော့..........."

ဒီလိုနဲ့ပဲသူတို့နှစ်ယောက်လဲ မုတ်ဆိတ်နီကြီးရဲ့အရက်ဆိုင်မှာအခြေတကျတက်နေဖြစ်သွားကြတယ် ။ မုတ်ဆိတ်နီကြီးကတော့ သူတို့ဆီမကြာမကြာလာပြီး ညဉ့်နက်တဲ့အထိစကားပြောတတ်သတဲ့ ။ များသောအားဖြင့်တော့ သေနင်္ဂဗျူဟာတွေနဲ့ စစ်ပရိယာယ်တွေအကြောင်းပါပဲ ။ ဒီမှာတင် မုတ်ဆိတ်နီကြီးဟာစစ်မက်ရေးရာမှာ အလွန်ကျွမ်းကျင်နှံ့စပ်တာကို တအံ့တသြသိလိုက်ရတဲ့ လီဆင်းကတော့သူ့ဆီကနေသင်ယူလို့ကိုမဆုံးဘူးပေါ့ ။ တကယ်လဲ နောင်မှာလီဆင်းဟာ မုတ်ဆိတ်နီကြီးဆီကရလိုက်တဲ့ပညာတွေကို မကြာမကြာအသုံးပြုလေ့ရှိတယ် ။ စစ်ပရိယာယ်ဆိုတာ အများနားလည်ကြသလိုလက်ရုံးချင်းသက်သက်သာယှဉ်ပြိုင်ရုံနဲ့မပြီးပေဘူး ။ ရန်သူကိုနားလည်ပြီး ရန်သူ့အားနည်းချက်ကိုကြည့်တတ်မြင်တတ်မှသာ အချက်တရာထိုးနက်ရမဲ့နေရာမှာ တချက်တည်းနဲ့ ကိစ္စပြီးစေနိုင်မှာကိုး ။ မြွေဆိုးများကိုသတ်သင်ရင် အမြီးကိုအချက်တရာခုတ်မဲ့အစား ခေါင်းကိုတချက်တည်းခုတ်ဖြတ်မှသာ အသေသတ်နိုင်သလိုပေါ့ ။ ဒါ့အပြင် ရန်သူကိုထိပ်တိုက်ရင်ဆိုင်တာထက် ဘေးကနေပန်းပြီးကျူးသွင်းသလိုတိုက်သွား

တာကပိုပြီးအကျိုးသက်ရောက်မှုရှိကြောင်းစတာတွေပေါ့လေ ။ လီဆင်းနဲ့မုတ်ဆိတ်နီကြီးဟာသန်းခေါင် သန်းလွဲအထိ မမောနိုင်မပန်းနိုင်ထိုင်ဆွေးနွေးတတ်ကြတယ် ။ တဦးနဲ့တဦး အယူအဆတွေ ၊ စစ်ပညာတွေဖလှယ်ရင်းပေါ့ ။ တာအိုဆရာပါလာတတ်တဲ့အခါမျိုးဆိုရင် သူကတော့တိုင်ယွမ်ဘက်ကိုဦးတည်ပြီး ညကောင်းကင်ပေါ်က ကြယ်တာရာနဂါးငွေ့တန်းတွေ ၊ ဂြိုလ်နက္ခတ်တွေနဲ့ လထီးဆောင်းတာ ၊ ဥပါပုံတာ အစရှိတာတွေကိုလေ့လာရင်းတွက်ချက်နေတတ်တယ် ။ ဒီလိုနဲ့နှစ်ပတ်သုံးပတ်လောက်လဲနေကြရော တာအိုဆရာကသူ တိုင်ယွမ်နဂါး လီယှီမင်းကိုဆုံချင်တယ်လို့ပြောလာတော့ မုတ်ဆိတ်နီကြီးကလီဆင်းကိုအကူအညီတောင်းသတဲ့ ။

"...........လီဆင်းရေ.....ငါ့မိတ်ဆွေကိုလီယှီမင်းနဲ့တွေ့နိုင်ဖို့စီစဉ်ပေးပါဦး....တိုင်ယွမ်နဂါးဟာတကယ့်နဂါးအစစ်ဟုတ်မဟုတ်ငါသေချာချင်တယ်..ငါ့မိတ်ဆွေကတော့သေချာပြောနိုင်မှာပဲ...ဒါမှဆုံးဖြတ်စရာရှိတာဆုံးဖြတ်ကြရမှာ................"

"..........တကယ်လို့တိုင်ယွမ်နောင်တော်လေးသာ..တကယ့်နဂါးဆိုရင်အကိုကြီးဘာလုပ်မလဲ...တိုက်မလား...ပူးပေါင်းမလား..............."

"...............သူသာနဂါးမှန်ခဲ့ရင်..ကံကြမ္မာကိုခံတိုက်လို့..ငါမိုက်ရာကျတော့မပေါ့ကွာ.........."

"..............ဒါဆိုပူးပေါင်းမယ်ဆိုတဲ့သဘောလား...အကိုကြီး..............."

လို့လီဆင်းကမေးတော့ မုတ်ဆိတ်ကြီးကရယ်တယ် ။

"..............မင်းကလဲကွာ...လုပ်ကရော့မယ်..."

ဆိုပြီး နွားအမြီးဖြစ်ခံမဲ့အစားတော့ ကြက်ရဲ့ဦးခေါင်းပဲလုပ်တော့မယ် ဆိုတဲ့ဆိုရိုးစကားတခုကို ပုံခိုင်းပြီး စကားစကိုဖြတ်ပစ်လိုက်သတဲ့ ။ ဒါနဲ့နောက်နေ့ကျတော့ သူတို့တိုင်ယွမ်ကိုသွားကြတယ် ။ လီဆင်းက သူ့မိတ်ဆွေလျူကို တာအိုအတွေးအခေါ်ပညာရှင်နဲ့မိတ်ဆက်ပေးတယ် ။ ဗေဒင်ပညာကိုကျွမ်းကျင်သူ ဆိုတာသိလိုက်ရတော့ ထုံးစံအတိုင်းလျူဝမ်စင်းကတော့အတိုင်းထက်အလွန်ပေါ့လေ ။ အရေးတော်ပုံ ကလဲနေ့လား ညလားအခြေအနေမဟုတ်လား ။ သူတို့ရောက်ကြတော့လျူဝမ်စင်းကသူ့မိတ်ဆွေတွေ နဲ့စစ်တုရင်ကစားနေတာနဲ့ တာအိုသမားကိုလဲတပွဲတလမ်းဝင်စမ်းဖို့ခေါ်တယ် ။ ဒါနဲ့ သူတို့ကစားနေကြ တုန်းမှာပဲ လီယှီမင်းကိုစာပို့ပြီးစစ်တုရင်ပွဲလာကြည့်ဖို့ဖိတ်လိုက်တော့ ခဏကြာတော့ရောက်လာရော ။ မှတ်ဆိတ်ကြီးနဲ့ လီဆင်းတို့ကတော့ ပွဲကြည့်သမားပေါ့လေ ။ လီယှီမင်းကတော့ ငြိမ်ငြိမ်လေးပဲစစ်တုရင် ပွဲကိုကြည့်နေသတဲ့ ။ လောကမှာရဲရင့်တဲ့စစ်သည်သူရဲကောင်းတွေဘယ်လောက်များနေပစေ နဂါးအစစ် ကတော့တကောင်ပဲရှိနိုင်မယ်ဆိုတဲ့အတိုင်းစစ်ရည်ဝနေတဲ့စစ်သားလူကြမ်းကြီးတွေ ၊ စစ်ပရိယာယ်ကျွမ်း ကျင်သူရဲမက်တွေ ၊ ခါးရေးကျေညက်လှတဲ့သူရဲကောင်းတွေပြည့်နေတဲ့ အခန်းထဲမှာ ငြိမ်ငြိမ်သက်သက် ထိုင်နေတဲ့နောင်တော်လေးကတော့ တမျိုးတဘာသာကွဲထွက်နေတာပဲ ။ တာအိုသမားကတော့ စစ်တု ရင်ပွဲမှာစိတ်မြှုပ်ထားသလိုထင်ရပေမဲ့ တကယ်ကတော့တိုင်ယွမ်နဂါးလီယှီမင်းရဲ့အမူအရာအသေးစိတ် လက္ခဏာကြီးငယ်မှန်သမျှ နဲ့အသက်ရှူသံပါမကျန်အောင် လေ့လာအကဲဖြတ်နေခဲ့သတဲ့ ။ လီယှီမင်းခါး မတ်ရင်ဖွင့်ပြီးထိုင်နေပုံ ၊ ပခုံးကိုချီထားပြီးလက်နှစ်ဖက်ကိုချဲထားတဲ့ဒူးတွေပေါ်မှာမာန်ပါပါထောက်ထား တာ ၊ စစ်တုရင်ပွဲကိုကြည့်ရင်းမကြာခဏဆိုသလို မျက်ခုန်းနက်နက်တွေက မဆိုစလောက်တွန့်ချိုးသွား တာတွေ ၊ နောက်ပြီး ကစားနေကြတဲ့စစ်တုရင်ကွက်အားလုံးကိုနားလည်နေရုံတင်မကဘဲ နှစ်ကွက်သုံး ကွက်လောက်ကြိုမြင်ဟန်နဲ့ မျက်လုံးဖျတ်ကနဲဖျတ်ကနဲတောက်ပသွားဟန် စတာတွေကို အသေးစိတ် ကျေနပ်အောင်လဲလေ့လာပြီးရော တာအိုသမားက စစ်တုရင်ခုံကနေအသာခွာလိုက်ပြီး လျူဝမ်စင်းကို ပြောသတဲ့ ။

"................အင်း...ပွဲကတော့သိမ်းနေပါပြီဗျာ...ဆက်ကစားနေလို့လဲအပိုပါပဲ....ခင်ဗျားနယ်ရုပ်ရွှေ့တာ အင်မတန်သပ်ရပ်တော့..ကျုပ်ဘယ်လိုမှဆယ်လို့မရတော့ပါဘူး...အရှုံးပေးပါတယ်ဗျာ........."

ပွဲကြည့်ပရိသတ်တွေအမြင်အရကတော့ တာအိုသမားပြောသလောက်လဲ ဆိုးရွားသေးတာမဟုတ်ပေမဲ့ ဆက်ကစားရင်လဲမနိုင်တော့မှာ သေချာသလောက်ပဲဆိုတော့ စောစောစီးစီးထွက်သွားတာလဲမှန်တယ် ဆိုရပေမပေါ့ ။ တာအိုဆရာသက်ပြင်းချရင်းအသာပဲနေရာကထတယ် ။ ပွဲလဲပြီးပြီဆိုတော့ သုံးယောက် သားအိမ်ရှင်တွေကိုနှုတ်ဆက်ပြီးပြန်လာခဲ့ကြတယ် ။ အပြင်လဲရောက်ကြရောတာအိုသမားကမုတ်ဆိတ် နီကြီးကိုပြောသတဲ့ ။

"..............ရောင်းရင်းရေ......အထဲမှာထိုင်နေသူကတော့..နဂါးပလ္လင်ကိုဆက်ခံမဲ့သူပဲဗျ....ခင်ဗျားရဲ့ပွဲ ကတော့မစခင်ကိုလမ်းဆုံးနေပြီ.....ဒီနိုင်ငံမှာခင်ဗျားအတွက်မျှော်လင့်ချက်မရှိတော့ဘူး...တခြားတပြေ တနိုင်ငံမှာသာသွားကြိုးစားပေရော့..................."

တာအိုဆရာရဲ့စကားကိုကြားလိုက်ရတာနဲ့ ဒီရက်အတောအတွင်းမှာ ပထမဆုံးအကြိမ်မုတ်ဆိတ်နီကြီး ကိုအကြောအချင်တွေ ပြေလျော့သွားသလို စိတ်အေးလက်အေးပုံစံမျိုးတွေ့လိုက်ရတော့ တခုခုတော့ တခုခုပဲဆိုတာ လီဆင်းရိပ်မိလိုက်သတဲ့ ။

"...............ငါ့ညီ..လီဆင်းရေ...အခြေအနေတွေကတော့..ပြောင်းကုန်ပြီ...ငါ့အစီအစဉ်တွေကိုပြောင်းရ တော့မယ်...မင်းတို့ဇနီးမောင်နှံ..လိုယန်မှာပဲနေရင်း..ငါပြန်လာတဲ့အထိစောင့်ပါကွာ...ငါနောက်နစ်ပတ် ကြာရင်ပြန်ရောက်မယ်............"

လို့ပြောပြီး ရုတ်ချည်းလမ်းခွဲထွက်သွားရော ။ လီဆင်းလဲ တာအိုသမားနဲ့နှစ်ယောက်သား လိုယန်ကိုပြန် လာကြတယ် ။

သီတင်းနစ်ပတ်အကြာမှာ ပြောခဲ့တဲ့အတိုင်းပဲမုတ်ဆိတ်နီကြီးပြန်ရောက်လာပြီး လီဆင်းတို့ဇနီး မောင်နှံကိုလာခေါ်သတဲ့ ။

"....................ကိုင်း....လီဆင်းနဲ့ငါနမ...ငါ့အိမ်ကိုလိုက်ခဲ့ကြဦးကွဲ့...မင်းတို့ကိုငါ့ဇနီးနဲ့အသိအကျွမ်းဖွဲ့ပေးရမယ်...ဒါ့အပြင်အရေးကြီးတဲ့ကိစ္စတခုကိုလဲ..မင်းတို့လက်ထဲအပ်စရာရှိတယ်.............."

သူတို့တွေသိကျွမ်းခင်မင်လာတဲ့တလျှောက်လုံးမှာ မုတ်ဆိတ်နီကြီးဘယ်နားနေတယ်ဆိုတာကို တောင်လီဆင်းတို့မသိကြဘူး ။ ဒီလူကြီးကတော့ အင်မတန်လျှို့ဝှက်သိုသိပ်သလောက် လုပ်လိုက်ရင်လဲ အဆန်းတွေချည်းမို့ လီဆင်းတို့မှာအံ့သြပြီးရင်း အံ့သြလို့သာနေကြရတာကိုး ။ ဒါနဲ့သူတို့ကို မုတ်ဆိတ်နီကြီးက တံခါးခပ်သေးသေးတချပ်တည်းရှိတဲ့ ဝင်းတံခါးအဝတခုဆီခေါ်သွားတယ် ။ ဒါပေမဲ့ အထဲရောက်လို့ ပထမရင်ပြင်လဲကျော်မိရော အင်မတန်မှကြီးကျယ်ခမ်းနားတဲ့ ခန်းမဆောင်တခုဆီကိုရောက်လာကြသတဲ့ ။ အစေခံတွေ ၊ ကျွန်မတွေတကျိပ်ကျော်ကျော်လောက်ကလဲအသင့်ခစားလို့နေကြတဲ့အိမ်တော်မှာ လီဆင်းတို့မောင်နှံကို အရှေ့ဘက်အခန်းထဲ ကိုယ်လက်သန့်စင်ဖို့ ခေါ်သွားကြတော့ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းကြေးမုံချပ်တွေ ၊ ကြေးဝါရေချိုးကန်တွေ ၊ သလင်းပန်းဆွဲမီးအိမ်တွေ ၊ သစ်မွှေးပရိဘောဂတွေ ပန်းထွင်းမှန်ကူကွက်ဆွဲတံခါးတွေနဲ့ နန်းတော်တမျှတန်ဆာဆင်ထားတာကို တအံ့တသြတွေ့လိုက်ကြရတော့တယ် ။

ထိုင်ဝံ့စရာမရှိတဲ့ ဧည့်ခန်းဆောင်ထဲပြန်ရောက်လာတော့ မုတ်ဆိတ်နီကြီးကသူတို့ကို သူ့ဇနီးနဲ့ မိတ်ဆက်ပေးသတဲ့ ။ အမျိုးသမီးကအသက်သုံးဆယ်ဝန်းကျင်လောက်ရှိပြီး အံ့သြစရာကောင်းလောက်အောင်တင့်တယ်ချောမောလှသလောက် အလွန်လဲပျူငှာဖော်ရွေတော့ လီဆင်းတို့မှာကိုယ့်ဆွေမျိုးနဲ့ပြန်တွေ့နေရသလိုပါပဲ ။

ညစာစားကြတော့ မုတ်ဆိတ်နီကြီးတို့ကိုယ်ပိုင် သီချင်းသည်မလေးက လီဆင်းတို့တခါမှမကြားဖူးတဲ့ဘာသာစကားမျိုးနဲ့ အလွန်သာယာစွာသီဆိုဧည့်ခံသတဲ့ ။ စားသောက်ကြလို့ပြီးခါနီးတော့ တောင့်တောင့်တင်းတင်းအစေခံဆယ်ယောက်က သစ်မာသားလင်ဗန်းကြီးတွေကို ပိုးစတွေအုပ်လို့ယူလာပြီးသူတို့ရဲ့အရှေ့ဘက်နံရံနားကခုံပုလေးတွေပေါ်လာချတယ် ။ အားလုံးအသင့်ဖြစ်တော့မှ မုတ်ဆိတ်နီကြီးက လီဆင်းကိုခေါ်သတဲ့ ။

“................လာပဟော့..လီဆင်းနဲ့ငါ့နမ..မင်းတို့ကိုပြစရာရှိတယ်.................”

ပြောပြောဆိုဆိုနဲ့ အုပ်ထားတဲ့ပိုးစတွေကို အသာလှပ်လိုက်တော့ စာရွက်စာတမ်းတွေ ၊ မှတ်တမ်းမှတ်ရာတွေ ၊ စာချုပ်တွေ ၊ သော့တွဲတွေ စတာတွေကိုအပုံလိုက်ကြီးတွေ့လိုက်ရတယ် ။ မှတ်ဆိတ်နီကြီး က ဒါတွေကိုလီဆင်းဘက်တွန်းပို့ရင်း ဆိုတယ် ။

“..................ဒါတွေအားလုံးနဲ့..တခြားအတွင်းပစ္စည်းတွေကိုပေါင်းလိုက်ရင်...ငွေစတသိန်းကျော်ကျော်..တန်ကြေးရှိတယ်.....ဒါဟာမင်းတို့ဇနီးမောင်နှံအတွက်တို့တွေရဲ့နှုတ်ဆက်လက်ဆောင်ပဲ...ဒါတွေအားလုံးကိုအရေးတော်ပုံစလာရင်..လက်နက်ခဲယမ်းမီးကျောက်တို့..ကြေးစားစစ်သားတပ်တို့ကိုဝယ်ယူဖို့အတွက်ရည်ရွယ်ပြီးစုဆောင်းထားခဲ့တာကွဲ့...မင်းရိပ်မိနေသလိုငါဟာနဂါးပလ္လင်ကိုဆက်ခံနိုင်ဖို့ကြိုးစားခဲ့တာပဲ..အခုတော့နဂါးပလ္လင်ကိုဆက်ခံမဲ့သူကိုမျက်မြင်တွေ့ပြီးနောက်မှာ...ဒါတွေကိုဒီမြေမှာအသုံးချဖို့အကြောင်းမရှိတော့ဘူး....တိုင်ယွမ်နောင်တော်လေးလီယှီမင်းဟာကေရာဇ်ဖြစ်ဖို့ကံဇာတာပါလာသူပါပဲ.....ကြမ္မာကဆုံးဖြတ်ပြီးသားကိုငါပြောင်းလဲလို့မရနိုင်ဘူး...ဒီတော့မင်းကဒီဥစ္စာပစ္စည်းတွေကိုဆက်ခံပြီး..နဂါးဖြစ်လာမဲ့သူ..သူ့အရိုက်အရာမှန်ကိုရောက်တဲ့အထိတတ်နိုင်သလောက်အကူအညီပေးလိုက်ပါ...မင်းကိုသင်ကြားပြခဲ့တဲ့သေနင်္ဗျူဟာတွေ..စစ်ပညာတွေကိုလဲထုတ်သုံးဖို့မမေ့နဲ့ကွဲ့...နောင်ငါးနှစ်ကနေဆယ်နှစ်အတွင်းမှာတိုင်ယွမ်နဂါးဟာဟန်နိုင်ငံတခုလုံးကိုအောင်နိုင်သူဖြစ်လာလိမ့်မယ်......သူ့ကိုသာသစ္စာစောင့်သိပြီးရှပ်ရှပ်ချွံချွံအမှုထမ်းရင်နောင်တချိန်မှာ..မင်းသူကောင်းပြုခြင်းခံရမှာပဲ...ငါကတော့..ငါ့ရဲ့ရည်ရွယ်ချက်ပြီးမြောက်အောင်ခရီးထွက်ရတော့မယ်....နောင်ဆယ်နှစ်ဆယ့်နှစ်နှစ်လောက်ကြာလို့..ဟန်နိုင်ငံကြီးရဲ့အိမ်နီးချင်းတပြေတနိုင်ငံမှာ..မင်းဆက်အသစ်တည်ထောင်ပြီဆိုတာကြားမိရင်...ငါ့ရည်ရွယ်ချက်ပြီးမြောက်အောင်မြင်ခဲ့ပြီဆိုတာမင်းတို့နားလည်ဖို့ပဲ...အဲဒီအခါမှာငါရှိရာအရှေ့တောင်အရပ်ကိုလှည့်လို့..မင်းနဲ့ငါ့နမတို့အရက်တခွက်စီနဲ့ဂုဏ်ပြုပေးကြပေါ့.....ဟုတ်ပြီလား...........”

ပြီးတော့စောင့်ဆိုင်းနေကြတဲ့ အိမ်တော်သားတွေနဲ့ အစေခံတွေဘက်ကိုလှည့်ပြီးဆိုပြန်တယ် ။

"..............ဟောဒီလီသခင်လေးဟာ..ငါ့အရိုက်အရာကိုဆက်ခံသူပဲ....ငါ့နမဟာလဲ..ဒီအိမ်တော်ရဲ့ပထမ သခင်မကြီးဖြစ်ခဲ့ပြီ...ဒီတော့ငါတို့ကိုလေးစားမြတ်နိုးသလို..သူတို့ဇနီးမောင်နံကိုလဲသစ္စာရှိရှိနဲ့ခစားပြုစုကြ ကွဲ့........"

အဲဒီလိုမှာစရာရှိတာလဲမှာပြီးရော မုတ်ဆိတ်နီကြီးနဲ့သူ့ဇနီးဟာ ခရီးသွားအဝတ်ရိုးရိုးတွေကိုပဲဆင်လို့ မြင်းတစီးစီနဲ့သစ္စာရှိကျွန်ယုံတယောက်ကိုပဲ အဖော်ပြုလို့ထွက်ခွာသွားကြသတဲ့ ။ အဲဒီနေ့ကစပြီးသူတို့ ကိုဘယ်တော့မှ ပြန်မတွေ့ကြရတော့ဘူး ။

ဒီလိုနဲ့ အရေးတော်ပုံကြီးစလာလိုက်တာ လီဆင်းမှာနစ်ပေါင်းတော်တော်ကြာကို ဟန်နိုင်ငံကြီး တခုလုံး တိုင်ယွမ်နောင်တော်လေးရဲ့လက်အောက်ကိုရောက်စေဖို့ တိုက်ပွဲတွေတပွဲပြီးတပွဲအောင်လို့ မီး ကုန်ယမ်းကုန်ကြိုးစားရင်း အလုပ်များနေသတဲ့ ။ တန်မင်းဆက်သစ်တည်ထောင်လို့ နိုင်ငံတော်တခုလုံး ကေရာဇ်လီယှီမင်းရဲ့အုပ်ချုပ်မှုအောက်မှာ ငြိမ်းချမ်းသာယာဝပြောစပြုလာချိန်မှာတော့ လီဆင်းဟာလဲ မင်းကောင်းမင်းမြတ် လီယှီမင်းရဲ့ ညာလက်ရုံးသွေးသောက်ကြီးဖြစ်လာရုံမျှမကဘဲ တန်တပ်မတော်ကြီး ရဲ့စစ်သေနာပတိချုပ်ဖြစ်လာခဲ့ပြီ ။

တနေ့မှာတော့ စစ်သေနာပတိလီဆင်းဆီကို နယ်ခြားသူလျှိုတွေဆီက အစီရင်ခံစာတခုရောက် လာသတဲ့ ။ အစီအရင်ခံစာထဲမှာဖော်ပြထားတာကတော့ ဟန်နိုင်ငံတော်နယ်နမိတ်ရဲ့တဘက် တောင် ဘက်စွန်းစွန်းက ဖူယူဆိုတဲ့နိုင်ငံငယ်ကိုလူအင်အားငါးသိန်းလောက်ရှိတဲ့ တပ်မကြီးတခုကဝင်သိမ်းပိုက် ပြီးနာမည်မသိရသေးတဲ့ စစ်ခေါင်းဆောင်ဟာ မင်းအဆက်အသစ်ကို စတည်ထောင်နေပြီလို့ဆိုတယ် ။ ဒီသတင်းကိုကြားကြားချင်း သေနာပတိလီဆင်းဟာ နောက်ဆုံးမှာတော့ သူတို့ရဲ့ကျေးဇူးရှင်အကိုကြီး မုတ်ဆိတ်နီတယောက် သူ့ရဲ့ရည်ရွယ်ချက်ပြီးမြောက်အောင်မြင်သွားပြီဆိုတာ သိလိုက်ရသတဲ့ ။ ဘုရင် ကလွဲရင်တထစ်မှမလျှော့ချင်တဲ့ သူတို့ရဲ့မုတ်ဆိတ်နီကြီးဟာ လီယှီမင်းလက်အောက်မှာစစ်သေနာပတိ ချုပ်လို ၊ မှူးကြီးမတ်ရာလို ရာထူးမျိုးရနိုင်တာကိုစွန့်လွှတ်ပြီး နိုင်ငံငယ်လေးတခုရဲ့ဘုရင်ဘဝကိုသာရွေး ချယ်ခဲ့တာကိုသိလိုက်ရတော့ လီဆင်းဟာနွားရဲ့အမြီးအဖြစ်ခံမဲ့အစား ကြက်ရဲ့ဦးခေါင်းပဲလုပ်တော့မယ်

လို့ မုတ်ဆိတ်နီကြီးပြောခဲ့တာကို ပြန်အမှတ်ရမိပါသတဲ့ ။ နောက်ဆုံးတော့ သူရည်ရွယ်ခဲ့သလိုပဲ နိုင်ငံတခုရဲ့ကောရာဇ်စင်စစ်ဖြစ်ခဲ့ပြီပေါ့ ။ ဒါနဲ့ လီဆင်း ညအိမ်ပြန်ရောက်လို့ သူ့ဇနီးကိုဒီသတင်းပြောပြတော့ ချန်ကမျက်ရည်လည်ရွဲနဲ့ဆိုတယ် ။

"..........ဩော်..ကျေးဇူးရှင်..မုတ်ဆိတ်နီလူကြမ်းကြီး...အခုတော့သူ့ရည်ရွယ်ချက်ပြီးမြောက်ခဲ့ရှာပြီ.....လွမ်းလိုက်ပါဘိတော့...အကိုကြီးရယ်......"

နောက်ပြီး မုတ်ဆိတ်နီကြီးမှာခဲ့တဲ့အတိုင်းပဲ နှစ်ယောက်သားရင်ပြင်တော်ဘက်ကိုထွက်လို့ ဖယောင်းတိုင်နီနှစ်တိုင်ကိုမီးညှိပြီး အရှေ့တောင်စူးစူးကိုမျက်နှာမူကာအရက်ခွက်မြှောက်လို့ ဂုဏ်ပြုကြတယ် ။ ချန် က ပီတိမျက်ရည်စတွေကိုသိမ်းလို့ လီဆင်းကိုတောင်းဆိုသတဲ့ ။

"..............မောင်ရေ....မုတ်ဆိတ်နီကြီးအတွက်တခုခုလုပ်ပေးလို့မရဘူးလားဟင်...ဥပမာ..မင်းကြီးဆီကဂုဏ်ပြုသဝဏ်လွှာတောင်းပေးတာမျိုးပေါ့.............."

"......သင့်တော်မယ်မထင်ဘူးကွယ်....တို့အကိုကြီးဟာသူကိုယ်တိုင်တောင်ရေမြေ့သနင်း..ပြည့်ရှင်မင်းတပါးဖြစ်နေမှပဲ..နိုင်ငံကြီးကသဝဏ်လွှာဟာ..သူ့ကိုနှိမ့်ချရာရောက်တဲ့အပြင်..စိုးရိမ်စိတ်ပွားအောင်လုပ်သလိုဖြစ်နေလိမ့်မယ်...အကိုကြီးဟာဘယ်သူ့ကျေးဇူးခံကျေးဇူးစားမှအဖြစ်ခံမဲ့သူမျိုးမဟုတ်ဘူး...သူလဲကောရာဇ်တပါးပေကိုးကွဲ့...မုတ်ဆိတ်နီကြီးကတော့ရှာမှရှားဆိုတဲ့သူပါပဲ............."

အင်း.......လီဆင်းပြောသလို တကယ့်ကို ရှာမှရှားဆိုတဲ့သူပါပဲ ။

♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦



## White Monkey

This story forms No. 444 of T'aip'ing Kwaingchi. Author unknown. It bears the curious title, "supplement to Chiang Tsung's story of the White Monkey." Chiang Tsung ( 519-594) being the person who saved the white monkey's son by hiding him. The story goes that it was written to make fun of Ouyang Hsun (557-594), one of the greatest calligraphists in China, who was as ugly as a monkey. Ouyang Hsun was supposed to be the white monkey the main theme. Sources for additional material on the customs of the aborigines are taken from one Tang and two Sung records: Tuan Kung-lu's Peihulu, Fan Ch'eng-ta's Kweihai Yuheng, and Chu Fu's Chi'man Ts'unghsia. A similar story about a Chinese general losing his wife in the Kwangtung mountains is found in the Ch'ing-p'ingshan T'ang collection ("Major Chen Loses His Wife in the Mei Mountains").

(Ling Yutang)

## ၂ ။ လူမျောက်ဖြူ

ခရစ်သက္ကရာဇ်ငါးရာခြောက်ဆယ်ကိုးလောက်မှာ လူသိများခဲ့တဲ့အဖြစ်အပျက်တခုပေါ့ ။ လူတွေနားလည်ထားကြတာက တပ်မှူးချူယန်ဟာပုန်ကန်ခြားနားတဲ့အတွက် စစ်မြေပြင်မှာပဲလက်ရဖမ်းမိချိန်မှာခေါင်းဖြတ်ကွပ်မျက်ခံခြင်းလိုက်ရပြီး သူ့မိသားစုများပါအကုန်သုတ်သင်ခံရရှာတာပါပဲ ။ ဒါပေမဲ့ အတွင်းသိအစင်းသိတွေထဲမှာတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးထင်မြင်ယူဆချက်တွေအမျိုးမျိုးပေးကြတာပဲ ။ တချို့ကလဲဒီလောက်တောင် မျိုးရိုးစဉ်ဆက်ရွှေနန်းတော်ထဲမှာ အယုံကြည်ရဆုံးအိမ်တော်အနေနဲ့ ရပ်တည်လာခဲ့တဲ့ဂုဏ်မှမထောက်ဘဲကိုယ့်သေတွင်းကိုယ်တူးတာ ခံရတာနည်းသေးတယ်လို့ပြောကြပေမဲ့ တပ်မှူးလေးချူယန်ရဲ့မိတ်ဆွေအရင်းစာဆိုတော်ချန်ဆွန်ကတော့ ချူယန်ခမြာ သူ့ရဲ့တောင်ပိုင်းတပ်မတော်တနေ့တခြားအင်အားကြီးလာတာကို ဘုရင်မင်းမြတ်ကသံသယရှိရာကနေအစပြုပြီး အပျက်ပျက်နဲ့နှာခေါင်းသွေးထွက်လို့သူပုန်အဖြစ်ကို မရောက်ချင်ပဲနဲ့ ချောင်ပိတ်တွန်းပို့ခံရတာလို့ဆိုတယ် ။

ဆိုခဲ့တဲ့ကိစ္စတွေအပြင် တပ်မှူးလေးချူယန်အသက်သုံးဆယ်မရှိတရှိလောက်မှာ သူ့ဘဝကိုလုံးလုံးကြီးပြောင်းလဲသွားစေတဲ့ ကိစ္စတခုဖြစ်ပွားခဲ့တာကိုတော့ ဘယ်သူမှသိပ်မသိခဲ့ကြပါဘူးတဲ့ ။ အဲဒီကိစ္စဖြစ်ပြီးသွားကတည်းက ချူယန်ဟာအရင်လိုမဟုတ်တော့ဘူး ။ ခံစားကြင်နာတတ်တာမျိုးမရှိတော့ပဲအေးစက်မာကျောပြီး အပြောင်းလဲကြီးပြောင်းလဲသွားတော့တယ်လို့ဆိုကြတယ် ။ ဒီကိစ္စမတိုင်ခင် တည်တံ့မှန်ကန်ကာ ကြင်နာတတ်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့သူ့နယ်ကိုအုပ်ချုပ်တတ်တဲ့တပ်မှူးဘဝကနေ အမြဲခါးသီးပြီးကျားနာခဲခဲချင်နေတဲ့လူတယောက်ဖြစ်လာတော့သတဲ့ ။ ချူယန်ကိုလက်ရဖမ်းမိပြီး အိမ်တော်တခုလုံးကိုသုတ်သင်ခါနီးဆဲဆဲ ချူယန်ရဲ့သားကလေးကို ခိုးကယ်ထုတ်ကာဂုက်ထားနိုင်ခဲ့တဲ့ စာဆိုတော်ချန်ဆွန်ကတော့ချူယန်ရဲ့စရိုက်လက္ခဏာတွေကိုပြောင်းပြန်လှန်ပစ်ရုံမကပဲ နောက်ဆုံးမှာသေတွင်းအရောက်တွန်းပို့ခဲ့တဲ့အဖြစ်အပျက်ရဲ့တရားခံကတော့ "လူမျောက်ဖြူ" လို့ဆိုတယ် ။ ဒီလူရဲ့အကြောင်းကို သူ့ဝတ္ထုတပုဒ်ထဲမှာမှာတောင်အရိပ်အမြွက်ထည့်ရေးထားပါသတဲ့ ။ တပ်မှူးချူယန်ရဲ့သစ္စာရှိညာလက်ရုံး လေကွမ်တန်ဆိုတဲ့ရဲမက်ကြီးကတော့ ချန်ဆွန်ပြောတာအမှန်ပဲလို့ထောက်ခံတယ် ။ ချူယန်ဟာ ဒီ "လူမျောက်ဖြူ" ကြောင့်သိက္ခာကျမျက်နှာအပျက်ကြီးပျက်ရပြီး ရှုးရှုးမူးမူးနဲ့လျှောက်ရမ်းရင်းနဲ့ လမ်းမှားရောက်ပြီးသေရရှာတာဖြစ်

သတဲ့ ။ ဘာဖြစ်လို့ဒီလောက်သေချာပြောနိုင်ရသလဲဆိုတော့ ဒီဝမ်းနည်းအရှက်ရစရာအဖြစ်အပျက် ဖြစ်ခဲ့တုန်းက တပ်မှူးချူယန်ရဲ့အနားမှာ လေကွမ်တန်ဟာ ထပ်ချပ်မကွာရှိနေခဲ့တာကိုး ။ ကဲ..ဒီရဲမက်ကြီး ပြောပြမဲ့ တပ်မှူးဘဝပျက်သွားစေခဲ့တဲ့အဖြစ်အပျက်အကြောင်း နားထောင်ကြည့်ရအောင် ။

" ကျုပ်နာမည်က လေကွမ်တန် တဲ့ ။ ချူသခင်ကြီးကွယ်လွန်သွားပြီး တပ်မှူးလေးချူယန် သူ့ဖခင်ရဲ့အရိုက်အရာကိုစဆက်ခံကတည်းက ကျုပ်အမှုထမ်းခဲ့တာသူ့နောက်ဆုံးအချိန်အထိပဲပေါ့ ။ ကျုပ်ကသူတို့အိမ်တော်မှာအစဉ်အဆက်အမှုထမ်းခဲ့တော့ တပ်မှူးလေးရဲ့ယုံကြည်အားကိုးမှုကိုအကြွင်းမဲ့ရခဲ့တယ် ။ ကျုပ်ကလဲ တပ်မှူးလေးကိုဆိုသိပ်သံယောဇဉ်ရှိတာပါပဲ ။ ကျုပ်ရဲ့တပ်မှူးလေးဟာ သိပ်ပြီးတော်တည့်ဖြောင့်မှန်တော့ လူချစ်လူခင်သိပ်များတာ ။ တပ်မှူးလေးရဲ့ဇနီးသခင်မလေးကလဲ သိပ်တင့်တယ်ပြီးလှပချောမောတဲ့အပြင် အင်မတန်မျိုးရိုးမြင့်မြတ်တဲ့အိမ်တော်ကဆင်းသက်လာတာပေါ့ ။ တပ်မှူးလေးရဲ့ဘဝကပျော်စရာကောင်းခဲ့ပါတယ်ဗျာ ။ အင်း..ကြေကွဲစရာအဖြစ်ဆိုးကြီးကတော့ သခင်မလေးကနေစတာပဲဗျို့ ။ ဒီလိုလေ..တနေ့မှာကျုပ်တို့သခင်မလေးပြန်ပေးဆွဲခံရသဗျ ။ ကျုပ်တို့နယ်မှာပြန်ပေးဆွဲခံရတယ်ဆိုကတည်းက လက်သည်ဘယ်သူလဲဆိုတာ လူတိုင်းသိတယ် ။ "လူမျောက်ဖြူ" လှုပ်ရှားပြန်ပြီပေါ့လေ ။ ကျုပ်တို့မှာ မနက်စာစားပွဲမှာ တယောက်တည်း ကြေကွဲနေရှာတဲ့ တပ်မှူးလေးရဲ့မျက်နှာကို မကြည့်ရက်ခဲ့ကြဘူး ။

အဲဒီတုန်းက ကျုပ်တို့ကချန်လိုမှာစခန်းချနေကြတာ ။ ချန်လို ဆိုတာတောင်ပိုင်းသားလူရိုင်းတွေရှိတဲ့နေရာမို့ သခင်မလေးနဲ့ရံရွေတော်တွေလို မိန်းမလှလေးတွေကို ခေါ်မလာခဲ့ဖို့ တပ်မှူးလေးကိုသတိပေးခဲ့ကြပါသေးတယ် ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနယ်အနားမိုင်တစ်ရာပတ်လည်ဟာ တောင်ပိုင်းသားလူရိုင်းမျိုးနွယ်စုတွေရဲ့ ခေါင်းဆောင်လူမျောက်ဖြူ သောင်းကျန်းတတ်တဲ့နေရာမို့လို့ပဲ ။ အဲဒီလူမျောက်ဖြူကမကြာခဏဆိုသလို ဟန်အမျိုးသမီးလှလှလေးတွေကိုဖမ်းဆီးသွားပြီးရင် သူတို့ကိုအစအနရှာလို့မရလောက်အောင် ပျောက်ကွယ်သွားတော့တာ ။ ဒါပေမဲ့ ကျုပ်တို့တပ်မှူးလေးကတော့ ငယ်လဲငယ်သေးလို့ထင်ပါရဲ့ ..အင်မတန်ခေါင်းမာသဗျာ ။ သခင်မလေးကို တပ်စခန်းချရာကို အပါခေါ်လာတော့တာပဲ ။ ကြိုတင်ပြင်ဆင်မှုတွေကိုတော့ အများကြီးလုပ်ခဲ့ကြပါတယ် ။ စခန်းမှာ နေ့နေ့ညညအစောင့်တွေထူထူ

ထပ်ထပ်ချထားပြီး သခင်မလေးရဲ့ နန်းထဲမှာလဲ ရံရွှေတော်တွေ ၊ သင်းကွပ်ကျွန်ကြီးတွေအမြဲစောင့်အိပ်တယ် ။ ဒီလောက်သတိထားနေတဲ့ကြားထဲကကို တမနက်အရုဏ်တက်လုလုမှာ အသံတခုကြားပြီးရံရွှေတော်တယောက်နိုးလာတော့ သခင်မလေးမရှိတော့ဘူး ။ ပြန်ပေးသမား ဘယ်လိုအထဲရောက်အောင်ဝင်သလဲဆိုတာ ကျုပ်ဖြင့်အခုထိစဉ်းစားလို့မရသေးဘူး ။ ရံရွှေတော်ရဲ့အထိတ်တလန့်အော်သံကြားလို့ ကျုပ်တို့ပြေးလာကြတော့ တံခါးတွေကအတွင်းထဲကနေ မင်းတုန်းချမြဲချလျက်ပဲ ။

ဒါနဲ့သခင်မလေးကို တောနင်းပြီးရှာကြတယ် ။ သခင်မလေးရဲ့နန်းဆောင်ရှိတဲ့ စစ်စခန်းကတောင်ပေါ်လမ်းတခုမှာတည်ထားတာ ။ နန်းဆောင်ရဲ့တည်နေရာကို တိတိကျကျဆိုရရင် ပေတရာလောက်မြင့်တဲ့တောင်ခါးပန်းအစွန်းမှာတည်ထားပြီး တဖက်မှာတော့ အင်မတန်မတ်တဲ့ချောက်ပဲရှိတယ် ။ နန်းဆောင်ကိုအစောင့်တွေမသိအောင်ဝင်ဖို့လမ်းကတော့ ပေငါးဆယ်လောက်ကွာတဲ့ တဖက်ကမ်းကရေညှိတွေဖုံးနေတဲ့ ချောက်ကမ်းပါးပဲရှိတယ် ။ အရုဏ်တက်ကမြူထူထူကျနေတာနဲ့တော့ အဲဒီဖက်ကမ်းကချောက်ကမ်းပါးကို လှမ်းကြည့်လို့လဲမမြင်နိုင်ဘူး ။ ရှေ့ကပေနစ်ဆယ်လောက်ကိုတောင်မနည်းမြင်အောင်ကြည့်ရတာ ။ ရေညှိဖုံးပြီးချောမွတ်နေတဲ့ တောင်ခါးပန်းနဲ့တဖက်ကချောက်ထဲမှာ သခင်မလေးကိုလိုက်ရှာဖို့ဆိုတာ မလွယ်လှဘူး ။ တချက်ကလေးပဲ ခြေချော်လက်ချော်ဖြစ်လိုက်တာနဲ့ကိုတဖက်ကချောက်ထဲကျပြီး အရိုးအသားတောင်ရှာရမှာမဟုတ်ဘူး ။ ဒါပေမဲ့တပ်မှူးလေးနဲ့ သခင်မလေးကိုချစ်ခင်စိတ်နဲ့ဝိုင်းရှာကြတာပါဘဲ ။ မြူတွေကထူသထက်ထူလာတော့ တစ်နာရီခွဲလောက်အကြာမှာ ကျုပ်တို့လက်လျှော့လိုက်ကြရတယ် ။

တပ်မှူးလေးကတော့ ယူကြုံးမရနဲ့ အရူးတပိုင်းဖြစ်တော့တာပဲ ။ နန်းဆောင်ထဲကိုပြန်လာပြီး သူ့သခင်မပျောက်သွားတာကို ပထမဆုံးသတိပြုမိတဲ့ရံရွှေတော်ကို အသေးစိတ်စစ်မေးတော့တာ ။ အင်မတန်ကြင်နာတတ်ပြီးလူကြီးလူကောင်းဆန်တဲ့တပ်မှူးလေးကဗျာ ရံရွှေတော်မကို ကြမ်းကြမ်းတမ်းတမ်းပုခုံးကနေဆွဲမပြီးအထပ်ထပ်အခါခါမေးတယ် ။ ရံရွှေတော်လေးကလဲ သူအသံကြားလို့ထကြည့်လိုက်တော့သခင်မလေးမရှိတော့ဘူးဆိုတာကလွဲလို့ ဘာမှပိုမသိတော့ ကြောက်ကြောက်နဲ့ငိုလိုချည်းသာနေတော့တယ် ။ ကျုပ်တသက်မှာ တပ်မှူးလေးဒီလိုပေါက်ကွဲနေတာမျိုးကို ဒါပထမဆုံးတွေ့ဖူးတာပဲ ။ သူလိုချင်

တဲ့အဖြေမရတော့ ရုံရွှေတော်လေးကို နှစ်ခါလားနားပန်ကျင်းပစ်သေးတယ် ။ ဒီလိုကိုယ်ထိလက်ရောက် လုပ်တဲ့အထိကိုထောက်ရင် တပ်မှူးလေးခမြာဘယ်လောက်တောင်ဆောက်တည်ရာမရဖြစ်နေသလဲဆို တာသိနိုင်တယ် ။ တပ်မှူးလေးဆိုတာ ရဲမက်တွေရော ၊ ကျွန်တွေပါသူ့ရဲ့သဘောထားကြီးကြင်နာတတ် မှုကိုလူတိုင်းဝန်ခံကြရတဲ့သူဗျ ။ ရှိရှန်းနယ်မှာနယ်လှည့်တုံးက တပ်မှူးလေးရဲ့ခေါင်းဆောင်ပီသတာကို လူတိုင်းကတသသနဲ့ပြောမဆုံးခဲ့ကြဘူး ။ ဒါနဲ့ခုနကစကားဆက်ရရင် ရုံရွှေတော်ဆီကအဖြေမရတော့သူ့ ဘေးနားကလူတွေကို အသံနက်ကြီးနဲ့မေးပြန်ပါလေရော ။

" ................ဒီနားကလူတွေထဲမှာ....ဒီမျောက်ဖြူစုတ်ကို..မြင်ဖူးတဲ့သူမပါဘူးလားကွ.......ဟေ.........."

ကျုပ်လဲ စခန်းထဲကလူတွေကတော့ လူမျောက်ဖြူ ကိုမမြင်ဖူးကြပေမဲ့ ဒီနယ်အစွန်အဖျားကရွာသိမ် ရွာငယ်တွေမှာတော့ မြင်ဖူးတဲ့သူတော်တော်များများရှိကြောင်း ဝင်ပြောရတယ် ။ ထင်းခွေထွက်တဲ့သူ တွေဆိုရင် မကြာခဏဆိုသလိုပဲ လူမျောက်ဖြူကို အလွန်မြင့်မားမတ်စောက်တဲ့ တောင်ကမ္ဘားယံတွေ ပေါ်မှာတွယ်တက်နေပြီး ရုတ်ကနဲတိမ်တွေဖုံးနေတဲ့တောင်ထိပ်ပေါ် ပျောက်ကွယ်သွားတာကိုတွေ့တတ် ကြသတဲ့ ။ တပ်မှူးလေးကို ဒါတွေပြောပြတော့ အံကြိတ်ရင်းမေးပြန်တယ် ။

"........ဒီမျောက်ဖြူဟာ..တောင်ပေါ်သားလူရိုင်းတွေထဲကတယောက်များဖြစ်နေမလား....ဦးကြီးလေ... ကျုပ်ကိုလက်စားချေတဲ့သဘောများလား...ဟင်...မျောက်စုတ်တော့..သိကြသေးတာပေါ့ကွာ........"

တပ်မှူးလေး ဒီလိုပြောရတာအကြောင်းရှိတယ်လေ ။ ဟိုတလောက နယ်လှည့်စစ်ဆင်ရေးတခုမှာ လူရိုင်းမျိုးနွယ်စုတော်တော်များများကို သူတို့နေရာဂူခံတပ်တွေကနေ နှားကျောင်းသလိုကျောင်းထုတ် ပြီးသူတို့အတွက်သတ်မှတ်ထားတဲ့ နေရာသစ်မှာအတင်းအကြပ် နေရာချခဲ့ပစ်တာကိုး ။ နေရာသစ်က တော့ မြို့ပြတွေနဲ့ အတော်ကိုဝေးလံခေါင်သီတဲ့ တောင်ပေါ်လွိုဏ်ခေါင်းတွေဘက်ပဲ ။ ကျုပ်လဲသိသမျှ သတင်းကို ပြောပြရတယ် ။

"………ဒါတော့ဦးကြီးလဲမသိဘူးကွဲ့…မြို့ထဲကလူတွေပြောတာတော့..လူမျောက်ဖြူဟာ..တခါတလေ မြို့ပေါ်တက်လာပြီး…လောလောလတ်လတ်ပစ်လာတဲ့တောင်ဒရယ်တို့…ဖျံရေတို့…တောဝက်စွယ်တို့ ကတိုးဆီအိတ်တို့လိုဟာတွေသယ်လာပြီး…မီးဖိုချောင်သုံးခါးတို့ ၊ လက်သမားသုံးပစ္စည်းတို့ ၊ ဆားတို့နဲ့ လာပြီးဖလှယ်တတ်သတဲ့…တို့တွေရဲ့ဟန်စကားကိုလဲ..ကောင်းကောင်းမွန်မွန်ပြောတတ်ပြီး..ရိုးရိုးသား သားအလုပ်လုပ်တတ်တယ်လို့ဆိုတယ်…သူနဲ့ကုန်ဖလှယ်ရင်လဲ..ရိုးသားမှုကြိုက်သတဲ့…သူ့ကိုများလိမ် ညာအမြတ်ထုတ်မိရင်..နောက်တရက်နှစ်ရက်ဆို..ကျောပေါ်မြားတန်းလန်းနဲ့သေပွဲဝင်ရတာပဲတဲ့……"

"……………သူရုပ်ရည်ကကော..ဘယ်လိုပုံမျိုးလို့ပြောကြလဲ…………"

တပ်မှူးလေးထပ်မေးတော့ ဒီဒေသခံဗိုလ်လေးဝမ် ကပြောပြတယ် ။ လူမျောက်ဖြူက ဒီနယ်တကြော မှာတွေ့နေကျလူရိုင်းမျိုးနွယ်စုတွေဖြစ်တဲ့ မြောင် ၊ ယောင် ၊ ဟိုလောင် စတဲ့လူမျိုးတွေလို အသားနက် နက် ၊ လူပုံသေးသေးနဲ့ မျက်နှာတွန့်ချိတ်ချိတ်ပုံ မဟုတ်ဘူးတဲ့ ။ သူ့အရပ်ကြီးက ငါးပေဆယ်လက်မနီး နီးရှည်ပြီး ကြွက်သားတွေဖုထစ်နေလိုက်တာ လည်ပင်းတောင်ပျောက်မတတ်လို့ဆိုတယ် ။ လူမျောက် ဖြူလို့ခေါ်ကြတာကတော့ သူ့ကိုယ်ပေါ်ကအမွေးအမှင်ရှိသမျှတွေ ဆံပင်တို့ ၊ မျက်ခုံးတို့မျက်တောင်တို့ နောက်ဆုံးရင်ဘတ်နဲ့လက်မွေးပါမကျန် အကုန်ဆွတ်ဆွတ်ဖြူနေလို့ ဖြစ်သတဲ့ ။ နောက်တကြောင်းက သူပြေးရင်ဖနောင့်ကိုအပြားလိုက်ချပြီးပြေးတော့ မျောက်ဝံတွေပြေးသလိုကွတတဖြစ်နေလို့ လို့လဲဆိုကြ တယ် ။ ကြည့်ရတာ ကျောက်တောင်တွေပေါ်ကိုပဲ နေ့တဓူဝတွယ်တက်နေရလို့လားတော့မဆိုနိုင်ပေမဲ့ ခြေချောင်းကျဲကျဲကြီးတွေနဲ့ ကွတတလမ်းလျှောက်ဟန်ရယ်၊ ပိုးသားလိုဆွတ်ဆွတ်ဖြူနေတဲ့အမွေးအမှင် တွေ နဲ့ အင်မတန်ကြွက်သားအမြောင်းမြောင်းထနေတဲ့ အပေါ်ပိုင်းနဲ့စာလိုက်ရင် ခပ်သွယ်သွယ်နဲ့ ကွတ တနေတဲ့ခြေထောက်တွေပေါင်းလိုက်တော့ ရုတ်တရက်ကြည့်လိုက်ရင် ဧရာမမျောက်ဖြူကြီးလို့ထင်ရသ တဲ့ ။ ပြီးတော့ဗိုလ်လေးဝမ်က ထပ်ဆောင်းလိုက်သေးတယ် ။

"……………လူမျောက်ဖြူက..မိန်းကလေးဆိုရင်ငယ်မှ..လုမှပဲပြန်ပေးဆွဲတာ..တပ်မှူးရဲ့……………."

ဒါတွေကိုကြားတော့ ကျုပ်တို့တပ်မှူးလေးခမြာ ခေါင်းငိုက်စိုက်ကျသွားရင်းမေးပြန်တယ် ။

"..................သူပြန်ပေးဆွဲသွားတဲ့..မိန်းကလေးတွေကိုပြန်ရတာမျိုး..ဒါမှမဟုတ်အလောင်းပြန်ရှာတွေ့တာမျိုးကောရှိဖူးလား............"

"...............သိသလောက်တော့မရှိဘူးဗျ..တပ်မှူး...တကယ်လို့လူပျောက်ဖြူကသာ..မိန်းကလေးတွေကိုအနိုင်အထက်ပြုပြီးသေအောင်ပစ်ထားခဲ့ဖို့ဖမ်းသွားတာမျိုးဆိုရင်တော့...တခါမဟုတ်တခါအရှင်မဟုတ်ရင်တောင်အလောင်းပြန်ရတာမျိုးတော့ရှိရမှာ.......ဒါပေမဲ့သူခေါ်သွားတဲ့မိန်းကလေးမှန်သမျှကလုံးလုံးကြီးကိုစုတ်စမြုပ်စပျောက်သွားတာကတော့ဆန်းသဗျာ......ဒီမိန်းကလေးတွေကိုဘာလုပ်ပစ်သလဲဆိုတာစဉ်းစားလို့ကိုမရကြဘူး............"

".............သူက..ကလေးတွေကိုရော..ဖမ်းသွားတတ်သလား.........."

".............တခါမှ..ကလေးမပျောက်ဖူးပါဘူး..တပ်မှူး..မအေတွေကသာ..ကလေးဆိုးတွေငြိမ်အောင်လို့လူပျောက်ဖြူလာပြီလို့ခြောက်တတ်ပေမဲ့..ဆယ့်ရှစ်နှစ်နဲ့နှစ်ဆယ့်နှစ်နှစ်ကြား..မိန်းကလေးတွေကလွဲရင်ဘယ်သူ့ကိုမှဖမ်းမခေါ်သွားဖူးဘူးလို့ပြောကြတယ်.........."

ဆိုပြီးခဏဆိုင်းပြီးမှ ဗိုလ်လေးဝမ်ကထပ်ဖြည့်တယ် ။

"..........အဲ...ဒီနယ်တဝိုက်မှာတော့..ကလေးရှိတဲ့မိန်းမပျိုတွေဆိုရင်..သူ့ရန်ကလွတ်တယ်လို့ယုံကြတာပဲတပ်မှူး.....တချို့အပြောအရတော့လူပျောက်ဖြူက..ကလေးချစ်တတ်သတဲ့ ......."

ဒါတွေကြားတော့ ဖြစ်သွားလိုက်တဲ့ကျုပ်တို့တပ်မှူးလေးရဲ့ မျက်နှာဟာမကြည့်ရက်စရာပါပဲ ။ ခမြာမှာတပ်မှူးတယောက်လုံးလုပ်နေပြီး မိန်းမပါသွားတော့မျက်နှာပျက်အရှက်ရရှာတာတကြောင်း ၊ ချစ်ရတဲ့

ဇနီးလေးအတွက်စိတ်ပူပန်ပြီးဝမ်းနည်းရတာကတကြောင်း ၊ သူ့ရဲ့နာမည်ကျော်ကြားလှတဲ့ တောင်ပိုင်း တပ်မတော်ကြီးရဲ့ဂုဏ်သိက္ခာကျဆင်းရတာကိုခံရခက်တာတကြောင်းနဲ့ မီးခဲမြီးထားမိသလိုပူလောင်ရှာတယ် ။ လူမျောက်ဖြူကတော့ နေရာရွှေ့ခံရတဲ့လူရိုင်းတွေအတွက်ပဲ လက်စားချေတဲ့အနေနဲ့လား ဒါမှမဟုတ် တပ်မှူးကလေးကိုပဲ တမင်လူရယ်စရာဖြစ်အောင် မထိတထိလုပ်ချင်တဲ့သဘောလားဆိုတာကို ဘယ်သူမှမသိပေမဲ့ တပ်မှူးလေးခမြာ ပြင်းပြင်းထန်ထန်အထိနာသွားတာကတော့ အမှန်ပါပဲ ။

ကျုပ်တို့တပ်မှူးလေး အခုရင်ဆိုင်ရမဲ့ရန်သူက ခါတိုင်းလိုမှမဟုတ်တာ ။ လူသာမန်နဲ့မတူအောင်သန်မာထွားကြိုင်းပြီး နယ်ကလဲကျွမ်း ၊ ဉာဏ်ကလဲမနည်းလှတဲ့ လူရိုင်းခေါင်းဆောင်တယောက်ကိုလိုက်ရှာဖမ်းရတာဟာ ခါတိုင်းလိုနယ်လှည့်ပြီး သူခိုးဓါးပြဂိုဏ်းတွေ လူရိုင်းအုပ်စုတွေကိုလိုက်ရှင်းရတာနဲ့လုံးလုံးကြီးကိုကွာတာကိုး ။ တပ်မှူးလဲနည်းအမျိုးမျိုးနဲ့ကြိုးပမ်းရှာတာပဲ ။ ရဲမက်တွေကိုချောက်ကမ္ဘားနဲ့တောင်စောင်းပေါ်အထက်အောက်ပေနှစ်ဆယ်လောက်ကို တွယ်တက်တွယ်ဆင်းစေပြီး လူမျောက်ဖြူရဲ့ခြေရာလက်ရာ ၊ သဲလွန်စလိုက်ရှာခိုင်းတာလဲ မထူးပါဘူး ။

အဲ..ဒါနဲ့နောက်နှစ်ပတ်လောက်ကြာတော့ တပ်စခန်းနန်းဆောင်ရဲ့ မိုင်သုံးဆယ်အကွာလောက်မှာ မိန်းမစီး ပိုးဖိနပ်နီလေးတဖက် သစ်ကိုင်းပေါ်ချိတ်ရက်သားတွေ့တယ်လို့ အကြောင်းကြားလာတယ် ။ တပ်မှူးကတော်လေးရဲ့ဖိနပ်ပါပဲ ။ ဒါပေမဲ့ ဒီလောက်အဝေးကြီးကို သခင်မလေးလမ်းလျှောက်နိုင်မှာမဟုတ်တော့ လူမျောက်ဖြူကထမ်းခေါ်သွားပုံရတယ်လို့ ကျုပ်တို့တွေကောက်ချက်ချတာပေါ့ ။ ဖိနပ်လေးကမိုးရေရွဲပြီး အရောင်တွေပြယ်လို့စုတ်ပြတ်နေပေမဲ့ ဒါဟာသခင်မလေးဖိနပ်ဆိုတာတပ်မှူးလေးကရော ရံရွေတော်တွေကပါ ချက်ခြင်းမှတ်မိတယ်လေ ။ ဖြစ်နိုင်ချေရှိတာကတော့ သခင်မလေးဟာ အခုချိန်ထိအသက်ရှင်နေပြီး တနေရာမှာအချုပ်ခံနေရတယ်လို့မျှော်လင့်ရပေမဲ့ လူမျောက်ဖြူကိုဘယ်မှာလိုက်ရှာရမှန်းမသိတာက ခက်တာပဲ ။

ကျုပ်ကတော့ သခင်ဆိုပေမဲ့ တူလိုသားလိုဖြစ်နေတဲ့ တပ်မှူးလေးအတွက်ဝမ်းနည်းလို့မဆုံးဘူး ။ သူ့ခမြာ ဖိနပ်လေးကိုဆုပ်လို့ ခေါင်းငိုက်စိုက်ချပြီး တနေကုန်ထိုင်ငိုင်နေတော့တာပဲ ။ ကျွန်တွေအပြောအရ

ဆိုရင် ညစာစားဖို့စားပွဲမှာတောင်ထိုင်ပြီးခါမှ အစားအသောက်တွေကိုတွန်းဖယ်ပြီး ထထွက်သွားသတဲ့ ။ ကျုပ်တို့လဲ အဲဒီနေ့တနေကုန် တပ်မှူးလေးကို စကားမပြောဝံ့ကြဘူး ။ နောက်တနေ့ကျတော့ မနက်စာ တောင်မစားသေးခင်မှာ ကျုပ်ကိုခေါ်ပြောတယ် ။

"..........ဦးကြီးလေ...ကျုပ်တော့..ကျုပ်အမျိုးသမီးကိုထွက်ရှာဖို့ဆုံးဖြတ်လိုက်ပြီ..စစ်ဆင်ရေးကိုတော့ ခဏဆိုင်းထားလိုက်ရမှာပဲ.....ဒီတော့ဦးကြီးလေက..အတော်ဆုံးတပ်သားနှစ်ကျိပ်ကိုရွေးထုတ်ပြီးလို သမျှရိက္ခာ ၊ လက်နက်ကိရိယာမှန်သမျှအသင့်ပြင်ထားပေးပါ......လုံလုံလောက်လောက်သာလုပ်ပေ တော့ဗျာ...ဒီတခါကျုပ်တို့တောနင်းရှာရင်..တလကြာရင်လဲကြာသွားနိုင်တယ်...သွားမဲ့သူထဲမှာနယ်ခံ ဗိုလ်လေးဝမ်လဲပါပါစေ............."

ဆိုတော့ကျုပ်လဲသူမှာတဲ့အတိုင်း အတော်ဆုံးရဲမက်နှစ်ကျိပ်ကိုရွေးထုတ်ရတယ် ။ သူတို့ထဲကတချို့ ကတော့ ဟန်နိုင်ငံတခုလုံးမှာ လက်အဖြောင့်ဆုံးဆိုတဲ့လေးသည်တော်တွေပေါ့ ။ ကျန်သူတွေကလဲဓါး နဲ့လှံနဲ့တိုက်ရေးခိုက်ရေးမှာတော့ အင်မတန်ညက်ကြတဲ့သူတွေချည်းပဲ ။ ရိက္ခာအနေနဲ့ကတော့သိပ်များ များစားစားသယ်စရာမလိုလှပါဘူး ။ တောထဲမှာ လိမ္မော်ရိုင်းလို စားကောင်းတဲ့အသီးတွေ ပေါများလှတဲ့ အပြင်ကျုပ်တို့လူတွေကလဲတော်ရုံတန်ရုံဆိုရင် ရောက်ရာအရပ်မှာပိန်းဥတူးပြီး ပြာပူအုံးလိုက်တာနဲ့တင် တနပ်ပြီးတာပါပဲ ။ ဆိုတော့အဖက်ဖက်ကပြည့်စုံသလောက်ပေါ့လေ ။ ကျုပ်တို့တပ်မှူးလေးကိုယ်တိုင်ကို ဓါးရေးမှာလက်ဖျားခါရတဲ့အပြင် ပေတရာလောက်ကလိမ္မော်သီးလောက်ကတော့ မြှားနဲ့တင်ထက်ခြမ်းကွဲ အောင်ပစ်နိုင်သဗျ ။

အမှန်ဆိုရရင် ကျုပ်တို့နောက်လိုက်နောက်ပါတွေကတော့ ဒီလိုတောနင်းရှာရတာကိုတောင်ပျော်ကြ ပါတယ် ။ တောင်တန်းတွေဆိုတာ ရင်သပ်ရှုမောမဆုံးပေါ့ ။ တောင်တန်းတွေကိုတခုပြီးတခုကျော်ဖြတ် လာခဲ့ပြီဆိုရင် လူသူမရောက်သေးတဲ့ သစ်တောအုပ်တွေ ၊ ရောမရေတံခွန်ကြီးတွေ ၊ နွယ်ရှင်တွေပြည့် နေတဲ့ တောအုပ်တွေ ၊ ပေတရာအမြင့်အထိကြီးထွားနိုင်တဲ့ "မျက်ရည်စ" ဝါးပင်မျိုးတွေ အစရှိတဲ့ထူး ထူးဆန်းဆန်းတွေကို မြင်ကြရတာကိုး ။ အမဲလိုက်လို့ကလဲ ကောင်းပါ့ဗျာ ။ ကျုပ်တို့သွားခဲ့ရာခရီးလမ်း

မှာ လူကိုရော ၊ သားရဲတိရစ္ဆာန်ရော ဘာမှကိုကြောက်စရာမလိုခဲ့ဘူး ။ တွေ့ခဲ့သမျှလူရိုင်းတွေဆိုရင်လဲ ကျုပ်တို့ကိုသိနှင့်နေပြီးသားကိုး ။ သူတို့က သူတို့ကိုသာမနှောင့်ယှက်ရင် ကမ္ဘာပေါ်မှာသဲ့ဝတ်အကျေဆုံးလူတွေထဲမှာပါတယ် ။ ဒီတောင်ပေါ်သားလူရိုင်းအနွယ်ဝင်တွေက လက်စားချေဖို့အတွက်ဆိုရင်သာ လူတယောက်ရဲ့ကျောကိုသွေးအေးအေးနဲ့လှံထုတ်ချင်းပေါက်အောင်ထိုးဖို့ဝန်မလေးကြပေမဲ့ ပုံမှန်တော့ သူတို့ဟာသူတို့ အမဲလိုက်ကာ ၊ တောင်ယာလုပ်ကာနဲ့ အေးအေးနေချင်ရှာတဲ့သူတွေ ။ ကျုပ်တို့တွေကို လဲသည့်ဝတ်ကျေပြွန်အောင်တော့်ပြုစုလိုက်ကြပေမဲ့ လူမျောက်ဖြူရဲ့သတင်းကို ဘယ်သူမှတခွန်းတောင် မဟာကြဘူးဗျာ ။ ကျုပ်တို့တပ်မှူးလေးကတော့ လူမျောက်ဖြူဟာ လူရိုင်းမျိုးနွယ်စုတိုင်းရဲ့အားကျအတုယူစရာသူရဲကောင်းဖြစ်လိမ့်မယ်လို့ ထင်ကြေးပေးသဗျ ။

ဒီလိုနဲ့သွားလာလိုက်တာ ကျုပ်တို့တွေတခါမှခြေမချဖူးတဲ့ အနောက်တောင်စူးစူးကအရပ်တနေရာကို ရောက်လာကြတယ် ။ အံ့သြစရာကတော့ မြေနေရာတော်တော်များများက ခန်းခြောက်နေတဲ့မြစ်ကြမ်းပြင်ကြီးတွေဖြစ်နေတာပဲ ။ စိမ်းစိုနေတဲ့ တောအုပ်တွေလဲလွန်လာလိုက်ရော ရုတ်တရက်ဆိုသလို မြင်ကွင်းကချက်ခြင်းပြောင်းသွားပြီး ဘယ်ပဲကြည့်လိုက်ကြည့်လိုက် တောင်ကတုံးမတ်မတ်တွေကိုပဲမြင်ရတော့တယ် ။ အပင်ဆိုလို့ ကန္တာရချုံပုတချို့ပဲ ဟိုနားတခု ဒီနားတခုရှိတာ ။ ကျောက်ဆောင်မတ်မတ်ကြီးတွေကတော့ တချိန်ကဒီနေရာမှာ မြစ်ကြီးတခုစီးဆင်းခဲ့ပြီးစိမ်းစိုဝပြောခဲ့တာကို သက်သေခံနေကြလေရဲ့ ။ ကြည့်ရတာ သဘာဝတရားက ရုတ်ချည်းစိတ်ပြောင်းသွားပြီး မြစ်ကြောင်းကိုပြောင်းပစ်လိုက်ဟန်တူတယ် ။ အနောက်အရပ်ကမိုးကုပ်စက်ဝိုင်းအစွန်းမှာတော့ အင်မတန်ထူးဆန်းတဲ့ပုံသဏ္ဍာန်မျိုးစုံနဲ့ကျောက်ဆောင်တွေကိုတွေ့လိုက်ရတာပဲ ။ ဒီထုံးကျောက်ဆောင်တွေကိုကြည့်ရတာ မိုး၊ ရေ၊ လေအစရှိတာတွေက နှစ်သန်းပေါင်းများစွာစိတ်ကြိုက်တိုက်စားခဲ့ဟန်နဲ့ ပုံမျိုးကိုစုံလို့ ။ ရဲတိုက်ကြီးလိုတွေ ၊ တိုင်လုံးတွေ အို တချို့ပုံတွေများပြောတောင်မပြတတ်ပါဘူး ။ နေဝင်လာတော့ အင်မတန်ကြီးမားတဲ့ဒီတောင်ကြားတခုလုံး ထူးထူးဆန်းဆန်းအရိပ်တွေဖုံးလို့ ဖြူတချို့မည်းတချို့နဲ့အံ့စရာပါပဲ ။ ဒီလိုကန္တာရမှာတော့ ရေမရှိနိုင်ဘူးဆိုတာ ကျုပ်တို့သိတယ် ။ နောက်ပြီးကျုပ်တို့ခရီးပြင်းနှင်လာလိုက်တာ စခန်းကနေဆိုရင် မိုင်တရာလောက်အဝေးတောင် ပေါက်ခဲ့မှကိုး ။ ဆိုတော့ ဒီနေရာကိုခရီးအဆုံးသဘောထားလိုက်ရတော့ ရည်ရွယ်ရင်းကိစ္စ သခင်မလေးကိုရှာဖို့ကတော့ မအောင်မြင်ခဲ့ဘူးပေါ့လေ ။

လက်လျှော့လိုက်တော့မဲ့ဆဲဆဲမှာပဲ တပ်မှူးလေးက ဒီနေရာရဲ့ထူးခြားဆန်းကြယ်တဲ့ ရေမြေအနေအထားကို စိတ်ဝင်စားနေရော ။ ဘာဖြစ်လို့လဲဆိုတော့ မြစ်ကြမ်းပြင်ဟောင်းကြီးရဲ့အထက်ပိုင်းကတဖက်ကမ်းမှာမြေအနေအထားကနည်းနည်းကုန်းကလေးဖြစ်သွားပြီး အဲဒီဘက်မှာတော့ အပင်ကြီးတွေ တစတစထူလာပြန်တယ် ။ နှစ်မိုင်သုံးမိုင်လောက်အကွာမှာတော့ ဝင်္ကဘာလို ထုံးကျောက်ဆောင်အဖြူတွေမရှိတော့ဘဲအင်မတန်မြင့်ပြီးတောထူတဲ့တောင်တန်းပြာတွေ အစားထိုးရှိနေပြန်ရော ။ တောင်ထိပ်ဖြူဖြူတွေကတော့ဝင်လုဆဲနေရောင်မှာပြန်ဟပ်ပြီး အင်မတန်ကြီးကျယ်တဲ့မြို့တော်ကြီးအလား ထင်ရသဗျာ ။ အိပ်တန်းတက်လာတဲ့ ဗျိုင်းတအုပ်ကလဲ တောင်တွေဘက်ကို ဖြည်းဖြည်းမှန်မှန်ပျံလို့ ။

ဒါတွေကိုထောက်ရှုလိုက်တော့ ဒီနေရာတခုလုံးက ရေမရှိတဲ့ကန္တာရချည်းပဲတော့မဖြစ်နိုင်တာကိုသိလိုက်တဲ့တပ်မှူးလေးကအားတက်လာပြီး မြစ်ချောက်ကြီးရဲ့အထက်ဘက်ကိုတက်ကြည့်ဖို့ကြံတယ် ။ ခပ်သုတ်သုတ်သွားလိုက်ရင်တော့ နေလုံးလုံးမဝင်ခင်မှာ ညစခန်းချစရာအကာအကွယ်ရှိတဲ့နေရာကိုရောက်နိုင်မှာကိုး ။ ဒီလိုနဲ့တနာရီသာသာပဲ လူသူနင်းမလျှောက်ခဲ့ဖူးသေးတဲ့ မြစ်ကျောက်ကြည်ကြည်လေးတွေနဲ့လမ်းကို ခရီးပြင်းနှင်လိုက်တာ မြက်တွေစိမ်းစိုနေတဲ့တောင်ခြေတနေရာကို ရောက်လာကြရော ။ ကျုပ်တို့လူအုပ်ထဲက အင်မတန်မျက်စိရှင်တဲ့လိုရဲမက်လေးက တနေရာကိုညွှန်ပြပြီး အော်ဟစ်အချက်ပေးလို့ကြည့်လိုက်တော့ မည်းခြစ်နေတဲ့ကျောက်တုံးတွေနဲ့ မီးဖိုဟောင်းတခုဖြစ်နေသဗျ ။ တစုံတယောက်ကတော့ ဒီနေရာမှာစခန်းချသွားခဲ့တာအမှန်ပဲ ။ လိမ္မော်ရိုင်းသီးနဲ့ ငှက်ပျောခွံခြောက်တွေကလဲပြန့်ကျဲလို့ ။ ဆိုတော့နှစ်ရက်လုံးလုံး လူသူတစုံတယောက်မှမတွေ့ခဲ့ရတာကနေ အခုသူများနားသွားတဲ့စခန်းဟောင်းကိုမြင်လိုက်ရတော့ အတော်ကိုအားတက်သွားကြတာ ။ ဒါနဲ့ လိုရဲမက်ကပဲဟိုဟိုဒီဒီကိုလျှောက်ကြည့်နေရာကနေ ဖဲစတခုကိုတွေ့ပြန်တယ် ။ အထက်တန်းလွှာအမျိုးသမီးတွေ ဆံပင်ကျစ်ဖွဲ့ရာမှာသုံးတဲ့ဖဲစမျိုးပဲဗျ ။ လိုရဲမက်ကတော့ ဒီဖဲစဟာ သခင်မလေးရဲ့ဟာလို့ထင်တာပဲ ။ ကျုပ်တို့ကလဲ အဲဒီလိုတော့ယုံချင်သားရယ် ။ တပ်မှူးလေးကိုပြကြည့်ပြန်တော့ သူကလဲဒါသူ့ဇနီးဟာလို့တပ်အပ်မပြောပြန်နိုင်ဘူး ။ ဖဲစဆိုတာမျိုးက ဖိနပ်လိုမှမဟုတ်တာ ။ ဘယ်သူ့ဟာမဆိုဖြစ်နိုင်တာကိုး ။

ဘာပဲဖြစ်ဖြစ်လေ ခရီးကြမ်းကြီးကိုမရပ်မနားနှင်အပြီးမှာ အကျိုးတစုံတရာရှိလာနိုင်မယ်ဆိုရင်တော့

အတိုင်းအထက်အလွန်ပေါ့..မဟုတ်ဘူးလား ။ ကျုပ်တို့လဲမျှော်လင့်ရှုပဲတတ်နိုင်တယ် ။ လေးငါးရက်လုံးလုံးအားကုန်ကြိုးပမ်းလိုက်ရာခဲ့ကြတာမှာ အခုသဲလွန်စလိုလိုတွေပြန်တော့ ဝမ်းသာရတာပေါ့လေ ။ ရင်ဆိုင်ရမဲ့သူက နယ်နယ်ရရမဟုတ်မှန်းတော့သိကြပေမဲ့ ဒီလိုမရေရာတဲ့ခရီးကြမ်းကြီးထက်စာရင် သူသေကိုယ်သေတိုက်ကြရတာကိုတောင် ကျုပ်လိုချင်သေးသဗျာ ။ ဒါနဲ့ကျုပ်တို့လဲ အဲဒီညတော့ အဲဒီနေရာမှာပဲစခန်းချလိုက်ကြတယ် ။ အင်မတန်ပူလောင်လှတဲ့ ချောက်လပိုင်းထဲမှာ တောင်တက်တောင်ဆင်းခရီးပြင်းနှင်ပြီး ညကျတော့ခြစ်ခြစ်တောက်နေတဲ့မြစ်ကြမ်းပြင်ဟောင်းနားမှာ စခန်းချရတာဟာ ကျုပ်တို့လိုစစ်သားလူကြမ်းကြီးတွေအတွက်တောင် ဟပ်ထိုးလဲမတတ်ပန်းတာပဲ ။ အဲဒီညက ကင်းတောင်မစောင့်နိုင်ကြဘူးဗျ ။ အတုန်းအရုန်းကို အိပ်ကြတာ ။

နောက်တနေ့မှာခရီးဆက်ကြပြန်တယ် ။ ဒီတခါတော့အတက်ချည်းပဲဗျို့ ။ ကျုပ်တို့တအုပ်လုံးကအင်မတန်သန်တဲ့ ရဲမက်တွေချည်းပဲဆိုတော့ နစ်နာရီလောက်အတွင်းမှာ ပေသုံးထောင်လောက်ခရီးပေါက်ခဲ့တော့ ဘာဆိုဘာမှကိုမရှိတာပဲကိုး ။ ချောင်းသေးလေးတခုပဲချည့်ချည့်နဲ့နဲ့ နဲ့လျှိုတခုကိုဖြတ်စီးပြီးမြေအောက်ထဲဝင်လို့ ပျောက်သွားပြန်ရော ။ အောက်ကိုငုံ့ကြည့်လိုက်တော့ မနေ့ကတွေ့ခဲ့တဲ့ ထုံးကျောက်ဆောင်တွေက နေရောင်မှာတပြောင်ပြောင်နဲ့ အရောင်ပြန်ပြီး အပူငွေ့တချောင်းချောင်းထွက်နေတာကိုတောင်မြင်ရတယ် ။ တောထူတဲ့နေရာရောက်လာတော့ ရစ်ငှက်တွေပေါ်မှုပေါ်ပဲဗျို့ ။ သူတို့ရဲ့အရောင်စုံအမွေးအတောင်တွေဆိုတာ သစ်ကိုင်းတွေကြားမှာ ဒီအတိုင်းတွေ့နေရတာ ။ လက်ဝါးလောက်ကြီးတဲ့နွယ်ကြီးတွေကလဲ နေရာတကာဆိုတော့ ဆွဲတက်ရတာ အဆင်ပြေပါတယ် ။ ဒီလိုနဲ့လေထုလဲတဖြည်းဖြည်းပါးလာသဗျ ။ တော်တော်မြင့်တဲ့နေရာရောက်လာမှုကိုး ။

တောင်ထိပ်လဲရောက်ရော အံ့စရာမြင်ကွင်းကိုရင်သပ်ရှုမော မြင်လိုက်ရတာပဲ ။ တောင်ထိပ်ကြီးမှာဗျာရောမကျောက်တုံးကြီးတွေကို ဆယ်ဖို့ပုံသွင်းပြီး ဆည်ကြီးတခုဆောက်ထားတာ ။ ဒီလိုနေရာမှာ ဘယ်လိုလုပ်ပြီးဒီလောက်ကြီးမားတဲ့ ကျောက်တုံးကြီးတွေကိုဆည်နံရံဖြစ်အောင် ထွင်းထုပြီးဆောက်ထားနိုင်သလဲဆိုတာကတော့ လုံးလုံးကိုစဉ်းစားလို့မတတ်ဘူး ။ ရွှေ့ပြောင်းသယ်ယူနိုင်တဲ့ ယာဉ်ကိရိယာထူးလိုဟာမျိုးမပါဘဲ လူ့လက်သက်သက်နဲ့ပဲ ဆောက်ထားတာသာဆိုရင်တော့ အင်မတန်အကောင်ကြီးတဲ့လူ့

ဘီလူးကြီးတွေရဲ့ လက်ရာလို့ဆိုရမှာပဲ ။ အခုမှပဲ မနေ့ကဖြတ်လာခဲ့တဲ့ခြောက်သွေ့နေတဲ့ မြစ်ကြမ်းပြင်ကြီးရဲ့အဖြစ်မှန်ကိုနားလည်ရတယ် ။ ဟိုဖက်တောင်ပေါ်ကလူတွေက အလွန်ကြီးတဲ့တောင်ကျချောင်းကြီးတခုကိုလမ်းကြောင်းလွှဲဖို့ ဒီဆည်ကိုဆောက်ထားတာကိုး ။ အဲဒီတောင်ကျချောင်းကြီးက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတော့ တောင်အောက်မှာ ကျုပ်တို့တွေ့ခဲ့ရတဲ့မြစ်ကြမ်းပြင်ဟောင်းနေရာပေါ် မြစ်ကြီးအဖြစ်နဲ့ရှင်သန်စီးဆင်းခဲ့မှာပဲ ။ အခုတော့တောင်ကျချောင်းကြီးကို လမ်းကြောင်းပြောင်းပြီး လမ်းခုလတ်မှာတင်သူတို့ဆည်ထဲကိုစီးဝင်စေလိုက်တော့ မြစ်ကြီးခမျာတောင်ခြေကိုဆက်စီးစရာမရှိတော့ဘဲ ခုနကကျုပ်တို့တောင်အတက်မှာတွေ့ခဲ့တဲ့ ချောင်းသေးလေးအနေနဲ့ပဲကောသွားရှာလို့ အောက်ကဒေသတွေမှာကန္တာရဖြစ်သွားခဲ့တာကိုး ။ တောင်ထိပ်မှာတင် လမ်းလွှဲခံလိုက်ရတဲ့ရောမချောင်းကြီးကတော့ ဘယ်ဘက်ကိုအရှိန်ပြင်းပြင်းကွေ့ပြီး ဆည်နက်နက်ကြီးထဲတဝေါဝေါစီးလို့...အင်း..တတ်လဲတတ်နိုင်ကြပါပေတယ် ။ ဆည်နံဘေးနားက မြေသားထဲတဝက်နစ်နေတဲ့ ကျောက်စာတိုင်အရတော့ ဒီနေရာဟာ "မန်" နယ်နမိတ်လို့သိရတယ် ။ "မန်"နယ်ဆိုတာ အလွန်ထူးဆန်းတဲ့နေရာပေါ့ ။ "မန်"နယ်နဲ့ကပ်နေတဲ့နေရာလာတဲ့ ရဲမက်တယောက်ကတော့ ဒီနေရာဟာ မိုးနတ်တွေစောင့်ရှောက်ကြတဲ့နေရာလို့ ဆိုတယ် ။ အခုနေရာမှာတော့ထူးထူးဆန်းဆန်းအမှတ်အသားတွေနဲ့ ဒီရှေးဟောင်းကျောက်စာတိုင်ကလွဲလို့လူသူလေးပါးရှိတဲ့ အမှတ်လက္ခဏာ လုံးလုံးမတွေ့ရဘူး ။

ဒါနဲ့ပဲမြေအနေအထားလမ်းကြောင်းတွေကိုလေ့လာကြည့်လိုက်တော့ ဟိုဖက်ကမ်းကိုကူးဖို့ရာကသူတို့လမ်းကြောင်းပြောင်းထားတဲ့ ရောမတောင်ကျချောင်းကြီးကိုဖြတ်ပြီး ဆည်တဖက်ကိုကူးရမဲ့နည်းတခုပဲရှိတာကိုသိလိုက်ရတယ် ။ ဒီလမ်းလွှဲထားလို့ အင်မတန်အဟုန်ပြင်းနေတဲ့ချောင်းကြီးကလဲ တောင်တကြောကိုမိုင်ပေါင်းများစွာအနားသတ်ထားတဲ့အပြင် ဆည်ကလဲသိပ်ကျယ်တာပဲ ။ လှေမရှိ ဘာမရှိနဲ့ ဘာတံတားမှလဲမရှိ ၊ ဖောင်ဖွဲ့ဖို့ရာ သစ်ကြီးဝါးကြီးလဲမရှိနဲ့ ကျုပ်တို့လဲအကြံရခက်တော့တယ် ။ တံတားရှိရင်လဲ ဟိုဘက်တောင်ကမ္ဘားယံကအင်မတန်မတ်စောက်နေတော့ လှမ်းကူးဖို့ဆိုတာအဝေးကြီး။ ကြည့်ရတာတော့ ဒီတောင်ပေါ်ကလူမျိုးစုတွေက ဒီဆည်ကိုဆောက်တာဟာ စိုက်ပျိုးရေးအတွက် ရေလိုလို့ဟုတ်ဟန်မတူဘူး ။ သူတို့ဆီကို ဘယ်လူစိမ်းမှ ကျူးကျော်လာလို့မရအောင်အကာအကွယ်ကျုံးသဘောမျိုးနဲ့ လုပ်ထားတဲ့ပုံပဲ ။ တကယ်လဲထိရောက်ပါပေတယ် ။ အင်မတန်နိုင်ခံ့တဲ့ခံတပ်ပါပဲ ။

ဘယ်လိုပဲဖြစ်ဖြစ်လေ သူတို့ဘက်ကိုသွားလို့ရမဲ့နည်းတော့ရှိရမှာလို့တွေးပြီး တပ်မှူးလေးကချောင်းကြီးရဲ့အထက်ပိုင်းကိုတက်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ် ။ ချောင်းအထက်ပိုင်းကမ်းပါးတလျှောက်မှာဆူးချုံတွေတဖြည်းဖြည်းနဲ့ သိပ်သည်းလာလိုက်တာ ကျုပ်တို့လဲ လာရာလမ်းစကိုရှာမတွေ့တော့ဘူး ။ ဒါနဲ့ရှေ့ကိုပဲတိုးလို့ဆက်သွားတော့ ဆူးချုံတွေကျဲလာတဲ့နေရာလဲရောက်ရော ပေငါးရာလောက်မြင့်ပြီးသဘာအတိုင်းဖြစ်နေဟန်တူတဲ့ မြို့ရိုးလိုလို ဂဝံကျောက်နံရံကြီးကိုတွေ့လိုက်ရတော့တာပဲ ။ နံရံကြီးရဲ့သဘာဝအကွဲကြောင်းလိုဟာတွေနားမှာတော့ လှေကားထစ်သေးလေးလိုဟာတွေရှိနေပြီး တဖက်ထဲကိုဝင်ရောက်ပျောက်ကွယ်သွားတာကို တွေ့လိုက်ရတော့ ကျုပ်တို့လဲဝင်ပေါက်တော့တွေ့ပြီဆိုတာနားလည်လိုက်ပေမဲ့ အမြင့်အရကိုအဲဒီပေါ်တက်ရမှာအင်မတန်ခက်တယ်ဆိုတာအသိသာကြီးဆိုတော့တယောက်မျက်နှာတယောက်ကြည့်လို့သာ မှင်သက်နေမိကြတော့တယ် ။

နောက်ဆုံးတော့ တပ်မှူးလေးချူယန်က ဆုံးဖြတ်ချက်ချပြီးဟန်နဲ့ဆိုတယ် ။

"..........ကဲ.....ရဲမက်တို့..မြင်ရုံနဲ့တင်ကို..ဒါဟာသေလမ်းနဲ့မဝေးဘူးဆိုတာရိပ်မိကြမှာပဲ...နံရံရဲ့တဖက်မှာဘာတွေရှိနေမလဲဆိုတာ..ဘယ်လိုမှသိဖို့မလွယ်ဘူး...ဒီသဘာဝရဲတိုက်မြို့ရိုးကြီးပေါ်ကို..တက်တာတောင်မှအန္တရယ်ကြီးလှပြီ..တို့အားလုံးမှာ..ခါးလုံလေးမြားလက်နက်အစုံအလင်နဲ့မို့လူလူချင်းကိုတော့ဂရုစိုက်စရာမလိုပေမဲ့..သူစိမ်းနယ်ထဲမှာထွက်ပေါက်ကိုမသိဘဲ..ဖွတ်ဝင်တိုးရမဲ့အဖြစ်မျိုးပဲ...ဒီမှာနေတဲ့သူတွေကလဲ..လူစိမ်းသူစိမ်းတွေလာတာမကြိုက်ဘူးဆိုတာ..ဆည်တွေ..ကျောက်နံရံတွေကိုမြင်ရုံနဲ့တင်သိနိုင်တယ်..ကျုပ်ကတော့..ဒီအထိတောင်ရောက်ခဲ့မှတော့..သွားကြည့်ချင်တာပဲ..ကံကောင်းလို့ဒါဟာလူပျောက်ဖြူရဲ့နေရာဖြစ်နေမယ်ဆိုရင်လဲ..ကျုပ်တို့လာရင်းကိစ္စအတွက်တပွဲတလမ်းစမ်းရတာပေါ့...သူ့နေရာမဟုတ်ဘဲတခြားယဉ်ကျေးတဲ့လူရိုင်းတွေနေရာလဲ...ဖြစ်နိုင်သေးတာပဲ....ကဲ...ခင်ဗျားတို့အမြင်ကရောဘယ်လိုလဲ........"

ကျုပ်တို့ကတော့ တပ်မှူးလေးနဲ့ သခင်မလေးအတွက် အသက်စွန့်ပြီးသားဖြစ်သလို လူတွေကလဲဘာမထီဆိုတဲ့သူတွေချည်းပဲဆိုတော့ ဘာငြင်းလိမ့်မလဲ ။ ဝမ်းသာအားရသဘောတူကြတာပါပဲ ။ ဒါနဲ့ နံရံ

ပေါ်ကခြေချစရာတောင်အနိုင်နိုင် ခြေရာခွက်ကလေးတွေကို ကုတ်ကတ်တက်ကြပြီးအပေါ်ရောက်ခါ နီးမှ သတ်ကွင်းထဲကိုတန်းတန်းမတ်မတ်ပြေးဝင်မိကြတယ်ဆိုတာသိရတော့တယ် ။ နံရံထိပ်မှာပေသုံး ဆယ်လောက်ကျယ်မယ်ထင်ရတဲ့ မြေပြန့်တခုကိုအရင်ဆုံးရောက်လာကြတာကိုး ။ အဲဒီနေရာကလေး ကဟာလာဟင်းလင်းနဲ့ ဘာအကာအကွယ်မှမရှိတော့ အပေါ်တို့ နံဘေးတို့ကနေများ လေး တို့ လှံတို့ နဲ့လှမ်းပစ်မယ်ဆိုရင် ကောင်းကောင်းအထိနာပြီပေါ့ ။ အိမ်အောက်က ကြက်ကိုရိုက်သတ်ရတာမှခက် ဦးမယ် ။ ခိုချင်သပဆိုရင်တော့ကျောက်တုံးကြီးတတုံးအောက်မှာ တပေလောက်လွတ်နေတဲ့နေရာလေး ပဲရှိတာ ။ ဒီနေရာလေးကနေ အလွန်သေးတဲ့ မြွေလိမ်မြွေကောက်လမ်းတခုကို ဆယ်ပေလောက်လာမိ ကြတော့မှ ကျောက်ဆောင်နှစ်ခုကြားမှာ အလွန်ထူတဲ့သစ်လုံးတံခါးတခုကိုဘွားကနဲတွေ့လိုက်ရသဗျ ။ မြဲမြဲကြီးပိတ်ထားတဲ့ အဲဒီတံခါးကိုရောက်ဖို့ အကာအကွယ်မရှိတဲ့ သတ်ကွင်းကိုဖြတ်ပြီး အလွန်သေးပြီး ဘေးမှာချောက်တဖက်တချက်နဲ့ လူတယောက်စီပဲဖြတ်လာစရာရှိတဲ့ လမ်းကလေးကနေလာရတယ်ဆို တော့ သူတို့ရဲ့ခံတပ်ဘယ်လောက်လုံခြုံသလဲဆိုတာ စဉ်းစားသာကြည့်ပေတော့ ။

ကျုပ်တို့လဲ တံခါးကိုအပြင်းအထန်ထုပြီး အော်ခေါ်ကြည့်ကြတာပဲ ။ ခါးတွေ လှံတွေနဲ့လဲကလန့်ကြည့် ကြသေးတယ် ။ တံခါးကြီးကတော့ တုတ်တုတ်တောင်မလှုပ်ပါဘူး ။ အနားကပ်လို့ သေချာနားထောင် ကြည့်ရင်တော့ အထဲကမိန်းမတွေ ကလေးတွေရဲ့ရယ်သံ ၊ စကားသံလိုလိုကြားကြရတယ် ။ ဒါနဲ့တခါ ထုကြည့် ပြီး ဂူးထိုးကြပြန်တာပေါ့ ။ နောက်နာရီတမတ်လောက်ကြာတော့ ကျောက်တောင်တခုပေါ်က နေခေါင်းတလုံးပေါ်လာပြီး ကျုပ်တို့လာရင်းကိစ္စကိုမေးရော ။ သူတို့ဘာသာစကားကိုတတ်တဲ့ဗိုလ်လေး ဝမ် က ကျုပ်တို့ဟာ လမ်းပျောက်လာတဲ့မှဆိုးတွေဖြစ်ကြောင်း ၊ ဖြစ်နိုင်ရင် သူတို့ထဲကဖြတ်ပြီးတောင် ဘက်ကိုသွားလိုကြောင်းပြောလိုက်တော့ တံခါးအတွင်းထဲကနေလူသံတွေနဲ့အတူ လေးညို့တင်သံတွေ ထွက်လာပြီးတံခါးအပေါ်ဘက်ကရော ၊ ကျောက်ကြားတွေထဲကပါ မြှားအစင်းနှစ်ဆယ်လောက်ကျုပ်တို့ ကိုဝိုင်းချိန်ထားတော့တာပဲ ။ ဒါနဲ့တပ်မှူးလေးက ကျုပ်တို့ငြိမ်းချမ်းစွာလာကြောင်းနဲ့ လမ်းသိရလျှင်သိရ ချင်း ထွက်သွားမှာဖြစ်ကြောင်းပြောပြပြီး တံခါးဖွင့်ပေးဖို့ထပ်တောင်းပန်ပြန်တယ် ။

ပြောရရင်တော့ လုံးလုံးကိုမျှော်လင့်ချက်မရှိတဲ့အခြေနေပါပဲ ။ တံခါးလဲပွင့်လာရော ဗိုလ်လေးဝမ်က

အထဲကိုလှမ်းကြည့်တော့ လေးသမား အယောက်နှစ်ဆယ်ကမြေပေါ်မှာဒူးထောက်လို့၊ နောက်ထပ်အယောက်နှစ်ဆယ်က မတ်တပ်ရပ်လို့ မြှားအစင်းလေးဆယ် တံခါးဝကိုမျက်နှာမူပြီးချိန်ထားကြပြီး တံခါးရဲ့တဖက်တချက်မှာတော့ ဓါးရှည်ကိုင် လူခြောက်ယောက်စီက အသင့်အနေအထားနဲ့စောင့်လို့ဆိုပဲ ။ ခေါင်းများသာပြူဝင်လိုက်လို့ကတော့ မျက်စိတမှိတ်အတွင်း အစအနတောင်ရှာရတော့မယ်မထင်ဘူး ။ ဗိုလ်လေးဝမ်က အသာပြုံးပြပြီးတလှမ်းတိုးတော့ သူ့ခါးကဓါးလွတ်ကိုဖြုတ်သွားကြရောဗျ ။ ကျုပ်တို့လဲ ဟန်ပြီထင်ပြီးတော့ ရဲမက်နှစ်ယောက်က ခြေလှမ်းပြင်လိုက်တာနဲ့ ဘာပြောကောင်းမလဲ ..မြှားတွေဆိုတာဝီခနဲသွားတာပဲ ။ ကျုပ်တို့ထဲက လေးယောက်လဲ မြှားထိပြီးအတုန်းအရုန်းလဲကုန်ပါရော ။ ဒါနဲ့ဓါးတွေဆွဲထုတ်လိုက်ကြတုန်း ချက်ခြင်းဆိုသလို အသံတသံထွက်လာပြီး မြှားမိုးရွာနေတာရပ်သွားသဗျ ။ အသံလာရာကိုကြည့်လိုက်တော့ ကျောက်စွန်းတဖက်ဆယ့်ငါးပေလောက်အမြင့်မှာ လူမျောက်ဖြူ ရပ်နေတာကိုတွေ့လိုက်ရတယ် ။ တပ်မှူးလေးရှေ့ထွက်လာတော့ လူမျောက်ဖြူကလဲအပေါ်ကနေဆင်းလာပါတယ် ။

"…..ဒါဟာ…အထင်အမြင်လွဲမှားမှုတွေပါ..အဆွေ..ကျုပ်တို့လာရင်းကိစ္စကတော့..တောင်ဘက်အရပ်ကိုသွားဖို့..အဆွေတို့နေရာအထဲကနေဖြတ်သွားခွင့်ကို..မေတ္တာရပ်ခံချင်တာပါပဲ……."

ဆိုပြီးတပ်မှူးလေးက ချေချေငံငံတောင်းပန်တော့ လူမျောက်ဖြူကလဲ ဟန်ဘာသာစကားနဲ့ယဉ်ယဉ်ကျေးကျေးပြန်ပြောသဗျ ။

"…………….ရပါတယ်..အဆွေ…အထဲကိုဝင်ခဲ့ပါ………"

တခြားလူရိုင်းမျိုးနွယ်စုခေါင်းဆောင်တွေကတော့ တပ်မှူးလေးကိုဆိုရင်အလွန်လေးစားသမှုပြုကြပေမဲ့ လူမျောက်ဖြူကိုကြည့်ရတာတော့ ခရီးသွားတယောက်ကိုဧည့်ခံနေတဲ့သူလို ခပ်အေးအေးပဲ ။ အခုမှပဲကျုပ်တို့လဲ သတင်းကြီးနေတဲ့လူမျောက်ဖြူဆိုတာအသေအချာမြင်ဖူးကြရတော့တယ် ။ ဆံပင်ကိုတောင်ပေါ်သားတွေထုံးသလိုပဲထုံးပြီး ခြေဗလာနဲ့လူမျောက်ဖြူဟာ သူရဲ့မျက်ခုံးဖြူဖြူတွေကလွဲရင် အတော်ကို

ခံ့ငြားပြီးကြည့်ကောင်းတယ်လို့ ကျုပ်တော့ထင်မိတာပဲ ။ ကျုပ်တို့အတွက်တံခါးကိုနည်းနည်းဟလိုက်ရင်း ရင်းရင်းနှီးနှီးလေသံနဲ့ရယ်မောလို့ တပ်မှူးလေးကိုရည်ရည်မွန်မွန်ပြောတယ် ။

"............ကဲဗျာ..အဆွေတို့ဝင်ကြပါ...ဒါပေမဲ့..အဆွေ့နောက်လိုက်နောက်ပါတွေရဲ့..လက်နက်ကိုတော့ ဒီမှာပဲအပ်ထားခဲ့ဖို့ပြောပါ...ကျုပ်တို့ဆီကစည်းကမ်းဆိုပါတော့ဗျာ...အဆွေတို့မြင်တဲ့အတိုင်း..ကျုပ်မှာလဲ ဘာလက်နက်မှကိုင်ဆောင်မထားပါဘူး........"

ကျုပ်တို့ တွေနေကြတော့ လူမျောက်ဖြူက တည်တည်ငြိမ်ငြိမ်ထပ်ပြောပြန်တယ် ။

"............မိတ်ဆွေတွေဖြစ်သွားကြမှပဲဗျာ..အေးအေးဆေးဆေးနားပြီးမှ..ခရီးဆက်ကြပါ...ခင်ဗျားတို့ ကျုပ်နယ်ကိုတခါမှမရောက်ဖူးသေးဘူးမဟုတ်လား....ပျော်ကြမှာပါ..........."

ဒါနဲ့တပ်မှူးလေးက ကျုပ်တို့လက်နက်တွေကို အကုန်အပ်ခဲ့ဖို့အမိန့်ပေးတယ် ။ လက်နက်တွေလဲ သူ့ လူတွေလက်ထဲရောက်ရော လူမျောက်ဖြူဟာ အင်မတန်ကျေနပ်သွားဟန်နဲ့ ပိုပြီးဖော်ရွေလာတော့တာ ပဲ ။ ဒဏ်ရာရသွားတဲ့ ကျုပ်တို့လူတွေကိုလဲ သူတို့ပဲထမ်းပိုးပြီးခေါ်လာကြတယ် ။ လူမျောက်ဖြူရဲ့နေရာ ကိုတော့ ဘယ်လိုစာပန်းချီခြယ်ပြရမှန်းတောင်မသိပေါင်ဗျာ ။ တောင်ထိပ်တွေဝန်းရံနေတဲ့ ကုန်းမြေမြင့် ကျယ်ကြီးထဲမှာ ဝင်းလက်မွှေးကြိုင်နေတဲ့လိမ္မော်ပင်ရိပ်စိပ်စိပ်တွေ ၊ နေရောင်ထဲမှာစိမ်းမြနေတဲ့ တောင် ထန်းပုပင်တွေ ၊ စိမ်းနုသစ်နေတဲ့တောင်ယာခင်းတွေနဲ့ နတ်ဘုံနတ်နန်းတမျှ သာယာတယ်လို့သာ ပြော ပါရစေတော့ ။ တသုန်သုန်တိုက်နေတဲ့လေချိုအေးကလေးကိုက တံတိုင်းအပြင်လောက ကအပူတွေကို ဖြေဖျောက်ပေးလိုက်သလိုပဲ လူတွေကချက်ခြင်းကို လန်းဆန်းအားပြည့်လာကြတော့တာဗျ ။ နေရောင် ဖြာကျနေတဲ့ဒီတောင်ကြားလွင်ပြင်ထဲမှာ အသက်ဓါတ်ဖြည့်ပေးတဲ့စွမ်းအင်တခုရှိနေသလိုပါပဲ ။ ပန်းမန် တွေကလဲ ပိုအရောင်စုံသလို သစ်ပင်တွေကလဲပိုပြီးစိမ်းသစ်လို့ တခြားကမ္ဘာတခုကိုရောက်သွားသလား ထင်ရတယ် ။ ရွှက်ခြောက်ရောင်စုံတွေဖုံးနေတဲ့ သစ်လုံးကွပ်ပျစ်တွေကလဲ ဟိုနားတခု ဒီနားတခုနဲ့ထိုင် ချင်စရာပဲ ။ မိန်းမတွေနဲ့ အပေါ်ပိုင်းတုံးလုံးဝဝတုတ်တုတ်ကလေးတွေကလဲ နေရောင်နွေးနွေးထဲမှာရယ်

မောမြူးထူးပြီး ကစားပျော်ရွှင်လို့ ၊ နှင်းလိုဆွတ်ဆွတ်ဖြူနေတာတချို့ ၊ ဟသင်္ပြဒါးလို့ရဲရဲနီနေတာတချို့ နဲ့ရောမကတ္တဝါကြီးတွေကလဲ ဟိုအပင် ဒီအပင်ကူးရင်း သာသာယာယာမြည်ကြွေးလို့ ။ တကယ်ပါဗျာ.. ဒီလောက်လှတဲ့ နေရာမှာ မကောင်းမှုဆိုတာမရှိနိုင်ဘူးလို့တောင် ကျုပ်တွေးမိတယ် ။ တပ်မှူးလေး က တော့ စိတ်ရင်းအမှန်နဲ့ပဲ လူမျောက်ဖြူကို ချီးကျူးစကားဆိုတယ် ။

"......အဆွေရဲ့နယ်ဟာ..အင်မတန်ကိုသာယာလှပါပေတယ်...ကျုပ်တောင်အားကျမိပါတယ်......"

ဟက်ကနဲရယ်ရင်း လူမျောက်ဖြူကလဲ ချက်ခြင်းတုန့်ပြန်တယ် ။

"..........ကျုပ်တို့ခံတပ်ကလဲ..အင်မတန်လုံခြုံတယ်လို့မထင်မိဘူးလား..အဆွေ.........."

ကျုပ်တို့ကို လူမျောက်ဖြူ နေတဲ့သစ်လုံးတဲဆီကိုခေါ်သွားကြသဗျ ။ တဲကြီးကို အင်တန်ကြီးတဲ့သစ်အလုံးလိုက်ကြီးတွေနဲ့ ဆောက်ထားပြီး ကြမ်းပြင်ကတော့ သဘာဝအတိုင်းအကွက်တွေလှပစွာပေါ်နေတဲ့ ပျဉ်ချပ်ရောမကြီးတွေခင်းလို့ ။ အိမ်ထဲမှာတော့ ဘာပရိဘောဂရယ်လို့မှ မယ်မယ်ရရမရှိပါဘူး ။ လက်ရာခပ်ကြမ်းကြမ်း သစ်အလုံးလိုက်ခုံတန်းရှည်ကြီးတွေနဲ့ အလွန်ကြီးတဲ့ကျွန်းပျဉ်တချပ်ကို သစ်လုံးတွေနဲ့ထောက်ထားတဲ့ စားပွဲလို့ခေါ်ရမဲ့ဟာကြီးတခုပဲတွေ့တယ် ။ အိမ်အပြင်ဘက်မှာတော့ ကျုပ်တို့လူစိမ်းတွေကိုကြည့်ဖို့လာတဲ့ လူအုပ်ကြီးကပျော်ရွှင်ဆူညံလို့ဗျ ။ သူတို့အထဲမှာ ကျုပ်တို့ ဟန်အမျိုးသမီးတွေကိုလဲတွေ့တော့မှ ပြန်ပေးဆွဲခံရတဲ့မိန်းကလေးတွေရဲ့ ကြမ္မာကိုနားလည်ရတော့တယ် ။ ဒါနဲ့ပဲနေ့လည်စောင်းလာတော့ ကျုပ်တို့ကိုယာဆန်ထမင်းရယ် ၊ အသီးအရွက်တွေကို ဝက်ကလီစာနဲ့ အမွှေးအကြိုင်နိုင်နိုင်ချက်ထားတဲ့ ဟင်းတမျိုးနဲ့အလျှံအပယ်ကျွေးတယ် ။

လူမျောက်ဖြူမှာ ဇနီးတွေအများကြီးပဲ ။ သူ့မိန်းမတွေက ကျုပ်တို့ဟန်ထုံးစံအတိုင်း အတွင်းခန်းထဲမှာမနေကြဘဲ အိမ်ထဲမှာလွတ်လွတ်လပ်လပ်သွားနေကြတာပါဘဲ ။ ကျုပ်တို့ရှေ့သွားလာလုပ်ကိုင်နေတဲ့ သူ့ဇနီးတွေထဲမှာ ဟန်မိန်းကလေးတွေလဲပါတယ် ။ ဒါကိုမြင်တော့ ကျုပ်တို့တပ်မှူးလေးခမြာ ထမင်းပွဲ

မှာလူမျောက်ဖြူနဲ့ ရယ်မောပြောဆိုနေရပေမဲ့ အူနကျွဲခတ်ဖြစ်ရှာတာကို ကျုပ်သတိထားမိလိုက်တယ် ။ ထမင်းလဲစားပြီးကြရော လူမျောက်ဖြူက ကျုပ်တို့ကို သူ့နယ်တကြောကိုလိုက်ပြမယ်လို့ဆိုသဗျ ။

ကြည့်ရတာ သူ့ဧည့်သည်( ဒါမှမဟုတ် သူ့အကျဉ်းသား) ကျုပ်တို့တွေကို ရုတ်ရုတ်ရုတ်ရုတ် လုပ်ခဲ့ရင်လွတ်လမ်းဆိုတာမရှိဘူး လို့များပြချင်တဲ့သဘောလားတော့မဆိုနိုင်ဘူး ။ အကုန်နှံ့နှံ့စပ်စပ်လိုက်ပြတာပဲ ။ အံ့သြစရာကောင်းလောက်အောင်လဲ လုံခြုံပြီး စောင့်ကြပ်ပုံစနစ်ကျလှပါပေတယ် ။ လူမျောက်ဖြူဟာ ပေါင်နှစ်ရာနီးပါးနဲ့ အင်မတန်အကောင်ကြီးပေမဲ့ လမ်းလျှောက်ရင် ခြေလှမ်းကျဲကြီးတွေနဲ့ သိပ်မြန်သဗျ ။ ကြည့်ရတာ သူ့ရဲ့အဆမတန်ထွားကြိုင်းနေတဲ့ ကိုယ်အပေါ်ပိုင်းနဲ့ ခြေထောက်သွယ်လျလျတွေဟာ တောလမ်းခရီးတို့ တောင်တက်တောင်ဆင်းတို့သွားလွန်းလို့ ဖြစ်လာပုံရတယ် ။ တောနဲ့တော့တသားတည်းနေတာပဲ ။ ဒီတောင်ကြားမှာသူခုံ့ခုံ့ထည်ထည်သွားနေတာမြင်ရပြန်တော့ သူ့ရဲ့ရုပ်ဆိုးလှတယ်ဆိုတဲ့အမွေးဖြူတွေဟာလဲ ကြေးနီရောင်အသားနဲ့ဟပ်လို့ ထင်သလောက်တော့ ပုံမဆိုးလှဘူးလို့ကျုပ်တွေးမိတယ် ။ မျက်နှာပေါ်က အရေးအကြောင်းတွေ ၊ ဖုထစ်နေတဲ့လက်မောင်းတွေနဲ့ ကြွက်သားအပြိုင်းပြိုင်းထနေတဲ့ ပုခုံးကျောပြင်ကြီးကလဲ အင်မတန်သန်မာတဲ့အပြင် လုပ်ရည်ကိုင်ရည်ရှိကြောင်းကိုပြနေသလိုပဲ ။ လူမျောက်ဖြူကိုကြည့်ရတာဗျာ အလွန်ကိုသက်တောင့်သက်သာနဲ့ သူ့ရဲ့နယ်အတွက်ဂုဏ်ယူကျေနပ်နေသလိုပါပဲ ။ သူ့ဧည့်သည်ရဲ့ဇနီးကို တိရစ္ဆာန်ရိုင်းတကောင်လို အတင်းခိုးယူထွက်ပြေးခဲ့တာကိုတောင် လုပ်ရိုးလုပ်စဉ်ခွင့်မတောင်းဘဲပန်းသီးတလုံးခူးစားမိသလောက်တောင် အာရုံထဲမှာထားဟန်မတူဘူး ။

ဒါနဲ့လျှောက်ကြည့်ကြတော့ ကျုပ်တို့တပ်မှူးလေးရယ် ၊ လူမျောက်ဖြူရယ်က ရှေ့ကနေဦးဆောင်ပြီး ကျုပ်ရယ် ၊ ဗိုလ်လေးဝမ်ရယ် ကျုပ်တို့ရဲမက်တချို့နဲ့ သူတို့လူတချို့ကတော့ နောက်ကပေါ့လေ ။ တနေရာရောက်တော့ အသက်သုံးဆယ်လောက်လို့ထင်ရတဲ့ ဟန်အမျိုးသမီးတယောက်ကို သူ့ကလေးနဲ့အိမ်လေးတလုံးရှေ့မှာရပ်နေတာကိုတွေ့တော့ တပ်မှူးလေးက မေးတယ် ။

"............အဆွေ...အဲဒါ..ဟန်အမျိုးသမီးမဟုတ်လားဗျ........."

လူမျောက်ဖြူကတော့ ပေါ့ပေါ့ပါးပါးပဲ ပြန်ဖြေသဗျ ။

"………ဟုတ်ပဗျား…..ဒီဟန်မိန်းကလေးကမချောပေဘူးလား..အဆွေ…….မိန်းမလှလေးတွေကိုသဘော မကျတဲ့လူဆိုတာ..အရူးသားမဟုတ်လား….အဆွေရ……ကျုပ်လဲဘာသားနဲ့ထုထားတာမို့လဲ………"

ဟန်အမျိုးသမီးကတော့ ကျုပ်တို့တွေကိုခပ်အေးအေးပဲ လှမ်းကြည့်ရင်းကျန်ခဲ့တယ် ။ သူ့အတွေးနဲ့သူ လူမျောက်ဖြူကဆက်ပြောတယ် ။

"……….ဟန်မိန်းမလှလေးတွေရဲ့ကလေးတွေကသာတောင်..ချစ်စရာကောင်းသေးတယ်…အင်း…ကျုပ် နယ်ကလူတွေကတော့..မိန်းမလှလေးတွေကို..ဇနီးအဖြစ်ရတာလောက်ကျေနပ်ကြတာမရှိတော့ဘူးဗျ.. ကျုပ်ကလဲ..ကျုပ်နယ်သူနယ်သားတွေကိုသိပ်စိတ်ချမ်းသာစေချင်တယ်လေ…ကျုပ်တို့မှာအကုန်ပြည့်စုံပါ တယ်….ငါးဆိုရင်လဲမြစ်ချောင်းအင်းအိုင်ထဲမှာအပြည့်ပဲ…..အမဲကောင်ဆိုရင်လဲ..တောထဲမှာဝလို့ဖီးလို့.. အိမ်မွေးတိရစ္ဆာန်တွေ..ဆန်စပါးတွေဆိုတာလဲအလျှံအပယ်ပဲ……ကျုပ်တို့ဆီမှာငွေမလိုဘူးဗျ….ပြီးတော့ ကျုပ်ရဲ့နယ်သားတွေဆီက..ကျုပ်အခွန်ကောက်တယ်ဆိုတာမရှိဘူး……..သူတို့ခွန်အားနဲ့တန်သလောက် အလုပ်လုပ်တာကို..သူတို့ပဲအပြည့်အဝခံစားရတာပဲ……ငါးကြီးကြီးမိတဲ့သူကကြီးကြီးစား..သေးသေးမိတဲ့ သူကသေးသေးစားပေါ့ဗျာ…….အဆွေတို့ကိုမနက်ဖြန်..ကျုပ်တို့ငါးဖမ်းတဲ့နေရာဆီခေါ်သွားဦးမယ်…သိပ် အရသာရှိတဲ့ကျောက်ငါးတွေပေါ့…….အင်း…ကျုပ်တို့ဆီမှာလိုအပ်တာကတော့..ဆားရယ်..မိန်းမလှလေး တွေပါပဲဗျာ…အဲ..အဲ..ဓါးလှံလက်နက်တွေရောပေါ့………"

တပ်မှူးလေးကတော့ လီမွာပါးနပ်စွာပဲ ခုနကစကားစကို ပြန်ကောက်ဖို့ကြိုးစားတယ် ။

"……………အဆွေတို့နယ်မှာ..မိန်းမလှလေးတွေလိုတယ်ဆိုတာ..ကျုပ်တော့နားမလည်ပါဘူးဗျာ..ခုန ကအများကြီးတွေ့ခဲ့သလားလို့ပါ………"

"..............အင်း.....ရှိတော့ရှိပါရဲ့..မလုံလောက်သေးဘူးဗျ......ကျုပ်တို့နယ်မှာ..အရွယ်ရောက်ပြီးသား ယောက်ျားသုံးရာကျော်နဲ့ မိန်းမနစ်ရာကျော်ကျော်ပဲရှိတယ်......ဒီနယ်ဟာလူတစ်ထောင်လောက် ချောင် ချောင်လေးဆံ့တယ်လေ...ကျုပ်ကကျုပ်ရဲ့နယ်ကို..ရုပ်ရည်သန့်ပြန့်ပြီးကျန်းမာသန်စွမ်းတဲ့လူတွေနဲ့ပြည့် နက်နေတာမျိုးကိုမြင်ချင်တာ...ဆိုတော့..ကျုပ်တို့မှာမိန်းမလှလေးတွေ..ထပ်လိုသဗျ................."

လက်ဝှေ့ယမ်းပြီး လူမျောက်ဖြူကအားပါးတရပြောတော့ တပ်မှူးလေးက ဇဝေဇဝါဟန်နဲ့ပြန်မေးတယ် ။

".........ဘယ်လိုကြောင့်များလဲ..အဆွေရဲ့............."

"..........ကျုပ်တို့ဆီကအမျိုးသမီးအားလုံး..လူအိုတွေပါမကျန်ပေါင်းလိုက်ရင်..သုံးရာပျော့ပျော့တော့ရှိပါရဲ့ ဒါပေမဲ့....အသက်ဆယ့်ရှစ်နှစ်နဲ့လေးဆယ့်ငါးနှစ်ကြားမိန်းမတွေကသာ..ကလေးမွေးထုတ်ပေးနိုင်ကြတာ မဟုတ်လား...ဟန်အမျိုးသမီးတွေက..ကလေးများများမွေးနိုင်ကြတယ်လေ...ကျုပ်တခါကခေါ်လာတဲ့ဟန် မိန်းကလေးဆိုရင်..ခုနှစ်နှစ်ဆက်တိုက်သားယောက်ျားလေးချည်းမွေးသဗျ...သူ့သားတွေကလဲတယောက် ယောက်မကျန်သိပ်ကျန်းမာသန်စွမ်းပြီး..လှပချောမောကြသူတွေချည်းပဲ.......ကျုပ်တို့လူမျိုးစုမိန်းမတွေက တော့အလွန်ဆုံးသုံးယောက်ပဲမွေးထုတ်နိုင်ကြတာ.......ကျုပ်ကတော့..အဆွေတို့လူမျိုးရဲ့မိန်းကလေးတွေ ကိုပိုပြီးသဘောကျတယ်ဗျာ......."

လူမျောက်ဖြူက ရယ်မောရင်းပြောပြတော့ တပ်မှူးလေးကလိုရင်းကိုတည့်တည့်ကြီးမေးတော့တာပဲ ။

".......ဒီတော့အဆွေက..ကျုပ်တို့မိန်းကလေးတွေကို..ခဏခဏပြန်ပေးဆွဲတယ်ဆိုပါတော့........."

လူမျောက်ဖြူကတော့ ပျော်ပျော်ရွှင်ရွှင်ပဲပြန်ဖြေသဗျ ။

"………….ပြန်ပေးဆွဲတယ်ဆိုတာကြီးက..နားခါးပါတယ်ဗျာ….ကျုပ်က..သူတို့လေးတွေကိုဒီလိုပဲခေါ်လာတာပါ……တတ်နိုင်လို့ခင်ဗျားတို့လူမျိုးတွေက..ကျုပ်တို့မိန်းကလေးတွေကိုလာခေါ် သွားနိုင်ရင်လဲ စမ်းကြည့်လို့ရပါတယ်…….အဲ…လွယ်တော့မလွယ်ဘူးပေါ့လေ……ခင်ဗျားတို့လူမျိုးတွေအိမ်ထောင်ပြုတာကြီးကရယ်စရာပဲဗျာ….စိတ်တော့မရှိပါနဲ့…..ဒါပေမဲ့ခင်ဗျားတို့မင်္ဂလာဆောင်တာက..ကာယကံရှင်နှစ်ဦးကြားမဟုတ်ဘဲ..နှစ်ဖက်မိဘတွေမင်္ဂလာဆောင်သလိုဖြစ်နေတာ..ကျုပ်ကတော့ကျုပ်အစွမ်းအစနဲ့သိမ်းပိုက်လာနိုင်တဲ့သတို့သမီးမျိုးမှမဟုတ်ရင်..မလိုချင်ပါဘူး……….."

"………….ဆိုတော့..ဖမ်းဆီးခေါ် ဆောင်တဲ့နည်းက..ပိုကောင်းတယ်လို့အဆွေကဆိုလိုတာလား……."

တပ်မှူးလေးက ဒီလိုမေးတော့ လူမျောက်ဖြူကအံ့သြသလိုကြည့်ပြီးပြန်ဖြေတယ် ။

"………….ကျုပ်တို့နည်းက..ပိုပြီးစိတ်လှုပ်ရှားဖို့ကောင်းသလို..လူရည်လူသွေးလဲပါတယ်လို့ထင်တာပဲ.. အဆွေတို့က..မိန်းကလေးတယောက်ကိုသဘောကျခဲ့ရင်..မိဘကိုပြောခိုင်းပြီး..မကြာခင်ပဲအိမ်ကိုတိတ်တိတ်ဆိတ်ဆိတ်ရောက်လာတော့…ခင်ဗျားတို့အစွမ်းဘယ်မှာပါတော့လို့လဲဗျ..ဘာမှရင်ခုန်စိတ်လှုပ်ရှားစရာလဲမရှိဘူး…….ပျင်းခြောက်ခြောက်နဲ့……….."

တပ်မှူးလေးလဲ လူမျောက်ဖြူနဲ့မိန်းကလေးတွေကို ဇနီးမယားအဖြစ်ပြန်ပေးဆွဲတာအပေါ် ထပ်ပြီးငြင်းခုန်ချင်စိတ် ကုန်သွားဟန်တူတယ် ။ စိတ်ဓါတ်လဲကျနေသလိုပဲ ။

"………….အဆွေတို့နည်းကစိတ်လှုပ်ရှားဖို့တော့ကောင်းချင်ကောင်းမှာပေမဲ့..ကျုပ်တို့ဟန်ဥပဒေအရတော့..ဒါရာဇဝတ်မှုကျူးလွန်တာပဲဗျ….အဆွေရော..ဒီမှာရှိနေတဲ့ဟန်အမျိုးသမီးတွေကို..ဖမ်းခေါ် လာတာပဲလား……."

ခေါင်းညိတ်ပြရင်း ဟန်ဥပဒေကိုခေါင်းထဲတောင်မထည့်တဲ့အမူအရာမျိုးနဲ့ လူမျောက်ဖြူကခပ်အေး

အေးရယ်သေးတယ် ။ ပြောရင်းဆိုရင်းနဲ့ သူ့နယ်တခုလုံးကို အပေါ်ကနေစီးပြီးမြင်နေရတဲ့ ကမူတခုပေါ် ရောက်လာကြတယ် ။ အောက်မှာတော့ ကျုပ်တို့ခြေရာခံခဲ့တဲ့တောင်ကျချောင်းကြီးရဲ့ ဒီဘက်ကမ်းပေါ် မှာရောင်စုံသီးနှံစိုက်ခင်းတွေ ၊ တောင်ယာစပါးခင်းတွေနဲ့ ဝေဆာစိမ်းစိုလို့သာယာဝပြောတဲ့နယ်တခုလုံး ကိုမြင်နေရတယ် ။ အရှိန်ပြင်းစွာနဲ့စီးနေတဲ့တောင်ကျချောင်းကြီးကတော့ နယ်နမိတ်တခုလုံးကိုရစ်ခွေလို့ နောက်ဆုံးမှာအနောက်မြောက်ဘက်ကိုဦးတည်ပြီး ကမ္ဘာ့ထဲစီးဝင်သွားလေရဲ့ ။ ကျုပ်အနေနဲ့သုံးသပ်ရ ရင်တော့လူမျောက်ဖြူကသူ့နယ်အပေါ်ဂုဏ်လုပ်ချင်တာရယ် ၊ ဒီနယ်ကိုလာပြီးကျူးကျော်သိမ်းပိုက်ဖို့ဆို တာဘယ်လိုမှမဖြစ်နိုင်ကြောင်းသိအောင်ပြဖို့ရယ် တချက်ခုတ်နှစ်ချက်ပြတ်လိုက်ပြတဲ့သဘောပဲဗျ ။

ဒါနဲ့အဲဒီညမှာကျုပ်တို့ဧည့်သည်တွေအတွက် ညစာစားပွဲကျင်းပပေးတယ် ။ ရစ်ကြီးသားကင်ဆူဆူ နဲ့ ဘုတ်တွေ ၊ ခါသားတွေအလျှံအပယ်ပါပဲ ။ အစာပိတ်အနေနဲ့တော့လိပ်သားလာချတယ် ။ လူမျောက် ဖြူကတော့ ဆင်သားရေမှာဆေးနီခြယ်သထားတဲ့ကိုယ်ကျပ်နဲ့လက်မှာလဲဆင်သားရေလက်ကြပ်ကိုဆင် ယင်လို့ အတော်ကိုခံ့ငြားပါပေတယ် ။ သူဝတ်ထားတဲ့ဆင်သားရေဝတ်စုံကြီးက အတော်ကိုလေးမဲ့အပြင် ထူလိုက်တာလဲ ဘယ်လိုလက်နက်မှတောင်ဖောက်နိုင်မယ်မထင်ဘူး ။ ထမင်းစားပွဲရဲ့တဖက်တချက်မှာ တော့ တောင်ပေါ်သားလူသန်အစောင့်တွေက လှံတွေကိုင်လို့ စောင့်နေကြတယ် ။ လူမျောက်ဖြူရဲ့ဇနီး မယားတွေကတော့ ဟင်းပွဲတွေသယ်ပြီးဝင်လိုက်ထွက်လိုက်ပါပဲ ။

တနေသာကုန်သွားပေမဲ့ ကျုပ်တို့ရဲမက်တွေလဲ ဒီနယ်ကလူတွေကို တပ်မှူးလေးရဲ့ဇနီးအကြောင်းကို စကားတောင်စပ်လို့မမေးဝံ့ဘူးဗျ ။ တော်ကြာ ကျုပ်တို့လာရင်းကိစ္စကိုရိပ်မိသွားခဲ့ရင် အစီအစဉ်ပျက်ကုန် မှာမဟုတ်လား ။ ကျုပ်ကတော့ ကျုပ်တို့ကသာကိုယ့်ကိုယ်ကို လမ်းပျောက်နေတဲ့မုဆိုးတွေလို့ပြောထား ပေမဲ့ လူမျောက်ဖြူလောက်ပါးနပ်သူကတော့ လာရင်းကိစ္စကိုသိပြီးသားလို့ပဲထင်တာပါပဲ ။ တပ်မှူးလေး ကတော့ ညစာစားပွဲတချိန်လုံးမှိုင်လို့သာနေတော့တယ် ။ လူမျောက်ဖြူဆီမှာသူ့ဇနီးလေးရောက်နေတယ် ဆိုတာ အသေအချာပဲကိုး ။

ရုတ်တရက်ပဲဗျ အိမ်အတွင်းခန်းကနေ စူးစူးရှရှအော်လိုက်တဲ့ မိန်းကလေးအသံတသံလဲထွက်လာရော

တပ်မှူးလေးကဆတ်ကနဲဖြစ်သွားတော့တာပဲ ။ ဒါသူ့ဇနီးအသံဆိုတာ ချက်ခြင်းမှတ်မိတာကိုး ။ သခင်မလေးကလဲ ဝိုင်းဆွဲထားကြတဲ့ မိန်းမတွေလက်ထဲကနေ လွတ်ထွက်လာပြီး တပ်မှူးလေးဆီကိုတန်းပြေးလာပြီး ရင်ခွင်ထဲတိုးဝင်လို့ငိုရှာတော့တာပဲ ။ တပ်မှူးလေးကသခင်မလေးကိုပွေ့ဖက်နှစ်သိမ့်နေတုန်း လူမျောက်ဖြူက ခပ်အေးအေးပဲလှမ်းကြည့်နေသဗျ ။ ဒီတော့ တပ်မှူးလေးလဲ မထူးတော့တဲ့လေသံနဲ့ ပြောလိုက်တော့တယ် ။ ကျုပ်တို့ကတော့ ရင်တမမနဲ့ပေါ့ ။

"......အဆွေ...ဒါကျုပ်ရဲ့ဇနီးပဲဗျာ......."

လူမျောက်ဖြူကတော့ အခုမှသိဟန်ပြပြီး အံ့ဩတဲ့ပုံနဲ့ဆိုတယ် ။

"........ဟုတ်လားဗျ...ဒါဆိုရင်တော့..ဂွပဲဗျို့......."

"...........ကျုပ်ဟာမိတ်ဆွေအနေနဲ့ဒီကိုလာတာပါ...အဆွေ....ကျုပ်တို့မိတ်ဆွေတွေအဖြစ်နဲ့ပဲခွဲခွာချင်ပါတယ်...ကျုပ်ဇနီးကိုသာပြန်ခေါ်သွားခွင့်ပြုပါဗျာ........."

"............အင်း....ခက်တာပဲ...ကျုပ်ကလဲကျုပ်သိမ်းပိုက်အရယူထားတဲ့အရာမှန်သမျှကို..ပြန်ပေးလေ့မရှိဘူးဗျ......အဆွေ့ဇနီးကိုပြန်လိုချင်တယ်ဆိုရင်တော့...ကျုပ်လက်ထဲကနေအနိုင်ပြန်တိုက်ယူတဲ့နည်းတခုပဲရှိတယ်....ဒီအတိုင်းတော့လက်လွှတ်လို့မဖြစ်ဘူး...အဲဒါကံမကောင်းဘူးလို့ကျုပ်တို့အယူရှိသဗျ........"

ပြောရင်းဆိုရင်းနဲ့ဗျာ လူမျောက်ဖြူရဲ့မျက်နှာဟာ ကြောက်စရာကောင်းလောက်အောင် ခက်ထန်လာပြီးဓါးကြားကဓါးကိုလှမ်းစမ်းတော့တာပဲ ။ ပါးစပ်ကလဲလှမ်းအမိန့်ပေးလိုက်ရော စားပွဲအနားမှာစောင့်ကြပ်နေကြတဲ့လူသန်ကြီးတွေလဲ ဓါးကိုယ်စီချွင်ကနဲနေအောင်ဆွဲထုတ်ကြတော့တယ် ။ တပ်မှူးလေးကတော့ မတုန်မလှုပ်နဲ့ပဲ လူမျောက်ဖြူကိုတည်တည်ငြိမ်ငြိမ် လှမ်းသတိပေးတယ် ။ ဒီလူရိုင်းမျိုးနွယ်စုတွေကြားမှာ ညှိသည်နဲ့ပတ်သက်လာရင် တင်းတင်းကျပ်ကျပ်လိုက်နာကြတဲ့ကျင့်ဝတ်ရှိတာကိုး ။

"............ကျုပ်ဟာ..အဆွေကိုယ်တိုင်ဖိတ်ခေါ်ခဲ့တဲ့..အဆွေရဲ့အရိပ်အောက်ကဧည့်သည်ဆိုတာကိုမမေ့ပါနဲ့ဗျာ.................."

တပ်မှူးလေးရဲ့ဒီစကားကြားတော့ လူမျောက်ဖြူက ဓါးကိုချက်ခြင်းလွှတ်ချလိုက်ပြီးတောင်းပန်စကားဆိုတယ် ။

"................စိတ်မရှိပါနဲ့..အဆွေ....ဒါပေမဲ့အဆွေဟာခင်ဗျားနယ်မှာအကြီးအကဲဖြစ်သလို...ကျုပ်ဟာလဲဒီနယ်မှာတော့ဘုရင်တပါးပါပဲ......အဲဒီတော့အဆွေ့ဇနီးကို..ကျုပ်နယ်သားတွေရှေ့မှာအတင်းအကြပ်ပြန်မယူဖို့သာအကြံပေးချင်ပါတယ်..ကျုပ်ရဲ့လက်အောက်ငယ်သားတွေက..သည်းခံကြမှာမဟုတ်သလိုကျုပ်ကလဲလက်မခံနိုင်ဘူးဗျာ...ဒါပေမဲ့..အဆွေကကျုပ်ဧည့်သည်ဖြစ်နေတော့..ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းကြရအောင်..ခင်ဗျားရဲ့လေးအတတ်ကဘယ်လိုနေလဲ............"

".........မဆိုးလှပါဘူး........"

တပ်မှူးလေးက ဝင့်ဝင့်ကြွားကြွားပြန်ဖြေတယ် ။ သူကကျုပ်တို့နယ်မှာတော့ အကောင်းဆုံးလေးသမားလို့ခေါ်လို့ရတာကိုး ။

"............ဟန်ကျတာပဲ..ဒါဆိုရင်..မနက်ဖြန်ကျရင်ဒီပြဿနာကိုကျုပ်တို့ဓလေ့ထုံးတမ်းအတိုင်း...ဂုဏ်သိက္ခာရှိရှိဖြေရှင်းကြတာပေါ့.....အဲဒီအချိန်အထိတော့..ဒီမိန်းကလေးဟာကျုပ်ပစ္စည်းပဲ......."

လူမျောက်ဖြူကဒီလိုလဲပြောပြီးရော တပ်မှူးလေးရင်ခွင်ထဲကသခင်မလေးကို ဖျတ်ကနဲဆွဲယူပြီးထွက်သွားရော ။ လူမျောက်ဖြူရဲ့လက်ထဲကို တဆတ်ဆတ်တုန်ပြီး ဆုတ်ကန်ဆုတ်ကန်နဲ့ပါသွားရှာတဲ့ သူ့ဇနီးကိုကူကယ်ရာမဲ့လှမ်းကြည့်ရင်း ကျုပ်တို့တပ်မှူးလေးခမြာ လှမ်းအားပေးဖို့ကြိုးစားရှာတယ် ။

"............အကိုမင်းကိုရအောင်ပြန်ကြိုးစားမယ်..အချစ်ရယ်..စိတ်မပူပါနဲ့......ဒီတညပဲသည်းခံလိုက်ပါကွယ်......အကိုမင်းကိုကတိပေးပါတယ်....မနက်ဖြန်ပြီးရင်..တို့အိမ်ပြန်ကြမယ်.........."

လူမျောက်ဖြူရဲ့တခြားဇနီးတွေထွက်လာပြီး သခင်မလေးကိုအထဲကိုဆွဲသွင်းတော့ ရှန်းကန်ငိုယိုနေတာကိုကျုပ်တို့မှာဒီအတိုင်းထိုင်ကြည့်နေရတယ်ဗျာ ။ ရင်ထဲမှာလဲ တပ်မှူးလေးအတွက်ခံပြင်းနာကြည်းကြလွန်းလို့ ဆတ်ဆတ်တုန်နေတယ် ။ ကျုပ်တို့တွေ အားလုံးအံတကြိတ်ကြိတ်ဖြစ်နေကြတုံး လူမျောက်ဖြူကတော့ သူ့ပယောဂမပါတဲ့အတိုင်းပဲ တည်ငြိမ်လို့ ။ ကျုပ်တို့လဲ ဒီလူရိုင်းတွေရဲ့ "တိုချင်"လို့ခေါ်တဲ့သတို့သမီးခိုးခြင်းဓလေ့ကို သိတန်သလောက်တော့သိကြပါတယ် ။ လူမျောက်ဖြူက ပြန်ရှင်းပြမှအတော်ပက်စက်တဲ့ဓလေ့ဆိုတာနားလည်ရတော့တယ် ။

"...........ဒီလိုလေ..အဆွေရဲ့...ဒီမိန်းကလေးတွေအားလုံးကို..အကြီးအကဲဖြစ်တဲ့ကျုပ်ကိုယ်တိုင်...ဒီကိုယူဆောင်ခဲ့တာဗျ....တကယ်လို့ဒီမိန်းကလေးတွေက..တနှစ်တိတိနေလို့မှကျုပ်ကိုသားမမွေးပေးနိုင်ဘူးဆိုရင်ကျုပ်ရဲ့လူတွေထဲကတယောက်ကိုပေးလိုက်တာပဲ...ဒါကျုပ်တို့ဓလေ့ပဲဗျ................"

ပြီးတော့ လူမျောက်ဖြူကထပ်ပြောပြသေးတယ် ။ သူတို့လူမျိုးနွယ်စုထဲက မိန်းကလေးတွေအိမ်ထောင်ပြုချင်ရင်တော့ သူတို့ရဲ့နှစ်စဉ်ကျင်းပတဲ့လူပျိုအပျိုလှည့်ပွဲမှာ ကြိုက်တဲ့လူငယ်တယောက်ကိုရွေးပြီးရင်တောင်ပေါ်မှာသွားနေကြသတဲ့ ။ တကယ်လို့တနှစ်အတွင်း ကလေးမွေးလာရင်တော့ ကောင်လေးရဲ့မိဘတွေကိုသွားတွေ့ပြီး သူတို့ဟာလက်ထပ်ပြီးပြီဆိုတာကို အားလုံးအသိအမှတ်ပြုကြရတယ် ။ တကယ်လို့မိန်းကလေးသာ တနှစ်အတွင်းကလေးမရှိဘူးဆိုရင်တော့ ဒီကိစ္စကပြီးသွားပြီး နောက်နှစ်သစ်ကပွဲမှာ မိန်းကလေးက သူသဘောကျတဲ့သူ နောက်တယောက်ကို ထပ်ရွေးရသတဲ့ ။ မိန်းကလေး ကိုယ်ဝန်မရှိမချင်းဒီအတိုင်း တနှစ်ပြီးတနှစ်သွားနေတာဆိုပဲ ။ လူမျောက်ဖြူက သိပ်ကိုတရားမျှတတဲ့ပုံနဲ့ ပြောသေးသဗျ ။

"……….ဒီတော့..ကျုပ်လဲအဲဒီဓလေ့အတိုင်းကျင့်သုံးတာပါပဲ…တကယ်လို့မိန်းကလေးကကျုပ်နဲ့တနှစ်အတွင်းကလေးမရဘူးဆိုရင်..နောက်တယောက်ကိုလွှဲပေးလိုက်တာပါပဲ….သူလဲတခြားတယောက်နဲ့ကံစမ်းခွင့်ရှိသင့်တယ်လို့ကျုပ်ထင်တယ်လေ ……."

ဒါကိုကြားတော့ တပ်မှူးလေးခမျာ လည်ပင်းကြောတွေထောင်လာတဲ့အထိ အံကြိတ်ပြီးမေးရာတယ် ။

"……….တကယ်လို့..တချို့မိန်းကလေးက..ကိုယ်ဝန်မဆောင်နိုင်ခဲ့ရင်ရောဗျ……."

"…………ဒီလိုပဲတယောက်ပြီးတယောက်နဲ့ကံစမ်းနေတော့…တခါမဟုတ်တခါတော့ကိုယ်ဝန်ရှိလာတာပါဘဲ…လုံးလုံးကိုကလေးမမွေးနိုင်ဘူးဆိုတာကတော့ရှားပါတယ်……အဲ..လုံးဝမြုံနေရင်တော့သူတို့မျက်နှာပျက်ရတာပေါ့….တဖက်ကကြည့်ပြန်တော့လဲမိန်းမတွေအတွက်..ကလေးဟာအရေးကြီးဆုံး မဟုတ်လားဗျ…ကလေးရဖို့ဟာအိမ်ထောင်တခုမှာအဓိကပေါ့…လင်ယောကျ်ားဆိုတာတော့ချွင်းချက်ပါပဲ..အခုလဲအဆွေမြင်တဲ့အတိုင်းသူတို့အားလုံး..ကလေးကိုယ်စီနဲ့မိခင်ဖြစ်လာကြပြီးပျော်နေကြတာပါဘဲ…….."

နောက်တနေ့မှာ သခင်မလေးကိုဘယ်သူပိုင်သင့်သလဲဆိုတာကို ဆုံးဖြတ်မဲ့စွမ်းရည်ပြိုင်ပွဲမစခင်မှာ လူမျောက်ဖြူရဲ့အမိန့်အရ အထူးအစီအစဉ်အနေနဲ့ကျင်းပတဲ့ အပျိုလူပျိုလှည့်တဲ့ကပွဲနဲ့စဖွင့်တယ် ။ နယ်တခုလုံးက လူကုန်ဆိုသလိုပဲအကောင်းဆုံးအဆင်အယင်တွေနဲ့လာကြသဗျ ။ မနက်ပိုင်းကတည်းကကိုလူငယ်တွေနဲ့မိန်းကလေးတွေက အလှဆုံးပြင်ဆင်ပြီးတော့လမ်းသလားနေကြတာပဲ ။ အချိန်အခါမဟုတ်ပဲအလုပ်နားပြီးကပွဲကျင်းပရတာကို အလွန်ကျေနပ်နေကြသလိုပဲ အားလုံးပျော်လို့ရွှင်လို့ ။ ဒီကပွဲမျိုးဟာ ညဉ့်တော်တော်နက်ပြီး ကပွဲမှာတွေ့ကြတဲ့အတွဲတွေ ဒွိယံဒွိယံတောထဲကိုဝင်ကုန်မှ ပြီးတော့သတဲ့ ။ အခုတွေ့မိသမျှ လူငယ်လူရွယ်တွေ ၊ မိန်းကလေးတွေကတော့ အခုကတည်းကမျက်လုံးချင်းဆုံပြီး ရာဖွေရင်းရင်ခုန်နေကြလေရဲ့ ။

ဒီလိုနဲ့ကပွဲက ညနေလေးနာရီလောက်မှာစတယ် ။ လူမျောက်ဖြူရယ် သူ့မိန်းမတွေနဲ့ ကလေးတွေက

လဲတပျော်တပါးကြီးကြွချီလာတော့ သခင်မလေးလဲကျိုးကြည့်ကြောင်ကြည့်နဲ့ပါလာတယ် ။ လူမျောက်ဖြူကတော့ သူမနေ့ညကဝတ်ခဲ့တဲ့  ဆင်သားရေစစ်ဝတ်စစ်စားနဲ့ပါပဲ ။ မျက်နှာကလဲ ကျေနပ်နေဟန်နဲ့မော်လို့ ။ ခါးချပ်ခါးအိမ်မှာတော့ ကိုင်ဖန်များလွန်းလို့လက်ဆီတက်ပြီးပြောင်ချောနေတဲ့ ငွေနန်းခတ်ဓါးလက်ကိုင်နှစ်ခုက တဖက်တချက်ထိုးထွက်လို့ရယ် ။

ပြန်းကနဲပဲ ဆူဆူညံညံအသံနဲ့အတူ ကပွဲလဲကိုးယို့ကားယားစတော့တာပဲ ။ ကပွဲလုပ်တဲ့ကွင်းပြင်အလယ်ကပေငါးဆယ်လောက်မြင့်မဲ့ အလံတိုင်အောက်မှာဝိုင်းထိုင်ပြီး မြွေရေဖုံတိုကိုနားအူလာအောင်တီးတဲ့သူကတီး ၊ နဲ့ကြီးကိုနားကွဲမတတ် မှုတ်တဲ့လူကမှုတ်လိုက်တာနဲ့  အပြင်းအထန်ကကြတော့တာပါပဲ ။ နဲ့ဆိုလို့ သူတို့နဲ့ကြီးတွေကအတော်ဆန်းသဗျာ ။  အရှည်ကငါးပေလောက်ရှိပြီး အသံနိမ့်နိမ့်ဆွဲဆွဲငင်ငင်နဲ့များမှုတ်လိုက်ရင် မိုင်ဝက်လောက်ကနေ အသာလေးကြားရတယ်  ။ ဒါနဲ့ကပွဲလဲစရော ယောက်ျားကြီးတွေကလှံကိုမြေကြီးပေါ် ဆောင့်ဆောင့်ချပြီးစည်းချက်လိုက်တော့  မိန်းကလေးတွေကအလံတိုင်ကိုဝိုင်းကြီးပတ်ပတ်လက်ချင်းဆက်လို့ ကကြတော့တာပဲ ။  ပန်းထိုးထားတဲ့သူတို့ရဲ့ မင်္ဂလာပုဝါအနီရဲလေးတွေကတော့ လေထဲမှာ တဖျတ်ဖျတ်ဝဲလို့ ။ ဒီမင်္ဂလာပုဝါဆိုတာက မိန်းကလေးတိုင်းမှာရှိပြီး  သူတို့ရဲ့အရည်အချင်းကိုပြသတဲ့အနေနဲ့ ပန်းတွေဆန်းဆန်းကြယ်ကြယ် ထိုးထားတတ်ကြတယ် ။ အဲ..ကနေတဲ့မိန်းမပျိုတွေနားမှာတော့အမေတွေ ၊ ယောက်ျားပျိုတွေကဝိုင်းပြီး လက်ခုတ်သံတညံညံနဲ့ ဩသံပေးနေကြသဗျ ။ တကယ်လို့ မိန်းကလေးကသူကြိုက်တဲ့ယောက်ျားလေးကို ကရင်းခုန်ရင်းတွေ့လိုက်ရင် သူ့မင်္ဂလာပုဝါကိုအဲဒီတယောက်ဘက်လှမ်းဝှေ့ယမ်းလိုက်ရော ။ တကယ်လို့ယောက်ျားလေးကလဲ ပြန်သဘောကျမယ်ဆိုရင်အဲဒီပုဝါကိုလှမ်းဖမ်းဆွဲလိုက်ပြီး ကပွဲထဲဝင်ပါတော့တာပါပဲ ။ ဒီလိုနဲ့ ဆိုကြ ၊ ကကြ ၊ မထိတထိပြောကြရယ်ကြမောကြနဲ့  တော်တော်နဲ့ကိုမပြီးနိုင်ဘူး ။ နောက်တော့ ကနေကြတဲ့မိန်းကလေးတွေရဲ့ ပုဝါအနီရဲရဲလေးတွေကို ဆွဲကိုင်ထားတဲ့ အတွဲတွေများသထက်များလာတယ် ။

လူမျောက်ဖြူတို့ အိမ်သားအုပ်ကြီးထဲက သခင်မလေးကိုကျုပ်အမှတ်တမဲ့လှမ်းကြည့်လိုက်တော့ ကပွဲကိုအင်မတန်စိတ်ဝင်စားဟန်နဲ့ ငေးနေတာတွေ့ရတယ် ။   ကျုပ်တို့တပ်မှူးလေးခမြာမှာတော့ ဖင်တကြွကြွနဲ့စွမ်းရည်ပြိုင်ပွဲကျင်းပစေချင်လှပြီဖြစ်ပေမဲ့ လူမျောက်ဖြူကတော့ အပူအပင်ကင်းစွာကနေကြတာကို

ပျော်ပျော်ရွှင်ရွှင်ကြည့်လိုက် အရက်တခွက်ပြီးတခွက်သောက်လိုက်လုပ်နေသဗျာ ။ အင်း...သူ့အနေနဲ့အဆိုးဆုံးပြောရင် ဖနီးအများကြီးထဲကတယောက်ကို ပြန်ပေးလိုက်ရတာကလွဲလို့ ဘာမှပိုမထူးပေဘူးကိုး ။ နောက်ဆုံးကပွဲကတဖြည်းဖြည်းငြိမ်လာမှ ခပ်အေးအေးနဲ့တပ်မှူးကလေးဘက်ကိုလှည့်ပြီးဆိုတယ် ။

"………အဆွေဟာ..ခင်ဗျားရဲ့နယ်မှာအကြီးအကဲတပ်မှူးတယောက်ဖြစ်တယ်ဆိုတာ..ကျုပ်သိပါတယ်..ဒီတော့..အကြီးအကဲအချင်းချင်းကြားမှာ..အဆွေ့အပေါ်ကျုပ်မတရားလုပ်သလိုမဖြစ်ချင်ဘူး…..ဒီတော့ကျုပ်တို့ရိုးရာဓလေ့အရလေးပစ်ပြိုင်ပြီး..အဆွေ့ဖနီးကိုဘယ်သူရသင့်သလဲဆိုတာဆုံးဖြတ်ကြရအောင် ဒီပွဲမှာနိုင်သူက..မိန်းမလှလေးကိုလဲပိုင်ရပေမပေါ့….ကဲ…စလိုက်ကြရအောင်……….”

ဒါနဲ့လူမျောက်ဖြူက သူ့မယားတယောက်ရဲ့မင်္ဂလာပုဝါကို လှမ်းတောင်းလိုက်ရင်း ပြိုင်ပွဲရဲ့စည်းမျဉ်းစည်းကမ်းတွေကိုရှင်းပြတယ် ။ သူတို့နယ်မှာ မိန်းကလေးတယောက်တည်းကို ယောကျ်ားနှစ်ယောက်ကစိုင်းလုကြရင် ဒီလိုပဲလေးပစ်ပြိုင်ပြီးဖြေရှင်းကြသတဲ့ ။ အခုလေးပစ်ပွဲမှာ ပစ်မှတ်အနေနဲ့အသုံးပြုမှာကတော့ လက်ရာမြောက်မြောက်နဲ့မြွေပုံပန်းထိုးထားတဲ့ ခုနကမင်္ဂလာပုဝါလေးပေါ့ ။ အဲဒီပုဝါကို ကပွဲအလယ်က ပေငါးဆယ်မြင့်တဲ့အလံတိုင်မှာ တက်ချိတ်ရမှာ ။ အဲ .. ပုဝါပေါ်ကပန်းထိုးထားတဲ့ မြွေရုပ်ရဲ့မျက်လုံး ဒါမှမဟုတ် မျက်လုံးအနားကို အကပ်ဆုံးပစ်နိုင်သူက အနိုင်ရမှာပဲ ။

ဒါနဲ့လေးပစ်ပွဲစဖို့ပြင်ကြတော့ ခုနကပုဝါလေးကိုတိုင်ပေါ်တက်ချိတ်ကြတယ် ။ ပုဝါအနီရဲကလေးက ညနေလေပြည်ထဲမှာ တနွဲ့နွဲ့ယိမ်းလို့ ။ တိုင်ပတ်လည်မှာလဲ တနယ်လုံးက ကလေးလူကြီးနဲ့တောထဲဝင်မဲ့အတွဲတွေပါမကျန် စိတ်ဝင်တစားနဲ့စောင့်မျှော်ကြည့်နေကြတာ တကွင်းလုံးငြိမ်သက်နေတာပဲ ။ သူတို့ဆီမှာ ချစ်ရေးချစ်ရာကိစ္စက သိပ်ပွင့်လင်းလွတ်လပ်တော့ ဒီလိုသုံးပွင့်ဆိုင်ဇတ်လမ်းနဲ့ မိန်းမလုတာမျိုးကသိပ်ရှိခဲတာကိုး ။ လူမျောက်ဖြူက ပေါ့ပေါ့ပါးပါးပဲ တပ်မှူးလေးကိုလှမ်းတိုင်ပင်သေးတယ် ။

"……….အကွာအဝေးကို..ကျုပ်တို့ဘယ်လောက်..သတ်မှတ်ရင်ကောင်းမလဲ..အဆွေ….ခြေလှမ်းတရာ

ဆိုရင်တော်လောက်ပြီထင်တယ်...ခင်ဗျားအမြင်ကရော...............”

တပ်မှူးလေးက ခဏတွေဝေနေပြီးမှ ခြေလှမ်းတရာအကွာအဝေးကို သဘောတူလိုက်တယ် ။ ညနေ လေညှင်းထဲမှာ တဖျတ်ဖျတ်ယိမ်းခါနေတဲ့ ပုဝါသေးသေးလေးပေါ်က မြွေရုပ်မျက်လုံးကို ခြေလှမ်းတရာ အကွာအဝေးကနေ လေးနဲ့ထိအောင်လှမ်းပစ်ဖို့ဆိုတာကတော့ လက်တည့်တာ မတည့်တာထက် ကံက တောင်ပိုအရေးပါမယ်လို့ ကျုပ်တော့ထင်မိတာပဲ ။ ဒါနဲ့ကျုပ်တို့ဆီက သိမ်းသွားတဲ့လက်နက်တွေထဲက တပ်မှူးလေးရဲ့လေးနဲ့မြားကျည်တောက်ကို ပြန်လာပေးကြတယ် ။ မြွေရေဖုံတွေကလဲတခါဆူညံလာပြီး လူအုပ်ကြီးကတော့ အပ်ကျတာတောင်ကြားရမတတ် ငြိမ်သက်လို့ ။ သခင်မလေးကတော့ အခုမှပဲသူ့ လွတ်မြောက်ရာလမ်းဟာ ခင်ပွန်းတပ်မှူးလေးရဲ့လေးပညာပေါ်မှာ မူတည်နေတယ်ဆိုတာကိုနားလည် သွားဟန်နဲ့ သွေးဆုတ်ဖြူရော်လို့ တပ်မှူးလေးကိုသာစိုက်ကြည့်နေတော့တယ် ။ ပြိုင်ပွဲရဲ့စည်းကမ်းအရ တပ်မှူးလေးက သုံးကြိမ်သုံးခါ ပစ်ခွင့်ရှိသတဲ့ ။

တကယ်ဆိုကျုပ်တို့တပ်မှူးလေးက အလွန်လက်ဖြောင့်တဲ့လေးသည်ကျော်ပါ ။ ကျုပ်မျက်စိရှေ့မှာတင် တော်တော်မြင့်မြင့်မှာပျံနေတဲ့ငှက်တွေကို ပစ်ချတာခဏခဏတွေ့ဖူးတယ် ။ ဒါပေမဲ့ငှက်ဆိုတာကတသ မတ်တည်းငြိမ်ငြိမ်ပျံတာကိုး ။ လေအဟုန်မှာ လွင့်ပါးနေတဲ့ပုဝါနဲ့တော့မတူပြန်ဘူး ။ ဒါနဲ့တပ်မှူးလေးလဲ မြွေခေါင်းကိုချိန်ပြီး တိုင်နဲ့ခပ်ကပ်ကပ်ဘက်ကို မြားကိုလွှတ်လိုက်တယ် ။ ရှီကနဲအသံနဲ့အတူ မြားကလဲ အပြေး လေကပင့်လိုက်တော့ ပုဝါကလဲတဖက်ကိုအလွင့်နဲ့ လွတ်လွတ်ကျွတ်ကျွတ်ကြီးကိုလွဲလို့သွားပါ လေရော ။ သွားပြန်ပေါ့ တကြိမ်တော့ ။ လူမျောက်ဖြူကတော့ တပ်မှူးလေးကိုအားပေးသလိုလှမ်းပြုံးပြ ရင်း ခပ်အေးအေးဆိုတယ် ။

“.........လေလာရာဘက်ကို..အဆွေဂရုမပြုမိလို့ပါ............”

ဒါနဲ့တပ်မှူးလေးနောက်တချက်ပစ်ဖို့ အသေအချာချိန်ရွယ်ပြန်တယ် ။ ဒီတခေါက်တော့ ကံနည်းနည်းပို ကောင်းလာတယ်ဆိုရမယ် ။ တပ်မှူးလေးရဲ့ မြားက မြွေရုပ်ရဲ့ ကုပ်ပိုးအထက်ပိုင်းကို ဖောက်ထွက်သွား

တာကိုး ။ လူမျောက်ဖြူက ဝမ်းသာအားရချီးမွမ်းသဗျ ။

"...........ကောင်းလိုက်တဲ့လက်ဗျာ...ကဲ..နောက်ဆုံးတခါကျန်သေးသဗျို့...........''

နောက်ဆုံးတချက်ကတော့ လွတ်လွတ်ကျွတ်ကျွတ်ကြီးလွဲသွားပြန်သဗျာ ။ ဒီတော့မှလူမျောက်ဖြူက အင်မတန်ကြီးမားတဲ့သူ့သမင်ချိုလေးကြီးကို ကလေးကစားစရာအလားအလွယ်တကူဆွဲလို့ သူ့နေရာက ထလာတယ် ။ မျက်နှာကလဲ ဟန်တပ်မျိုးတယောက်နဲ့ စွမ်းရည်ချင်းယှဉ်ပြိုင်ရတဲ့အတွက် အလွန်ကျေနပ်နှစ်သိမ့်နေပုံပဲ ။ ပြီးတော့ ခြေလှမ်းတရာအကွာအဝေးမှာ မလှုပ်မယှက်ရပ်လို့လေးညို့တင်ပြီးစောင့်တယ် ။ မျက်လုံးကတော့ ပုဝါကိုပဲမမှိတ်မသုန်ကြည့်နေတာ ။ ရုတ်တရက်ပုဝါစလေးလွင့်လာတော့မလို အချိန်မှာပဲ မြှားကိုလွှတ်လိုက်တော့ မြွေရုပ်ရဲ့ခေါင်းတည့်တည့်ကိုဖောက်ထွက်သွားရော ။

ဝိုင်းအုံကြည့်နေကြတဲ့လူအုပ်ကြီးကတော့ ဘာပြောကောင်းမလဲ မြေတုန်မတတ်ကြွေးကြော်သံပေးပြီး မြွေရေဗုံတိုတွေကိုလဲ နားကွဲမတတ်ကိုတီးလို့အောင်ပွဲခံကြတယ် ။ သုံးခါပစ်ခွင့်ရှိတယ်ဆိုပေမဲ့ ပွဲကပြီးနေပြီဆိုတော့ ပုဝါစကိုတက်ဖြုတ်ပြီး မြှားရာတွေကိုစစ်ကြတာပေါ့ ။ အသေအချာ အမှတ်အသားပြုထားတဲ့မြှားချက်တွေကတော့ ရှင်းနေတာပါပဲ ။ တပ်မှူးလေးရဲ့မြှားချက်က မြွေရဲ့ကုပ်ပိုးမှာရှိနေပြီး လူမျောက်ဖြူရဲ့မြှားကတော့ မြွေရုပ်ရဲ့ဘယ်ဘက်မျက်လုံးတည့်တည့်ပဲ ဖောက်ထွက်သွားတာကို ရှင်းရှင်းလင်းလင်းမြင်နေရတာပဲဟာ ။ တပ်မှူးလေးခမြာ မျက်နှာပျက်ယွင်းပြီးရင်ထဲမှာဆို့နေဟန်နဲ့ တံတွေးကိုခက်ခက်ခဲခဲမြိုချနေချိန်မှာ သခင်မလေးကတော့သည်းအူပြတ်မလိုငိုရှာတော့တာပါပဲ ။ ပွဲကတော့ တရားမျှမျှတတနဲ့ပြီးသွားခဲ့ပြီကိုး ။ အကျိုးဆက်ကိုကျုပ်တို့လက်ခံကြရုံကလွဲလို့ ဘာတတ်နိုင်ဦးတော့မှာလဲ ။ လူမျောက်ဖြူကတော့တည်တည်ငြိမ်ငြိမ်နဲ့ တပ်မှူးလေးကိုနှစ်သိမ့်သေးတယ် ။

"............စိတ်မကောင်းပါဘူး..အဆွေ.....ခင်ဗျားရဲ့လေးပညာဟာလဲသိပ်ကောင်းတယ်ဆိုတာ..ကျုပ်သံသယမရှိပါဘူး.............''

ပြန်ဖို့ပြင်ကြရတော့ သခင်မလေးနဲ့တပ်မှူးလေးတို့ နှုတ်ဆက်ကြရတာကိုကြည့်ရင်း ကျုပ်တို့လို စစ်သားရင့်မကြီးတွေတောင် မျက်ရည်လည်မိကြတယ် ။ သခင်မလေးခမြာ မြေပေါ်မှာလူးလိမ့်ရင်း ရှိုက်ကြီးတငင်ငိုကြွေးရှာတော့ တပ်မှူးလေးမှာ မေးကြောတွေထောင်ထတဲ့အထိ အံကြိတ်ပြီးမျက်နှာလွှဲထားလေရဲ့။ ယောကျာ်းဆိုတော့ ရင်ထဲကခံစားချက်ကိုမပြမိအောင်တတ်နိုင်သလောက်ကြိုးစားရှာဟန်ရပေမဲ့ နီရဲနေတဲ့မျက်လုံးအိမ်တွေ၊ ထောင်ထနေတဲ့နားထင်ကြောတွေနဲ့ တဆတ်ဆတ်တုန်နေတဲ့နှုတ်ခမ်းတွေကိုကြည့်ရင် သူ့ခမြာဘယ်လောက်ခံစားနေရသလဲ ဆိုတာသိသာပါတယ် ။ ဒါနဲ့ကျုပ်တို့တွေ ခံတပ်တံခါးဝအနားပြန်ရောက်လာတော့ လက်နက်တွေကိုပြန်ယူခွင့်ပေးကြတယ် ။ လူမျောက်ဖြူကတော့ တံခါးဝနားထိလိုက်ပို့ရင်း တပ်မှူးလေးကိုရေးဟောင်းကြေးနီဖုံတိုလေးတလုံးလက်ဆောင်ပါးလိုက်သေးသဗျ ။ ပြီးတော့ တပ်မှူးလေးပုခုံးကိုရင်းရင်းနှီးနှီးပွေ့ဖက်ရင်းဆိုတယ် ။

"............ကျုပ်ကိုဗွေမယူစေချင်ဘူးဗျာ.....အဆွေနဲ့ကျုပ်..မိတ်ဆွေတွေအဖြစ်နဲ့သာခွဲခွာချင်ပါတယ် နောက်နှစ်ကျရင်ကျုပ်တို့နယ်ကိုလာခဲ့ပါဦး....တကယ်လို့..အဲဒီအချိန်အထိအဆွေရဲ့ဇနီးဟာကျုပ်ကိုသားရတနာမမွေးပေးနိုင်သေးဘူးဆိုရင်..အဆွေသူ့ကိုပြန်ပိုင်ဆိုင်ခွင့်ရစေရပါမယ်.....ကျုပ်ကတိပေးပါတယ်........"

တကယ်လဲကျုပ်တို့တပ်မှူးလေးဟာ နောက်တနှစ်မှာကျုပ်တို့ကိုအဖော်ပြုပြီး လူမျောက်ဖြူရဲ့နယ်ကိုအရောက်ပြန်သွားခဲ့ပါတယ် ။ ဒါပေမဲ့ကျုပ်တို့အဲဒီကိုရောက်တော့ သခင်မလေးကိုလူရိုင်းမလေးလိုဝတ်ဆင်ပြီး ကလေးတယောက်ကိုနို့ထိုင်တိုက်နေတာတွေ့လိုက်ရသဗျ ။ သူ့ကိုကြည့်ရတာ ပျော်လို့ ရွှင်လို့ တပ်မှူးလေးကိုလဲ ဂုဏ်တယူယူနဲ့သူ့သားလေးကိုပြနေသေးတယ် ။ နားမလည်နိုင်ရှာတော့တဲ့ တပ်မှူးလေးခမျာ သူ့ဇနီးကိုအိမ်ပြန်လိုက်လာဖို့ ပြောကြည့်ပါသေးတယ် ။

"............အချစ်ရယ်..မင်းအကို့ကိုမလွမ်းဘူးလား....မင်းရဲ့အိမ်တော်ကိုရောမပြန်ချင်ဘူးလားကွယ်..... မင်းအိမ်ပြန်လိုက်ခွင့်ရအောင်..အကိုလူမျောက်ဖြူနဲ့ဆွေးနွေးကြည့်ပါဦးမယ်.........."

သခင်မလေးက အံ့သြစရာကောင်းလောက်အောင် ပြတ်ပြတ်သားသားပဲငြင်းဆိုသဗျ ။

"………….ဟင့်အင်း..ကျွန်မပြန်မလိုက်ချင်ဘူး….သားလေးနဲ့လဲမခွဲနိုင်တော့ဘူး..အကိုသာကိုယ့်ဟာ ကိုယ်အိမ်ကောင်းကောင်းပြန်ပါ…ဒီကိုလဲထပ်မလာပါနဲ့တော့ရှင်…ကျွန်မကိုမေ့လိုက်ပါတော့…….."

တပ်မှူးလေးခမျာ သူ့နားသူမယုံနိုင်ဘဲထပ်မေးရှာတယ် ။

"………..ဘယ်လိုပြောလိုက်တာလဲ..အချစ်ရယ်…..မင်းဒီမှာပျော်နေတယ်လို့ဆိုလိုချင်တာလား…မင်းလူ မျောက်ဖြူကြီးကိုရော…ကိုယ့်ထက်ပိုချစ်သွားပြီဆိုတဲ့သဘောလား…………..''

"……………ဟင့်အင်း..ချစ်လား..မချစ်လားဆိုတာတော့ကျွန်မ..မသိဘူး…ကျွန်မသိတာက..သူကသား ရဲ့အဖေဆိုတာပဲ…သူတို့သားအဖကိုကျွန်မပစ်မသွားနိုင်ဘူး….အကိုပြန်ပါတော့….ကျွန်မဒီမှာပဲနေခဲ့ချင် တယ်……….''

ဒီစကားကြားလိုက်ရတော့ တပ်မှူးလေးဟာပစ်လဲကျသွားမလိုတောင် ယိုင်သွားတယ် ။ လူမျောက်ဖြူ ရဲ့အိမ်ထောင်ပြုပုံဟာ သူထင်သလောက်တော့မိုက်မဲရာမကျသေးဘူးဆိုတာလဲ သဘောပေါက်သွားပုံ ပဲ ။ နောက်ဆုံးမှာတော့ ဟန်လူမျိုးတွေက အရိုင်းအစိုင်းတိရစ္ဆာန်လိုသဘောထားကြတဲ့ လူရိုင်းမျိုးနွယ် တယောက်ကို တပ်မှူးရင့်မကြီးဖြစ်တဲ့သူ့အနေနဲ့လုံးလုံးကြီးရှုံးသွားပြီဆိုတာလဲ နားလည်သွားရှာတယ် ။ လူရိုင်းမျိုးနွယ်စုတခုလုံးရှေ့မှာ အရှက်တကွဲအကျိုးနည်းဖြစ်ရတဲ့ ဒီနောက်ဆုံးထိုးနက်ချက်ဟာ တပ်မှူး လေးရဲ့ရင်ထဲကိုအပြီးသတ်ထိုးနှစ်လိုက်တဲ့ ဓါးချက်ပါပဲ ။ သူ့ခမျာမှာ ဒီလိုမျက်နှာပျက်သိက္ခာကျခဲ့ရတဲ့ အပြင် အချစ်ဦးကိုပါဆုံးရှုံးခဲ့ရတဲ့အဖြစ်အပျက်ကနေ ဘယ်တော့မှနာလန်မထူတော့ပဲ ဘဝကိုအထိန်း အကွပ်မဲ့စွာနဲ့ရေစုံမျောလို့သာ နေတော့တယ် ။ ဒါပါပဲဗျာ ။ အဲဒီနောက်မှာတော့ ကျုပ်တို့တပ်မှူးလေး ချူယန်ဟာ အရင်ကနဲ့မတူဘဲ လုံးလုံးပြောင်းလဲသွားတော့တာပါပဲ ။ ''

●●●●●●●●●●●●●●●●●



## The Stranger's Note

From the Ch'ingp'ingshan T'ang collection. No.2, Ch'ingp'ingshan T'ang was the name of the publishing house. These huapen or story-tellers copies apparently could be sold separately, for there was no general title for the book, and both literary and vernacular stories are found in it. As usual no author's name is given. The original of this story bears there alternate titles, "The Monk who sent the note," "Auntie Hu" and "A misdelivered Note" and the subtitle "Kungan Ch'uan-chi", which means that it was a crime and mystery story. It was,therefore,a popular teachouse story, going under several names. The same story is also found in another collection, Kuchin Shiaoshuo. The next best crime story I have come across is " Tsui Ning Wrongly Executed" in the other Sung story-tellers' copies, the Chingpen T'ungshu Hsiaoshuo. The original shows the "stranger" as a through cheat and villain disguised as a monk. Besides omitting and supplying some details, I have switched the reader's sympathy to the stranger and made the wife stick to him instead of going back to her first husband, which was more satisfactory to a Chinese audience. (The wife in the original was a suffering, submissive woman, doing nothing on her own initiative.) Otherwise, this version follows the main outline of original.

## ၃ ။ လူစိမ်းရဲ့စာ

အချိန်ကတော့ နေ့လည်မွန်းတည့်စပဲ ။ အပြင်ဘက်မှာ သိပ်ပူတော့ လမ်းပေါ်မှာဖြတ်သွားဖြတ်လာမရှိသလောက်ပေါ့ ။ အရှေ့ပိုင်းမြို့တော်ရဲ့အကောင်းဆုံးစားသောက်ဆိုင်တွေစုနေရာ နေရာဖြစ်တဲ့ ဈေးနားက နှစ်လမ်းအကွာမှာ ဝမ်အော်ရဲ့လက်ဘက်ရည်ဆိုင်ရှိတယ် ။ မနက်ပိုင်းဒီလက်ဘက်ရည်ဆိုင်ကိုလာပြီးမနက်စာစား ၊ လက်ဘက်ရည်သောက်ရင်း သတင်းတွေအတင်းတွေလာဖလှယ်ကြတဲ့လူအုပ်ကြီးလဲနေ့လည်စာစားဖို့လူစုကွဲစပြုတော့ ဆိုင်ထဲမှာရှင်းစပြုပြီ ။ ဆိုင်ရှင်ဝမ်အော်လဲ အခုမှပဲဆေးကြောသိမ်းဆည်းပြီး ဆေးတဆုံနဲ့ထိုင်နားမလို့ရှိသေး ၊ ဆိုင်ထဲကိုလာနေကျဖောက်သည်မဟုတ်တဲ့ အရပ်မြင့်မြင့်နဲ့သားသားနားနားဝတ်ဆင်ထားတဲ့လူတယောက် ဝင်လာပါသတဲ့ ။ ဒီလူစိမ်းရဲ့မျက်နှာပေါ်မှာအထူးခြားဆုံးကတော့ မည်းနက်ပြီးထူတန်းနေတဲ့မျက်ခုန်းစိမ်းစိမ်းတွေရယ် ၊ ဖိတ်ဖိတ်တောက်နေတဲ့မျက်လုံးနက်နက်တွေရယ်နဲ့ နှာခေါင်းကောကောလန်လန်ရယ်ပါပဲ ။

ဒီလူ့ကိုဝမ်အော်တခါမှမမြင်ဖူးတော့ ဒီအနီးအနားကမဟုတ်ဘူးလို့ ကောက်ချက်ချမိတယ် ။ အံ့သြတာမျိုးတော့မရှိပါဘူး ။ လက်ဘက်ရည်ဆိုင်ဆိုတာ လူစုံလာတဲ့အမျိုးကိုး ။ ဒါကြောင့်လဲ လက်ဘက်ရည်ဆိုင်ဖွင့်ရတာကိုဝမ်အော်ကသိပ်သဘောကျတယ် ။ လူစုံ ၊ အဖြစ်အပျက်အစုံကို မြင်ရကြားရတော့ သိပ်စိတ်ဝင်စားဖို့ကောင်းတာကိုး ။ လာလိုက်တဲ့လူတွေဆိုတာလား မိသားစုတွေ ၊ စီးပွားရေးသမားတွေ စာပေပညာရှင်တွေ ၊ နယ်လှည့်အရောင်းသမားတွေ ၊ လောင်းကစားသမားတွေ ၊ လမ်းသွားလမ်းလာတွေနဲ့ ကုန်ကုန်ပြောရင် ဂျပိုးသူခိုးတွေပါမကျန် သူ့ဆိုင်မှာအစံတွေ့နိုင်တယ် ။ ဒါနဲ့ ခုနကလူစိမ်းဘက်ကို စကားဦးပြန်လှည့်ရရင် သူကလူမြင်မခံချင်ဟန်နဲ့ ဆိုင်အတွင်းဘက်ကျကျကစားပွဲကိုရွေးထိုင်သတဲ့ ။ သူ့ကိုကြည့်ရတာနည်းနည်းလဲစိတ်လှုပ်ရှားနေသလိုထင်ရတယ် ။ ဝမ်အော်တောင်မှ လက်ဘက်ရည်သွားချဖို့စိတ်ကူးလိုက်ပေမဲ့ လူစိမ်းကိုကြည့်ရတာ အတွေးလွန်နေသလိုမျိုးမို့ ခဏနေမှပဲသွားမေးပါတော့မယ်ဆိုပြီးထားလိုက်ရော ။ အဲဒီအချိန်မှာပဲ လက်ဘက်ရည်ဆိုင်ရှေ့ကလမ်းထဲကို ငုံးကြော်သည်လေးတယောက်ရောက်လာပြီး တကြော်ကြော်အော်ရောင်းနေတယ် ။

"………ဟောဒီက…..ငုံးကြော်ခင်ဗျ…..ငုံး…ကြော်……ကြွပ်ကြွပ်ရွရွငုံးကြော်ပူပူလေးရမယ်……."

 အပြင်ကအသံကြားတော့ လူစိမ်းက ငုံးကြော်သည်လေးကို လက်ဘက်ရည်ဆိုင်အထဲ လှမ်းခေါ်သတဲ့ ။ ကတုံးပြောင်နဲ့ငုံးကြော်သည်ကောင်လေးဟာ ဝမ်းသာအားရနဲ့ဆိုင်ထဲဝင်လာပြီး စားပွဲပေါ် ဗန်းလေးချလို့ ငုံးကြော်တွေကိုတုတ်နဲ့သီပြီး ဆားပါးပါးဖြူးပြီးလူစိမ်းကိုပေးတယ် ။

"…………သခင်လေး…ဒီမှာငုံးကြော်ရပြီ………."

"…………အေး..အေး…စားပွဲပေါ် သာတင်ထားလိုက်….မင်းနာမည်ဘယ်လိုခေါ် လဲကွဲ့…………"

ဆိုပြီးလူစိမ်းကမေးနဲ့ ငုံးကြော်သည်လေးက ရှက်ပြုံးပြုံးပြီးဆိုတယ် ။

"…………လူတွေကကျွန်တော့်ကို..ကိုရင်လေးလို့ခေါ် ကြတာပဲ…ကတုံးနဲ့မို့တဲ့………"

"…………အေး…ကိုရင်လေးရေ…မင်းဒီနေ့အဖို့..အပိုမုန့်ဖိုးအများကြီးမလိုချင်ဘူးလားကွယ်…………"

လူစိမ်းကဒီလိုမေးတော့ ငုံးကြော်သည်လေးက မျက်လုံးတွေတောက်ပလာပြီးဖြေတယ် ။

"……………လိုချင်တာပေါ့..သခင်လေးရာ….နေပူလွန်းတော့..ဈေးရောင်းမကောင်းလှဘူးဗျ…………"

"……………ဒါဆိုရင်..မင်းငါခိုင်းတဲ့ကိစ္စတခုလုပ်ပေးနိုင်မလားကွယ်….မင်းတနေကုန်ဈေးရောင်းရတဲ့ အမြတ်ထက်ငါအများကြီးပိုပေးပါ့မယ်…………"

ဆိုပြီးပြောပြောဆိုဆိုနဲ့ အရပ်မြင့်မြင့်လူစိမ်းက လမ်းထောင့်ကနေရေလိုက်ရင် လေးအိမ်မြောက်လက်

ဘက်ရည်ဆိုင်နဲ့ မျက်နှာချင်းဆိုင်အိမ်ကြီးတအိမ်ကို လမ်းညွှန်းထိုးပြပြီးမေးသတဲ့ ။

"................မင်း..အဲဒီအိမ်ကအိမ်ရှင်တွေကိုသိလား.............."

"................သိတယ်..သခင်လေး...အဲဒီအိမ်ရဲ့အိမ်ရှင်သခင်ကြီးဟွမ်ဖူဆိုတာက..ရွှေနန်းတော်က မှူးမတ်တွေရဲ့ဝတ်စုံကိုကြီးကြပ်ရတဲ့အရာရှိကြီးတဲ့ဗျ............"

"..............ဟုတ်လား......အဲဒီအိမ်မှာအိမ်သားရော..ဘယ်နှစ်ယောက်ရှိသလဲကွဲ့.................."

"............ကျွန်တော်မြင်သလောက်ကတော့..သုံးယောက်ပဲခင်ဗျ...အရာရှိသခင်ကြီးဟွမ်ဖူရယ် သူ့ဇနီးသခင်မလေးရယ် ၊ ပြီးတော့သူတို့ရဲ့ကျွန်မလေးတယောက်ရယ်..ဒါပဲရှိတယ်.........."

"............သြော်...သြော်....မင်းအဲဒီအိမ်က..သခင်မလေးကိုရောသိသလားကွဲ့............."

".............သခင်မလေးက..အိမ်ပြင်ထွက်လေ့တော့သိပ်မရှိပေမဲ့..ကျွန်တော့ဆီကငုံးကြော်တွေမကြာ ခဏဝယ်စားတတ်တော့ကောင်းကောင်းမြင်ဖူးပါတယ်...ဘာဖြစ်လို့လဲ..သခင်လေး..............."

လူစိမ်းကချက်ခြင်းပြန်မဖြေပဲ လက်ဘက်ရည်ဆိုင်ပိုင်ရှင်ဝမ်အော်ဖက်ကို လှမ်းအကဲခတ်ပြီးသူကြည့် မနေတာသေချာမှ ခါးကြားကငွေအိတ်ထုတ်ပြီး ငုံးကြော်ဗန်းထဲကို ငွေစငါးဆယ်အရင်ပစ်ထည့်ပေး လိုက်သတဲ့ ။ ပြီးမှမယုံနိုင်သလို ငေးကြည့်နေတဲ့ ငုံးကြော်သည်လေးကို ပြောတယ် ။

"............ဒါမင်းအတွက်ပဲ........."

ပြီးတော့ လူစိမ်းက ငုံးကြော်သည်လေးကို အထုတ်လေးတခု ပြသတဲ့ ။ အထုတ်လေးထဲမှာ ရွှေမျှင်မျှင်

လေးတွေနန်းခတ်ထားတဲ့လက်ကောက်လေးတစ်စုံရယ်၊ ကျောက်စီဆံထိုးလှလှနှစ်ချောင်းရယ်နဲ့စာတို တစောင်ပါတယ်။ အထုတ်လေးကို ငုံးကြော်သည်လေးလက်အပ်လိုက်ရင်း လူစိမ်းကသေသေချာချာ မှာတယ်။

"..........မင်းဒီအထုတ်လေးကို..ဟိုအိမ်ကိုယူသွားပြီး..သခင်မလေးရဲ့လက်ထဲကိုအရောက်ထည့်ခဲ့ကွဲ့ ဒါပေမဲ့..သူ့ခင်ပွန်းအရာရှိဟွမ်ဖူလက်ထဲတော့မရောက်စေနဲ့နော်..ငါမှာတာမှတ်မိလား..ပြန်ပြောပါဦး..."

"..........ဟုတ်ကဲ့..မှတ်မိပါတယ်..သခင်လေး...ဒီအထုတ်လေးကိုသခင်မလေးလက်ထဲပဲထည့်ရမယ်... သခင်ကြီးဟွမ်ဖူကိုမပေးရဘူး........"

"............အေး....ဟုတ်ပြီ...မင်းဒီအထုပ်ကိုသခင်မလေးကိုပေးပြီးရင်..သူဘာပြောသလဲဆိုတာကိုသေ ချာနားထောင်ခဲ့ကွဲ့.....တကယ်လို့သူကမင်းနဲ့အတူငါ့ဆီလိုက်မလာခဲ့ရင်..သူပြောလိုက်တာကိုသေချာ မှတ်ပြီးငါ့ကိုပြန်လာပြောပြရမယ်....ဟုတ်ပြီလား........."

ဒါနဲ့ငုံးကြော်သည်လေးလဲ ဝမ်းသားအားရနဲ့အထုတ်လေးကိုင်ပြီး ဟိုအိမ်ကိုပြေးတော့တာပဲ။ လွယ် လွယ်နဲ့ငွေစငါးဆယ်ရမဲ့ကိစ္စကိုး ။ ဒါနဲ့သူလဲအိမ်ရှေ့ခန်းဆီးကိုအသာလှပ်ပြီးချောင်းလိုက်တာနဲ့ အိမ်ရှင် ဟွမ်ဖူကညှော်ခန်းထဲမှာထိုင်ပြီး သူ့ကိုတည့်တည့်ကြီးကြည့်နေတာနဲ့တိုးပါရော ။ အရာရှိဟွမ်ဖူဆိုတာက အသက်လေးဆယ်ကျော်လောက်ရယ် ။ ဂင်တိုတို နဲ့လေးထောင့်မျက်နှာကြီးမှာ မျက်နှာထားဆိုးဆိုးလူ ပေါ့ ။ သူကတာဝန်နဲ့ ရွှေနန်းတော်ကြီးမှာသုံးလလုံးလုံးသွားနေပြီး အိမ်ပြန်ရောက်တာဒီနေ့နဲ့မှနစ်ရက်ပဲ ရှိသေးသတဲ့ ။ လာချောင်းတဲ့ငုံးကြော်သည်လေးလဲ အိမ်ရှင်ကြီးကိုမမျှော်လင့်ဘဲတွေ့လိုက်ရတော့ ပြန် လှည့်ပြေးဖို့ကြံခါရှိသေး.. ဟွမ်ဖူကကုပ်ကနေအမိအရဖမ်းဆွဲပြီး အတင်းမေးပါလေရော ။

"..............ဟေ့.....မင်းဘယ်ကကောင်လဲကွ....ဟင်.....မင်းကများ..ရာရာစစ..ငါ့အိမ်လာပြီးချောင်း လားပြုလားနဲ့..ခုမှဘယ်ပြေးမလို့လဲ....လက်ထဲကရော..ဘာလဲ..ပြစမ်း..........."

"..........လက်ဘက်ရည်ဆိုင်က..သခင်လေးတယောက်က..ဒီအထုတ်ကိုသခင်ကြီးရဲ့ဇနီးဆီပို့ခိုင်းလို့ လာပို့ရတာပါခင်ဗျ......သခင်ကြီးကိုမပြရဘူးလို့မှာထားလို့ပါ.........."

"...........ဘာကွ....ခွေးသားလေး.....ပြစမ်း...အထုတ်ထဲကဘာလဲ......."

"..........ဟိုသခင်လေးက..သခင်ကြီးရဲ့လက်ထဲကိုထည့်မပေးရဘူးလို့မှာထားတယ်ဗျ........"

ငုံးကြော်သည်လေးက တင်းခံနေတော့ နဂိုကမှဒေါသကြီးတဲ့အရာရှိမင်းဟွမ်ဖူဟာ စိတ်ထွက်လာပြီး ကောင်ကလေးကို နားသယ်ပင့်ရိုက်တော့တာပဲ ။ ကောင်ကလေးကလဲ ငိုယိုရင်းရှောင်တိမ်းနေပေမဲ့ အထုတ်ကိုတော့ လုံးလုံးမပေးဘူး ။

"............ခွေးမသား..ပေးစမ်းလို့ဆိုနေတာ...နာချင်လို့လားကွ...ဟင်........"

ပြောပြောဆိုဆိုနဲ့ အတင်းဆွဲယူတော့ ကလေးနဲ့လူကြီးအားမမျှလို့ပါသွားပေမဲ့ ငုံးကြော်သည်လေးက တော့ ငိုယိုရင်းတတွတ်တွတ်ပြောနေတုံးပဲ ။

"............သခင်ကြီးအတွက်မဟုတ်ဘူးဗျ.......သခင်မလေးနဲ့တွေ့မှပေးဖို့မှာထားတာ......"

ဒါနဲ့ဟွမ်ဖူကအထုတ်ကိုစိတ်ကြီးမာန်ကြီးနဲ့ ဆွဲဖြိလိုက်တော့ လက်ကောက်ကလေးတွေ ၊ ဆံထိုးတွေနဲ့ စာတစောင်ထွက်ကျလာတယ် ။ စာထဲမှာတော့ ဒီလိုဆိုထားသတဲ့ ။

" မြတ်နိုးရတဲ့ ဟွမ်ကတော်သို့..

ဟွမ်ကတော်အနေနဲ့..ကျွန်တော့်ကိုရဲတင်းလှတဲ့ထင်ကောင်းထင်နိုင်ပေမဲ့...ဟွမ်ကတော်ကိုစား သောက်ဆိုင်မှာဆုံလိုက်ရတဲ့နေ့ကစပြီး..ကျွန်တော့်ရင်ထဲကနေထုတ်လို့ကိုမရခဲ့ဘူးဗျာ...ဟွမ်ကတော်

ဆီကိုကျွန်တော်လာတွေ့ဖို့ကြံမိပေမဲ့..ပွဲမကတော်ရဲ့ခင်ပွန်းလူအကြီးကအိမ်ပြန်ရောက်နေလို့အကြံ အစည်ပြောင်းလိုက်ရတာ...ကျွန်တော်တို့တနေရာမှာ..နစ်ယောက်တည်းတွေ့ခွင့်ရနိုင်မလားဟင်..အခု ဒီစာကိုလာပေးတဲ့သူနဲ့လိုက်လာပြီးကျွန်တော့်ကိုတွေ့နိုင်သလို..နောက်မှစီစဉ်ချင်တယ်ဆိုရင်လဲ..အချိန် နဲ့နေရာလေးသိပါရစေဗျာ...ဒီစာနဲ့အတူမြတ်နိုးခြင်းအထိမ်းအမှတ်နဲ့..လက်ဆောင်လေးတွေထည့်ပေး လိုက်တာကိုလက်ခံပေးစေချင်ပါတယ်

တိတ်တခိုးမြတ်နိုးမိသူ (                ) ”

လို့ဆိုထားသတဲ့ ။ စာရေးသူရဲ့နေရာမှာတော့ ဘာလက်မှတ် ၊ နာမည်မှမပါဘူး ။ အရာရှိပွဲမဖုရဲ့မျက် နှာဟာတခါတည်း မည်းမှောင်သွားပြီးတော့ အံကြိတ်ပြီးငုံးကြော်သည်ကလေးကို မေးရော ။

“.............မင်းကိုဒီအထုတ်ပေးခိုင်းတဲ့အကောင်..ဘယ်မှာလဲ...............”

ငုံးကြော်သည်လေးလဲ ဝမ်အော်ရဲ့လက်ဘက်ရည်ဆိုင်ဘက်ကို ညွှန်ပြရင်းပြောပြလိုက်ရတော့တယ် ။

“..........ဟို...ဟို...လက်ဘက်ရည်ဆိုင်ထဲက..မျက်ခုံးမျက်လုံးကောင်းကောင်း ၊ နှာခေါင်းကော့ကော့နဲ့ သခင်လေးတယောက်ပေးခိုင်းလိုက်တာပါ..........”

ဒါကိုလဲကြားရော ပွဲမဖုဟာကောင်ကလေးကို တရွတ်တိုက်ဆွဲပြီး လက်ဘက်ရည်ဆိုင်ကိုသွားတော့ လူစိမ်းကမရှိတော့ဘူး ။ ဒါနဲ့ဆိုင်ရှင်ဝမ်အော် တားမြစ်တောင်းပန်နေတဲ့ကြားထဲကကို ငုံးကြော်သည်လေး ကို သူ့အိမ်ထဲပြန်ဆွဲသွားပြီးအိမ်တံခါးသော့ခတ်ပစ်လိုက်သတဲ့ ။ ကောင်ကလေးမှာတော့ သေလုမြောပါး ကိုကြောက်ပြီး ငိုယိုအော်ဟစ်နေတော့တာပဲ ။

အရာရှိမင်းပွဲမဖုကတော့ ဘာပြောကောင်းမလဲ တကိုယ်လုံးနတ်ကျသလိုတဆတ်ဆတ်တုန်အောင် အမျက်ချောင်းချောင်းထွက်ပြီး သူ့မိန်းမကိုအသံနက်ကြီးနဲ့အော်ခေါ်ပါလေရော ။ ချက်ခြင်းပဲ အိမ်ထဲကနေ

အသက်နှစ်ဆယ့်လေးနှစ်လောက်ပဲရှိသေးတဲ့ သွယ်သွယ်နွဲ့နွဲ့နဲ့ ချစ်စရာကောင်းလှတဲ့ဟွမ်ကတော်လေး ကပြုံးပြုံးရွှင်ရွှင်နဲ့ထွက်လာတယ် ။ မျက်နှာလေးကဝင်းပချောမောပြီး ပါးနပ်ထက်မြက်တဲ့ရုပ်ရည်နဲ့ သူ့ဇနီး လေးအိမ်ရှေ့လဲထွက်လာရော ခင်ပွန်းသည်ဟွမ်ဖူကြီး အမြုပ်တစီစီထွက်မတတ် ဒေါသပေါက်ကွဲနေတာ ကိုတအံ့တသြနဲ့တွေ့လိုက်ရတော့တာပဲ ။ သူ့နံဘေးမှာလဲ သူတခါတလေအပျင်းပြေခေါ်ဝယ်စားတတ်တဲ့ ငုံးကြော်သည်ကောင်လေးက ငိုလို့ ။ ဟွမ်ဖူက ကြမ်းကြမ်းတမ်းတမ်းပဲ အထုတ်ကိုပစ်ပေးရင်းဆိုသတဲ့ ။

"............ရော့....ဖွင့်ကြည့်စမ်း......."

နားမလည်နိုင်တဲ့ မျက်နှာနဲ့ဟွမ်ကတော်က သူ့ခင်ပွန်းနဲ့ကောင်ကလေးကိုတလှည့်စီကြည့်ရင်း အထုတ် လေးထဲက ပစ္စည်းလေးတွေကို တအံ့တသြနဲ့ထုတ်ကြည့်ရော ။

"............စာကိုပါဖတ်ကြည့်......."

စာလဲဖတ်ပြီးရော ဟွမ်ကတော်လေးက ဇဝေဇဝါနဲ့ပြောတာပေါ့ ။

"............ဒါကဘာလဲ..အကို...ကျွန်မဆီရေးတဲ့စာလား...တခုခုတော့မှားနေပြီနဲ့တူတယ်......ဘယ်သူ့ဆီ ကလဲဟင်........"

"............ဟင်...နင်ကပဲငါ့ကိုမေးရတယ်ရှိသေးတယ်....ဖိုင်းတာမ....နင့်အကောင်ကိုနင်သိရမှာပေါ့....... ပြောစမ်း....ငါသုံးလလုံးလုံးအဝေးရောက်နေတုန်း..နင်ဘယ်ကအကောင်နဲ့..ညစာထွက်ထွက်စားနေကြ သလဲ.......ညာမှန်မကြံနဲ့....မှန်မှန်ပြော.........."

မယားလေးကတော့ သူ့ဝသီအတိုင်းသိမ်သိမ်မွေ့မွေ့ပဲ ဖြေရှင်းရှာတယ် ။

"............အကိုရယ်.....ကျွန်မအကြောင်းလဲသိရက်နဲ့ကွယ်.....အိမ်ထောင်သက်တမ်းပဲခုနစ်နှစ်ရှိနေပြီ.. အကို့အပေါ်ကိုသစ္စာမဲ့တဲ့အလုပ်မျိုး...မယားတယောက်မလုပ်သင့်..မလုပ်ထိုက်တဲ့အလုပ်မျိုးဘယ်တုန်းကလုပ်ခဲ့လို့လဲရှင်......တယောက်ယောက်က..စနောက်ပြီးရေးလိုက်တဲ့စာဖြစ်ပါလိမ့်မယ်......"

".......ဒါဆိုရင်..ဒီစာကိုဘယ်ကကောင်က..လက်ယားလို့ရေးရတာတုံးကွ.......ဟော့...ကောင်မ..နင့်ဖက်ကအထာမပေးဘဲနဲ့ဘယ်သူတောင်းစားကမှ..အရာရှိကတော်ကိုစာပေးတာမျိုးမလုပ်ရဲဘူး.....နားလည်လား.....ငါ့ကိုငတုံးမှတ်လို့လား....ဟင်........."

".............ယုံပါ..အကိုရယ်...ကျွန်မတကယ်ကိုမသိတာပါ...နေရင်းထိုင်ရင်းနဲ့ဘယ်လိုလုပ်ပြီးကံဆိုးမိုးမှောင်ကျလာရတာပါလိမ့်.....ကြည့်မနေကြပါနဲ့..မိုးနတ်အပေါင်းတို့......."

ဆိုပြီးဒေါသကြီးလာရင်လူစိတ်ပျောက်တတ်တဲ့ခင်ပွန်းကိုကြောက်တာကတကြောင်း ၊ မဟုတ်ဘဲစွတ်စွဲခံနေရပေမဲ့ မရှင်းလင်းတတ်တာကတဒုက္ခနဲ့ ဟွမ်ကတော်လေးလဲ ငိုရုံပဲတတ်နိုင်တော့သတဲ့ ။ အဲဒီမှာတင်ဘာမပြောညာမပြောနဲ့ ဟွမ်ဖူကငိုနေတဲ့ဇနီးသည်ရဲ့မျက်နှာကို ဖြတ်ရိုက်ချလိုက်တော့ မယားလေးခမြာကြောက်လန့်တကြားငိုယိုရင်း အိပ်ခန်းထဲကိုပြေးဝင်ရှာရော ။ ဒါနဲ့တင်မကျေနပ်သေးဘဲရမ်းချင်နေတဲ့ဟွမ်ဖူဟာ အိမ်ကကျွန်မလေးရင်အော်ကို လှမ်းအော်ခေါ်ပြန်တယ် ။ ဆယ့်သုံးနှစ်အရွယ်လောက်ပဲရှိသေးတဲ့ကျွန်မလေးဟာ ဝဝပုပုလေးရယ် ။ သူ့လက်မောင်းတုတ်တုတ်လေးတွေကလဲ အဝတ်လျှော်ရင်းတန်းလန်းထလာတော့နီရဲလို့ ဘီလူးစီးနေတဲ့သူ့သခင်ရှေ့မှာတုန်တုန်ယင်ယင်နဲ့လာရပ်ရှာတယ် ။ မျက်လုံးတွေက ကြောက်ကြောက်လန့်လန့်နဲ့သူ့သခင်ကိုကြည့်လို့ ။ ဒီတင်အင်မတန်လူမဆန်လှတဲ့ဟွမ်ဖူကဘာလုပ်သလဲဆိုတော့ ကျွန်မလေးကိုကြိုးတုတ်ပြီးထုပ်တန်းမှာတွဲလောင်းဆွဲလို့ ဝါးစိမ်းတုတ်တချောင်းနဲ့စိမ်ပြေနပြေစစ်မေးသတဲ့ ။

"............ငါမရှိတုန်း..နင့်သခင်မဘယ်သူနဲ့..ညစာထွက်စားသလဲ..ပြောစမ်း...လိမ်ရင်တော့နင့်ကိုအရှင်လတ်လတ်အရေခွံဆုတ်ပစ်မယ်....မှန်မှန်ဖြေ........."

"............ဘယ်သူမှမလာပါဘူး...သခင်ကြီးရဲ့...ဘုရားစူးရစေ့......ကြောက်လှပါပြီ............"

 လိုချင်တဲ့အဖြေမရတော့ ဟွမ်ဖူဟာ သနားစရာကျွန်မလေးကို သွေးစိမ်းရှင်ရှင်ထွက်အောင်အထိရိုက်တော့တာပဲ ။ အပြင်ခန်းကရင်အော်လေး နာနာကျင်ကျင်အော်သံကြားလိုက်တိုင်း အိပ်ခန်းထဲက ဟွမ်ကတော်ခမြာ တဆတ်ဆတ်တုန်လို့ ငိုရှုံပဲတတ်နိုင်ရှာတယ် ။ အစေခံဆိုပေမဲ့ဟွမ်ကတော်က ရင်အော်ကိုသမီးလေးလိုချစ်ရှာသလို ကျွန်မလေးကလဲသခင်ကြီးကိုမေတ္တာမဲ့သလောက် သခင်မလေးကိုတော့ သိပ်ချစ်ခင်လေးစားတာ ။ ဒါနဲ့မညာမတာအတော်ကြီးကြာအောင်ရိုက်မှ ကျွန်မလေးကမခံနိုင်တော့တဲ့ပုံနဲ့ အော်ပြောပါလေရော ။

"............အမှန်ကိုပြောပါတော့မယ်..သခင်ကြီးရဲ့..သခင်ကြီးမရှိရင်..သခင်မလေးကလူတယောက်နဲ့အတူညတိုင်းအိပ်ပါတယ်......."

".........အေးလေ..ဒီလိုမှပေါ့...အစောကြီးကတည်းကဝန်ခံလိုက်ရင်ပြီးနေတဲ့ဟာကို..အလကားအသားအနာခံချင်တဲ့ငတုံးမ.........."

ဆိုပြီး ဒီတော့မှဟွမ်ဖူကကျေကျေနပ်နပ်နဲ့ ကျွန်မလေးကိုကြိုးဖြေပြီး အောက်ချပေးလိုက်တော့သတဲ့ ။

"............ကိုင်း...ပြောစမ်း.....ငါမရှိတုံးနင့်သခင်မလေးနဲ့လာလာအိပ်တာ..ဘယ်ကောင်လဲ......."

လို့အနိုင်ရတဲ့လေသံနဲ့ဟွမ်ဖူကမေးတော့ ကျွန်မလေးကမျက်ရည်သုတ်လို့ သူ့သခင်ကြီးကိုမုန်းတီးစွာနဲ့ကြည့်ရင်းပြန်ဖြေတယ် ။

".........အဲဒီလူကတော့..ကျွန်မပဲ...သခင်မလေးကသခင်ကြီးခရီးသွားတိုင်းကျွန်မကို..သူ့အခန်းမှာခေါ်အိပ်တယ်........."

ကျွန်မလေးကအဲဒီလိုလဲဖြေလိုက်ရော ဘာမှမပြောတတ်တော့တဲ့ဟွမ်ဖူဟာ အိမ်သော့ကိုအပြင်ကနေခတ်ပြီး ဝုန်းဒိုင်းကျဲထွက်သွားပါလေရော ။ ပါးစပ်ကလဲကြုံးဝါးသွားသေးတာ ။

"………အေး…နင်တို့ဖုံးနိုင်တုန်းတော့..ဝိုင်းဖုံးထားကြဦးပေါ့…ငါ့ကိုနွားဖြစ်အောင်တော့ဝိုင်းလုပ်လို့ရမယ်မထင်နဲ့……….."

ဟွမ်ဖူထွက်သွားမှ ဟွမ်ကတော်လေးခမြာ ကျွန်မလေးဆီကိုပြေးကြည့်ရဲတော့သတဲ့ ။ ရင်အော်ရဲ့လက်မောင်းတွေ ခြေထောက်တွေက အရိုးရာတွေကို ရေနွေးနဲ့အသာဆေးပေးရင်း နာနာကြည်းကြည်းဆိုရင်းငိုရှာရော ။

"……….တိရစ္ဆာန်ကြီး….လုပ်ရက်လိုက်တာ…ကြည့်ပါဦး………"

ဒီလိုနဲ့တခါကျွန်မလေးကို ဆေးထည့်ပေးတော့ သွေးစိမ့်ထွက်လာပြန်တဲ့အရိုးရာတွေကိုကြည့်ရင်းဟွမ်ကတော်နဲ့ ရင်အော်ခမြာ တယောက်မျက်နှာတယောက်ကြည့်ရင်း ငိုကြရပြန်တယ် ။ ရင်အော်လေးကကြင်နာတတ်တဲ့ သူ့သခင်မကိုကြည့်ပြီးပြောရှာတယ် ။

"……….သခင်မလေးအတွက်သာမဟုတ်ရင်..ကျွန်မရှာပြန်တာကြာပေါ့…သခင်မလေးလဲ..အိမ်မပြန်ချင်ဖူးလားဟင်…သခင်ကြီးက..ကျွန်မတို့အပေါ်မှမကောင်းတာ………"

စိတ်ထားယုတ်ညံ့တဲ့ခင်ပွန်းကိုရထားပေမဲ့ သိမ်မွေ့ရှာတဲ့ဟွမ်ကတော်ကတော့ သူ့ခင်ပွန်းကိုမကောင်းမမြင်ရက်ဘူး ။

"……….သခင်ကြီးကို..တို့တွေစိတ်ကွက်လို့မဖြစ်ပါဘူး..ရင်အော်ရယ်…သူကအိမ်ဦးနတ်မဟုတ်လား…"

ပြောသာပြောရပေမဲ့ သူ့စိတ်ထဲမှာတော့ အင်မတန်ကြမ်းတမ်းတဲ့ခင်ပွန်းကို စိမ့်စိမ့်ပြီးကြောက်လာသလို ဘာကနေဘယ်လိုဖြစ်ပြီး ဒီပြဿနာဖြစ်လာသလဲဆိုတာတောင် ကောင်းကောင်းနားမလည်သေးဘူး ။ ဒါနဲ့အိမ်ရှေ့ခန်းကိုထွက်လာပြီး သူတို့လိုပဲအိမ်ထဲမှာပိတ်ခံထားရပြီး ထောင့်တထောင့်မှာကုပ်နေတဲ့ ငုံးကြော်သည်လေးကို ထွက်မေးကြည့်ရတယ် ။

"..........အဲဒီသူစိမ်းဘယ်လိုပုံစံလဲဆိုတာ..သခင်မလေးကိုပြောပြပါဦးကွယ်......."

ဒီတော့ငုံးကြော်သည်ကလေးကလဲ အထုတ်လေးပိုက်ခိုင်းတဲ့လူစိမ်းရဲ့ရုပ်ရည်ပုံသဏ္ဍာန်နဲ့ အဖြစ်အပျက် အကုန်ကိုပြောပြတော့ ဟွမ်ကတော်နဲ့ ကျွန်မလေးကတော့ အံ့ဩလို့သာနေကြတာပေါ့ ။ သူတို့အဲဒီလူကိုသိဖို့ဆိုတာဝေးရော ၊ တခါမှတောင်မမြင်ဖူးကြတဲ့ဥစ္စာ ။

ဒါနဲ့နောက်တနာရီခွဲလောက်နေတော့ ဟွမ်ဖူပြန်ရောက်လာရော ။ သူနဲ့အတူရဲမက်လေးယောက်ပါ ခေါ်လာတော့ အားလုံးကအံ့ဩနေကြတုန်း ငုံးကြော်သည်ကောင်ကလေးကို ဆွဲထုတ်ရင်းဆိုသတဲ့ ။

"..........ဒီချွေးသားလေးနာမည်ကိုယူထားကြဗျာ...ပြီးရင်ရုံးတော်ကိုခေါ်သွားကြ........."

တရားရုံးကသူခေါ်လာတဲ့ရဲမက်တွေလဲ အံ့ဩနေကြပေမဲ့ ဟွမ်ဖူရဲ့ရှေ့နေတော်က ဝတ်စုံအရာရှိဆိုတဲ့ ရာထူးကိုလေးစားသမှုအနေနဲ့ငုံးကြော်သည်လေးကိုခေါ်သွားကြဖို့ပြင်တုံးမှာပဲ ဟွမ်ဖူကဆိုပြန်တယ် ။

"............နေကြဦးဗျို့...ကျန်သေးတယ်...သူတို့ကိုပါခေါ်သွားပေတော့........."

ဆိုပြီးပြောပြောဆိုဆိုနဲ့ သူ့မယားလေးနဲ့ကျွန်မကိုပါဆွဲထုတ်လာပြီး သူတို့ကိုပါဖမ်းခေါ်သွားဖို့တောင်းဆိုသတဲ့ ။ ရဲမက်တွေလဲ ဒုက္ခများကုန်တာပေါ့လေ ။

"..........သခင်မလေးကိုဖမ်းခေါ်သွားဖို့အထိကတော့မတော်ပါဘူး..အရာရှိမင်းခင်ဗျား...ဇနီးမောင်နှံကြား ထဲမှာစိတ်အခန့်မသင့်စရာရှိနေကြရင်လဲ..တခြားနည်းနဲ့ဖြေရှင်းကြဖို့သာ..ကျုပ်တို့အနေနဲ့မေတ္တာရပ်ခံပါ ရစေ..............."

"..........ဒါလူသတ်မှုမှာ...ပါဝင်ပတ်သက်နေတယ်လို့ထင်ရတဲ့တရားခံတွေနော်.....ရဲမက်တို့ဝတ္တရား ပေါ့လျော့မှုနဲ့ဒုက္ခမရောက်ချင်ရင်..ကျုပ်ပြောသလိုသာလုပ်ကြ........."

ဒီတော့ရဲမက်တွေလဲ ဘာမှမတတ်နိုင်တော့ဘဲ ဟွမ်ကတော်လေးနဲ့ ကျွန်မလေးတို့ရဲ့နာမည်ကိုရေး မှတ်ပြီး ဖမ်းခေါ်သွားဖို့ပြင်ရတာပေါ့ ။ အိမ်အပြင်မှာတော့ အုံ့သြနေတဲ့အိမ်နီးနားချင်းတွေရော ၊ လမ်း သွားလမ်းလာတွေပါဝိုင်းလို့ ဧရာမလူအုပ်ကြီးရောက်နေကြသတဲ့ ။ ဟွမ်ကတော်ခမြာ အိမ်အပြင်ဆွဲ ထုတ်ခံခါရနီးမှာတံခါးဝကနေဝိုင်းကြည့်နေကြတဲ့ပရိသတ်တွေကိုမြင်တော့တွန့်ကနဲဖြစ်သွားပြီး သူ့ခင် ပွန်းကိုငိုယိုတောင်းပန်ရှာတယ် ။

".............အကိုရယ်...ကျွန်မကိုသနားပါဦး....ရှင်လဲအရာရှိတယောက်ပဲရှင်...စာကိုဘယ်သူပို့သလဲ ဆိုတာတခြားနည်းနဲ့စုံစမ်းရင်လဲရသားနဲ့..အကို့ဇနီးကိုလူဆိုးသူခိုးလိုရုံးတော်ကိုပို့မှပဲဖြစ်တော့မှာတဲ့ လား...အိမ်ထောင်သက်တလျှောက်လုံးမှာ..ကျွန်မအကို့ကိုခြေဆုပ်လက်နယ်ပြုစုခဲ့တာတွေ..စာရိတ္တ ပိုင်းမှာအစွန်းအထင်မရှိအောင်နေခဲ့တာတွေကို..ထောက်ထားပြီးတော့..ခေါင်းအေးအေးနဲ့စဉ်းစားပါ ဦးရှင်...ဒီလိုသာထွက်သွားရရင်..ကျွန်မတော့မျက်နှာအပျက်ကြီးပျက်ရပါတော့မယ်......"

တကယ်လဲသူ့ခမြာအပြစ်ကင်းတဲ့အပြင် သူလိုမင်းကတော်မျိုးဆိုတာ ရာဇဝတ်သားလိုလူအားလုံး ရှေ့နောင်ကြိုးတည်းပြီးထွက်လာရဖို့မဆိုထားနဲ့ လူမြင်သူမြင်တောင်သိပ်ထွက်လေ့မရှိတော့ ရှက်ရှာ တာပေါ့လေ ။ ဘယ်လိုပဲသနားစဖွယ်တောင်းပန်ပေမဲ့ လူ့ဗာလဟွမ်ဖူကတော့ ခေါ်ထုတ်သွားဖို့သာအ ချက်ပြရင်း ဒီလိုတောင်လှမ်းပြောလိုက်သေးတယ် ။

"…………ဒီလိုအရက်မရချင်ရင်..အစကတည်းကဘာလို့ဖောက်လွဲဖောက်ပြန်နေသေးသလဲ…ထွီ……"

ဒါနဲ့ရဲမက်တွေလဲ ဘယ်လိုမှမတတ်နိုင်တော့ဘဲ ဟွမ်ကတော်ကိုခေါ်ထုတ်လာကြတော့ အိမ်နီးနားချင်း တွေမှာစုတ်တသပ်သပ်နဲ့ လမ်းဖယ်ပေးကြတယ် ။ ဟွမ်ကတော်က နောက်ဆုံးကြိုးစားခြင်းအနေနဲ့သူ့ ခင်ပွန်းကို လှမ်းပြောရှာပြန်တယ် ။

"……………..တကယ်လို့ကျွန်မဆီကိုသာ…လူစိမ်းတွေဝင်ထွက်သွားလာနေမယ်ဆိုရင်..အိမ်နီးနားချင်းေ တွလဲတခါမဟုတ်တခါမြင်မှာပဲပေါ့ရှင်..သူတို့ကိုလဲမေးကြည့်ပါဦး…ကျွန်မရဲ့အနေအထိုင်ကိုသက်သေ ခံပေးကြမဲ့သူတွေအများကြီးပါ…မေးကြည့်ပါ..အကိုရဲ့…………"

"…….မမေးမှာတော့မပူနဲ့ဟေ့….သူတို့တွေကိုလဲမကြာခင်..ရုံးတော်ကဆင့်ခေါ်မှာ..စိတ်သာချ………"

ဟွမ်ဖူကဒေါသတကြီးပြန်ပြောနေတာကို အိမ်နီးနားချင်းတွေလဲ အံ့သြတကြီးကြည့်နေကြရုံပဲတတ်နိုင် သတဲ့ ။ ဟွမ်ကတော်လေးကို ဘာအမှုနဲ့စွဲချက်တင်ပြီးခေါ်သွားမှန်းလဲမသိပေမဲ့ စိတ်သဘောထားနူး ညံ့ကောင်းမွန်တဲ့အရာရှိကတော်လေးကိုတော့ ဝိုင်းသနားကြပြီး ဂူဂူးဝါးဝါးလုပ်တတ်တဲ့ အရာရှိဟွမ်ဖူ ကိုမြင်ပြင်းကတ်လွန်းလို့ လှည့်ထွက်သွားကြရော ။

ဒါနဲ့နောက်တနေ့မှာ ဟွမ်ဖူကရုံးတော်ကိုလိုက်သွားပြီး မြို့နယ်တရားသူကြီး ချိန်ကိုင်ဖန်ဆီကို သူ့ဇနီး ဟာသူ့လိုနန်းတော်အရာရှိ တာဝန်နဲ့အဝေးရောက်နေတုံး မျောက်မထားတာဟာ မယားဝတ္တရားကိုချိုး ဖောက်တဲ့အပြင် သူ့တာဝန်နဲ့ဘုရင်မင်းမြတ်ကိုပါမရိုမသေလုပ်ခြင်းဖြစ်တဲ့အတွက် ပြစ်ဒဏ်ကြီးလေးစွာ ချမှတ်ဖို့ ဦးတိုက်လျှောက်ထားသတဲ့ ။ တရားသူကြီးချိန်ကိုင်ဖန်ဆိုတာက ပြည့်ပြည့်ဖြိုးဖြိုး မျက်နှာဝိုင်း ကြီးနဲ့အလွန်စိတ်ရှည်ပြီး အမှုတခုကိုထောင့်စုံဖက်စုံကနေစဉ်းစားဆင်ခြင်လေ့ရှိတဲ့အတွက် အင်မတန် သမာသမတ်ရှိတယ်လို့ကျော်ကြားသူပေါ့ ။ ဟွမ်ဖူကတော့ လူစိမ်းပို့တဲ့စာ နဲ့ လက်ဆောင်ထုတ်ကလေး ကိုသက်သေအနေနဲ့တင်ပြပြီး စစ်ဆေးနေစဉ်ကာလအတွင်းမှာ အကျဉ်သားတွေကိုချုပ်ထားပေးဖို့အထိ

တောင်းဆိုတယ် ။ သူဘာသာသူ ဘယ်လိုပဲတောင်းဆိုဆို ချိန်တရားသူကြီးကတော့ ပုံမှန်အတိုင်းပဲ အမှုစစ်တာပါပဲ ။ ဒါနဲ့အချိန်ရောက်လာတော့ အစွပ်စွဲခံရတဲ့ အကျဉ်းသားတွေကိုထုတ်လာပြီးအမှုစစ် အရာရှိနှစ်ယောက်ကစစ်မေးကြတယ် ။ ဟွမ်ကတော်လေးက အဓိကစွပ်စွဲခံရသူဆိုတော့ သူ့ကိုအရင် စစ်ကြသတဲ့ ။ သူ့ကိုယ်ရေးရာဇဝင်ကနေစပြီးအသေးစိတ်မေးကြတယ် ။

ဟွမ်ကတော်လေးရဲ့ဇာတိကအရှေ့ပိုင်းမြို့တော်နားကရွာငယ်လေးတရွာပဲ ။ ဟွမ်ကတော်ရဲ့အမေ ကသူကလေးအရွယ်မှာပဲကွယ်လွန်ခဲ့သလို ဖအေကြီးကလဲသူအသက်ဆယ့်ခွန်လောက်မှာကွယ်လွန် ပြန်သတဲ့ ။ ဒါနဲ့ဆွေမျိုးလဲများများစားစားမရှိတဲ့သူ့ကို ရပ်ရွာကပဲ ကမကထပြုပြီး အရာရှိမင်းဟွမ်ဖုနဲ့ စပ်ဟပ်ထိမ်းမြားပေးလိုက်တာအခုဆိုရင် ခုနစ်နှစ်တိုင်ခဲ့ပြီလို့ဆိုတယ် ။ အိမ်ထောင်သက်တလျှောက် လုံးမှာ အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်ရှိပေမဲ့ ဟွမ်ဖုကမကြိုက်တဲ့အတွက် ဟွမ်ကတော်ဘက်က ဆွေမျိုးနီးစပ်တွေ ၊ ရပ်ရွာကအသိမိတ်ဆွေတွေကတော့ အိမ်ကိုအဝင်အထွက်မရှိပါဘူးတဲ့ ။ ဒါ့အပြင် အပြင်စားသောက်ဆိုင်မှာမဆိုထားနဲ့ ၊ အိမ်မှာတောင်ဘယ်သူနဲ့မှထမင်းတနပ် လက်ဆုံမစားခဲ့ဖူးဘူး လို့ဆိုတယ် ။ ဒီစာကိုဘယ်သူပို့လိုက်သလဲဆိုတာလဲ ဟွမ်ကတော်လေးခမြာတကယ်မသိရှာပါဘူး ။ အမှုစစ်အရာရှိကတော့သေချာအောင် အထပ်ထပ်အခါခါမေးတာပေါ့ ။

"…………မယ်မင်းဘက်ကနေသက်သေခံပေးနိုင်မဲ့ဆွေမျိုးတွေက..မယ်မင်းနဲ့မတွေ့တာကြာပြီဆို တော့သူတို့ကအိမ်ကိုအဝင်အထွက်မရှိကြဘူးလားကွဲ.........."

"………ကျွန်မရဲ့ခင်ပွန်းက..အိမ်ကိုရွာကဆွေမျိုးတွေလာကြတာမကြိုက်တော့..သူတို့လဲနောက်ပိုင်း မလာကြတော့ပါဘူး….တခါကတော့မောင်ဝမ်းကွဲလေးချန်ကတောကနေ..အလုပ်ရှာဖို့တက်လာရင်း ကျွန်မဆီကိုဝင်လာတည်းဖူးပါတယ်..ခင်ပွန်းသည်ဆီကအလုပ်တောင်းမယ်ဆိုပြီးတော့လာတာပါ.. ဒါပေမဲ့ခင်ပွန်းသည်ကအလုပ်မပေးတဲ့အပြင်..နောင်လဲဘယ်ဆွေမျိုးမှအိမ်ကိုအဝင်အထွက်မလုပ်ရ ဘူးလို့အမိန့်ထုတ်လိုက်တော့တာပါပဲရှင်…….."

"...............အဲဒီတော့မယ်မင်းကလဲ..သူတို့နဲ့မတွေ့ဘဲနေရောလား...ခင်ပွန်းသည်ပြောသမျှနာခံတယ် ဆိုတဲ့သဘောလားကွဲ့............"

"............မှန်ပါတယ်..အရာရှိမင်း...ကျွန်မကခင်ပွန်းသည်ပြောသမျှကို..တခွန်းမကျန်တသွေမတိမ်း လိုက်နာခဲ့တာပါ........."

"............မယ်မင်းကဆွေမျိုးတွေနဲ့အဆက်အသွယ်မရှိတော့ဘူးဆိုတော့..တခါတလေ..ပွဲလမ်းသဘင်တို့ ဇာတ်ပွဲတို့ကိုသွားရင်းနဲ့ရော..အသိအကျွမ်းအသစ်တွေရမလာဘူးလား..........."

".........ကျွန်မ..ပွဲတို့ဇာတ်တို့ကို..တခါမှမရောက်ဖူးပါဘူးရှင်........."

"..........ဟေ...ဘယ်လိုဖြစ်လို့လဲကွဲ့......"

".........ခင်ပွန်းသည်က..ခေါ်သွားလေ့မရှိလို့ပါ........"

".........မယ်မင်းဘာသာရော..အပြင်မထွက်ဖူးလားကွဲ့......."

".........ခင်ပွန်းသည်မပါဘဲ..ကျွန်မဘယ်မှမသွားဖူးပါဘူး..အရာရှိမင်းရှင်......."

".........မယ်မင်း..စားသောက်ဆိုင်တောင်..မရောက်ဖူးဘူးလားကွဲ့............"

"..........စားသောက်ဆိုင်တော့..ရောက်ဖူးပါတယ်..လွန်ခဲ့တဲ့နှစ်ရက်ကကို..ခင်ပွန်းသည်ကရွှေနန်းတော် ကပြန်ရောက်တဲ့နေ့မှာ..ကျွန်မချက်ထားတဲ့ဟင်းကိုမကြိုက်ဘူးဆိုပြီး..အိမ်နားကတိုင်ဟိုစားသောက်ဆိုင် မှာသွားစားရင်းနဲ့...ကျွန်မကိုပါခေါ်သွားလို့ရောက်ဖူးတာပါ....."

"…….စားသောက်ဆိုင်မှာစားကြတော့..ဘယ်သူတွေပါသေးလဲ……."

"……….ဘယ်သူမှမပါပါဘူး…အရာရှိမင်း..ကျွန်မတို့ဇနီးမောင်နှံနှစ်ဦးတည်းပါဘဲ……."

ဒါနဲ့ဟွမ်ကတော်ကိုမေးမြန်းပြီးကြတော့ ဒုတိယအနေနဲ့အိမ်နီးနားချင်းတွေကိုခေါ်စစ်တယ် ။ အိမ်နီးချင်းတွေအကုန်လုံးကတော့ တထပ်တည်းအစစ်ခံကြတာပါပဲ ။ ဟွမ်ကတော်ဆီကို ဧည့်သည်လာတာမျိုး ၊ ခင်ပွန်းမပါဘဲအပြင်ထွက်တာမျိုးကိုဘယ်သူမှမမြင်ဖူးကြတဲ့အပြင် ဟွမ်ကတော်လဲအိမ်မြဲလွန်းလို့ ဆိုပြီးချီးကျူးကြတဲ့သူတွေချည်းပဲ ။ အဲ..အိမ်နီးချင်းမိန်းမကြီးတယောက်ကတော့ အရာရှိဟွမ်ဖူဟာအင်မတန်မောက်မာပြီး ဇနီးကိုလဲတချိန်လုံးအပြစ်ရှာအော်ငေါက်တတ်ကြောင်း အစစ်ခံသတဲ့ ။ ဟွမ်ဖူဘယ်လောက်ပဲဆူဆူဆဲဆဲ ဟွမ်ကတော်လေးဟာတခွန်းတောင် ပြန်လှန်ပြောတာမျိုးမရှိဘူးလို့လဲ ဆိုတယ် ။ သူ့အပြောအရတော့ ဟွမ်ကတော်လေးက သူ့ခင်ပွန်းလက်ခုပ်ထဲကရေလိုပါပဲတဲ့ ။ ဒီလိုနဲ့အသေးစိတ်ကိုစစ်မေးကြရင်း သုံးရက်သာတိုင်သွားတယ် ။ ဟွမ်ကတော်ပျောက်မထားကြောင်းသဲလွန်စကိုတော့လုံးလုံးမတွေ့ရကြသေးဘူး ။

ဒီလိုနဲ့သုံးရက်မြောက်တဲ့နေ့မှာ ရုံးထိုင်ဖို့လာတဲ့ အမှုစစ်အရာရှိကို တရားလိုဟွမ်ဖူကရုံးရှေ့မှာတွေ့တော့ဒီလိုလာပြီးမချေမငံပြောသတဲ့ ။

"…………ဘယ့်နှယ်လဲ..အရာရှိမင်း…အမှုစစ်နေတာသုံးရက်သာတိုင်ရော…ဘာမှမတွေ့ဘူးချည်းတွင်တွင်ပြောနေတော့……ကွေ့ကျုပ်မိန်းမကိုလက်ဆောင်ပို့တဲ့လူစိမ်းက..အရာရှိမင်းတို့အိမ်တွေဆီကိုပါလက်ဆောင်ထုတ်ကြီးကြီးတွေပို့နေလို့တော့..မဟုတ်တန်ကောင်းနော်……….."

"……………ကြံကြံဖန်ဖန်..အရာရှိမင်းဟွမ်ဖူရယ်…အခုလိုစွပ်စွဲသလိုစကားမျိုးပြောတာဟာ..ကျုပ်တို့ရဲ့စာရိတ္တပိုင်းဆိုင်ရာကိုစော်ကားတဲ့သဘောမျိုးသက်ရောက်ပါတယ်…နောက်ကိုစကားပြောရင်သတိထားပါဗျာ ခင်ဗျားပြောသလိုပဲသုံးရက်လုံးလုံးစစ်တာတောင်..ခင်ဗျားဇနီးအပြင်လူနဲ့မှားယွင်းတဲ့..သဲလွန်စလုံးလုံးရှာ

မရဘူးဆိုတော့..ကျုပ်တို့တောင်တွေးမိကြသဗျ...သူစိမ်းဆိုပြီးစာပို့တဲ့သူဟာခင်ဗျားကိုယ်တိုင်ဖြစ်နေမလားလို့လေ........"

ဒီတော့ သူများကိုသာ မထိခလုတ်ထိခလုတ်ပြောချင်ပေမဲ့ ကိုယ့်ကိုထိတော့အကြီးအကျယ်နာတတ်တဲ့ဟွမ်ဖူဟာ ဒေါသအကြီးအကျယ်ထွက်ပြီးအော်ဟစ်ပြောသတဲ့ ။

"......ခင်ဗျားဒီလိုစကားမပြောနဲ့ဗျ...ကျုပ်ကဘာကိစ္စနဲ့ကိုယ့်မိန်းမကိုစာပို့ရမှာတုံး....သူသာမဆတ်ဆော့ခဲ့ရင်ကျုပ်တို့ကြားမှာဘာပြဿနာမှရှိလာစရာအကြောင်းမရှိဘူး........"

".........ကဲပါလေ...ခင်ဗျားကလဲစိတ်ချည်းပဲ...ခင်ဗျားအမျိုးသမီးဖောက်ပြန်ကြောင်းသက်သေဘယ်လိုမှမတွေ့လို့ကျုပ်ကပြောတာပါ.........."

"..........ခင်ဗျားတို့ရုံးတော်တခုလုံးလုပ်နေပြီး..ဒီလောက်သက်သေလေးတောင်ပေါ်လာအောင်မစစ်နိုင်ရင်ကျုပ်ကွာရှင်းခွင့်လျှောက်မယ်....နွားတော့အဖြစ်မခံနိုင်ဘူးဗျ.........."

အမှုစစ်အရာရှိလဲ ငါတကောကောနေတဲ့ အရာရှိဟွမ်ဖူကိုစိတ်ပျက်လက်ပျက်ကြည့်ပြီးရုံးကိုပြန်သွားရော ။ သူစစ်ဆေးလို့တွေ့ရှိတာတွေကို အစီရင်ခံစာရေးပြီး ချိန်တရားသူကြီးကိုတင်ပြရဦးမယ်လေ ။ ဒါနဲ့နောက်တရက်ကျတော့ တရားလိုတရားခံလင်မယားနဲ့ သက်သေအစုံအလင်ခေါ်ပြီးတရားခွင်ဖွင့်ကြတယ် ။ အမှုစစ်အရာရှိရဲ့အစီရင်ခံစာတွေကိုလေ့လာပြီးပြီဆိုတော့ ချိန်တရားသူကြီးကိုယ်တိုင်စစ်မေးရတော့မဲ့အချိန်ရောက်လာပြီလေ ။ ဒါနဲ့ထုံးစံအရသက်သေတွေကို အရင်ခေါ်ပြီးမေးကြတာပေါ့ ။ စစချင်းတော့ငုံးကြော်သည်လေးကိုစစ်မေးကြတယ် ။ ဒုတိယအနေနဲ့ အဓိကအရေးအကြီးဆုံးသက်သေဖြစ်တဲ့ ကျွန်မလေးရင်အော်ကိုစစ်ကြပြန်ရော ။ ရင်အော်က သူ့သခင်မနဲ့ နေ့နေ့ညညအတူရှိသူဆိုတော့ သူသာလျှင်အမှန်တရားကိုသိတာကိုး ။ ဆယ့်သုံးနှစ်လောက်ပဲရှိသေးတဲ့ ကျွန်မလေးကိုရုံးထုတ်လာတော့ လိမ်ညာတာမျိုးမလုပ်ရဲအောင် ချိန်တရားသူကြီးကအရှိန်နဲ့လှန့်သတဲ့ ။ သူမို့လို့စားပွဲ

ကိုသံကျောက်ဖိနဲ့ ဒုန်းကနဲရိုက်ချလိုက်ပြီး အသံနက်ကြီးနဲ့မေးခွန်းထုတ်လိုက်ရင် တော်ရုံတန်ရုံကွယ်ဝှက်ထားတာမျိုးရှိရင်တောင် အယောင်ယောင်အမှားမှားနဲ့ဖွင့်ပြောကြတဲ့လူတွေချည်းပဲ ။ ရင်အော်ကတော့ ကလေးသာသာမို့အင်မတန်ကြောက်နေပေမဲ့ အမှန်ကတော့အမှန်ပဲကိုး ။ ဒီအတိုင်းပဲထွက်လာတာပေါ့ ။

"...........မယ်မင်းရဲ့သခင်မအိမ်မှာလုပ်သမျှကိစ္စအားလုံးကို..ညည်းသိတယ်မဟုတ်လား............"

"............သိ...သိပါတယ်......."

".........မင်းသခင်အဝေးရောက်နေတုန်း..အိမ်ကိုညှော်သည်လာတာတွေမိသလား........."

ဒါကိုပဲအထပ်ထပ်မေးနေကြတော့ ရင်အော်ကကြောက်ပေမဲ့စိတ်ထွက်လာသတဲ့ ။ အမှန်ကအမှန်ပဲဟာကိုဘယ်လိုများပြောင်းလဲပြောတာ ကြားချင်နေကြပါလိမ့်ဆိုပြီး စိတ်ပေါက်ပေါက်နဲ့ပြောရော ။

"..............လာရင်တော့..မတွေ့ဘဲရှိပါ့မလား...မလာပါဘူးလို့ပြောနေတဲ့ဟာကို........."

ချိန်တရားသူကြီးက စားပွဲကိုတခါသံကျောက်ဖိကြီးနဲ့ ထုချလိုက်ပြန်ပြီး အော်ငေါက်ပြန်ရော ။

"............မှန်မှန်ပြောနော်..မယ်မင်း...ရုံးတော်ကိုလိမ်ညာလို့ကတော့...ထောင်ဒဏ်အပြင်ကြိမ်ဒဏ်ပါကျခံရမှာဗျား.....ဘာမှတ်နေတုံး......မလေးမစားနဲ့.............."

ခြောက်လိုက်ခါမှ ကျွန်မလေးကပိုစိတ်ဆိုးလာပြီး ရှုံ့ကြီးတင်ငင်နဲ့ငိုယိုပြီးဆိုတယ် ။

"............အမှန်အတိုင်းပြောနေတာပဲ..တရားသူကြီးမင်းရဲ့...ဒါကိုမကြိုက်လို့ထောင်ထဲပို့ရင်လဲသွားရုံရှိတာပဲ...သခင်မလေးဟာ..တနေ့လုံးတညလုံးအိမ်ထဲမှာပဲနေနေရတာ...အပြင်လဲမထွက်သလိုဘယ်သူမှလဲသူ့ဆီမလာဘူး..သူ့မှာအဖော်ဆိုလို့ကျွန်မတယောက်ပဲရှိတယ်....ဘာလို့များသခင်မလေးလိုဖြူစင်တဲ့သူကိုဝိုင်းဒုက္ခပေးချင်နေကြရတာပါလိမ့်..........."

ဒါနဲ့တရားသူကြီးမင်းသာမက လာရောက်နားထောင်နေကြသူတွေအားလုံးလဲ အစေခံမလေးဟာအမှန်တရားကိုပြောနေတာဆိုတာ ရိပ်မိလိုက်ကြတယ် ။ ဒါနဲ့ အမှုစစ်အရာရှိရဲ့အစီရင်ခံစာရယ် ၊ သက်သေတွေရဲ့ထွက်ဆိုချက်တွေရယ် ၊ အခုတရားသူကြီးမင်းကိုယ်တိုင်စစ်မေးလို့ တွေ့ရှိချက်တွေအားလုံးကိုစုပေါင်းဆုံးဖြတ်ပြီး အမှုကိုအဆုံးမသတ်ခင်မှာ တရားလိုခင်ပွန်းသည်ဟွမ်ဖူကိုပြောသတဲ့ ။

".........တရားလိုအရာရှိဟွမ်ဖူ....ခိုးမှုကိုဖော်ထုတ်ရာမှာ..သက်သေခံပစ္စည်းလိုသလို...အိမ်ထောင်ရေးဖောက်ပြန်မှုကိုဖော်ထုတ်အတည်ပြုဖို့ဆိုတာလဲ...မယားခိုးသူရှိကြောင်းသက်သေလိုတယ်ကွဲ....ဒီအမှုမှာဘာသက်သေအထောက်အထားမှအခိုင်အလုံမရှိဘဲ..သူစိမ်းတယောက်ရဲ့စာလေးတစောင်တွေ့ရုံနဲ့မောင်မင်းရဲ့ဇနီးကိုဖောက်ပြန်တယ်လို့ယူဆဖို့မဖြစ်နိုင်ဘူး.....ငါ့အမြင်ပြောရရင်တော့..မင်းတို့ကိုမနာလိုမရှုစိမ့်တဲ့လူတယောက်က..ဇနီးမောင်နှံကြားမှာအထင်အမြင်လွဲမှားအောင်..တမင်သက်သက်လုပ်ကြံတာဖြစ်နိုင်တယ်....ဒီတော့မောင်မင်းရဲ့ဇနီးကိုအိမ်ပြန်ခေါ် သွားပြီး..အေးအေးဆေးဆေးသာဖြေရှင်းကြပါ....ခေါင်းအေးအေးထားပြီးမင်းတို့ကိုမလိုသူဘယ်သူရှိသလဲဆိုတာကို..သိအောင်စုံစမ်းကြပေါ့...ဟုတ်ပြီလား....ဒီအမှုကိုတော့..ဟွမ်ကတော်ဟာအပြစ်ကင်းစင်ကြောင်းထင်ရှားတဲ့အတွက်..ရုံးတော်ကနေပလပ်လိုက်တယ်........."

ဟွမ်ဖူကတော့ ဘူးဆိုရင်ကိုဖရုံမသီးဘူး ။

"..........ကျုပ်ကတော့..သက်သေရှိရှိ..မရှိရှိ..တခါညစ်နွမ်းပြီးသားဇနီးကိုအိမ်ပြန်မခေါ် နိုင်ဘူး........."

"………….စဉ်းစားပါဦး..အရာရှိမင်းဟွမ်ဖူ…ပစ်စာတစောင်ကြောင့်..အိမ်ထောင်တခုပြိုကွဲရတယ်ဆိုရင် လူကြားလို့တောင်မကောင်းပါဘူး..ခင်ဗျားကိုနောက်မှနောင်တမရစေချင်ဘူး……….."

ဆိုပြီးချိန်တရားသူကြီးရော ၊ တခြားသူတွေကပါဝိုင်းဝန်းစေ့စပ်ဖြောင်းဖြဖို့ကြိုးစားပေမဲ့ သူလိုအရာရှိမင်း ကိုနွားဖြစ်အောင်လုပ်ရမလားဆိုပြီး စိတ်ကြီးနေတဲ့ဟွမ်ဖူကတော့ ကွာရှင်းပေးဖို့သာတွင်တွင်တောင်းဆို သတဲ့ ။

"…………ကျုပ်တို့ကိုပြတ်စဲသာပေးပါ…တရားသူကြီးမင်း……အပိုတွေမကြားချင်ပါဘူး……"

ဘယ်လိုပဲဖြန်ဖြေဖို့ကြိုးစားပေမဲ့ မရတဲ့အဆုံးမှာ ချိန်တရားသူကြီးလဲ ဟွမ်ကတော်ဘက်ကိုလှည့်ပြီးမေး ရတယ် ။

"………….ကိုင်း..မယ်မင်းကြားတဲ့အတိုင်းပဲ..မင်းရဲ့ခင်ပွန်းသည်ကတော့..ကွာရှင်းပြတ်စဲခွင့်တောင်းနေ ပြီ…မယ်မင်းဘက်ကရော..ဘာစောဒကတက်စရာရှိသလဲ….ပွင့်ပွင့်လင်းလင်းသာဆိုပေရော့…..ဘာမှ အကြောင်းကြီးငယ်မရှိဘဲလင်မယားတွေပြတ်စဲဖို့ဆိုတာ..နှစ်ဦးနှစ်ဖက်စလုံးရဲ့ဆန္ဒပါမှဖြစ်တာကွဲ့…."

"……….ကျွန်မဟာ..ခင်ပွန်းအပေါ် အမြဲမယားကောင်းပီပီသသပြုမူနေထိုင်ခဲ့တဲ့အတွက်..ကိုယ့်လိပ်ပြာ ကိုယ်လုံပါတယ်…….ကိုယ်ကောင်းခေါင်းဘယ်မရွေ့ဆိုပေမဲ့…ခင်ပွန်းသည်ကသံယောဇဉ်ပြတ်နိုင်ပြီဆို တော့လဲ..သူ့သဘောအတိုင်းသာရှိပါစေတော့ရှင်……."

ဒီလိုနဲ့ပဲ..ဟွမ်ဖူနဲ့ဟွမ်ကတော်လေးကိုရုံးတော်ကပြတ်စဲပေးလိုက်ရသတဲ့ ။ ငုံးကြော်သည်လေးကိုလဲပြန် လွှတ်ပေးလိုက်ပြီး ကျွန်မလေးရင်အော်ကိုလဲသူ့ရွာသူပြန်စေလို့အမိန့်ချလိုက်တယ် ။ ရုံးတော်ကနေအမှု ပြီးပြတ်ကြောင်းလဲအမိန့်ချလိုက်ရော ဟွမ်ကတော်လေးခမြာအရုပ်ကြိုးပြတ်ကိုဖြစ်သွားရှာတော့တယ် ။ အဲဒီခေတ်က အိမ်ထောင်ပျက်အမျိုးသမီးတွေဆိုတာ အင်မတန်ရှားပါးသေးတဲ့အပြင် သူ့ခမြာအပြစ်လဲ

တကယ်ကင်းရှာတော့ အမှုစစ်ရင်းနဲ့ဒီပြဿနာပြီးသွားမယ်လို့ တလျှောက်လုံးမျှော်လင့်နေခဲ့တာကိုး။ အပြစ်ရှိကြောင်းသက်သေမပြနိုင်ဘဲနဲ့ ကွာရှင်းပြတ်စဲရက်တဲ့ခင်ပွန်းသည်ကို တအံ့တသြဆိုသတဲ့ ။

"............ရက်စက်လိုက်တာ..အကိုရယ်...အိမ်ထောင်သက်ခုနစ်နှစ်လုံးလုံးကိုမှမထောက်..လုပ်ရက်လိုက်တာရှင်....ကျွန်မမှာသွားစရာနေရာလဲမရှိ..အားကိုးရမဲ့ဆွေမျိုးဆိုတာကလဲ..ရှင်လုပ်လို့နတ္ထိဖြစ်ခဲ့မှန်းသိရက်နဲ့စွန့်ပစ်ရက်တယ်နော်.....အခုလိုအိမ်ထောင်ပျက်အနေနဲ့နေရမဲ့အစားတော့..သေတာမှတောင်ကောင်းဦးမယ်........."

".............နင့်ဘာသာနင်ဘာဖြစ်ဖြစ်..ငါနဲ့ဘာဆိုင်တော့လို့လဲ............"

ဆိုပြီးနည်းနည်းမှဂရုမစိုက်ဟန်နဲ့ဟွမ်ဖူက ဖျတ်ကနဲလှည့်ထွက်သွားရော ။ အမှုလာနားထောင်တဲ့သူတွေလဲတစတစပြန်ကုန်ကြတော့ သနားစရာမိန်းမပျိုနဘေးမှာကျွန်မလေးရင်အော်ပဲကျန်နေခဲ့တယ် ။

".........ရင်အော်ရေ....မလေးအတွက်ရဲရဲရင့်ရင့်တရားသဖြင့်ထွက်ဆိုပေးခဲ့တာ..ကျေးဇူးကြီးလှပါတယ်တယ်..ကလေးရယ်...ဒါပေမဲ့ညည်းရွာကိုပြန်မှဖြစ်မယ်ကွယ်...မလေးမှာနေစရာလဲမရှိ..ဘယ်သွားရမှန်းလဲမသိတော့ညည်းကလေးကိုခေါ်ထားလို့မဖြစ်နိုင်တော့ဘူး...ဒီတော့..မလေးရဲ့စကားကိုနားထောင်ပြီးမိဘရှိရာရွာကိုကောင်းကောင်းပြန်နော်.......သွားတော့....သွားတော့...ရင်အော်ကလိမ္မာပါတယ်......."

ကောင်မလေးလဲ ငိုယိုနှုတ်ဆက်ပြီးရွာပြန်သွားရှာတယ် ။

ကံဆိုးရှာသူ မိန်းမပျိုကတော့ တယောက်တည်းကျန်ခဲ့ရှာပြီ ။ သူ့မှာစစချင်းတော့ တအံ့တသြနဲ့ထုံနေသလိုပဲ ။ အခုသူ့ဘေးမှာလူတွေတဖြည်းဖြည်းရှင်းသွားတော့မှပဲ အဖြစ်မှန်ကသူ့ကိုလှုပ်နှိုးလိုက်သလိုမျိုးတရွေ့ရွေ့နဲ့ရုံးတော်ရှေ့ကနေထွက်လာရတယ် ။ ခြေဦးတည့်ရာကိုသာလျှောက်နေပေမဲ့ဘေးဘီကိုလဲအာရုံထဲမရှိဘူး။ နာရီပေါင်းမြောက်များစွာ ဒီလိုပဲလျှောက်နေမိရင်းမှောင်စပျိုးလာမှ ပတ်ဝန်းကျင်ကို

သတိပြုမိလိုက်တော့ ပိုင်ယန်မြစ်ပေါ်က တိုင်ဟန်တံတားအပေါ်ကိုရောက်နေပြီ ။ ဒါနဲ့ တံတားအပေါ် ကနေမြစ်ထဲသွားလာနေကြတဲ့ တုံကင်းတွေ ၊ ကူးတို့လှေတွေ ၊ ငှက်တွေကိုသာ ကြောင်တောင်ငေးလို့ နေမိရှာသတဲ့ ။ ဆိပ်ကမ်းမှာကပ်ထားတဲ့လှေတွေကလဲ ညနေလေညှင်းထဲမှာယိမ်းနွဲ့လို့ ။ ဒီလိုနဲ့ပဲနေ ကလဲတဖြည်းဖြည်းဝင်လာပြီ ။ တောင်စွယ်မှာတစစနဲ့ ကွယ်လုဆဲနေကိုကြည့်ရင်း စွန့်ပစ်ခံလိုက်ရတဲ့ မိန်းကလေးဟာ သူ့ဘဝလမ်းဆုံးကိုတော့ရောက်နေပြီဆိုတာ နားလည်လိုက်သတဲ့ ။ ဒါဟာသူ့ဘဝမှာ နောက်ဆုံးအကြိမ်အနေနဲ့မြင်ရတဲ့နေဝင်ခြင်းပဲလို့တွေးပြီး နေလုံးကြီးကိုနှုတ်ဆက်အကြည့်နဲ့ကြည့်လို့ ရေထဲကိုခုန်ချလိုက်ချိန်မှာပဲ တယောက်ယောက်က အနောက်ကနေရုတ်တရက်ဖမ်းဆွဲလိုက်တာကိုခံ ရရော ။ တအံ့တသြနဲ့လှည့်ကြည့်လိုက်တော့ သူ့ကိုလက်မတင်လေးကယ်တင်လိုက်သူဟာ အသက် ငါးဆယ်ကျော်လောက်အဒေါ်ကြီးတယောက်ဖြစ်နေသတဲ့ ။ ဆံစတွေဖြူစပြုပြီး တကိုယ်လုံးအမည်း ချည်းပဲဝတ်ထားတဲ့ အဒေါ်ကြီးကအေးအေးသက်သာနဲ့ဆိုတယ် ။

".............သမီးရယ်...မကြံကောင်းမစည်ရာကွယ်...ဘာအကြောင်းကြောင့်နဲ့များ..ကိုယ့်ကိုယ်ကိုအဆုံး စီရင်ဖို့အထိကြံရသလဲ...ဒေါ်ကြီးမြင်လိုက်ပေလို့သာပေါ့............"

ဟွမ်ကတော်ဟောင်းမိန်းကလေးက ဇဝေဇဝါနဲ့ သူ့ကိုကြည့်နေတာတွေ့တော့အဒေါ်ကြီးကဆိုသတဲ့ ။

"..........သမီးကိုကြည့်ရတာ..ဒေါ်ကြီးကိုမမှတ်မိဘူးထင်ပါရဲ့....အေးလေ....နှစ်တွေလဲကြာခဲ့မှကိုးကွယ် ဒေါ်ကြီးကသမီးတို့ရွာကပေါ့....တို့တွေဆွေမျိုးနီးစပ်တောင်တော်စပ်ပါတယ်ကွယ်...သမီးကနန်းတော်က အရာရှိမင်းနဲ့အိမ်ထောင်ကျသွားတော့..ဒေါ်ကြီးလဲလာမတွေ့ဝံ့တော့ဘူး...သမီးသိပ်ငယ်တဲ့အရွယ်တုံးက တို့တွေဆုံခဲ့တာနောက်ဆုံးပါပဲ...ဟိုတနေ့ကတော့သမီးရုံးတော်မှာအမှုဆိုင်နေရတယ်ဆိုတာ..အိမ်နီးချင်း တွေဆီကသိရလို့..အမှုစစ်တဲ့သုံးရက်လုံးလုံး..ရုံးတော်ကိုဒေါ်ကြီးလိုက်လာတာ...သမီးတို့ပြတ်စဲခဲ့ကြတာ ကိုလဲ..ဒေါ်ကြီးသိပါတယ်....ဒါပေမဲ့ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ဖို့အထိကတော့..ရက်စက်လွန်းလှပါတယ် သမီးရယ်...လူ့ဘဝဆိုတာရခဲပါသဘိနဲ့............"

"..........ဒါပေမဲ့ရှင်...ခုနစ်နှစ်လုံးလုံးခြေဆုပ်လက်နယ်ပြုစုလာခဲ့တဲ့..ခင်ပွန်းကလဲကျွန်မကိုစွန့်ပစ်ခဲ့ပြီ... ကျွန်မမှာပြန်စရာအိမ်လဲမရှိသလို..ခိုစရာသွားစရာဆွေမျိုးမိတ်ဆွေရယ်လို့လဲမရှိမှတော့..ဒီလောကမှာ ကံဆိုးလှတဲ့ဘဝကြီးထဲနေနေလို့လဲ..ဘာထူးတော့မလဲရှင်........."

".............အိုအေ...နေစရာသွားစရာမရှိယုံနဲ့..သတ်သေစရာလားကွဲ့...ဒေါ်ကြီးနဲ့လိုက်နေစမ်းပါ... ညည်းကိုသမီးအရင်းလိုမွေးစားထားပါ့မယ်...ခင်ရာဆွေမျိုးမဟုတ်ပါလားအေ.........."

အသက်အရွယ်နဲ့မလိုက်အောင် သန်မာဖျတ်လတ်ပြီးဖော်ရွေလှတဲ့အဒေါ်ကြီးဟာ ဇာတိရွာကဆွေမျိုး လား ဘာလားဆိုတာကိုတော့ ဟွမ်ကတော်ကမသေချာလှပေမဲ့ သူ့လိုခြေဖဝါးလက်ဖဝါးသာကျန်တဲ့ အိမ်ထောင်ပျက်အမျိုးသမီးအတွက်ကတော့ ကောက်ရိုးတမျှင်ကိုပဲကိုး ။ ဒါနဲ့သူလဲ ဇဝေဇဝါနဲ့ပဲလိုက် သွားသတဲ့ ။ အဒေါ်ကြီးကသူ့ကိုအိမ်ခေါ်သွားရာလမ်းမှာဝိုင်ဆိုင်ခေါ်သွားတယ် ။ ဝိုင်တခွက်စီနဲ့ ဗိုက် ဖြည့်ပြီးလူလဲနွေးနွေးထွေးထွေးရှိလာကြတော့မှ အိမ်ပြန်ကြတယ် ။ အဒေါ်ကြီးရဲ့အိမ်လေးကသိပ်ပြီး ဆိတ်ငြိမ်သန့်ပြန့်တဲ့ရပ်ကွက်ထဲကလမ်းတိုလေးတခုထဲမှာပေါ့ ။ အိမ်ကလေးကသေးပေမဲ့ ပရိဘောဂ လှလှလေးတွေ ၊ ခမ်းဆီးအစိမ်းရောင်လေးတွေနဲ့တန်ဆာဆင်လို့ သပ်ရပ်နွေးထွေးလှသတဲ့ ။

"............အိမ်လေးကနေချင်စရာကောင်းလိုက်တာရှင်.....ဒေါ်ကြီးကတယောက်တည်းနေတာလား..... စားဝတ်နေရေးအတွက်ရော..ဘယ်လိုဖြေရှင်းလဲဟင်.....ကျွန်မအားကျလိုက်တာ..............."

"............အေးကွယ်..ဒေါ်ကြီးကတကောင်ကြွက်ဆိုပါတော့အေ..အခုတော့သမီးရောက်လာပြီဆိုတော့ နှစ်ယောက်ပေါ့လေ....မိန်းမသားတယောက်တည်းဆိုပေမဲ့..လူထွင်းတဲ့ခံတွင်းမှမဟုတ်တာကွယ်..စား ဝတ်နေရေးကလဲ..ဒီလိုပဲလုပ်ကိုင်စားသောက်ရုံနဲ့တင်ကိုကောင်းကောင်းမွန်မွန်နေရပါတယ်.....ဒါနဲ့အေ ရွာမှာတုန်းကသမီးကိုအငယ်လေးလို့ပဲဒေါ်ကြီးကခေါ်နေကျဟာ...ညည်းနာမည်အရင်းကဘာပါလိမ့်..."

"..........ချွမ်မေလေ..ဒေါ်ကြီးရဲ့.........."

ဆွေမျိုးတော်တယ်သာဆိုပေမဲ့ သူ့နာမည်ကိုတောင်အခုမှမေးယူရတဲ့အဒေါ်ကြီးကိုဟွမ်ကတော်တဖြစ်လဲ ချွမ်မေကစိတ်ထဲမှာတမျိုးတော့ဖြစ်ပေမဲ့ ထပ်မမေးမစမ်းဘဲဒီအတိုင်းထားလိုက်သတဲ့ ။ သူ့အဒေါ်ဆိုတာတကယ်မဟုတ်ခဲ့ရင်တောင် ဒီအမျိုးသမီးကြီးကသူ့အပေါ်ကြင်နာလှတာတော့ငြင်းလို့မရဘူး ။ ဒီလိုနဲ့ညနက်လာတော့ အဒေါ်ကြီးက အိပ်ရာပြင်ပေးပြီး ချွမ်မေကိုနားခိုင်းတယ်။ နွေးထွေးပြီးသက်တောင့်သက်သာရှိလှတဲ့အိပ်ရာပေါ်လှဲရင်း ချွမ်မေဟာ သူ့ဘဝရဲ့မယုံနိုင်စရာ အလှည့်အပြောင်းတွေကိုတွေးမိရင်း ရုတ်တရက်အားအင်ကုန်ခန်းသွားသလိုပဲအိပ်ပျော်သွားတော့တယ် ။ နောက်ရက်တွေရောက်တော့လဲချွမ်မေခမျာ အခုမှနာလန်ထစလူနာလို အိပ်ရာထဲမှာနားလို့ချည်းနေသတဲ့ ။ ဘယ်တော့မှတောင် ထပြီးနေမင်းကိုကြည့်လိုစိတ်မရှိတော့ဘူးလို့ထင်ရပေမဲ့ တဖြည်းဖြည်းနဲ့စိတ်အနည်ထိုင်လာတဲ့တမနက်မှာလန်းလန်းဆန်းဆန်းနဲ့နိုးလာတယ် ။ အဲဒီတော့မှ စိတ်ရှည်လက်ရှည်နဲ့မိခင်တယောက်လိုအင်မတန်ကြင်နာညှာဝတ်ကြေတတ်တဲ့အဒေါ်ကြီးကသူ့နားကိုလာပြီးပြောသတဲ့ ။

"..........ချွမ်မေရေ...သမီးရဲ့စိတ်ဒဏ်ရာလဲသက်သာသင့်သလောက်တော့ သက်သာလာပြီလို့ဒေါ်ကြီးထင်ပါတယ်...ရှေ့လျှောက်ကိုညည်းအနေနဲ့ရဲရဲရင့်ရင့်ရှင်သန်ရင်ဆိုင်သွားဖို့အချိန်လဲရောက်လာပြီ...အမှန်ပြောရရင်..ဒေါ်ကြီးဟာညည်းနဲ့ဘာမှမတော်ဘူးကွဲ့..ညည်းရွာကရပ်ဆွေရပ်မျိုးလဲမဟုတ်ဘူး...သမီးလိုရုပ်ရည်လေးနဲ့ငယ်ငယ်ရွယ်ရွယ်မိန်းကလေးတယောက်..အဆုံးစီရင်မှာကိုနမြောလွန်းလို့..ဇတ်လမ်းဆင်ပြီးခေါ်လာခဲ့တာပဲ...အသက်တချောင်းကယ်သင့်ကောင်းတယ်လို့..ဒေါ်ကြီးထင်တယ်လေ...သမီးဟာငယ်ရွယ်နုပျိုသေးတဲ့အပြင်..ရုပ်ရည်လဲလှပချောမောတယ်......ညည်းအတွက်ပိုပြီးကောင်းမွန်သင့်မြတ်လှတဲ့အနာဂါတ်က..ကြိုမနေဘူးလို့ဘယ်သူပြောနိုင်လဲကွဲ့...ဒါနဲ့ညည်းကိုစွန့်ပစ်ခဲ့တဲ့ခင်ပွန်းသည်ကိုရော..သံယောဇဉ်တွယ်နေတုံးပဲလား..........."

အိပ်ရာပေါ်ကနေလက်ထောက်ထလာရင်း ချွမ်မေကတွေတွေဝေဝေနဲ့ဖြေတယ် ။

"..........မသိဘူး..ဒေါ်ကြီးရယ်...စိတ်နာသင့်ပေမဲ့သူ့ကိုမေ့လို့မရတာတော့အမှန်ပဲ......."

"…………အေးပေါ့….စိတ်ဆိုတာကလဲခက်သားပဲကွဲ…ဒေါ်ကြီးညည်းကိုအပြစ်မတင်ပါဘူး…ဒါပေမဲ့ သမီးရေ..ကိုယ့်ဘဝရှေ့ရေးအတွက်လဲ..ကိုယ်ခေါင်းထဲမှာတော့ထည့်ထားရမယ်…တို့တွေကမိန်းမ သားပေမဲ့..လူတကာအနိုင်ကျင့်တာကိုခံစရာအကြောင်းမရှိပေဘူး…ဒါမျိုးဆိုတာသူကြင်မှကိုယ်ကြင် ဂျင်းစိမ်းနဲ့မိတ်သလင်ပေါ့..သမီးရဲ့…သူတောင်သစ်စိမ်းချိုးချိုးရက်သေးတာအေ…ကိုယ်ကလဲပြတ် နိုင်ရမှာပေါ့…လူငယ်တွေဆိုတာဒီလိုပါပဲ…စိတ်အလိုလိုက်တတ်ကြတယ်..ဒေါ်ကြီးလဲငယ်ရာကကြီး လာခဲ့တာပဲ..ဒါမျိုးတော့ကြုံခဲ့လှပေါ့…ဖြစ်ပြန်ပျက်ပြန်လောကခံကိုး…ပြုံးလိုက်ရယ်လိုက်..ငိုကာရယ် ကာနဲ့..နိမ့်တလှည့်မြင့်တလှည့်အကွေ့အကောက်တွေကြားသွားနေရတာပါပဲ…ဒေါ်ကြီးခင်ပွန်းကွယ် လွန်တော့ဒေါ်ကြီးက..နှစ်ဆယ့်ရှစ်နှစ်ပဲရှိသေးတယ်…..ညည်းကဘယ်နှစ်နှစ်တုံး..အဲ..အဲ..နှစ်ဆယ့် လေးဆိုတော့..ညည်းထက်လေးနှစ်ပဲကြီးတာပဲ…..တကယ့်အရွယ်ကောင်းပေါ့အေ…ဒါပေမဲ့ငယ်ငယ် ရွယ်ရွယ်နဲ့အရိပ်မဲ့သွားလို့ဆိုပြီးစိတ်ဓါတ်ကျမယ်ထင်သလား…ဝေးသေးတယ်အေ…..အခုဒေါ်ကြီးကို ကြည့်စမ်းပါ………."

ဆိုပြီး အဒေါ်ကြီးကအရွယ်နဲ့စာလိုက်ရင် အရေးအကြောင်းတခုနှစ်ခုကလွဲရင် အင်မတန်နုပျိုသန့်စွမ်း သေးတဲ့သူ့မျက်နှာကိုဟိုဘက်ဒီဘက်လှည့်ပြရင်း စကားဆက်ပြန်တယ် ။

"…………ရင်ထဲကဒဏ်ရာ..အနာကျက်ဖို့ရာအချိန်တော့ပေးရပေမပေါ့ကွဲ…ဒေါ်ကြီးနားလည်ပါတယ် ညည်းလဲလိုသလောက်အချိန်ယူပါကွယ်..ဒါပေမဲ့အချိန်ကျလာတဲ့တနေ့တော့..ဒီစိတ်ဒဏ်ရာတွေကို ကျော်လွှားပြီးဘဝကိုပြန်စရမှာပဲ…ဘဝဆိုတာမဆုံးနိုင်တဲ့လမ်းတခုကိုလျှောက်နေသလိုပဲပေါ့…လမ်း သွားရင်းနဲ့ခလုတ်ကန်သင်းကြုံရလို့လဲကျခဲ့ရင်လဲ..ခဏတဖြုတ်သာလဲပြိုနာကျင်ငိုယိုရပေမဲ့….အား တင်းလို့နေရာကပြန်ထပြီးဆက်လျှောက်ကြရတာပဲမဟုတ်လား….အခုလဲအားတင်းပြီးရှေ့ဆက်သွား နိုင်ရမှာပေါ့….ပြီးတော့ညည်းပြောပုံအရဆိုရင်..ညည်းခင်ပွန်းကမလွမ်းလောက်ပါဘူးအေ…ညည်းလို မယားကောင်းကို..အခြေအမြစ်မရှိတဲ့ကိစ္စလေးတခုနဲ့စွန့်ပစ်ခဲ့တဲ့အပြင်… သမီးကိုသောင်ပြင်မှာလွှတ် တဲ့ ခွေးလိုသွားစရာ..ခိုစရာမရှိမှန်းသိရက်နဲ့မျက်နှာလွှဲခဲပစ်လုပ်ခဲ့တာ..ဒေါ်ကြီးဖြင့်အံ့သြလို့မဆုံးဘူး.. ဒီလိုလူအတွက်ငိုယိုပူဆွေးပြီး..ဘဝကိုရေစုံမျှောပစ်ဖို့ကတော့..သနလှသအေ………."

အဒေါ်ကြီးရဲ့လက်တွေ့ကျလှတဲ့စကားတွေကိုကြားလိုက်ရတော့ ချွမ်မေတယောက်ဟာ အားငယ်ဝမ်းနည်းနေတာတွေ အတော်ကိုသက်သာသွားပြီး ဘဝကိုပြန်စချင်စိတ်တဖွားဖွားပေါ်လာသတဲ့ ။

"..........ဟုတ်ပါရဲ့..ဒေါ်ကြီးရယ်..ဒေါ်ကြီးပြောတာမှန်လှပါတယ်...ကျွန်မဘာလုပ်ရမလဲဟင်....တခုခုတော့လုပ်ချင်တယ်ရှင်...ဒေါ်ကြီးကိုပဲတသက်လုံးမှီခိုဖို့တော့မဖြစ်နိုင်ဘူး...အခုလိုကယ်ဆယ်ပြီးခိုစရာပေးထားတာတောင်..ကျေးဇူးတင်အားနာလှပါပြီ............."

"................အခုတော့ဒေါ်ကြီးနဲ့အတူနေပြီး..ကိုယ့်ခြေထောက်ပေါ်ကိုကိုယ်ပြန်ရပ်တည်နိုင်တဲ့အထိအားမွေးပါဦး....ဒေါ်ကြီးမှာညည်းတယောက်အတွက်နဲ့ဘာမှဝန်မပိုသလို..သမီးတယောက်ကောက်ရသလိုကိုအဖော်ရပါတယ်အေ.......ဒီကြားထဲမှာသင့်တော်တဲ့လူများတွေ့ခဲ့ရင်လဲပြန်စဉ်းစားပေါ့ကွယ် တပင်လဲမှ..တပင်ထူတဲ့....ညည်းလိုရုပ်ရည်အနေအထိုင်နဲ့တော့..ခင်ပွန်းကောင်းနဲ့ဆုံစည်းဖို့ရာမခက်ပါဘူးကွဲ့.........."

ဒီလိုအဒေါ်ကြီးရဲ့အားပေးစကားတွေအောက်မှာ ချွမ်မေတယောက် အင်မတန်မှကိုစိတ်သက်သာရာရလာရှာတယ် ။

"..........ကျေးဇူးကြီးလှပါတယ်..ဒေါ်ကြီးရယ်....ကျွန်မလေ..ရှေ့လျှောက်ဝမ်းနည်းအားငယ်ပြီးမနေတော့ဘူး..ဒေါ်ကြီးသွန်သင်သလို..ရှေ့ရေးကိုရှေးရှုလို့သာနေတော့မယ်................."

ချွမ်မေဟာအဒေါ်ကြီးကိုသူ့အသက်ကိုကယ်ဆယ်ခဲ့တဲ့အတွက်ရော ၊ သူဘယ်သွားလို့ဘယ်လာရမှန်းမသိတဲ့အချိန်မှာသူနဲ့အတူနေခွင့်ပြုရုံသာမက စိတ်ဓါတ်ကျအားငယ်နေတုံးအခုလိုစိတ်ဓါတ်မြှင့်တင်ပေးခဲ့တာတွေအတွက် ဘယ်လိုကျေးဇူးတင်ရမှန်းမသိအောင်ကို ကျေးဇူးတင်မိပါသတဲ့ ။ အမှန်ပြောရရင်တဖြည်းဖြည်းနဲ့ပုံမှန်ဘဝပြန်ရောက်လာသလိုပါပဲ ။ နေ့ခင်းဆိုအိမ်မှုကိစ္စတွေကူလို့ ညနေဆိုရင်ဒေါ်ကြီးနဲ့အတူညစာစားကြတယ် ။ ညစာစားတိုင်းလဲ ဒေါ်ကြီးကဝိုင်တခွက်လောက်တော့သောက်လေ့ရှိတယ်။

သူ့အခေါ်အရတော့ဝိုင်ဟာ အာယုဝဍနဆေးကြီးဆိုပဲ ။ ဝိုင်လေးတခွက်လောက် ဗိုက်ထဲထည့်လိုက်မှ နွေးနွေးထွေးထွေးနဲ့ ပြန်ပြီးငယ်မူပြန်သွားသလိုထင်ရတယ်လို့ ပြောလေ့ရှိသတဲ့ ။ ချွမ်မေကတော့ အရွယ်နဲ့မလိုက်အောင်ကို ပျော်ပျော်ပါးပါးနေတတ်တဲ့အဒေါ်ကြီးနဲ့နေရတာ အင်မတန်မှစိတ်ပေါ့ပါးလွတ်လပ်ရာတယ် ။ ဒါနဲ့တညနေမှာတော့ ညစာစားပြီးဝိုင်တခွက်စီနဲ့ထိုင်နေကြတုန်းအပြင်က ခေါ်သံကြားရသတဲ့ ။

"............ဒေါ်ကြီးဟူရေ......ဗျို့...ဒေါ်ကြီးဟူ....စောစောစီးစီးအိမ်တံခါးတွေပိတ်လို့ပါလားဗျ............"

အဲဒီနေ့ကမိုးတဖြောက်ဖြောက်စွေရွာနေတော့ သူတို့လဲစောစောတံခါးပိတ်ပြီးမိုးအေးအေးနဲ့အိမ်ထဲမှာပဲ ကွေးနေကြတာကိုး ။ ဒါနဲ့ဒေါ်ကြီးက တံခါးထဖွင့်တော့ တံခါးဝမှာလူရွယ်တယောက်ရပ်နေသတဲ့ ။ ဒေါ်ကြီးကဧည့်သည်ကို အိမ်ထဲဝင်ဖို့ခေါ်တော့ သူတနေရာကိုအရေးတကြီးသွားရမှာမို့ မဝင်တော့ဘူးလို့ဆိုတယ် ။ ဒါနဲ့ချွမ်မေက အသာလှမ်းကြည့်လိုက်တော့ တံခါးဝကဧည့်သည်ကအရပ်မြင့်မြင့် မျက်လုံးမျက်ခုံးကောင်းကောင်းနဲ့ နှာခေါင်းချွန်ချွန်လူရည်သန့်ဆိုတာကိုသတိပြုမိသတဲ့ ။ ဒါနဲ့ရုတ်တရက်ဆတ်ကနဲဖြစ်သွားပြီးတော့ ဝါးယင်းလိပ်ကြားဝင်ပြီး အသေအချာကြည့်ပြန်မိတယ် ။ စိမ်းမှောင်နေတဲ့မျက်ခုံးတွေ ဖိတ်ဖိတ်တောက်နေတဲ့မျက်လုံးနက်နက်တွေနဲ့ နှာခေါင်းချွန်ချွန်မြင့်မြင့် ၊ နှုတ်ခမ်းပြည့်ပြည့် စတာတွေကိုမြင်မိတော့ ငုံးကြော်သည်လေးပြောပြခဲ့တဲ့ လက်ဆောင်ထုတ်ပို့တဲ့ လူစိမ်းပုံအတိုင်းဖြစ်နေတာကိုး။ သူချောင်းနေတုန်း လူစိမ်းရဲ့စိတ်မရှည်လက်မရှည်နဲ့ပြောနေတဲ့ အသံသြသြကိုပါကြားလိုက်ရတယ် ။

"...............ဘယ့်နှယ်တုံး...ဒေါ်ကြီးဟူရဲ့.......ခင်ဗျားကိုငွေစသုံးရာဖိုးရတနာတွေအပ်ထားတာ..တလတောင်ပြည့်လုပါပကော..ရောင်းပြီးပြီလဲဆိုသေးရဲ့.....လူလဲမလာ..ငွေလဲမလာဆိုတော့ကျုပ်မှာကိုယ်တိုင်လိုက်လာရတယ်.....အလုပ်လုပ်မှတော့..ငွေစမြင်ချင်တဲ့သူတွေချည်းပဲပေါ့....ကျုပ်အခုငွေစတွေလာယူတာ...တခြားလုပ်ငန်းတွေမှာလှည့်ဖို့ရှိသေးသဗျ.........."

"...............စိတ်မရှိပါနဲ့....မောင်ရင်ရယ်...မင်းရဲ့ရတနာတွေကဒေါ်ကြီးပြောခဲ့သလိုပဲရောင်းပြီးပါပြီ...ငွေ

ချေဖို့ရာပဲလိုတော့တာပါကွဲ.....ဝယ်လက်ကလဲစိတ်ချရတဲ့ဒေါ်ကြီးရဲ့ဖောက်သည်ပါ...သူတို့ငွေချေတာနဲ့ချက်ခြင်းမင်းဆီကိုလာမလို့ပါပဲ...ကိုယ်ရောင်းဝယ်နေတာငရုတ်ကြက်သွန်မှမဟုတ်ပဲကွယ်....မင်းနယ်..စိတ်ရှည်ရှည်ထားမှပေါ့.............."

"............ဟုတ်ပါပြီဗျာ...ဒီတခါကခါတိုင်းနဲ့မတူအောင်ကိုကြန့်ကြာနေလို့..လိုက်လာရတာပါ...ငွေပေါ်ရင်သာဆက်ဆက်လာပေးဖို့မမေ့ပါနဲ့....ကိုင်း...သွားပြီဗျို့................."

ဆိုပြီးပြောပြောဆိုဆိုနဲ့ညွှဲသည်ပြန်သွားလို့ ဒေါ်ကြီးအိမ်ထဲပြန်ဝင်လာတော့ ချွမ်မေလဲနေရာမှာအသာဝင်ထိုင်ရင်းသက်မကင်းအမူအရာတွေမပြဘဲ မေးသတဲ့ ။

"..........ဘယ်ကညွှဲသည်လဲ..ဒေါ်ကြီး................"

"..........အင်း...သူ့နာမည်ကတော့ဟန် တဲ့ ...စိုင်ချောင်နယ်ကတရားသူကြီးဟောင်းလို့ဆိုတာပဲ...ဟုတ်မဟုတ်တော့ဒေါ်ကြီးလဲမပြောတတ်ပါဘူး......သူကအခုလောလောဆယ်တော့..ဒေါ်ကြီးကနေတဆင့်လက်ဝတ်ရတနာအရောင်းအဝယ်လုပ်တယ်...လူကောင်းပါကွယ်...မှန်မှန်ကန်ကန်လဲအလုပ်လုပ်တတ်တယ်...အဲဒါဟိုတလောက..ဒေါ်ကြီးကိုသူ့လက်ဝတ်ရတနာတချို့ရောင်းခိုင်းထားတာ..ဝယ်လက်ကငွေမချေသေးလို့သူ့ဆီကိုငွေသွားမပေးနိုင်လို့လိုက်လာတာပဲ...ဒီတခါနည်းနည်းလဲကြာသွားတော့...သူစိတ်မရှည်ဖြစ်မယ်ဆိုရင်လဲ..ဖြစ်စရာပါပဲလေ.........."

"...........ဒါဆို..ဒေါ်ကြီးနဲ့တော်တော်ရင်းနှီးကြတာပေါ့နော်......."

"............အင်း....စီးပွားဖက်ဆိုတော့လဲ..ရင်းနှီးတယ်လို့တော့ပြောရပါတယ်...ဟန်က အတော်တော့သဘောကောင်းရှာပါတယ်လေ...ငွေရေးကြေးရေးနဲ့ပတ်သက်လာရင်လဲသိပ်ရက်ရောတယ်...ဒေါ်ကြီးများတခါတလေ..ရောင်းပန်းဝယ်ပန်းမကောင်းလို့ကြပ်တည်းနေပြီဆိုရင်..ဖွင့်ပြောစရာကိုမလိုဘူး...သူ့

ဟာသူရိပ်မိပြီး..မြိုးမြိုးမြက်မြက်ပေးကမ်းသွားတာပဲ...လူတော်လေးပါ.....ဟန်နောက်တခါလာမှသမီးနဲ့ အသိအကျွမ်းဖွဲ့ပေးရမယ်............"

ဒီလိုနဲ့နောက်တခါလာတော့ ချွမ်မေကိုဒေါ်ကြီးဟူရဲ့တူမအနေနဲ့ ဟန်နဲ့မိတ်ဆက်ပေးသတဲ့ ။ ဒီ့နောက်ပိုင်းတော့ ဟန်က သူတို့ဆီကိုမကြာခဏဆိုသလို လုပ်ငန်းအကြောင်းပြပြီးလာလေ့ရှိတယ် ။ ချွမ်မေကတော့သဘောကောင်း ၊ မနောကောင်း ၊ အပြောကောင်းကိုလူချောဟန်ကို ရင်နီးခင်မင်မိပေမဲ့ဒီလူဟာ သူ့အိမ်ထောင်ကိုဖျက်ဆီးခဲ့တဲ့ လူစိမ်းများလားဆိုတဲ့အတွေးကိုလဲ ခေါင်းထဲကထုတ်မရပြန်ဘူး ။ ဟန်ရဲ့ရုပ်ရည်ဟာ ငုံးကြော်သည်လေးပြောပြတဲ့လူစိမ်းရဲ့ပုံအတိုင်းဖြစ်နေတာကိုး ။ ဒီလိုရုပ်ရည်မျိုးဆိုတာကအရှားသားကလား ။ အဲ..တခုပဲ..ဟန်ရဲ့နှာခေါင်းကိုချွန်တယ်လို့ပြောရမလား ၊ ကော့ကော့လေးလို့ပြောရမလားဆိုပြီး ချွမ်မေတယောက်မှာမကြာခဏဝေခွဲမရဖြစ်ရတာ တခုပါပဲတဲ့ ။ တခါတလေ ချွမ်မေကအတွေးနက်သွားပြီး သူ့ကိုအကြာကြီးစိုက်ကြည့်နေမိပြီဆိုရင် ဟန်ကရယ်ရယ်မောမောနဲ့ပြောတတ်တယ် ။

"..........အလို....ငါ့နမကကိုယ့်ကိုဘာလို့များရူမဝဖြစ်နေပြန်တာလဲ....မဟုတ်မှလွဲရော..လက္ခဏာဆရာတွေပြောတာမှန်နေပြီထင်ပါရဲ့...သူတို့အဆိုအရတော့..ကိုယ့်မျက်နှာနဲ့နားရွက်ထိပ်လုံးလုံးလေးတွေကလာဘ်ဝင်မဲ့အင်္ဂါတွေတဲ့ဗျား......ကြည့်ပါလား...ကိုယ့်ဥပမိရုပ်ကောင်းပုံများ..မင်းမျက်နှာတောင်မလွှဲနိုင်တော့ဘူး......."

တကယ်ပြောရရင် ဟန်ကဂရုတစိုက်ရှိပြီး ကူညီတတ်သလို သိပ်လဲခင်ဖို့ကောင်းပါတယ် ။ သူ့ကြည့်လိုက်ရင်အမြဲတမ်း သားသားနားနားဝတ်စားပြီး ဝင့်ဝင့်ကြွားကြွားနေတတ်တယ် ။ ဟန်က တချိန်လုံးခရီးထွက်နေတော့ နေရာစုံရောက်ဖူးပြီး စကားပြောလဲသိပ်ကောင်းတာပေါ့ ။ သူမို့လို့များ ပြောလိုက်ရင်တခြားနယ်တွေ ၊ တိုင်းပြည်တွေက ထူးထူးဆန်းဆန်းပုံပြင်တွေနဲ့ နားထောင်လို့မငြီးနိုင်စရာပါပဲ ။ ခြုံပြောရရင် ဟန်ကပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်တဲ့အပြင် သူဟန်ကြီးပန်ကြီးလုပ်တတ်တာကိုကတမျိုးဆွဲဆောင်မှုရှိနေပါသတဲ့ ။ ဟန်ကချွမ်မေကိုဆိုရင်တော့ သိပ်ဂရုတစိုက်ရှိတဲ့အပြင် သူ့ခင်ပွန်း

ပောင်းအကြောင်းကိုမေးပြီး စိတ်ရှည်လက်ရှည်နဲ့စုတ်တသပ်သပ်နားထောင်တတ်သေးတယ် ။ ဟန်ကိုကြည့်ရတာ ချွမ်မေကိုပိုးနေတာလို့ထင်ရပေမဲ့ ကံဆိုးရှာတဲ့မိန်းကလေးရဲ့အကြောင်းတွေကိုတော့ တကယ့်စိတ်ရင်းနဲ့သနားဂရုဏာသက်ဟန်တူပါတယ် ။

တခါများမတော့ ဟန်က အင်္ဂလိပ်ကြယ်သီးပြုတ်သွားလို့ဆိုအကြောင်းပြပြီး သူတို့ဆီပေါက်ချလာသတဲ့ ။ ချွမ်မေကတော့ ပျော်တာပေါ့လေ ။ အခါတိုင်းလဲ အလုပ်အကြောင်းပြပြီး ချောင်းပေါက်မတတ်လာပေမဲ့ အခုတော့ သူ့လက်နဲ့ချုပ်ပေးတာကိုလိုချင်လို့ဆိုပြီး အရိပ်ပြမှတော့အကောင်ထင်ပြီကိုး ။ ဒီလိုနဲ့ နောက်ပိုင်းတော့ ဟိုဟာလေးအကြောင်းပြ ဒီဟာလေးအကြောင်းပြနဲ့ ပိုပြီးအလာစိပ်လာပါရော ။ ဟန်က လာလည်တိုင်းလဲ ဗိုင်တအိုး ဒါမှမဟုတ် မလိုင်လုံးလိုမုန့်ချိုတွေ ၊ အထူးအဆန်းစားစရာလေးတွေသယ်လာတတ်သတဲ့ ။ တခါတလေလဲ ဆာလွန်းလို့ဆိုတစာစာအော်ရင်းရောက်လာတတ်ပြီး ချွမ်မေကိုမီးဖိုချောင်ထဲပိုင်စိုးပိုင်နင်းဆွဲသွင်းပြီး ဟင်းအသစ်အဆန်းချက်နည်းတွေ သင်ပေးတတ်သေးတယ် ။ ကလေးလိုပဲဝက်ပေါင်ခြောက်ပေါင်းပေး ၊ ဂျင်းနရှိုချဥ်လုပ်ကျွေးဦးစသဖြင့်လဲဆိုးနွဲ့ပူဆာတတ်သေးသတဲ့ ။ ဒေါ်ကြီးကြီးနဲ့ချွမ်မေကတော့ ဟန်ဒီလိုပူဆာဂျီကျတိုင်းဝမ်းသာအားရနဲ့ချက်ပြုတ်ပေးကြတာပါပဲ ။ တနေ့မှာဟန်ပြန်သွားတော့ ဒေါ်ကြီးကမေးသတဲ့ ။

"............ချွမ်မေရေ...ညည်းဒီကောင်ဆိုးကလေးကို..ဘယ်လိုသဘောရသလဲကွဲ့.........."

"............ဟန်ကစိတ်ဝင်စားဖို့တော့ကောင်းသားပဲ..ဒေါ်ကြီးရဲ့......သူလာရင်ပျင်းကိုမပျင်းရဘူး...ခင်ဖို့ကောင်းပါတယ်.........."

"..........အင်း....သူကဒေါ်ကြီးကိုကိစ္စတခုအကူအညီတောင်းထားတာ..အတော်ကြာနေပြီကွဲ့...ဒေါ်ကြီးလဲသမီးကိုပြောမယ်..ပြောမယ်နဲ့မပြောဖြစ်သေးတာ....."

"............ဘာများလဲရှင်........."

"..........ဒီလိုလေ...ဟန်ကလူပျိုလူလွတ်မဟုတ်လား....တယောက်တည်းပျော်ပျော်ပါးပါးနေလာတာကြာတော့အိမ်ထောင်ပြုချင်ပြီတဲ့လေ...အဲဒါဒေါ်ကြီးကိုသင့်တော်မဲ့အထဲက..သူ့အတွက်ဇနီးရှာပေးဖို့ပြောနေတာကြာပေါ့...အခုကြည့်ရတာဟန်က..သမီးကိုသဘောကျနေသလိုပဲကွဲ့...တကယ်လို့များ...ဒေါ်ကြီးကသမီးနဲ့ဟန်ကို..စပ်ဟပ်ပေးမယ်ဆိုရင်..ဘယ်လိုသဘောရလဲ............"

".......ဩော်...အင်း...သူကဒီလိုတဲ့လား.........."

ဆိုပြီး ချွမ်မေကရှီတုံ့ချတုံ့ဖြစ်နေတာမြင်တော့ ဒေါ်ကြီးဆိုပြန်တယ် ။

"..........ဟုတ်ပတော်...ဒေါ်ကြီးကတော့..ညည်းနဲ့ဟန်ကိုနတ်ဖက်တဲ့ဖူးစာလို့ထင်တာပဲ...သမီးလဲသူ့အကြောင်းသိနေမှပဲဟာ.....ဘာတွေများလိပ်ခဲတည်းလည်းဖြစ်နေရသေးတာတုံးအေ...ညည်းခင်ပွန်းဟောင်းကိုမမေ့နိုင်သေးတာများဆိုရင်တော့....ဒေါ်ကြီးကတော့ညည်းလောက်မိုက်တဲ့သူမရှိတော့ဘူးလို့ပဲဆိုမိတော့မယ်...ဟိုကညည်းကိုရက်ရက်စက်စက်စွန့်သွားတာအေ့...ဟန်ကတော့လူကလဲလူရည်သန့်..ငွေကြေးကလဲပြည့်စုံတော့..သမီးကိုကောင်းကောင်းမွန်မွန်ထားနိုင်မှာပဲ...ညည်းကလဲဒေါ်ကြီးရဲ့အရိပ်အောက်ကနေလွတ်ပြီး..ကိုယ့်ဘဝကိုယ်စချင်တယ်လို့ပြောပြောနေတာ..ဒါအခွင့်အရေးကြီးတခုမဟုတ်ပေဘူးလားကွဲ့.....ဒေါ်ကြီးကတော့ညည်းကိုစဉ်းစားစေချင်တာပါပဲ........."

"..........ကျွန်မလဲ..ဟန့်ကိုသဘောတော့ကျပါတယ်..ဒေါ်ကြီးရယ်..ခင်ပွန်းဟောင်းဆိုတာကလဲ..နာကျည်းတာကလွဲရင်ခေါင်းထဲတောင်မရှိတော့ပါဘူး....ဒါပေမဲ့ကျွန်မရင်ထဲမှာဟန်နဲ့ပတ်သက်လို့စနိုးစနောင့်ဖြစ်နေတဲ့အကြောင်းလေးတခုရှိနေတော့...စားရမှာလဲသဲတရှပ်ရှပ်..ပစ်ရမှာကလဲအဆီနဲ့တဝင်းဝင်းဆိုသလိုဖြစ်နေလို့ပါ......အဲဒါဘာမှစကားမလွန်ကြသေးခင်မှာ..အဲဒါလေးတော့ရှင်းရှင်းလင်းလင်းအရင်သိချင်မိတယ်.........."

"............ဘာများလဲကွဲ့.........."

"………ကျွန်မလေ..ကျွန်မ..ဟို..ဟို..စိတ်ထဲမှာ..ဟန်ဟာကျွန်မရဲ့အိမ်ထောင်ကိုပြိုကွဲအောင်စာပို့ခဲ့တဲ့ လူစိမ်းများဖြစ်နေမလားလို့..ထင်နေမိလို့……….."

ချွမ်မေ့စကားအဆုံးမှာ ဒေါ်ကြီးကဝါးလုံးကွဲရယ်ချလိုက်တော့ သူတောင်အိုးတိုးအတဖြစ်သွားတယ် ။

"……….မဟုတ်ဘူး…ဒေါ်ကြီးရဲ့…ငုံးကြော်သည်လေးပြောပြခဲ့တဲ့လူစိမ်းရဲ့ရုပ်ရည်သွင်ပြင်တွေကို..ဟန့် ဆီမှာအကုန်တွေ့နေရတာ..ဒေါ်ကြီးကတိုက်ဆိုင်တယ်ထင်လို့လား……….."

"……….ထင်ရုံတင်မကဘူး…တိုက်ဆိုင်တာအမှန်ပဲလို့ပဲ..ဒေါ်ကြီးကတော့ထင်တာပဲ…ညည်းအေ…ဒီမြို့ တော်လို့နေရာကြီးမှာ..ဟန်လိုအရပ်ရှည်ရှည်..မျက်လုံးမျက်ခုံးကောင်းကောင်းနဲ့နှာခေါင်းကော့ကော့လူ တွေဆိုတာအရာအထောင်ရှိနေနိုင်တာပဲကွဲ့….လူတူမရှားနာမည်တူမရှားလို့တောင်ဆိုကြတယ်မဟုတ် လား..ညည်းကလဲမရှိခိုးနိုး..မလှစုန်းမျိုးလုပ်နေပြန်ပါပြီ….ကဲ..တကယ်လို့များ..ဟန်ကညည်းပြောသလို စာပို့တဲ့လူစိမ်းဖြစ်နေခဲ့ရင်ရော..ဘာဖြစ်သေးတုန်း……ပမာပြောကြစို့ဆိုရင်..သမီးဟာသမီးမစားလိုက်ရ တဲ့မုန့်တခုအတွက်..သူခိုးအယိုးခံရပြီးမတရားအပြစ်ပေးခံခဲ့ရတယ်…..အခုတော့အဲဒီမုန့်အတွက်တန်ရာ တန်ဖိုးပေးပြီးချိန်မှမုန့်ကကိုယ့်လက်ထဲကိုရောက်လာမှတော့ကွယ်…စားရုံကလွဲလို့ဘာလုပ်ချင်သေးတုံး တကယ်ပါ…ဒေါ်ကြီးသာဆိုရင်တော့..ဟန်သာလူစိမ်းဖြစ်ခဲ့ရင်သူ့ကိုလက်ထပ်လိုက်ပြီး..ဟိုညည့်ခင်ပွန်း ဟောင်းဆိုတဲ့ငမိုက်သားကိုအကြောင်းသိရအောင်ပြလိုက်မယ်…သူသာမထိုက်လို့သမီးကိုစွန့်ပစ်ခဲ့ပေမဲ့ ပတ္တမြားမှန်ရင်နွံမနစ်ကြောင်းကိုပေါ့အေ့….ညည်းခင်ပွန်းရဲ့ရုပ်ရည်လူရည်လူသွေးကိုလဲရုံးတော်မှာအမှု ဆိုင်ကြတုံးကဒေါ်ကြီးမြင်ဖူးပါတယ်….ဟန်နဲ့ဆိုတာဘာမှကိုမဆိုင်ဘူး…တကတည်း..လူပုံကိုကပုကွကွ ဂင်တိုတို..ရှုသိုးသိုးနဲ့..ရွှေမင်းသားနဲ့ဂုံးရုပ်ကွာသလိုကိုကွာတာ…စိတ်ကူးမလွဲပါနဲ့…ချွမ်မေရယ်……."

ဒေါ်ကြီးချက်ကျလက်ကျနဲ့ပြောတာကြားပြန်တော့လဲ ချွမ်မေကဘယ်လိုတွေးရမှန်းမသိပြန်ဘူး ။ ဆို ကြစို့ဆိုရင် ဟန်သာစာပို့တဲ့လူစိမ်းမဟုတ်ဘူးဆိုလို့ သူနဲ့လက်ထပ်လိုက်ရင်တော့ ချွမ်မေပျော်ရွှင်ရမှာ ဆိုတာအသေအချာပဲ ။ ကဲ..ဆိုကြပါစို့လေ တကယ်လို့ဟန်က စာပို့တဲ့လူစိမ်းဖြစ်နေရင်ရော ချွမ်မေမှာ

ဘာထိခိုက်သလဲဆိုရင်ဘာမှပိုမထူးခြားတဲ့အပြင် သူ့ကိုစွန့်ပစ်ခဲ့တဲ့ခင်ပွန်းသာသိလို့ကတော့ဆတ်ဆတ် ခါတောင်နာဦးမယ် ။ ဟွမ်ဖူက ချွမ်မေအရှက်ရပြီးဘဝပျက်သွားအောင် စွန့်ပစ်ခဲ့တာကိုး ။ အခုတော့သူ လိုချင်သလိုမဟုတ်ဘဲ ချွမ်မေကအိမ်ထောင်သစ်နဲ့ပျော်ရွှင်နေတာ ၊ အိမ်ထောင်သစ်ကလဲစာပို့ခဲ့တဲ့လူပဲ ဆိုတာသာသိရလို့ကတော့ပွဲသိမ်းပေါ့လေ ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်မဟုတ်လား ။ ချွမ်မေဟာ လက် စားချေရခြင်းရဲ့ချိုမြိန်တဲ့အရသာကိုတွေးကြည့်ရုံနဲ့တောင် စွဲမက်လာသတဲ့ ။

နောက်တခါဟန်လာလည်တော့ ချွမ်မေကပိုပြီးပေါ့ပါးလွပ်လပ်နေတယ် ။ စိတ်ထဲကလဲဒီမင်္ဂလာကိစ္စ ကိုခေါင်းမညိတ်ခင် တခါတော့စိတ်ထဲရှင်းသွားအောင်မေးဦးမှပဲလို့တွေးနေသတဲ့ ။ ဟန်ကခါတိုင်းလိုပဲ ဝါးစိမ်းအရက်တအိုးယူလာတော့ ညစာစားအပြီးမှာဝိုင်းကြတာပေါ့လေ ။

".........ချွမ်မေရေ..ကိုယ်နဲ့အတူတခွက်လာသောက်ပါဦးကွာ...မင်းလိုမိန်းမလှလေးကိုဆုံစည်းခွင့်ပေး တဲ့ကိုယ့်ကံကြမ္မာကိုဂုဏ်ပြုတဲ့အနေနဲ့ပေါ့........."

"......ဟင့်အင်း...ရှင့်ရဲ့လာဘ်ရွှင်တဲ့နားရွက်ထိပ်လုံးလေးတွေကိုပဲဂုဏ်ပြုတဲ့အနေနဲ့သောက်မယ်....."

ဒီလိုနဲ့နောက်ပြောင်ပြောဆိုပြီး အရက်နှစ်ခွက်သုံးခွက်လဲဝင်ရော ချွမ်မေဟာပိုပြီးအာရွှင်လာသလို မေး ချင်တဲ့စိတ်တွေကလဲတားမနိုင်ဆီးမရဖြစ်လာတော့ လွှတ်ကနဲထွက်သွားရော ။

".............ရှင်ကိုကြည့်ရတာ..ဟိုလေ..လူတွေပြောပြတဲ့...ကျွန်မကိုစာပို့တယ်ဆိုတဲ့လူစိမ်းပုံနဲ့တထပ်တ ည်းပဲ...သိလား........."

".......အလိုလေး...တကယ်ပဲလား...ဒါဆိုရင်တော့..ကိုယ်ဂုဏ်ယူပါတယ်ကွာ...ဘယ့်နှယ်..ဒီလိုမျိုးမိန်းမ လှလေးတယောက်ကို..ခင်ပွန်းလက်ရှိကြီးနဲ့စာပို့ရဲတဲ့သတ္တိဆိုတာ..နည်းနည်းနောနောမှမဟုတ်တာနော် ကိုယ်သာမင်းကလေးနဲ့ဒီထက်များစောပြီးဆုံစည်းခွင့်ရခဲ့ရင်လဲ..သူ့လိုပဲလုပ်မိမလားမဆိုနိုင်ဘူး...မင်းလို

မိန်းမလှလေးကိုဆုံရဖို့ဆိုရင်....အရာရှိမကလို့..မြို့စားကတော်ဖြစ်နေခဲ့ရင်လဲ..ကိုယ်တော့မှုမယ်မထင်ဘူး...အဲ..မြို့စားကတော်ဆိုလို့...တခါကကိုယ်မြို့စားကတော်လေးတယောက်နဲ့..ချစ်စခန်းဖွင့်ဖူးသဗျ..ဟောဗျာ.....မယုံဘူးလား...အတည်ပြောတာ.....ကိုယ့်ဥပမိရုပ်နဲ့လာဘ်ရွှင်တဲ့နားရွက်ထိပ်လုံးလေးတွေကိုကြည့်ရုံနဲ့တောင်ကိုယ်ဟာဖိုးစွံဆိုတာအသိသာကြီးပဲဟာကို......ကဲ..မယုံရင်လဲနေ...ကျုပ်ဟာကျုပ်ပဲအရက်တခွက်ငှဲ့ပြီး..ဒီနားရွက်ဖျားလေးတွေကိုဂုဏ်ပြုတော့မယ်.........”

ဆိုပြီးဗလွတ်ရွှတ်တပြောရင်းနဲ့ ဟန်ကအရက်တခွက်ငှဲ့ပြန်တယ် ။ သူဒီလိုနောက်တီးနောက်တောက်လုပ်နေတော့ချွမ်မေလဲဘယ်လိုတွေးယူရမှန်းမသိဖြစ်နေတုန်း ဒေါ်ကြီးကဝင်ပြီး ချစ်စနိုးနဲ့ဟန်ကိုမြည်တွန်တောက်တီးသတဲ့ ။

“..........ဒီကောင်လေးဟာလေ...ဘယ်တော့မှစကားအကောင်းကိုမပြောဘူး...ချွမ်မေရေ...မယုံနဲ့ဟဲ့...သူလား......မြို့စားကတော်နားကပ်ခွင့်ရမှာ.......”

ဟန်ကတည်တည်ငြိမ်ငြိမ်ပြောပြန်တယ် ။

“............ချွမ်မေရေ...သေချာလဲစဉ်းစားပါဦးကွယ်...မင်းကိုစာပို့တဲ့လူစိမ်းရဲ့ရုပ်ရည်ဆိုတာကလဲ..အကြားပဲရှိတာမဟုတ်လားကွဲ့...ကိုယ်ကိုယ်တိုင်သေချာမြင်လိုက်ရတာလဲမဟုတ်ဘဲနဲ့..သူဟာပုသလားရှည်သလား..ဖြူသလား...မည်းသလားဆိုတာကိုမင်းဘယ်လိုသိမလဲကွယ်...ဥပါဒ်ဒါန်ကြောင့်..ဥပါဒ်အရောက်မခံပါနဲ့...ကိုယ်ကတော့မင်းလိုချစ်စရာကောင်းပြီးဖြူစင်တဲ့မိန်းကလေးမျိုးကိုလွယ်လွယ်နဲ့စွန့်ပစ်ရက်တဲ့မင့်ခင်ပွန်းဟောင်းကိုသာအံ့ဩမိပါတယ်.........”

ဟန်ကပါးပါးနပ်နပ်နဲ့စကားလမ်းကြောင်းလွှဲလိုက်တော့ ချွမ်မေရဲ့အာရုံက ခင်ပွန်းဟောင်းအပေါ်ရောက်သွားပြန်ရော ။

"............ဟုတ်ပါ့ရှင်...ဒီလောက်အကြာကြီးပေါင်းလာခဲ့ပြီးမှ...စာလေးတစောင်အတွက်နဲ့..ကျွန်မကို ရှင်းပြခွင့်တောင်မပေးဘဲမျက်နှာလွှဲခဲပစ်လုပ်ခဲ့တာ...ခုတော့ပြီးသွားပါပြီလေ..ကျွန်မကလဲသူ့လိုတချိန် လုံးဆူပူငေါက်ငမ်းနေတဲ့သူရဲ့လက်ကလွတ်လာတာ..ပိုတောင်ဝမ်းသာသေးတယ်.....စာကိုဘယ်သူပို့ လိုက်သလဲဆိုတာကိုပဲသိချင်ရုံသက်သက်ပါ....."

ချွမ်မေဟာဂရုမစိုက်ပုံလုပ်နေပေမဲ့ ပြောရင်းတန်းလန်းနဲ့ကို မျက်လုံးတွေမသိမသာရဲလို့ မျက်ရည်ကြည် တွေစိမ့်အိုင်လာရှာသေးသတဲ့ ။

"........အို...ဒါတွေမပြောကြပါစို့နဲ့..ညီမရယ်...ဒီလိုမျက်ဝန်းလှလှမှာမျက်ရည်တွေအိုင်လာတာ..ကိုယ် မမြင်ရက်ပါဘူး..ဒီမျက်လုံးလေးတွေကို..အမြဲကြည်ပြီးပြုံးနေစေချင်တာ...ဘယ့်နှယ်ကွယ်...ထားတဲ့သူ ကထားသွားနိုင်မှတော့..ဘာလို့တမ်းတနေဦးမှာလဲ....လွမ်းစရာရှိရင်နာစရာနဲ့ဖြေမှပေါ့....ကဲ..စိတ်ညစ် စရာတွေကိုမေ့ပစ်ဖို့အတွက်..တခွက်ထပ်သောက်ကြဦးစို့....."

 ချွမ်မေကတော့ ရင်ထဲမှာလဲပူနေသလို ၊ အရက်ကြောင့်လဲရီဝေဝေဖြစ်နေတဲ့အပြင် ဘာကိုနားလည်ရ မှန်းမသိတော့သလိုစိတ်ရှုပ်ထွေးနေတယ် ။ ဒေါ်ကြီးကလဲ သူ့ခင်ပွန်းဟောင်းရဲ့ပြစ်ချက်တွေကိုတချက် ပြီးတချက်ထုတ်ဖော်ပြောဆိုနေတဲ့အပြင် ဘေးမှာထိုင်နေတဲ့ဟန်ကလဲအထူးတလည်ကိုကြင်ကြင်နာနာ ရှိလှသတဲ့ ။ ဒါနဲ့ဝါးစိမ်းအရက်ကိုပဲငှဲ့ပေးတိုင်းသောက်နေမိတော့ ဝမ်းနည်းနေတာတွေတော့တစတစနဲ့ ပျောက်လာသလိုပဲ ။ ချွမ်မေရဲ့ဘဝမှာ ဒီလိုစိတ်လွတ်လက်လွတ်နေထိုင်ပြီး ရင်ဖွင့်ရတာ ဒါပထမဆုံးပါ ပဲတဲ့ ။ အိမ်ထောင်ပျက်ပြီးအတောအတွင်း ပထမဆုံးအကြိမ်အနေနဲ့ လွတ်လပ်ခြင်းရဲ့အရသာကိုလဲခံ စားမိလာတယ် ။ နည်းနည်းလဲထွေနေတော့ ပျော်ပျော်ကြီးထပ်ခါတလဲလဲရေရွတ်မိနေသတဲ့ ။

"......ကျွန်မကိုဆူပူမဲ့ယောကျ်ားမရှိတော့ဘူး....လူလွတ်ဖြစ်သွားပြီ...သိကြရဲ့လားရှင့်..ကျွန်မလူလွတ် ဖြစ်သွားပြီ.......ငေါက်ငမ်းမဲ့သူ...မျက်နှာကိုလက်ပြန်ရိုက်ချမဲ့သူလဲမရှိတော့ဘူး.....လူလွတ်ဖြစ်သွားပြီ ချွမ်မေလူလွတ်ဖြစ်သွားပြီ........လွတ်ပြီကျွတ်ပြီရှင့်.....လူလွတ်ဖြစ်ပြီ......"

ဟန်ကတော့ ချွမ်မေမူးမူးနဲ့ရေရွတ်နေတာကို ဂရုဏာသက်စွာကြည့်ရင်းဆိုတယ် ။

"..........မေ့လိုက်ပါ...ညီမရယ်...အဲဒါကမင်းကိုပိုသက်သာစေပါလိမ့်မယ်....မေ့လိုက်ပါတော့......."

"..........ဟုတ်တယ်...မေ့လိုက်စမ်း..ချွမ်မေ.....မေ့လိုက်.....မေ့လိုက်..ဒါနဲ့..နေပါဦး....ရှင်ကစာလာပို့တဲ့ လူစိမ်းမဟုတ်လားဟင်...မှန်မှန်ပြောနော်.............."

"..........ဩော်...ပြောရင်းဆိုရင်းနဲ့..နောက်ဆုံးတော့ဒီစခန်းကိုပဲပြန်ရောက်လာပြန်ပြီ...ကိုင်း...ကိုယ်က အဲဒီလူစိမ်းဖြစ်နေမယ်ဆိုရင်ရော..မင်းလေးကဘာလုပ်မလို့လဲ.............."

"...........ဘာလုပ်မလဲဆိုတော့...အင်း....ဘာလုပ်မလဲဆိုတော့ရှင်..ကျွန်မကိုအခုလိုလူ့တိရစ္ဆာန်ခင်ပွန်း ဆီကနေလွတ်လပ်ခွင့်ရအောင်ကူညီပေးတာကိုကျေးဇူးဆပ်မလို့ပေါ့....ဟားဟား...ကျွန်မအခုလိုစာပို့ခဲ့ တဲ့လူစိမ်းနဲ့အရက်ထိုင်သောက်နေတာကိုသာ...ကျွန်မခင်ပွန်းမြင်ရရင်ဘယ်လောက်များစိတ်ဆိုးလိုက် မလဲနော်............."

"..........မင်းခင်ပွန်းဟောင်းလို့ပြောပါကွယ်...ခင်ပွန်း..ခင်ပွန်းနဲ့နားခါးလှပါတယ်....တကယ်လို့မင်းပြော တဲ့အတိုင်း..စာပို့တဲ့သူစိမ်းနဲ့မင်းအရက်ထိုင်သောက်နေတာကိုသာ..မင်းခင်ပွန်းဟောင်းမြင်ရင်တော့သူ သံသယရှိတဲ့အတိုင်းပဲ...သူ့ကွယ်ရာမှာအဲဒီသူစိမ်းနဲ့ညစာထွက်စားတာကို..ဝန်ခံလိုက်သလိုဖြစ်သွားမှာ ပေါ့ကွဲ့....ဩော်....ချွမ်မေ..ချွမ်မေ..လောကကြီးမှာ..ခင်ပွန်းနောက်ကွယ်လုပ်ချင်ရာလုပ်နေတဲ့မိန်းမလို ဟာတွေကျတော့အိမ်ထောင်မြဲနေပြီး..မင်းလိုဘာအပြစ်မြူတမှုန်တောင်မရှိတဲ့သူကျမှ..ယိုးစွပ်ခံရတယ် လို့ကွယ်.....တရားကျစရာပဲ........."

ဟန်ကပြောတော့ ချွမ်မေဟာဟွမ်ကတော်ဘဝတုန်းက စိတ်ကူးထဲတောင်ထည့်မိမှာမဟုတ်တဲ့ ရယ် နည်းမျိုးနဲ့လွတ်လွတ်လပ်လပ် ချိုချိုလွင်လွင်ရယ်ရင်းဆိုသတဲ့ ။

"...........အမလေး..တရားသံဝေဝေတွေရနေလိုက်တာ..စိတ်ပုတီးနဲ့ရိပ်ကြီးခိုတော့မဲ့အတိုင်း.....ပြီးတော့ ဟုတ်တာလဲမဟုတ်ဘူး...အလကား...လူဆိုးကြီး...."

"..........လူဆိုးကြီးဆိုတော့လဲ...ဆိုးပြရပေတော့မပေါ့ဗျာ........."

ပြောရင်းဆိုရင်းဟန်က ချွမ်မေကိုရင်ခွင်ထဲဆွဲသွင်းတော့ပြုံးပြုံးလေးအလိုက်သင့်ပါလာရင်း ချွဲသတဲ့ ။

".............လူဆိုးကြီး....စာပို့လာတဲ့လူစိမ်းလူဆိုးကြီး..........."

ဟန်ရဲ့ရင်ခွင်ထဲတိုးဝင်ရင်း ချွမ်မေဟာ ပထမဆုံးအကြိမ် လုံခြုံမှု ၊ စိတ်လွပ်လပ်ပေါ့ပါးမှုနဲ့ ရင်ခုန်ခြင်းအပြင်အချိုမြိန်ဆုံးအရသာဖြစ်တဲ့ ခင်ပွန်းဟောင်းကိုလက်စားချေလိုက်ရလို့ကျေနပ်နှစ်သိမ့်ခြင်းတွေနဲ့ပြုံးမိတယ် ။

ဒါနဲ့သူတို့လက်ထပ်ပြီးကြတော့ ဟန်ကချွမ်မေကိုအနောက်ဘက်ဆိတ်ငြိမ်ရပ်ကွက်က အိမ်သစ်လေးဆီခေါ်သွားတယ် ။ ချွမ်မေရဲ့ဘဝမှာ လောကကြီးဟာဒီလောက်နေပျော်စရာကောင်းပါလားဆိုတာကို တခါမှနားမလည်ခဲ့ပါဘူးတဲ့ ။ အခုအိမ်ထောင်သစ်မှာတော့ ငေါက်ခံရမှာ ၊ မျက်ထောင့်နီကြီးနဲ့ကြည့်ခံရမှာ ၊ နောက်ဆုံးပါးရင်းနားရင်းအရိုက်ခံရမှာတွေကို လုံးလုံးကြောက်စရာမလိုပဲ ခင်ပွန်းသစ်ဟန်နဲ့အမြဲလိုလိုစကားပြောဆိုရယ်မောလို့သာနေကြတယ် ။ ပြောရရင်ချွမ်မေရဲ့ဘဝမှာ သူမလုပ်ခဲ့ရတာ ၊ မခံစားခဲ့ရတာမှန်သမျှကို ဟန်ကဂရုစိုက်ပြီးတခုချင်းလိုက်ဖြည့်ဆည်းပေးနေသလိုပါပဲ ။ ဟင်းမကြိုက်လို့အငေါက်ခံရတာဆိုတာ အခုတော့ယောင်လို့တောင်မရှိတော့ဘူး ။ ဟန်ကမကြာခဏဆိုသလို ချွမ်မေကိုစားသောက်ဆိုင်ကောင်းကောင်းတွေကိုခေါ်သွားတတ်ပြီး ချွမ်မေကြိုက်တာမှန်သမျှကိုသတိတရနဲ့အလျှံအပယ်မှာတတ်တယ် ။ ဟန့်ကိုကြည့်ရတာ ကျောက်မျက်ရတနာကုန်သည်အလုပ်နဲ့အတော်ဝင်ငွေကောင်းဟန်နဲ့ ကောင်းကောင်းနေ ကောင်းကောင်းစားလေ့ရှိပါသတဲ့ ။ ချွမ်မေလက်ထဲကို ငွေစတွေအမြဲလိုလိုထည့်ပေးတတ်ပြီး ကြိုက်ရာလေးတွေဝယ်ခြမ်းစေတတ်တယ် ။ အရင်ခင်ပွန်းဟောင်း ဟွမ်ဖူ

လိုမျိုးစာရင်းအတိအကျစစ်တာမျိုးဆိုတာ အိမ်မက်ထဲမှာတောင်မရှိပေဘူး ။ မကြာခဏလဲ ဟန်ရဲ့မိတ်ဆွေတွေကိုအိမ်ခေါ်ပြီး စားပွဲသောက်ပွဲကျင်းပတတ်ကြသေးတယ် ။ ချွမ်မေရဲ့အရင်အိမ်ထောင်တုန်းက ဘ၀နဲ့တော့ မိုးနဲ့မြေ ၊ ဆီနဲ့ရေ လိုကိုကွာတယ်ဆိုရမှာပေါ့လေ ။

ဒီလိုအလွန်စိတ်ချမ်းသာပျော်ရွှင်စွာနေလာကြပေမဲ့ တခါတလေတော့ချွမ်မေကဟန်ကိုသူဟာစာပို့ခဲ့တဲ့လူစိမ်းများလားလို့မေးတိုင်း ဟန်ကပါးပါးနပ်နပ်နဲ့စကားလမ်းကြောင်းလွှဲပစ်လေ့ရှိတယ် ။ တခါတရံကျတော့လဲ သူ့လုပ်နေကျပုံစံအတိုင်း နောက်တီးနောက်တောက်နဲ့ဝန်ခံပြန်တော့ ချွမ်မေမှာအတည်ပဲယူရမလို ၊ နောက်နေတာကိုပဲရယ်ရမလိုဖြစ်ရသေးတယ် ။ ဘယ်လိုမေးမေး ဘယ်တော့မှအတိအလင်းတော့ဝန်မခံပါဘူးတဲ့ ။ ဒါနဲ့တညနေတော့ ညစာစားအပြီးမှာ အစာပိတ်အနေနဲ့လမ်းပေါ်ကနေ ငုံးကြော်ဝယ်စားကြတယ် ။ ဟန်ကတော့ ရင်ချောင်အောင်ဆိုပြီး ဝိုင်လေးနည်းနည်းနဲ့သောက်တယ် ။ ဒီလိုနဲ့ငုံးကြော်ကြွပ်ကြွပ်လေးတဖဲ့ဝါးလိုက် ဝိုင်လေးသောက်လိုက်နဲ့ ခါတိုင်းထက်ကိုစိတ်ကြည်လင်နေတဲ့ ဟန်ဟာရုတ်တရက် ပြောလိုက်မိပါလေရော ။

"............သိလား..ချွမ်မေရေ....အခုလိုငုံးကြော်စားကြပြန်တော့..ကိုယ်ဖြင့်ဟိုသနားစရာငုံးကြော်သည်လေးကိုတောင်..သတိရမိပါသေးရဲ့ကွာ......အဲ......ဟို..ဟို...မင်းပြောပြတဲ့..ငုံးကြော်သည်ကောင်လေးကိုပြောတာပါ....အင်း...အေးလာပြီကွဲ...အိမ်ထဲဝင်ကြပါစို့ကွာ........"

လွှတ်ကနဲထွက်ပြီးသွားခါမှ စကားကျွံသွားမှန်းသတိထားမိတဲ့ ဟန်ဟာကပျာကယာနဲ့ ဖာထေးဖို့ကြိုးစားသေးပေမဲ့ ချွမ်မေကတော့ချက်ချင်းကိုသိလိုက်ပြီလေ ။ ဟန်ဟာစာပို့တဲ့လူစိမ်းပဲဆိုတာကိုပေါ့ ။ အဲဒီညမှာအိပ်ရာဝင်ကြတော့ ချွမ်မေကမေးတယ် ။

"..............မောင်ဘာလို့အဲဒီစာကိုကျွန်မတို့ဆီပို့ရတာလဲ.........."

ဟန်ကအကြာကြီးငြိမ်နေပြီးမှ ဖြေသတဲ့ ။

"............သူကမင်းကိုသိပ်နိုင်စားလွန်းလို့ပဲ........."

"............မောင်ကဘယ်လိုသိတာလဲ....."

"..............သူမင်းကိုအမြဲအနိုင်ကျင့်တယ်ဆိုတာ..မြင်ရုံနဲ့တင်သိနိုင်တာပဲကွဲ....မင်းတို့အတွဲကိုမြင်တိုင်းမောင်ရင်နာရတယ်...ဖားရုပ်ဆိုးကြီးကိုလက်ထပ်ထားပြီး..အမြဲကြောက်နေရတဲ့ငွေငန်းဖြူလေးကိုကြည့်နေရသလိုပဲ.........."

"............မောင်က..ကျွန်မတို့ကိုကော..ဘယ်မှာတွေ့ဖူးတာလဲဟင်......."

".............မင်းကိုပထမဆုံးစမြင်ဖူးတာကတော့..ကွန်းရှိန်လမ်းပေါ်မှာကွဲ.....မင်းကမင်းခင်ပွန်းနောက်ကိုအပြေးတပိုင်းလိုက်နေရတာ....အဲဒီတုန်းကကိုယ်လမ်းပျောက်နေလို့..မင်းကိုလမ်းမေးမိတော့မင့်ခင်ပွန်းကြီးကရောက်လာပြီး..မင်းကိုမျက်ထောင့်နီကြီးနဲ့ကြည့်လို့ဆောင့်ဆွဲခေါ်သွားတာပဲ.....မင်းရဲ့လက်မောင်းနနလေးတွေကို...အရာထင်မတတ်အကြမ်းပတမ်းဆွဲခေါ်သွားရာကို...မျက်လုံးကလယ်ကလယ်နဲ့လိုက်သွားရတဲ့မင်းကိုဘယ်လိုမှမမေ့လို့မရခဲ့ဘူး....အဲဒါလွန်ခဲ့တဲ့နှစ်ရဲ့နွေဦးတုန်းကပဲ......မင်းကတော့မှတ်မိမယ်မထင်ဘူး......လှောင်ချိုင့်ထဲကအတောင်ချိုးခံထားရတဲ့ငှက်ကလေးလို..တုန်ယင်ကြောက်ရွံ့နေတဲ့မင်းကိုမြင်ရတာကိုယ်ရင်နာလိုက်တာ....ဒါနဲ့ပဲအဲဒီငှက်ငယ်ကိုလှောင်ချိုင့်ထဲကနေကိုယ်ရအောင်လွှတ်မယ်လို့ကိုယ့်ကိုယ်ကိုကတိပေးမိတယ်..ကိုယ်လေ..အချိန်တွေ..ငွေတွေအများကြီးအကုန်ခံပြီးကြံစည်ခဲ့ရတာ...ကိုယ့်အတွက်နည်းနည်းလွယ်ကူသွားစေတာက..မင်းတို့ကိုမလိုတဲ့သူတွေရှိနေလို့ပဲ......"

".........မလိုတဲ့သူတွေဟုတ်လား......."

"......မင်းအိမ်ကိုတမြန်နှစ်ကလာပြီး..မင်းခင်ပွန်းဆီအလုပ်တောင်းတဲ့ရှာကချန်ကိုမှတ်မိသေးလား.."

"………ဟင်….မောင်ကချန်ကိုသိတယ်လား….သူကကျွန်မရဲ့မောင်နှစ်ဝမ်းကွဲလောက်တော်တယ်…..”

"……….သိတာပေါ့ကွယ်…သိရုံတင်မကဘူး..မင်းဆီကိုဆွေမျိုးတွေဘာဖြစ်လို့..လာမတွေ့ကြတော့သလဲဆိုတာပါကိုယ်သိတယ်…ချန်ရှာပြန်လာတော့..မင်းခင်ပွန်းရဲ့အပြုအမူတွေနဲ့မင်းသူ့ကိုဘယ်လောက်ကြောက်ရသလဲဆိုတာဆွေမျိုးအားလုံးကိုပြောပြလိုက်လို့..သူတို့တွေမလာရဲကြတော့တာပဲကွဲ…ဒါတွေကိုကိုယ်ကြားတော့မင်းကိုသနားပြီးရူးမတတ်ဖြစ်ရတယ်..မင်းဟာအဲဒီတုန်းကဘီလူးလက်ထဲရောက်နေလို့ညှိုးဖျော့နေရှာတဲ့လနတ်သမီးလိုပါပဲ….အဲ..အဲဒီချန်ဆီကနေ..မင်းတို့အကြောင်းတွေတော်တော်များများကိုသိလိုက်ရတယ်…….”

"…………ဒါ…ဒါပေမဲ့..မောင်ကဘာလို့အဲဒီစာမျိုးကိုလီဆည်ပြီးပို့ရတာလဲ…ကျွန်မကမောင်နဲ့ညစာလဲထွက်မစားဖူးပဲနဲ့..မောင့်ကိုမြင်တောင်မြင်ဖူးခဲ့တာမဟုတ်ဘူး…ပြီးတော့ကျွန်မအိမ်ထောင်နဲ့ကျွန်မပျော်နေတာပဲဟာကို…လုပ်ရက်လိုက်တာရှင်………”

"…………ချမ်မေရယ်…အဲဒီတုန်းကခင်ပွန်းဟောင်းနဲ့မင်းပျော်နေတယ်ဆိုတာ..လှောင်ချိုင့်ထဲကပြင်ပရဲ့လွတ်လပ်မှုအရသာကိုမခံစားဖူးတဲ့ငှက်ငယ်ရဲ့..ပျော်ရွှင်ခြင်းမျိုးနဲ့စိတ်တထင့်ထင့်ပျော်နေရတာပါကွယ် မင်းမှတ်မိမလားတော့မဆိုနိုင်ဘူး..ကိုယ်မင်းကိုစာမပို့ခင်နှစ်ရက်အလိုက..မင်းခင်ပွန်းအိမ်ပြန်လာတော့မင်းတို့တိုင်ဟိုစားသောက်ဆိုင်မှာ..လာစားကြတယ်လေ…ကိုယ်ကမင်းတို့နဲ့ကပ်လျက်စားပွဲမှာထိုင်နေခဲ့တာ…မင်းဟာအပြင်ကိုမထွက်စဖူးထွက်ရလို့..ပျော်နေတာတော့အမှန်ပါ…ဒါပေမဲ့မင်းခင်ပွန်းရဲ့အရိပ်အခြည်ကိုမပြတ်တမ်းအကဲခတ်ပြီး..ဘယ်အချိန်မှာဘာများထလုပ်လိုက်မလဲ..ဆိုတဲ့ပျော်နည်းမျိုးနဲ့အပျော်တပိုင်း၊ အကြောက်တရားတဝက်ခံစားနေရတာကို..ကိုယ်ချက်ခြင်းပဲသိလိုက်တယ်….မင်းခင်ပွန်းဆိုတဲ့ငနဲကြီးကမင်းကိုပါလာတယ်လို့တောင်သဘောမထားဘဲ…သူကြိုက်ရာအစားအသောက်တွေပဲမှာတာ..မင်းကတော့..ဒါကိုပဲကျေးဇူးတတင်နဲ့စားနေရှာတာတွေ့တော့..ကိုယ်ဒေါသထွက်လို့မဆုံးဘူး…..အဲဒီနေ့မှာပဲကိုယ့်အစီအစဉ်ကိုအကောင်အထည်ဖော်ဖို့..ကိုယ်ဆုံးဖြတ်လိုက်တယ်…ကိုယ်ရည်ရွယ်ထားတာကတော့မင်းဆီကိုစာပို့ပြီး..တွေ့ရရုံအရင်လုပ်ဖို့ပဲကွဲ့..ဒါပေမဲ့ငုံးကြော်သည်လေးကြောင့်မို့..နဂိုအစီအစဉ်

တွေပျက်ကုန်ပြီး..မင်းတို့လဲရုံးရောက်ကြတဲ့အထိကိစ္စတွေကြီးသွားခဲ့တာပဲ....ကိုယ်ကမင်းကိုသိပ်ချစ်မိနေတော့..မင်းတို့အမှုဆိုင်နေတုန်းကလဲ..ဒေါ်ကြီးဟူကနေတဆင့်အမြဲသတင်းနားစွင့်နေခဲ့တာ..တချိန်ချိန်မှာ..မင်းသူနဲ့ကွဲကွာပြီးကိုယ့်ဆီရောက်လာဖို့အရှုးအမူးမျှော်လင့်ခဲ့မိပေမဲ့....ဒီလောက်အထိကံကြမ္မာကကိုယ့်ကိုမျက်နှာသာပေးခဲ့လိမ့်မယ်လို့တော့..မထင်ခဲ့မိတာအမှန်ပဲ...မင်းနာကျင်အရှက်ရစေဖို့ကိုယ်မရည်ရွယ်ခဲ့ပါဘူးကွယ်...မင်းကိုတန်ဖိုးမထားတဲ့ခင်ပွန်းဆိုးလက်အောက်ကလွတ်အောင်ကူညီပြီး..မင်းနဲ့ထိုက်တန်တဲ့မြတ်နိုးယုယမှုကိုပေးချင်ရုံသက်သက်ပါ...........”

သူတို့အဲဒီညကတိတ်တိတ်ဆိတ်ဆိတ်နဲ့ပဲ အချိန်ကုန်ခဲ့ကြတော့တယ် ။ နောက်တနေ့မနက်မှာတော့ဟန်ကစာတစောင်ရေးနေတာကိုချွမ်မေတွေ့တော့ စာရေးပြီးတဲ့အထိစောင့်ပြီးဖျတ်ကနဲဆွဲယူလိုက်ရင်းရယ်ရယ်မောမောနဲ့ဆိုသတဲ့ ။

“.............ကဲ...ကျွန်မမောင့်လက်ရေးနမူနာကိုတော့ရပြီ...ရုံးတော်ကိုသွားဖို့ပဲကျန်တော့တယ်..........”

ဟန်ကခဏတော့မှင်သက်မိသွားသေးပေမဲ့ ချက်ခြင်းပြန်ပြောတယ် ။

“..................မင်းမသွားဘူးဆိုတာမောင်သိပါတယ်..........”

“............အမယ်...သေချာလှချည်လား..........”

“............မင်းကမောင့်လက်ရေးကိုယူပြီးသက်သေအနေနဲ့..တင်ပြမယ်လို့ပြောနေတာမောင်သိပါတယ်ဒါပေမဲ့မင်းကအခုအချိန်မှာ..မင်းနဲ့ဖောက်ပြန်သူလို့စွပ်စွဲကြတဲ့လူစိမ်းနဲ့အတူတူနေနေပြီဆိုတာမမေ့နဲ့ဦးလေ....အခုမှမင်းရုံးတော်ကိုဝမ်းသာအားရသွားရင်...မင်းကိုစွတ်စွဲခဲ့တဲ့အိမ်ထောင်ရေးဖောက်ပြန်မှုကိုအဲဒီတုန်းကကျူးလွန်ခဲ့ကြောင်း..အခုမှကိုယ်ကိုယ်တိုင်လာဝန်ခံသလိုဖြစ်နေမှာပေါ့ကွဲ.....ရုံးတော်ကလဲမင်းမကျူးလွန်ခဲ့တဲ့အပြစ်အတွက်တောင်..မင်းတို့ကိုပြတ်စဲပေးပြီးသားပဲကွယ်.......အခုမှကျူးလွန်ခဲ့မိပါ

ကြောင်းသွားဝန်ခံရင်တော့..သူတို့တွေလဲဘာလုပ်ရမှန်းမသိဖြစ်ကုန်မှာပဲ.....လူတယောက်ကိုပြစ်မှုတခု အတွက်နှစ်ခါလဲအပြစ်ပေးလို့မရပြန်တော့...မင်းကရုံးတော်ကိုသွားအလုပ်ရှုပ်ရုံသက်သက်ဖြစ်နေမှာပေါ့ ကွဲ့.....ချွမ်မေလေးရဲ့...”

“..........မောင်ကလေ.....သိပ်ဉာဏ်များတာပဲ......သိပ်ဆိုးတဲ့လူဆိုးကြီး.........”

ဟန်ရဲ့မျက်နှာပေါ်ကိုအနမ်းပွင့်တွေခြွေချရင်း ချွမ်မေကဆိုတယ် ။

“.........အမလေး...ကိုက်တယ်ခင်ဗျာ့....ကိုယ်တယ်ဗျို့...ခွေးပေါက်စနမလေး..........”

“.........မောင်ကဆိုးတာကိုး...လူဆိုးကြီးကိုချစ်ကြောင်းဒီလိုပဲသက်သေပြရမှာပဲ......”

ဒီလိုနဲ့နှစ်တပတ်လည်လို့ နှစ်သစ်ကူးချိန်ကိုရောက်လာခဲ့ပြီ ။ ချွမ်မေဟာမြို့တော်ကိုရောက်လာစက တည်းကနှစ်သစ်ကူးတွေဆိုရင် ဈာန်ကိုးရှိပုထိုးတော်ကြီးနဲ့ဘုံကျောင်းဆီသွားပြီး ရောက်လာမဲ့နှစ်မှာကံ ကောင်းလာဘ်ရွှင်စေဖို့ သွားကန်တော့လေ့ရှိသတဲ့ ။ ဒီနှစ်လဲဟန်ကိုခေါ်ပြီးဘုံကျောင်းကိုလာကြတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲချွမ်မေနဲ့ရုံးတော်မှာပြတ်စဲပြီးကတည်းက စိတ်ဆင်းရဲနေတဲ့အရာရှိမင်းဟွမ်ဖူကလဲ နှစ်သစ်ဆိုရင်ဇနီးလေးနဲ့ဘုံကျောင်းကန်တော့ခဲ့ကြတာတွေကိုအောက်မေ့လွန်းလို့ ဈာန်ကိုးရှိပုထိုးဆီကို ဘုရားဖူးလာသတဲ့ ။ အဲဒီတုန်းကသူဒေါ်ကြီးမောကြီးနဲ့ ဇနီးကိုသာစွန့်ပစ်ခဲ့ပေမဲ့ စာပို့ခဲ့တဲ့လူစိမ်းကိုတော့ ဘယ်လိုမှခြေရာခံစုံစမ်းလို့လဲမရဘဲ သူ့မှာနန်းတော်ကိုပဲစိတ်ရှုပ်ရှုပ်နဲ့ တာဝန်ထမ်းဆောင်ဖို့ပြန်သွားခဲ့ရ တာ ။ အခုတော့ သူ့ဇနီးချွမ်မေမရှိတော့တာလဲတနှစ်ရှိပြီဆိုတော့ အထီးကျန်လွမ်းဆွတ်စပြုလာတဲ့ဟွမ် ဖူဟာအခုမှသူ့မယားလေးရဲ့အချက်အပြုတ်ကောင်းတာတွေ ၊ သူဘယ်လောက်အော်အော်အပြုံးမပျက် ငုံ့ခံတာတွေ ၊ အိမ်တွင်းအိမ်ပြင်တောင်ထွက်လေ့မရှိဘဲချက်ပြုတ်ချုပ်လုပ်နေတတ်တာတွေ စတဲ့အရည် အချင်းကောင်းတွေကိုတန်ဖိုးထားတတ်လာပြီးနောင်တရနေတတ်ပြီ ။ ပြီးတော့တွေးကြည့်လေလေ သူ့ ဇနီးအပြစ်မရှိတာကိုမြင်လာလေပါပဲ ။ အခုမှပဲတရားခွင်တလျှောက်လုံး အိမ်နီးချင်းသက်သေတွေထွက်

ဆိုခဲ့တာတွေ ၊ ရင်အော်သက်သေခံခဲ့တာ ၊သူ့ဇနီးအကြောင်းအကျိုးနဲ့ရှင်းပြခဲ့ရှာတာတွေအားလုံးကိုပြန်ကြားယောင်လာပြီး သူ့ဇနီးမှာအပြစ်မရှိပဲ ကွာရှင်းခဲ့မိတာကိုကြေကွဲမဆုံးဖြစ်လာတဲ့ဟွမ်ဖူဟာ ဝတ်ရုံထလဲပြီးအမွေးတိုင်တစ်ထုပ်နဲ့ ဈာန်ကိုးရှီဘုရားဘက်ကို စိတ်ပြေလက်ပျောက်ထထွက်လာခဲ့တာပဲ ။

ပုထိုးတော်ကြီးကိုရောက်တော့ ထုံးစံအတိုင်းနှစ်သစ်ကန်တော့လာတဲ့လူတွေနဲ့ အင်မတန်ရှုပ်ထွေးနေသတဲ့ ။ ဟွမ်ဖူလဲကန်တော့ပြီးလို့ လူကြားထဲတိုးဝှေ့လို့ထွက်လာတုန်းမှာပဲ သူ့ဇနီးဟောင်းချွမ်မေကိုအရပ်မြင့်မြင့်လူတယောက်နဲ့တွဲပြီး အထဲဝင်သွားတာတွေ့လိုက်ရရော ။ သူတို့ကိုကြည့်ရတာ ပျော်ရွှင်လို့ သူ့ကိုလဲမြင်ပုံမရတော့ ဟွမ်ဖူဟာအပြင်ကပဲ သူတို့ပြန်ထွက်လာတဲ့အထိ စောင့်နေတာပေါ့ ။ ခဏကြာတော့ ချွမ်မေနဲ့အဲဒီလူဘုရားပေါ်ကနေရယ်မောပြီးဆင်းလာတာကိုလဲမြင်ရော ဟွမ်ဖူဟာလူကြားထဲကိုခေါင်းပုဝင်ပြီးပုန်းနေရင်းနဲ့ သဝန်တိုစိတ်ကြောင့်ဒေါသထွက်လွန်းလို့ တဆတ်ဆတ်တောင်တုန်သတဲ့ ။ ဒါနဲ့သူတို့နှစ်ယောက်နောက်ကနေပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့ဘုံကျောင်းဝင်းအဝရောက်တဲ့အထိလိုက်လာရင်း ဘယ်လိုမှသည်းမခံနိုင်တော့တာနဲ့ ချွမ်မေကိုအော်ခေါ်မိသတဲ့ ။ ခေါ်သံကြားတော့ချွမ်မေဟာချက်ချင်းလှည့်ကြည့်တဲ့အပြင် ဟွမ်ဖူကိုလဲချက်ခြင်းမှတ်မိတယ် ။ သူ့ခင်ပွန်းဟောင်းဟွမ်ဖူဟာ မျက်နှာတွေလဲချောင်ကျသွားပြီး မျက်နှာမှာလဲဘယ်တုန်းကမှမရှိခဲ့ဖူးတဲ့ ဝမ်းပန်းတနည်းအမူအရာမျိုးတွေပေါ်လို့ ။ ချွမ်မေကလဲလုံးလုံးကြီးပြောင်းလဲသွားတာပါပဲ ။ အရင်တုန်းကလို မျက်လွှာအမြဲချထားတတ်တဲ့ ချွမ်မေမဟုတ်တော့ဘဲ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလှတဲ့ မျက်နှာထားမျိုးနဲ့ဖြစ်နေခဲ့ပြီ ။ အခုလဲ ဟွမ်ဖူကိုမြင်တော့ စိတ်အနှောက်အယှက်ဖြစ်တဲ့လေသံနဲ့ဆိုသတဲ့ ။

"............ဩော်....ဘယ်သူများလဲလို့....လက်စသတ်တော့ရှင်ကိုး..........."

ချွမ်မေရဲ့လေသံအမူအရာတွေဟာ ဟိုအရင်ကလိုတိုးတိတ်ပြီးမရွံ့မရဲပုံစံလုံးလုံးမရှိတော့ပဲ ပိုင်ပိုင်နိုင်နိုင်ရှိလွန်းလို့ ဟွမ်ဖူမှာသူလူများမှားခေါ်မိသလားလို့တောင်ထင်လိုက်မိသေးသတဲ့ ။ ဟွမ်ဖူလဲချွမ်မေဘေးကလူကိုတချက်ဝေ့ကြည့်ရင်း ခါတိုင်းလိုပဲငေါက်ဆတ်ဆတ်ဆိုတယ် ။

"…………ချမ်မေ…မင်းကဒီမှာဘာလုပ်နေတာတုန်း…လာ…အိမ်ပြန်ကြစို့…..ဖြစ်ခဲ့တာတွေကိုငါမေ့ပစ်လိုက်ပြီးပြီ……မင်းကိုငါခွင့်လွှတ်တယ်…….အိမ်မှာမင်းမရှိရင်မဖြစ်ဘူးဆိုတာမသိဘူးလား…………"

ဟွမ်ဖူကဒီလိုပိုင်စိုးပိုင်နင်းပြောတော့ ဟန်ကစိတ်ထွက်လာဟန်နဲ့ဝင်ပြောရင်း ချမ်မေကိုမေးတယ် ။

"……ဟော့လူ..ခင်ဗျားကဘယ်သူလဲ..ဘာကိစ္စနဲ့လိုက်နှောက်ယှက်ရတာလဲဗျ…ချမ်မေ..သူ့ကိုသိလား.."

"……….အို…သူကကျွန်မရဲ့ခင်ပွန်းဟောင်းပါ…ဘာမှအရေးပါတဲ့လူမဟုတ်ပါဘူး………"

ဟွမ်ဖူကတော့ သူ့တသက်လုံးမှာအချိုသာဆုံးလို့ဆိုရမဲ့အသံနဲ့ ဆောင့်ကြီးအောင့်ကြီးဆိုပြန်တယ် ။

"…………ဟော့….ချမ်မေ…လာ…အိမ်ပြန်ကြစို့လို့ဆိုနေတာ…မင်းကိုငါခွင့်လွှတ်ပြီးပါပြီ……အိမ်မှာလဲငါတယောက်တည်းဖြစ်နေတာကြာပြီ….မင်းကိုစွပ်စွဲမိတာငါမှားပါတယ်…..ကဲ…ဒီလောက်ဆိုရင်ကျေနပ်သင့်ပြီမဟုတ်လား…….လာ….အိမ်ပြန်ကြမယ်………"

ဟန်ကတော့ တစာစာပြောနေတဲ့ဟွမ်ဖူကိုလုံးလုံးဂရုမစိုက်ဘဲ ချမ်မေကိုပဲမေးတယ် ။

"………….မင်းခင်ပွန်းဟောင်းနဲ့မင်းက..တရားဝင်ပြတ်စဲပြီးခဲ့ကြပြီမဟုတ်လားကွဲ့………"

"………အို….တရားဝင်လိုက်သမှ…သူကိုယ်တိုင်ကိုရုံးတော်မှာကွာရှင်းခွင့်တောင်းခဲ့တာ………"

"……….ချမ်မေ….မင်းနဲ့ငါခဏလောက်နှစ်ယောက်တည်းစကားပြောရအောင်……."

လို့ဟွမ်ဖူကတောင်းဆိုပြန်တော့ ချမ်မေကဟန်ကိုလှမ်းကြည့်သတဲ့ ။ ဟန်ကခေါင်းညိတ်ပြလိုက်ပြီး

ခပ်လှမ်းလှမ်းကိုသွားရပ်ပေးတယ် ။ ချွမ်မေက သူ့ခင်ပွန်းဟောင်းကိုစိတ်ဆိုးမာန်ဆိုးကြည့်ရင်းမေး တယ် ။

"............ကဲ....ကဲ......ဘာလဲ......ပြောစရာရှိတာမြန်မြန်ပြော........."

".........အဲဒီမင်းနဲ့ပါလာတဲ့လူက..ဘယ်သူလဲ.........."

"............သူဘယ်သူဖြစ်ဖြစ်..ရှင်နဲ့ဘာဆိုင်လဲ........."

ချွမ်မေကခါးခါးသီးသီးဖြေတော့ ဟွမ်ဖူကမတောင်းပန်စဖူးတောင်းပန်သတဲ့ ။

"..........ချွမ်မေရယ်....တို့ပေါင်းလာခဲ့တဲ့အိမ်ထောင်သက်ခုနစ်နှစ်လုံးလုံးကိုထောက်ထားပြီး...ငါနဲ့ အိမ်ပြန်လိုက်ခဲ့ပါကွယ်........."

အဲဒီစကားလဲကြားလိုက်ရော ချွမ်မေကမီးပွင့်မလိုမျက်လုံးမျိုးနဲ့ အနားကပ်လာပြီးအော်တော့တာပဲ ။

"..........ပေါင်းလာတဲ့ခုနစ်နှစ်လုံးလုံးဟုတ်လား....ဒီမှာ..သိထားဖို့ရာက...ရှင်ပဲကျွန်မကိုစွန့်ပစ်ခဲ့တာ.. ကျွန်မမှာအပြစ်မရှိကြောင်း..လူတကာဝိုင်းပြောနေတာတောင်ရှင်မယုံခဲ့ဘူး...ရှင်ကိုယ်တိုင်ကျွန်မသေ သေ..ရှင်ရှင်..ဖြစ်ချင်တာဖြစ်ဖြစ်...ရှင်နဲ့မဆိုင်တော့ဘူးလို့ပြောခဲ့တာ....ရှင်ဖြစ်စေချင်သလိုကျွန်မဘဝ ပျက်မသွားခဲ့ဘူး..သတ်လဲမသေဖြစ်ခဲ့ဘူး..ရှင်မြင်တဲ့အတိုင်းပျော်ရွှင်လို့တောင်နေသေးတယ်..ဒီတော့ အခုကျွန်မဖာသာဘာလုပ်လုပ်...ဘာဖြစ်နေရုံမကလို့..ဘယ်သူနဲ့တွဲသွားသွား..ရှင့်အပူမပါတော့ဘူး.. နားလည်လား..........."

ချွမ်မေဒီလိုလေသံနဲ့ပြန်ပြောတာကိုတခါမှမခံဘူးတဲ့ဟွမ်ဖူဟာ သူ့ဝသီအတိုင်းပဲမျက်နှာကြီးမည်းမှောင်

လာအောင်ဒေါသထွက်လာပြီး အရင်တုန်းကအတိုင်းပဲ ချမ်မေကိုအတင်းဆောင့်ဆွဲပြီးခေါ်ဖို့လုပ်သတဲ့ ။ ချမ်မေကတော့အရင်တုန်းကလို ကြောက်ကြောက်နဲ့ငြိမ်ခံပြီးပါလာရမဲ့အစား အတင်းဆောင့်ရုန်းပြီးစူးစူး ရှရှအော်ပါလေရော ။

"..............ဒါဘာလုပ်တာလဲ....လွှတ်စမ်း....အခုလွှတ်....လွှတ်လို့ပြောနေတာ...တိရစ္ဆာန်ကြီး......."

ဟွမ်ဖူမှာအံ့သြလွန်းလို့ ယောင်ယမ်းပြီးလက်ဖြေလျော့လိုက်မိချိန်မှာပဲ ချမ်မေကနောက်တခါဆောင့်ရုန်း ထွက်ပြီးငိုယိုရင်း ဟန်ဆီကိုပြေးသွားသတဲ့ ။

".......ခင်ဗျားလွန်လာပြီနော်...မိန်းကလေးတယောက်ကို..ဆွဲလားယမ်းလားနဲ့တော်တော်အောက်တန်း ကျတဲ့လူပါလား......ဆက်လိုက်လာရင်တော့ကျုပ်ကိုအဆိုးမဆိုနဲ့.....အကြောင်းသိရစေမဗျား....အရာရှိ သော..ဘာသော..ကျုပ်လက်သီးကရွေးတာမဟုတ်ဘူး......"

ဆိုပြီး ဟန်ကချမ်မေကိုယုယုယယလက်တွဲလို့လှည့်ထွက်သွားကြရော ။ ဟွမ်ဖူကတော့နေရာမှာတင် ကြက်သေသေပြီးကျန်နေခဲ့တယ် ။ ဟန်နဲ့ချမ်မေတော်တော်လှမ်းလှမ်းကိုရောက်တဲ့အထိ အနောက်က နေဟွမ်ဖူတယောက် အရူးကြီးလိုအော်ခေါ်နေသံကိုကြားနေရတုန်းပဲတဲ့လေ ။

"............ဟေ့....ချမ်မေ...မင်းကိုခွင့်လွှတ်ပြီးပြီလို့ပြောနေတာ.....အိမ်ပြန်လိုက်ခဲ့ပါတော့......ငါမင်းကိုခွင့် လွှတ်နေပြီလေ...အခုအိမ်ပြန်လိုက်ခဲ့ပါ.......ငါမင်းကိုခွင့်လွှတ်တယ်လို့ပြောနေပြီလေကွာ........."

♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦



## The Jade Goddess

Based on a story bearing the same title in the Chingpen T'ungshu Shiaoshuo. The original story ends quite differently. The jade craver's wife was discovered by an officer and buried alive in a garden, but she appeared as a ghost to effect her revenge. I have followed the first part of the story only, and developed the story according to the simple theme of whether a great artist should destroy his art to cover his identity , or let his betray him .The story probably belongs to the twelfth century.

( Ling Yutang)

## ၄ ။ ကျောက်စိမ်းနတ်မယ်

ယန်စီမြစ်လက်တက်ကိုဆန်တက်ဖူးကြသလား..မိတ်ဆွေတို့ ။ သိပ်ပြီးစိတ်လှုပ်ရှားဖို့ကောင်းသလို အန္တရယ်လဲတကယ်များပါ့ဗျာ ။ ဒီပျော်မောကြီးဖြစ်ရတဲ့ရေလမ်းခရီးကိုကြုံကြိုက်ရတာကတော့ ချန်တူမြို့ဆင်ခြေဖုံးမှာနေတဲ့ဘုရင်ခံအငြိမ်းစားဆီကိုသွားဖို့အကြောင်းပေါ်လာလို့ပဲ ။ အဲဒီဘုရင်ခံဟောင်းက အနုပညာလက်ရာတွေ စုဆောင်းတာအလွန်ဝါသနာသူပေါ့ ။ သူအုပ်ချုပ်သူဘဝတုန်းကဆိုရင် တန်ခိုးအာဏာကိုအသုံးချပြီး အဖိုးတန်အနုပညာလက်ရာမှန်သမျှကို တရားသဖြင့်ရောမတရားသဖြင့်ပါ အရစုဆောင်းခဲ့တယ်လို့တောင်သတင်းကြီးခဲ့သဗျ ။ သူမို့လို့များ ကြေးပစ္စည်းတခုခု ဒါမှမဟုတ် ပန်းချီလက်ရာကောင်းကောင်းများကြိုက်မိလို့ကတော့ လက်ဝယ်ပိုင်ပိုင်မရမချင်း မပြီးတော့ဘူးသာမှတ် ။ တန်ရာတန်ဖိုးထက်ကို ပိုပေးပြီးဝယ်ရဝယ်ရ ၊ တခြားနည်းသုံးရသုံးရအသေအကြေကိုလိုက်တော့တာ ။ တချို့အပြောအရတော့ဘုရင်ခံကြီးလိုချင်တဲ့ ရှန်မင်းဆက်လက်ရာကြေးပစ္စည်းတခုကို မရောင်းပဲတင်းခံနေမိတဲ့မိသားစုတစုများ ဘဝပျက်သွားပြီးလူလုံးမလှရှာတော့တဲ့အဖြစ်မျိုးတောင်ရှိခဲ့သတဲ့ ။ ဒါမျိုးဆိုတာက တဆင့်စကားတဆင့်နားနဲ့ချဲ့ကားပြီးပြောကြတာဖြစ်နိုင်သလို ဒီဝါသနာနဲ့ပတ်သက်လာရင်ဘုရင်ခံကြီးဘာလုပ်ဖို့မှဝန်မလေးဘူးဆိုတာကလဲအမှန်တော့အမှန်ပဲဗျ ။ ဒီတော့ သူ့ဝါသနာနဲ့အင်တိုက်အားတိုက်စုဆောင်းခဲ့တဲ့အကျိုးဆက်အနေနဲ့ ဘုရင်ခံကြီးလဲအငြိမ်းစားယူရော ၊ သူ့အိမ်တော်တခုလုံးမှာ ဟန်နိုင်ငံတခုလုံးကကောင်းပေ့ ၊ ရှားပေ့ ၊ လက်ရာမြောက်ပေ့ ၊ ရှေးဟောင်းကျပေ့ ဆိုတဲ့အဖိုးအနဂ္ဃထိုက်တဲ့ အနုပညာလက်ရာပစ္စည်းတွေတပုံကြီးနဲ့ ပြည့်လို့လျှံလို့ကျန်ခဲ့တာပဲ ။

ကျုပ်သူ့ဆီရောက်သွားတော့ ဘုရင်ခံအိုကြီးက ဝမ်းသာအားရနဲ့ကျုပ်ကို ရင်ပြင်သုံးခုဆုံရာအနောက်ဘုံဆောင်မြင့်ရဲ့အောက်ဆုံးကလေသာဆောင်ကို ခေါ်သွားပြီးဧည့်ထောက်ခံတယ် ။ ဒီလေသာဆောင်မှာတော့ အနုပညာလက်ရာတွေနဲ့တန်ဆာဆင်ထားတာမရှိသလောက်ပါပဲ ။ ဘုရင်ခံဟောင်းအိမ်တော်လေသာဆောင်ဆိုတော့လဲ သစ်နီမွှေးသားပရိဘောဂတွေ ၊ ကတ္တီပါနီဖုံတွေ ၊ ကျားသစ်ရေတွေနဲ့ကြွားကြွားဝင့်ဝင့်တော့ရှိသဗျ ။ အခန်းအပြင်အဆင်ကလဲ ရိုးစင်းပေမဲ့ တင့်တယ်ပြီးအထက်တန်းကျလှပါပေ

တယ် ။ အပွင့်တွေဝေနေတဲ့ ဆီးကိုင်းလေးနှစ်ခက်သုံးခက်ကို ရဲနေတဲ့နွားသွေးရောင် ရှေးဟောင်းကြွေပန်းအိုးကြီးထဲမှာရှင်းရှင်းလေးပဲအလှဆင်ထိုးထားပေမဲ့ အပြင်ဘက်ဥယျာဉ်ကအပင်ရိပ်တွေလာထင်နေတဲ့ဆန်စက္ကူမှန်ကူကွက်ဆွဲတံခါးနောက်ခံနဲ့ပေါင်းစပ်လိုက်တော့မျက်စိပသာဒရှိလိုက်ပုံများ အရိပ်ပန်းချီဆန်းဆန်းကိုကြည့်နေရသလားထင်ရတယ် ။ ကျုပ်ဖြင့် အိမ်ရှင်ဘုရင်ခံကြီးနဲ့ စကားပြောနေရင်းတောင် ခဏခဏလှမ်းကြည့်လို့ချည်းနေမိတာပဲ ။

ကျုပ်ကိုအေးအေးဆေးဆေးဧည့်ခံနေတဲ့ ဘုရင်ခံကြီးကိုကြည့်မိတော့ သူတန်ခိုးထက်စဉ်အခါကရက်စက်လှတယ်ဆိုတာတောင် မယုံနိုင်စရာပါပဲ ။ ဇရာကပဲကြမ်းတမ်းတဲ့ အမူအကျင့်အရိပ်အယောင်တွေကိုတိုက်စားချေမွတ်စေခဲ့သလားတော့မဆိုနိုင်ဘူး ။ ကျုပ်ကို မိတ်ဟောင်းဆွေဟောင်းတယောက်လိုသိမ်သိမ်မွေ့မွေ့အလ္လာပသလ္လာပဆိုနေတဲ့ ဘုရင်ခံဟောင်းကိုကြည့်ပြီး သူနဲ့တွေ့ဖို့စီစဉ်ပေးခဲ့တဲ့ ကျုပ်မိတ်ဆွေကပဲကျုပ်လာရင်းကိစ္စကိုမပြောမိလေသလား ဒါမှမဟုတ်ဘုရင်ခံအိုကြီးကပဲအသက်ကြီးလွန်းတော့အမေ့မေ့အလျော့လျော့ဖြစ်နေလို့များလားလို့တောင် ထင်မိတယ် ။ ဘာပဲဖြစ်ဖြစ်လေဘုရင်ခံကြီးကိုကြည့်ရတာ သူမိုးကောင်းတုန်းရေခံထားခဲ့တဲ့ စည်းစိမ်ရတနာပုံပေါ်မှာ ဘဝဆည်းဆာအချိန်ကိုပျော်ပျော်ရွှင်ရွှင်ကုန်လွန်နေပုံပါပဲ ။ ကျုပ်တောင်အားကျမိပါတယ် ။ ဒါနဲ့ကျုပ်တို့စကားပြောကြရင်းနဲ့ ဘုရင်ခံကြီးရဲ့ရတနာသိုက်ဖြစ်တဲ့ အနုပညာလက်ရာတွေအကြောင်းပြောဖြစ်ကြတော့ သူကသဲ့သဲ့လေးရယ်ရင်းနှိမ့်နှိမ့်ချချဆိုသဗျ ။

"..........သြော်...အဲဒီအနုပညာလက်ရာတွေလား...အခုတော့ကျုပ်ရဲ့ပစ္စည်းတွေလို့ဆိုနိုင်တာပေါ့လေ..နောင်နှစ်ပေါင်းတစ်ရာလောက်အကြာမှာတော့...တခြားလူတယောက်ရဲ့လက်ထဲကိုရောက်သွားကြမှာပါပဲ...အနုပညာပစ္စည်းတခုကို..မိသားစုတစုကထိန်းသိမ်းနိုင်လှရင်..လွန်ရောကျွံရောနှစ်တရာလောက်ပေါ့..မောင်ရင်...ဒီပစ္စည်းတွေကို..ထိုက်တဲ့သူကစံရမှာပဲကွဲ့...သူတို့ကိုပိုင်ဆိုင်ဖို့အတွက်အရူးအမူးကြီးစားကြသူတွေ..ခဏတဖြုတ်ပိုင်ဆိုင်ခွင့်ရလို့ဝင့်ကြွားကြသူတွေကို..သူတို့ကတော့ကြည့်ပြီးတောင်ရယ်နေမလားလို့ကျုပ်တွေးမိတယ်...ကျုပ်ဟာလဲကံကောင်းလို့..သူတို့ကိုခဏထိန်းသိမ်းခွင့်ရတဲ့သဘောပါပဲမောင်ရင်ရယ်...နောက်ကျတော့လဲ..သူတို့ရဲ့ကံစီမံရာအတိုင်း..ဆိုင်ရာဆိုင်ရာကိုသွားကြမှာပါပဲ......."

ပန်းချီ ၊ ပန်းပု ၊ ကြေးသွန်းပစ္စည်း ၊ လက်ဝတ်ရတနာအစရှိတာတွေကို အသက်ရှိနေတဲ့လူသားတွေလို ရည်ညွှန်းပြောဆိုပြီး ဘုရင်ခံဟောင်းကြီးဟာ ဆေးတဆုံကောက်ဖွာရင်း အတွေးနက်နေပြန်တယ် ။

"...အနုပညာလက်ရာတွေရဲ့ကံကြမ္မာဟုတ်လား...မင်းကြီးက..ဒါတွေကိုအယုံအကြည်ရှိသလားဗျ....."

"............မယုံခံနိုင်ရိုးလားကွယ်...........''

"...........ဘာလိုကြောင့်များလဲခင်ဗျာ......."

"............သက်တမ်းရင့်လှပြီဖြစ်တဲ့..အရာဝတ္ထုတွေမှာ..လူတွေလိုပဲ..သူတို့ရဲ့ကိုယ်ပိုင်စရိုက်လက္ခဏာတွေနဲ့ဘဝတွေ..သူတို့ရှောင်လွှဲလို့မရနိုင်တဲ့ကံကြမ္မာဆိုတာတွေ..ရှိသကွဲ့......."

"..........သူတို့မှာလဲဝိညာဉ်ရှိတယ်လို့ဆိုလိုတာလားခင်ဗျ.........''

"........အင်း...ဝိညာဉ်.....ဝိညာဉ်ဆိုတာတကယ်တော့ဘာလဲကွယ်..ဝိညာဉ်လိပ်ပြာကပဲ...အသက်ဓါတ်ကိုဖြစ်ထွန်းစေတာပဲမဟုတ်လား...ဒီဝိညာဉ်ကြောင့်ပဲဘဝတခုမွေးဖွားလာရတယ်...အနုပညာပစ္စည်းဆိုတာကိုကြည့်လိုက်ရင်..ဘယ်ဟာပဲဖြစ်ဖြစ်..ဖန်တီးသူအနုပညာရှင်ရဲ့စိတ်ကူးစိတ်သန်းတွေနဲ့..ရင်ထဲကလာတဲ့နှလုံးသွေးနဲ့ခံစားပုံဖော်ထားတာတွေချည်းပဲ...အနုပညာလက်ရာတခုဟာ..ဖန်တီးသူရဲ့ဝိညာဉ်နဲ့သူ့ရဲ့ဘဝတစိတ်တပိုင်းပဲပေါ့...မိခင်ရဲ့နှလုံးသွေးဟာ..ဗိုက်ထဲကသန္ဓေသားထဲကိုစီးဝင်လို့အသက်ဓါတ်ဖြည့်ပေးသလိုပေါ့ကွယ်...အနုပညာရှင်တချို့ဟာ..သူတို့ရဲ့ဝိညာဉ်ပျော်ဝင်နေတဲ့လက်ရာတွေကို..နှလုံးသွေးနဲ့ပုံလောင်းမွေးဖွားရင်းနဲ့..အသက်ပါစွန့်သွားရတာမျိုးတောင်ရှိသေးတယ်...ဆိုတော့..ဒီလိုလက်ရာဒီလိုအနုပညာဟာအသက်ရှင်နေပြီး..သူတို့ဘဝနဲ့သူတို့လို့ကျုပ်ပြောရင်...မောင်ရင်မယုံမရှိနဲ့ကွဲ့....ကျုပ်ရဲ့ရတနာတွေထဲကအကောင်းဆုံးတခုဖြစ်တဲ့..ကျောက်စိမ်းနတ်မယ်ပန်းပုဟာ..ရှင်သန်နေတဲ့အနုပညာလက်ရာမှာဘဝရှိကြောင်း...အကောင်းဆုံးသက်သေပါပဲ................''

အမှန်ဆိုရရင်ကျုပ်ဘုရင်ခံဟောင်းဆီကိုလာရင်းကိစ္စကတော့ ရှားပါးလက်ရေးစာမူတွေကိုလာကြည့်တာပါပဲ ။ ဒါပေမဲ့ဘုရင်ခံကြီးပြောတဲ့ ကျောက်စိမ်းနတ်မယ်ရုပ်ဆိုတာကို တခါမှမကြားဖူးတော့ စိတ်ဝင်စားမိတယ် ။ တကယ်လဲတော်ရုံတန်ရုံလူက ဒီပန်းပုကိုရှိမှန်းတောင်မသိကြဘူး ။ ကျုပ်ဖြင့်လာရင်းကိစ္စပေမူတွေကို ချက်ချင်းတောင်းမကြည့်ဖြစ်ဘဲ အခုလိုတောင်တောင်အီအီ စကားစမြည်ပြောနေမိတာကိုတောင်ဝမ်းသာမိပါတယ် ။ ဘာဖြစ်လို့လဲဆိုတော့မထင်မှတ်ဘဲမေးလိုက်မိတဲ့မေးခွန်းတခုရဲ့နောက်မှာကျုပ်တသက်တာကြားဖူးသမျှထဲက အလှပဆုံးနဲ့နာကျင်စရာအကောင်းဆုံးလို့ဆိုရမဲ့ ဆွတ်ပျံ့ဖွယ်ရာချစ်ပုံပြင်တခုကိုနားထောင်ခွင့်ရလိုက်လို့ပဲ ။

အဲဒီပုံပြင်ကိုကြားခွင့်ရလိုက်တာက ဒီလိုဗျ ။ ဘုရင်ခံကြီးက ကျောက်စိမ်းနတ်မယ်ပန်းပုအကြောင်းကိုအဲဒီလောက်ပဲပြောပြီး ကျုပ်လိုချင်တဲ့ပေမူတွေကိုထုတ်ပြနေတာ ။ ကျုပ်ကတော့ပေမူတွေကိုကြည့်သာနေရပေမဲ့ စိတ်ထဲကတော့ အနုပညာပစ္စည်းတွေရဲ့ဝိညာဉ်တို့ ၊ ဖန်တီးသူ့အသက်နဲ့ ဘဝပျော်ဝင်နေတဲ့လက်ရာတို့ဆိုတာတွေကိုပဲ နားမလည့်တလည်နဲ့တွေးနေမိတယ် ။ ဒါနဲ့စကားစကို ဒီကျောက်စိမ်းနတ်မယ်ရုပ်ဘက်ကိုပဲ မရောက်ရောက်အောင် အတင်းဆက်စပ်ယူရတာပေါ့ ။ ထပ်သိချင်သေးတာကိုး ။

"............အင်း...မင်းကြီးပြောတဲ့အတိုင်းဆိုရင်...ဒီပေမူတွေကိုရေးသားခဲ့တဲ့..စာပေပညာရှင်ရဲ့စရိုက်လက္ခဏာတွေနဲ့သူ့လိပ်ပြာဟာလဲသူမရှိတော့ပေမဲ့..သူ့လက်ရာစာမူတွေထဲမှာ..ဆက်လက်ရှင်သန်နေဦးမှာပဲနော်........."

ရှေးဟောင်းပေမူတခုကို ညွှန်ပြရင်းကျုပ်ကဒီလိုပြောတော့ ဘုရင်ခံအိုကြီးကယုံယုံကြည်ကြည်ဆိုသဗျ ။

"............ဒါပေါ့..မောင်ရင်...ဂန္ထဝင်မြောက်တဲ့လက်ရာတွေဟာ..အမြဲရှင်သန်နေတာပဲ...သူတို့ကိုဖန်တီးခဲ့တဲ့အနုပညာရှင်ရဲ့ကိုယ်ပွားတွေအဖြစ်..ဆက်လက်ရှင်သန်နေဦးမှာပါပဲ........."

"...........အင်း...ဖန်တီးတဲ့အနုပညာရှင်က..အသက်တောင်စတေးသွားရတဲ့လက်ရာမျိုးဆိုရင်တော့ဘာ ပြောကောင်းမလဲနော်....ဟို..မင်းကြီးရဲ့ကျောက်စိမ်းနတ်မယ်လို..ပန်းပုမျိုးပေါ့........."

"..........အိမ်း...ပြောရမယ်ဆိုရင်တော့....ကျောက်စိမ်းနတ်မယ်ကိုထုခဲ့တဲ့သူဟာ...ဒီလက်ရာကိုဖန်တီး ခဲ့လို့သေဆုံးရတာတော့မဟုတ်ဘူးကွ....အင်း...နောက်ပိုင်းတော့လဲဆုံးရှာရောပေါ့လေ....ကျုပ်အထင် တော့ထုပြီးတဲ့နောက်မကြာပါဘူး...ဆုံးရှာတာပဲဖြစ်မှာပါ........."

ဆိုပြီးအကြာကြီးငြိမ်နေပြီးမှ ဘုရင်ခံဟောင်းကြီးက စကားဆက်ပြန်တယ် ။

"..............ဒီလိုလေ...မောင်ရင်ရဲ့...ကျောက်စိမ်းနတ်မယ်ပန်းပုသမားရဲ့ဘဝဟာ..အတော်ဆန်းတယ် ဆိုရမကွဲ့...သူဟာဒီပန်းပုကိုထုဖို့သက်သက်ပဲမွေးဖွားလာသလိုပါပဲ....သူ့ဘဝတခုလုံးကိုလဲ...ဒီပန်းပုထု ဖြစ်ဖို့အတွက်ပဲစတေးလိုက်ရအောင်ကို..သူ့ကံပါလာတယ်လို့ဆိုရမယ်......ဒီဆိုးလှတဲ့ကြမ္မာကြောင့်သာ မဟုတ်ရင်ဒီပန်းပုကို..သူထုဖြစ်ချင်မှထုဖြစ်ခဲ့မယ်လို့ကျုပ်ထင်တာပဲ........."

"...........စိတ်ဝင်စားဖို့ကောင်းလိုက်တာ...မင်းကြီးရယ်....ဒီလောက်ထူးခြားတဲ့ကျောက်စိမ်းနတ်မယ်ရုပ် ကိုကျွန်တော်ကြည့်ခွင့်လေးများရနိုင်မလားဗျာ.........."

ဒါနဲ့ကျုပ်ကိုလွယ်လွယ်ပဲလိုက်ပြတယ်ထင်ရင်တော့ မှားသွားမယ်...မိတ်ဆွေတို့ ။ ကျုပ်မှာနည်းလမ်း ပေါင်းစုံသုံးပြီး ကျောက်စိမ်းနတ်မယ်ရုပ်ကို ကြည့်ခွင့်ရဖို့အရေးအတော်ကြိုးစားလိုက်ရတယ် ။ နောက် ဆုံးမှ ဘုရင်ခံကြီးကသဘောတူသွားပြီး ကျုပ်ကိုညှိခံနေတဲ့ဘုံဆောင်မြင့်ရဲ့ အပေါ်ဆုံးအထပ်ကိုခေါ် သွားတယ် ။ လက်ရွေးစင်လက်ရာအများစုကို ဘုံဆောင်မြင့်ပထမအထပ်မှာပဲထားပေမဲ့ ကျောက်စိမ်း နတ်မယ်ကိုတော့ ထူးထူးခြားခြားအပေါ်ဆုံးအလွှာမှာ သီးသန့်ထားတာကိုး ။

"............ပန်းပုသမားက..ဘယ်သူများလဲ..မင်းကြီး......"

"..............သူ့ကိုချန်ပိုလို့ပဲသိကြတာပဲ...ဒီပန်းပုသမားရဲ့ဘဝဇာတ်ကြောင်းကိုတော့...ရွှေကြက်တွန်သံ သီလရှင်ကျောင်းက ကျောင်းထိုင်ဆရာကြီးဆီကနေသိခဲ့ရတာ...ဒီကျောက်စိမ်းနတ်မယ်ပန်းပုကိုကျုပ် ထိန်းသိမ်းခွင့်ရအောင်လဲသီလရှင်ကျောင်းကိုငွေစအတော်များများကိုလှူခဲ့ရတာပေါ့.....ဒီပန်းပုရဲ့မူရင်း ပိုင်ရှင်ကတော့ကွယ်လွန်သွားပြီဖြစ်တဲ့သီလရှင်တပါးကွဲ့...ဘာပဲဖြစ်ဖြစ်လေ..သီလရှင်ကျောင်းမှာထား တာထက်စာရင်တော့..ကျုပ်ဆီမှာကပိုပြီးလုံခြုံသလို..ပိုပြီးဂရုတစိုက်လဲထိန်းသိမ်းထားနိုင်တာပေါ့......"

ပြောရင်းဆိုရင်းပဲ ဘုံဆောင်မြင့်အပေါ်ဆုံးထပ်ကိုရောက်လာကြတော့ အခန်းအလယ်တည့်တည့်မှာ အလွန်ခိုင်ခန့်တဲ့သံကွန်ချာအုပ် မှန်သေတ္တာကြီးကိုတွေ့လိုက်ရတယ် ။ အထဲမှာတော့ မြစိမ်းအကြော လေးတွေယှက်သန်းလို့ ကြည်လင်ဝင်းနစ်နေတဲ့ ကျောက်စိမ်းအဖြူသားနဲ့ ထုလုပ်ထားတဲ့ ဂရုဏာနတ် သမီးကျောက်စိမ်းနတ်မယ်ပန်းပုဟာ နနယ်သွယ်နွဲ့တဲ့ကိုယ်ဟန်နဲ့ ကြော့ကြော့လေးရပ်လို့နေလေရဲ့ ။ ဘုရားစူးရစေရဲ့ဗျာ..ကျုပ်ဖြင့်ကြည့်ရင်းနဲ့ကို ကျောက်စိမ်းနတ်မယ်ဟာ ရွှေရင်အစုံနိမ့်တုံမြင့်တုံဖြစ်လာ သည်အထိသက်ပြင်းရှိုက်လိုက်ရင်း လှမ်းစကားဆိုတော့မလိုဟန်ပြင်နေတယ်လို့ပဲထင်မိတယ် ။

"..........မှန်သေတ္တာတပတ်လျှောက်ကြည့်ကွဲ့..မောင်ရင်...ကျောက်စိမ်းနတ်မယ်ကမင်းကိုလိုက်ကြည့် နေတုန်းပဲဆိုတာတွေ့ရလိမ့်မယ်........"

ဘုရင်ခံကြီးက ကျောက်စိမ်းနတ်မယ်ကိုတကယ့်သက်ရှိလူတယောက်လို ရည်ညွှန်းပြောဆိုနေတာကို လွန်တယ်မထင်နဲ့..မိတ်ဆွေ ။ ကျုပ်အဲဒီပန်းပုရုပ်ကိုတပတ်ပတ်ကြည့်လိုက်တော့ သူပြောတာမပိုဘူးဆို တာသိလိုက်ရတယ် ။ ဘယ်ဘက်ကိုပဲကျုပ်လျှောက်သွားသွား ၊ ကျောက်စိမ်းနတ်မယ်ဟာ ဝမ်းနည်းရိပ် သန်းနေတဲ့မျက်ဝန်းအစုံနဲ့ လိုက်ကြည့်လို့နေတာပါပဲ ။ တော်တော်ကိုကြေကွဲစရာကောင်းတဲ့ ပန်းပုပဲလို့ ကျုပ်ထင်မိသဗျာ ။ ပန်းပုကိုယ်ဟန်အနေအထားကတော့ ဘေးအန္တရာယ်တခုခုကနေပြေးရင်းလှည့်ရင်းနဲ့ ကျန်ခဲ့တဲ့တယောက်ယောက်ကို ဝမ်းပန်းတနည်းလှည့်ကြည့်နေတဲ့ပုံစံမျိုး ။ လည်တိုင်ကြော့ကြော့လေး ကိုသမင်လည်ပြန်လှည့်ရင်း ခေါင်းလေးကတော့မော့လန်လို့ ၊ သူ့ဘယ်ဘက်လက်ကလေးကလဲ ချစ်သူ

ရဲ့ရင်ခွင်ထဲကနေအခုပဲဆွဲထုတ်ခြင်းခံလိုက်ရသလိုမျိုးဆန့်ပြီးမမှိတမှိလှမ်းရှာလို့ ။ ထုထားတာကတော့ ဂရုဏာနတ်သမီးပုံတော်ဆိုတော့ နတ်ဘုံကိုပြန်မကြွခင် လူသားတွေကိုလည်ပြန်ကြည့်လို့ ကောင်းချီး ပေးနေပုံလို့ဆိုနိုင်ရင်ရပေမဲ့ ကျောက်စိမ်းနတ်မယ်ရဲ့မျက်နှာပေါ်က အမူအရာကိုတချက်ကြည့်လိုက်မိ တဲ့သူတိုင်းကတော့ အဲဒီလိုအဓိပ္ပါယ်ပြန်မိမှာမဟုတ်ဘူး ။ ဒီဆယ့်ရှစ်လက်မလောက်ပဲရှိတဲ့ ပန်းပုလေး ကိုအသက်ရှင်နေသလိုသာမကပဲ တခါကြည့်မိရုံနဲ့တင် ကြင်သူနဲ့ကွေကွင်းရတဲ့ဒုက္ခကိုပါ ကူးစက်ခံစား လာစေနိုင်တဲ့အထိ ဘယ်လိုများထုဆစ်ခဲ့သလဲဆိုတာကို ကျုပ်စဉ်းစားလို့ကိုမတတ်ခဲ့ဘူးဗျာ ။  ဒီပန်းပု ရုပ်ရဲ့ဝတ်ရုံအနားလေးတွေတွန့်နေတာကအစ အသက်ဝင်လွန်းလို့ပါ ။ အနုပညာပါရမီ ၊ လက်ရာသေ သပ်မှု ၊ အနုစိတ်ကျွမ်းကျင်မှုစတဲ့မည်ကာမတ္တအချက်တွေကိုပဲ မူတည်ပြီးပြောနေတာမဟုတ်ပေဘူး ။ ထုလုပ်သူရဲ့နှလုံးသားထဲကလာတဲ့နာကျင်ခြင်းတွေ ၊ ဘယ်တော့မှပြန်မရနိုင်တော့မဲ့ တခါကပိုင်ဆိုင်ခဲ့ ဖူးတဲ့ပျော်ရွှင်ခြင်းတွေ ၊ မက်ခဲ့ဖူးတဲ့အိမ်မက်လှလှတွေ ၊ နောင်တတွေနဲ့ ယူကြုံးမရအထီးကျန်ခြင်းတွေ ကိုပါထင်ဟပ်လာနိုင်အောင် ရင်ဘတ်နဲ့ထုဆစ်ခဲ့တာကိုဆိုလိုချင်တာပါပဲ ။ ပန်းပုသမားရဲ့နှလုံးသားကို ရင်းခဲ့ရတာမို့ ဘယ်သူမှကျောက်စိမ်းနတ်မယ်ပန်းပုကိုပုံစံတူလိုက်ထုနိုင်မှာမဟုတ်သလို ဒီလိုလက်ရာ နောက်တခုဆိုတာလဲထပ်ရှိနိုင်တော့မှာမဟုတ်ဘူး ။ ကျုပ်ဖြင့်ကြည့်ရင်းနဲ့အဖိုးမဖြတ်နိုင်တဲ့လက်ရာလို့ ပြောပြောနေကြတာကို တခါတည်းနားလည်သွားတော့တယ်ဗျာ ။ ကျောက်စိမ်းနတ်မယ်ကို ကျုပ်ရင်နာ နာနဲ့ငေးနေရင်းမေးမိတယ် ။

"............ဒီလောက်ထူးခြားပြီးတန်ဖိုးကြီးလှတဲ့ပန်းပုကို..မူလပိုင်ရှင်ဆိုတဲ့သီလရှင်ကဘယ်လိုလုပ်ပြီး ပိုင်ဆိုင်နိုင်ခဲ့တာလဲ..မင်းကြီး........."

"............အင်း....ကြည့်ပါဦးကွယ်...သူ့ခမျာအွန္တရယ်ကြားထဲကနေထွက်ပြေးနေရတဲ့ကြားထဲကကို.. ကျန်ခဲ့သူအတွက်ရတက်မအေးဖြစ်နေရှာတဲ့ကိုယ်ဟန်လေးရယ်...သူ့မျက်ဝန်းထဲကထိတ်လန့်ခြင်း တွေ..မရေမရာခြင်းတွေ...ချစ်ခြင်းနဲ့နာကျင်ခြင်းတွေ..............."

ဘုရင်ခံအိုကြီးကကျုပ်မေးခွန်းကိုမဖြေသေးဘဲ အိမ်မက်ယောင်နေသလိုရေရွတ်နေရင်းနဲ့ ရုတ်တရက်

ရပ်သွားပြီးဆိုတယ် ။

"………အောက်ဆင်းကြပါစို့…မောင်ရင်…အောက်ရောက်မှပဲကျောက်စိမ်းနတ်မယ်ရဲ့ဘဝဇာတ်ကြောင်း တခုလုံးကိုကျုပ်ပြောပြမယ်……………"

ဒီချစ်ပုံပြင်ကိုတော့ မေလန်းလို့အမည်ရတဲ့သီလရှင်တပါး မကွယ်လွန်မီနောက်ဆုံးအချိန်မှာ ဖွင့်ပြောသွားခဲ့တာဖြစ်သတဲ့ ။ ဘုရင်ခံကြီးကတော့ ကျောင်းထိုင်ဆရာကြီးဆီကနေပြီး တဆင့်ပြန်ကြားခဲ့ရတာပေါ့လေ ။ ဘုရင်ခံအိုကြီးအဆိုအရကတော့ ကျောင်းထိုင်ဆရာကြီးဟာ ဒီပုံပြင်ကိုပိုပြီးဆွတ်ပျံ့ဖွယ်ဖြစ်လာအောင် နည်းနည်းလိုတိုးပိုလျှော့လုပ်ချင်လဲလုပ်ထားနိုင်ပေမဲ့ သူပြန်စုံစမ်းကြည့်တဲ့အခါမှာ အဓိကအချက်တွေအကုန်လုံးကတော့ မှန်ကန်ပါသတဲ့ ။ ကျောင်းထိုင်ဆရာကြီးပြောပုံအရဆိုရင် မေလန်းဆိုတဲ့ကျောက်စိမ်းနတ်မယ်ရဲ့မူလပိုင်ရှင်သီလရှင်ဟာ အလွန်ကိုဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ တကိုယ်တည်းသာကေစာရီကျင့်နေချိန်များပေမဲ့ သူ့ရုပ်ရည်အမူအရာနဲ့အနေအထိုင်တွေကိုကြည့်ရင် မဟာဆီမဟာသွေးတပါးဆိုတာသိသာလှတယ်လို့ဆိုတယ် ။ ဝစီပိတ်ကျင့်နေသလားမှတ်ရအောင်နှုတ်နည်းလှတဲ့သီလရှင်ဟာနောက်ဆုံးကွယ်လွန်ခါနီးဆဲဆဲမှသာ သူ့ဘဝအကြောင်းကို ကျောင်းထိုင်ဆရာကြီးဆီဖွင့်ပြောခဲ့တဲ့အတွက် ကျောက်စိမ်းနတ်မယ်ရဲ့အဖြစ်အပျက်တွေကိုကျုပ်တို့သိခွင့်ရခဲ့တာပဲ ။

♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥

လွန်ခဲ့တဲ့နှစ်တစ်ရာနီးနီးကပေါ့ ။ ကိုင်ဖန်လို့ခေါ်တဲ့နယ်ကြီးရဲ့မြို့တော်တနေရာကရောမဥယျာဉ်ကြီးနဲ့ရင်ပြင်တော်တွေအထပ်ထပ်ရံထားတဲ့ ချန်အိမ်တော်ကြီးမှာ မေလန်းရဲ့ကလေးဘဝ အစပြုခဲ့ပါသတဲ့ ။ ကိုင်ဖန်နယ်ကထိပ်တန်းမှူးကြီးမတ်ရာတပါးဖြစ်တဲ့ ချန်သခင်ကြီးရဲ့တဦးတည်းသောချစ်သမီးဖြစ်ခဲ့တဲ့မေလန်းအဖို့တော့ငယ်ဘဝတောင် ပန်းခင်းလို့လိုတရခဲ့တယ် ။ ချန်သခင်ကြီးဟာအလွန်စည်းစနစ်ကြီးပြီး ပြတ်ပြတ်သားသားအုပ်ချုပ်တတ်သူဖြစ်ပေမဲ့ သူ့သမီးချစ်လေးမေလန်းအပေါ်ဆိုရင်တော့ အမြဲတထစ်လျှော့လေ့ရှိတယ်လို့ဆိုတယ် ။ ချန်အိမ်တော်ဟာ ချမ်းသာကြွယ်ဝပြီး တန်ခိုးအာဏာကြီးလှတော့အဲဒီခေတ်ထုံးစံအတိုင်း သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနားဆိုတဲ့အတိုင်း ချန်သခင်ကြီး

အရိပ်မှာလာရောက်မှီခိုနေထိုင်ကြတဲ့ ချန်မျိုးနွယ်ဝင်ဆွေမျိုးနီးစပ်တွေကလဲမနည်းလှဘူးတဲ့ ။ စာတတ်ပေတတ်တွေကတော့ ချန်သခင်ကြီးရဲ့ရုံးမှာအလုပ်လုပ်ကြပြီး စာရယ်ပေရယ်လို့လုံးလုံးကိုအခြေခံမရှိကြတဲ့သူတွေကတော့ အိမ်တော်မှာအစေခံသဘောမျိုးနဲ့ဝိုင်းလုပ်ဝိုင်းစားနေကြတာပေါ့ ။

အဲ..ဒါနဲ့တနေ့မှာတော့ တော်တော်ကိုသွေးဝေးပြီး မနည်းကြီးဆွေမျိုးစပ်မှ ဝမ်းကွဲတူလို့ခေါ်လို့ရမဲ့လူငယ်တယောက် ချန်အိမ်တော်ကိုရောက်လာတယ် ။ သူ့နာမည်ကတော့ ချန်ပိုတဲ့ ။ ချန်ပိုဟာအမြဲပျော်ရွှင်တက်ကြွနေတတ်တဲ့ ဆယ့်ခြောက်နှစ်သားလေးပေါ့ ။ အရပ်ရှည်ရှည်နဲ့ပြုံးရွှင်နေတတ်တဲ့ ချန်ပိုဟာတောကလာတယ်သာဆိုပေမဲ့ ထူးထူးခြားခြားကိုဉာဏ်ကောင်းလှသတဲ့ ။ အလုပ်ကြမ်းသာလုပ်ရပေမဲ့မင်းညီမင်းသားတွေလိုမျိုး သွယ်နွဲ့ဖြူစင်နေတဲ့လက်ချောင်းလှလှလေးတွေပိုင်ရှင်ချန်ပိုကို သူ့အမေကမိသားစုထဲမှာတော့ တမိပေါက်တယောက်ထွန်းလို့ထင်ရှာတာပေါ့ ။ အဲဒီတော့သူ့သားစာမတတ်ပေမဲ့မြို့ကြီးပေါ်ကချန်သခင်ကြီးအိမ်ပို့လိုက်ရင်တော့ စားပွဲထိုးဖြစ်ဖြစ် ၊ ဧည့်ကြိုဖြစ်ဖြစ်အလုပ်ရပြီးကောင်းစားသွားနိုင်တယ်လို့တွေးမိတဲ့အတွက် ချန်ပိုတယောက် ချန်အိမ်တော်ကိုအခုလိုရောက်လာတာပဲ ။

ချန်ပိုရောက်လာတော့ ဆယ့်ခြောက်နှစ်သာသာပဲရှိသေးတယ် ။ မေလန်းကတော့ချန်ပိုထက် တစ်နှစ်ငယ်သတဲ့ ။ ဒီတော့ကြီးကောင်မဝင့်တဝင် ကလေးစိတ်မပျောက်တပျောက်နဲ့ သူတို့နှစ်ယောက်ဟာအမြဲလိုလိုအတူကစားရင်း ၊ စကားပြောရင်းနဲ့ ရယ်လိုက်မောလိုက်နေကြတုန်းပေါ့ ။ ချန်ပိုပြောပြတဲ့ပုံပြင်တွေ ၊ ရွာကအကြောင်းတွေဆို မေလန်းမှာနားထောင်လို့ကိုမဝနိုင်ဘူး ။ ချန်အိမ်တော်ကလဲ ထက်မြက်ပါးနပ်ပုံရတဲ့ ချန်ပိုကိုလိုက်လိုက်လှဲလှဲရှိကြပါတယ် ။ ဒါပေမဲ့တပတ်လောက်အရမှာတော့ အိမ်တော်ကလူတွေဟာ ချန်ပိုကိုနည်းနည်းစိတ်ပျက်လာကြသတဲ့ ။ သူကပါးချင်တဲ့နေရာမှာသာပါးပေမဲ့ သူများစိတ်မပါတော့ဘူးဆိုရင်ဖြင့် ဝါးနားပင်းရေသွင်းမဝင်သလိုဘယ်လိုမှကိုသင်မရလောက်အောင်ကိုထူတဲ့အပြင်ထူးတယ်ခေါ်ရမလား ရူးတယ်ခေါ်ရမလားမသိအောင်ကို ကိုးလိုးကန့်လန့်ကလဲနိုင်သေးတယ် ။ မူလကပေးထားတဲ့စားပွဲထိုးအလုပ်မှာတော့ လုံးလုံးကိုသုံးမရသလောက်ပဲလို့ဆိုတယ် ။ အမြဲအမေ့မေ့အလျော့လျော့ဖြစ်လိုဖြစ်နဲ့ အများအယွင်းလုပ်မိလို့ဆိုဆုံးမကြရင်လဲ ဆတ်ဆတ်ထိမခံတဲ့ချန်ပိုကို နောက်ဆုံးမှာတော့မေလန်းရဲ့မိခင်ချန်သခင်မကြီးက ဥယျာဉ်ထဲကူဖို့ပဲအမိန့်ချလိုက်ရတော့တယ် ။ ချန်ပိုကလဲ ဒီလို

ပန်းပင်တွေကိုဂရုစိုက်ရတဲ့အလုပ်မှာတော့ စိတ်ဝင်စားဟန်နဲ့ ဖိဖိစီးစီးလုပ်ရှာပါသတဲ့ ။

ပြောရမယ်ဆိုရင် ချန်ပိုလိုထူးတဲ့ပါရမီနဲ့အထုံပါလာတဲ့လူမျိုးဟာ လောကကြီးထဲကိုအသစ်အဆန်းတွေဖန်တီးယူဆောင်လာဖို့သာစိတ်ပါပြီး အသေးအဖွဲလို့သူထင်တဲ့အလုပ်မျိုးတွေကိုတော့ သင်ယူဖို့လုံးလုံးကိုဉာဏ်ပါမလာတာကို လူတွေကနားမလည်ကြဘူးကိုး ။ အခုတော့ သူ့စိတ်ကြိုက်ဖန်တီးပြုပြင်လို့ရတဲ့ပန်းဥယျာဉ်အလုပ်မျိုးမှာကျတော့ ခဏချင်းပဲသိမြင်နားလည်ပြီးအင်မတန်တော်တဲ့ဥယျာဉ်မှူးတယောက်ဖြစ်လာခဲ့တယ် ။ ပန်းခြံထဲမှာလေတချွန်ချွန်နဲ့များအလုပ်လုပ်နေရရင် ချန်ပိုအတွက်ကမောတယ်ဆိုတာမရှိပေဘူး ။ နည်းဟောင်းလမ်းရိုးလမ်းမှန်တွေကို အတင်းအကြပ်သင်ပေးတာမျိုးမရှိပဲသူ့ကိုအလိုလိုသာလွှတ်ထားလိုက်ရင် ချန်ပိုဟာအံ့သြစရာကောင်းလောက်အောင်ကို တီထွင်ဖန်တီးမှုကောင်းလှတာကို တွေ့ကြရသတဲ့ ။ ဥပမာ သင်ပေးမဲ့သူမရှိဘဲနဲ့ ပန်းချီအရာမှာတဖက်ကမ်းခတ်တဲ့အထိသူ့ဟာသူလေ့လာတတ်မြောက်လာတာမျိုးပေါ့ ။ ပြီးတော့ ဥယျာဉ်ထဲမှာအလုပ်လုပ်ရင်းနဲ့ အားပြီဆိုရင် အံ့သြစဖွယ်နနယ်ဆန်းပြားလှပတဲ့ ဝါးမီးပုံးတွေနဲ့ အသက်ဝင်နေသလားမှတ်ရအောင် လက်ရာမြောက်လှတဲ့ ရွှံ့စေးရုပ်ကလေးတွေလုပ်နေတတ်တယ် ။

ဒါပေမဲ့လဲ အစေခံကောင်းကောင်းသာပိုလိုအပ်တဲ့ ချန်အိမ်တော်အတွက်ကတော့ ချန်ပိုဟာထူးထူးခြားခြားအသုံးကျလှသူဖြစ်မလာဘူး ။ ဒီလိုနဲ့ယောင်တောင်ပေါင်တောင်နေလာလိုက်တာ သူအသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့အထိပါပဲ ။ မေလန်းကတော့ ချန်ပိုလိုသုံးမရလှတဲ့ အနုပညာသည်ယောင်ယောင်ဘာယောင်ယောင် ဆွေမျိုးနီးစပ်အစေခံတယောက်ကို ဘာလို့ချစ်မိသလဲလို့မေးရင် သူလဲမဖြေတတ်ဘူး ။ သူသိတာကတော့ ချန်ပိုဟာ ဒီနှစ်နှစ်အတွင်းမှာကို အရပ်ကြီးပိုရှည်လာပြီးပိုချောလာတာပါပဲ ။ ထူးထူးဆန်းဆန်းတွေ တွေးခေါ် လုပ်ကိုင်တတ်တဲ့ချန်ပိုကိုသုံးမရလှဘူးဆိုပေမဲ့ ချန်အိမ်တော်တခုလုံးကချစ်ကြတာပါဘဲ ။ ချန်သခင်ကြီးကတော့ သူ့မျက်စိထဲထောင့်မကျိုးလှဘူးထင်တဲ့ လူငယ်ကို နည်းနည်းမျက်စိစပါးမွေးစူးသတဲ့ ။ ဒီလိုနဲ့ပဲနေလာကြရင်း မေလန်းနဲ့ချန်ပိုကြားကသံယောဇဉ်ကြိုးကတော့တရစ်ထက်တရစ်ထပ်လို့သာတိုးလာခဲ့တယ် ။ အိမ်တော်ကလူတွေကတော့ သတိမမူမိကြသေးဘူး ။ မျိုးနွယ်တူလဲဖြစ် ၊ မောင်နမဝမ်းကွဲလဲတော်တဲ့အပြင် အဆင့်အတန်းချင်းလဲ မိုးနဲ့မြေကွာကြတဲ့သူနှစ်

ဦးဟာ ဘယ်လိုပဲဒိုးချင်းထားစေဦးတော့ မကြံကောင်းမစည်ရာဒိုးချင်းမထိနိုင်ဘူးလို့ယုံလို့လဲမဉပါဒ်မိကြတာပါမှာပေါ့လေ ။

တရက်ကျတော့ ချန်ပိုကသူနဲ့ဆိုးဆိုးနေကြ ချန်သခင်မကြီးဆီသွားပြီးတော့ သူလက်မှုပညာသွားသင်မဲ့အကြောင်းအသိပေးလာတယ် ။ ကျောက်စိမ်းသားနဲ့ ပန်းပုတို့ ၊ လက်ဝတ်ရတနာတို့ထုလုပ်တဲ့ဆိုင်မှာအလုပ်သင်ဝင်လုပ်ချင်လို့တဲ့လေ ။ ချန်သခင်မကြီးကလဲ မေလန်းနဲ့ချန်ပို သိပ်ပြီးရင်းနှီးကျွမ်းဝင်လွန်းတာကိုသတိထားမိလာတော့ အလွယ်တကူပဲသဘောတူလိုက်တယ် ။ ပညာသင်မလို့ဆိုပေမဲ့ချန်ပိုကတော့အိမ်တော်မှာ ညတော့ပြန်အိပ်သေးသတဲ့ ။ နှစ်ယောက်သား တချိန်လုံးအတူတူမနေကြရင်တော့ သွေးအေးသွားတန်ကောင်းရဲ့လို့ ချန်သခင်မကြီးမှာတွေးပြီးစိတ်အေးမိပေမဲ့ ချန်ပိုနဲ့မေလန်းကြားမှာ ပြောစရာ ၊ ဖလှယ်စရာတွေပိုပြီးတောင်များလာကြသေးတယ် ။ ဒါနဲ့ချန်သခင်မကြီးကမေလန်းကိုခေါ်ပြီးဆုံးမရော ။

"........မေလန်းရေ...ငါ့သမီးလဲအရွယ်ရောက်လာပြီ...ဆိုတော့ညည်းရဲ့ဝမ်းကွဲအကိုချန်ပိုနဲ့သိပ်နီးနီးကပ်ကပ်မနေစေချင်တော့ဘူးကွယ်....သမီးတို့ဟာဆွေမျိုးတွေဖြစ်ပေမဲ့..ဂုဏ်သရေရှိမိန်းမပျိုဆိုတာဘယ်ယောကျာ်းလေးနဲ့မှ..စကားပြောဝင်ထွက်သွားလာနေလို့မသင့်တော်ပေဘူး...အဲဒီတော့အခုကစပြီးချန်ပိုနဲ့သွားစကားပြောတာမျိုးကိုမလုပ်ရတော့ဘူးနော်......"

ပေါ့စေလိုလို့ကြောင်ရုပ်ထိုးခါမှ ဆေးအတွက်လေးဆိုတာလိုပေါ့ ။ မဖြစ်သင့်တာတွေမဖြစ်ရအောင် ချန်သခင်မကြီးကပြောလိုက်ခါမှ မေလန်းဟာ သူနဲ့ချန်ပိုအရွယ်ရောက်နေပြီဆိုတာရော ၊ သူ့အမေစိတ်ပူနေသလိုမျိုးပဲ ချန်ပိုကိုမောင်နှမသံယောဇဉ်ထက်သာလွန်ပြီးချစ်မိနေပြီဆိုတာရော နားလည်လိုက်တော့တာပါပဲ ။ ဒီ့အရင်ကတော့ တွေးတောင်မတွေးမိဘူးလေ ။ အဲဒီညက ချန်ပိုကိုခါတိုင်းလိုပဲဥယျာဉ်ထဲမှာဆင်းတွေ့တယ် ။ လရောင်အောက်က စကျင်ကျောက်ခုံလေးမှာအတူထိုင်မိကြတော့ မေလန်းကရှက်သွေးဖျန်းရင်းဆိုသတဲ့ ။

"………….အကိုရေ…….မယ်မယ်ကလေ …နောက်ဆိုရင်အကို့ကိုလာမတွေ့ရတော့ဘူးတဲ့………..”

"…………အေးလေ…အရီးတော်ပြောတာမှန်ပါတယ်…တို့တွေကအရွယ်ရောက်လာပြီကိုး…………”

"………….လာပြန်ပြီ..ဒီအရွယ်ရောက်လာပြီဆိုတာကြီးက……ဘာမှန်းလဲမသိဘူး……………..”

မေလန်းကခေါင်းလေးငဲ့လို့ရေရွတ်တော့ ချန်ပိုကမေလန်းရဲ့ခါးကျင်ကျင်ကလေးကိုမသိမသာလှမ်းပွေ့ရင်းဆိုတယ် ။

"……………အင်း….အရွယ်ရောက်လာပြီဆိုတာက…အကို့မျက်စေ့ထဲမှာ..မင်းလေးကတနေ့တခြားပိုပိုလှလာတာပေါ့ …ပြီးတော့အကိုမင်းကိုတနေ့မတွေ့ရရင်ကိုမဖြစ်တဲ့ခံစားချက်မျိုးရှိလာတာပေါ့….အကိုကတော့မင်းကိုမြင်ရရင်စိတ်ချမ်းမြေ့ပြီးငေးနေလိုက်…မမြင်တဲ့အခါဆိုရင်ဆွေးလိုက်ပါပဲ….ဒါတွေဟာတို့တွေအရွယ်ရောက်လာလို့ဖြစ်လာတာထင်ပါရဲ့………”

"……….အခုရော..အကို့အနားမှာကျွန်မရှိနေတော့ပျော်လားဟင်……..”

မိန်းကလေးက ခေါင်းလေးမော့ပြီးစူးစိုက်ကြည့်ရင်းမေးတော့ ချန်ပိုကတိုးတိုးငြင်သာဖြေတယ် ။

"…………ပျော်တာပေါ့ကွယ်….မင်းဟာအကို့အတွက်မရှိမဖြစ်ပါပဲ….တို့နှစ်ယောက်ဟာ..နှစ်လွှာပေါင်းမှတရွက်ဖြစ်တဲ့စွယ်တော်ရွက်များလိုပဲ..တယောက်မရှိပဲနောက်တယောက်မှာမပြည့်စုံနိုင်ဘူး…………”

"……………ဒါပေမဲ့..အကိုနဲ့ကျွန်မလက်ထပ်ကြဖို့ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာလဲ..အကိုသိသားနဲ့ဟာကို…မကြာခင်ပဲကျွန်မကိုတခြားအိမ်တော်ကသခင်လေးတပါးပါးနဲ့စေ့စပ်ကြောင်းလမ်းဖို့..လာမြန်းကြတော့မှာ…….”

"…………ဟင့်အင်း…ကိုယ်မသိဘူး….သိလဲမသိချင်ဘူး……ဒါတွေကိုယ့်ကိုလာမပြောနဲ့……….."

"……….ချန်ပိုရယ်…အကိုဟာ..ကျွန်မရဲ့အကိုဝမ်းကွဲတော်တယ်ဆိုတာလဲ..သတိထားဦးမှပေါ့ရှင်……"

မေလန်းဘယ်လိုပြောပြော ချန်ပိုကတော့ဖွတ်တရွတ်ပဲမေလန်းကိုရင်ခွင်ထဲဆွဲသွင်းရင်း ကလေးဆိုးကြီး လိုဆိုသတဲ့ ။

"……….ဟင့်အင်း…ကိုယ်သတိထားမိတာကတော့..ကိုယ်ဟာမင်းအတွက်လူဖြစ်လာသလို..မင်းဟာလဲ ကိုယ့်အတွက်ပဲ….ကျန်တဲ့မျိုးနွယ်တူတွေ..ဆွေမျိုးမောင်နမတော်တာတွေဘာတွေကို….ကိုယ်ခေါင်းထဲ မထည့်ချင်ဘူး….မင်းကိုကိုယ်မခွဲနိုင်တာပဲသိတယ်….ချစ်မိတာအပြစ်လားကွယ်………"

မေလန်းလဲ ကမ္ဘူးရှူးထိုးဖြစ်နေတဲ့ ချန်ပိုရဲ့ရင်ခွင်ထဲကနေရုန်းထွက်ပြီး သူ့အခန်းကိုသူပြန်ပြေးလာခဲ့ပေ မဲ့သူ့ရင်ထဲက အညှောက်ထိုးနေတဲ့ခံစားချက်တွေကတော့ အပင်ပေါက်လာခဲ့ပြီလေ ။ ငယ်ရွယ်သူတွေ ရဲ့နှလုံးသားရေးရာအချစ်ကိစ္စလောက် အွန္တရယ်ကြီးတာဘယ်မှာရှိနိုင်တော့မလဲ ။ မဖြစ်နိုင်မှန်းသိလေ ၊ လက်ထဲကချိုမြိန်လှတဲ့အဆိပ်ခွက်ကို တူနှစ်ကိုယ်ပျော်ပျော်ကြီးမော့ချချင်လေပါပဲ ။ အဲဒီတညလုံး မေ လန်းမှာသူ့အမေပြောတာတွေကိုတွေးလိုက် ၊ချန်ပိုရဲ့ဖွတ်တရွတ်နိုင်လှတဲ့ချစ်စကားတွေကိုကြားယောင် လိုက်နဲ့အိပ်မရခဲ့ဘူး ။ပြောရရင်အဲဒီညကစလို့ မေလန်းရဲ့ဘဝဟာအပြောင်းလဲကြီးပြောင်းလဲသွားတော့ တာပါပဲ ။ သူတို့နှစ်ယောက်လုံးရဲ့ရင်ထဲက မတော်တဆလှုပ်နှိုးလိုက်မိတဲ့ခံစားချက်တွေကို ထိန်းချုပ်ဖို့ ကြိုးစားကြလေ ၊ ချစ်အာရုံမှာပိုပြီးငြိတွယ်လာလေဖြစ်နေကြရတာနဲ့ မေလန်းဟာချန်ပိုကိုလုံးလုံးမတွေ့ အောင်ရှောင်တော့တယ် ။ မကြာပါဘူး..ထိန်းချုပ်နေတဲ့ကြားကသုံးရက်တောင်မပြည့်ခင်မှာ ချန်ပိုဆီကို မေလန်းပြန်ပြီး တိတ်တိတ်ခိုးသွားမိတာပဲ ။ ဒါနဲ့ပဲသူတို့ရဲ့ချစ်စခန်းဟာ လျှို့ဝှက်ချက်တခုဖြစ်လာတော့ ခါတိုင်းထက်တောင် ပိုပြီးစိတ်လှုပ်ရှားရင်ခုန်စရာဖြစ်လာတယ် ။ ခိုးစားရတဲ့အသီးဟာ ပိုချိုမြိန်စမြဲကိုး ။ အဲဒီလိုက်မောဖွယ်ရာနေ့ရက်တွေကတော့ ငယ်နတဲ့နှလုံးသားနှစ်ခုရဲ့ဆန္ဒတွေ ၊ ခဏခဏရတဲ့နောင်တ တွေ ၊ ကွဲကွာခဲ့ရတဲ့တခဏတာနဲ့ မရေရာလှတဲ့ကတိကဝတ်တွေနဲ့ ခါးသီးချိုမြိန်လို့နေခဲ့သတဲ့ ။ ရှေ့တိုး

နောက်ဆုတ်မရတဲ့ ဒီအချစ်ဟာမဖြစ်သင့်မှန်းသိပေမဲ့ သူတို့နှစ်ယောက်စလုံး နှလုံးသားရဲ့အလိုဆန္ဒကို မလွန်ဆန်နိုင်ခဲ့ကြဘူးဆိုပါတော့ ။

ပူမှန်းသိသိကြီးနဲ့မီးထဲလက်တွဲလို့တိုးဝင်ခဲ့ကြတဲ့ ဖူးသစ်စချစ်သူနှစ်ဦးမှာချစ်တာကလွဲလို့ ကြိုတင်ပြင်ဆင်ထားတာလဲမရှိသလို ၊ အနာဂါတ်ဆိုတာလဲနတ္ထိပါပဲ ။ သူတို့လုပ်နိုင်တာတခုကတော့ အဲဒီခေတ်က ထုံးစံအရ မေလန်းကိုအိမ်တော်တွေကသခင်လေးတပါးပြီးတပါးနဲ့ မြန်းဖို့ကြိုးစားတဲ့အခါ မေလန်းကအကြောင်းအမျိုးမျိုးပြပြီးငြင်းဆန်လို့ အချိန်တတ်နိုင်သမျှဆွဲထားတာပေါ့ ။ အဲ..ဒါနဲ့ပေးစရာဆင်ခြေကုန်သွားတဲ့တနေ့မှာတော့ မေလန်းကသူအိမ်ထောင်လုံးလုံးမပြုချင်ဘူးလို့ ပိတ်ပြောသတဲ့ ။ မေလန်းရဲ့မိခင်ကြီးခမျာကြားစကတော့ အကြီးအကျယ်ထိတ်လန့်စိတ်အနှောက်အယှက်ဖြစ်သွားပေမဲ့ မေလန်းလဲအတော်ငယ်သေးတာကတကြောင်း ၊ တဦးတည်းသောသမီးကိုအနားမှာကြာကြာထားချင်တဲ့ချန်သခင်ကြီးရဲ့ဆန္ဒအရပါ အတင်းအကြပ်စီစဉ်တာမျိုးတော့မလုပ်ခဲ့ကြဘူး ။

ဒီအတောအတွင်းမှာ ချန်ပိုကလဲသူရဲ့ကျောက်စိမ်းထွင်းတဲ့လုပ်ငန်းမှာအလုပ်သင်ရင်း ပညာယူနေသတဲ့ ။ ကျောက်စိမ်းပန်းပုအလုပ်ရုံကိုရောက်လာမှ ချန်ပိုဟာလူမှန်နေရာမှန်ဖြစ်တော့တာကိုး ။ ပန်းချီမှာဘယ်လောက်ပဲတော်တော် ၊ ရွှံ့စေးနဲ့တခြားလက်မှုအနုပညာတွေမှာ ဘယ်လောက်ပဲကောင်းကောင်း သူ့ရဲ့ကျောက်စိမ်းအနုပညာကတော့ ဘဝေဘဝကအထုံပါလာသမျိုးကို ခဏချင်းမှာကျွမ်းကျင်သွားပြီး နေ့ချင်းညချင်းမှာပဲချန်ပိုဟာဆရာတဆူဖြစ်လာသတဲ့ ။ ကျောက်စိမ်းများသာ ဆစ်နေရလို့ကတော့နာရီပေါင်းများစွာမရပ်မနားအလုပ်လုပ်နိုင်တဲ့အပြင် အင်မတန်လဲအနုစိတ်ပြီး ဂရုတစိုက်ရှိလှတာမို့ ချန်ပိုရဲ့အလုပ်ရှင်တောင်အံ့သြယူရတယ် ။ ချန်ပိုကြောင့်ပဲ အဲဒီအလုပ်ရုံဟာနာမည်တရှိန်ထိုးတက်လာပြီး ကိုင်ဖန်နယ်ကအိမ်တော်မှန်သမျှ ချန်ပိုရဲ့လက်ရာကျောက်စိမ်းအနုပညာလက်ရာမှ မပိုင်ဆိုင်ရရင်ခေတ်မမီတော့တဲ့အဆင့်တောင်ဖြစ်လာတော့ အမှာစာတွေဆိုတာပလူပျံအောင်ကိုလက်ခံရပါသတဲ့ ။

ဒါနဲ့တနေ့မှာ မေလန်းရဲ့ဖခင်ချန်သခင်ကြီးဟာ မိဘုရားကြီးရဲ့မွေးနေ့မင်္ဂလာမှာလက်ဆောင်ဆက်သဖို့အကြံပေါ်လာတယ် ။ ဒါနဲ့လက်ဆောင်အတွက်လိုက်ရှာကြည့်တော့ အလွန်ကိုအရည်အသွေးကောင်း

ပြီးတော်တော်လေးကြီးတဲ့ ကျောက်စိမ်းတုံးတတုံးကိုနောက်ဆုံးမှာမျက်စိကျပါလေရော ။ ဒါနဲ့ဒီကျောက်စိမ်းကနေအလွန်ထူးခြားပြီး နှစ်ခုမရှိနိုင်တဲ့အနုပညာလက်ရာပစ္စည်းတခုကိုထုပြီးပေးဖို့စိတ်ကူးရသတဲ့ ။ ဆိုတော့ချန်သခင်မကြီးကသူတို့အိမ်တော်သားချန်ပိုရဲ့ဆိုင်ကိုညွှန်တယ်။ချန်သခင်ကြီးလဲ သူ့လက်ရွေးစင်ကျောက်စိမ်းတုံးကြီးနဲ့ တရက်မှာ ချန်ပိုတို့ကျောက်စိမ်းပန်းပုဆိုင်ကိုပေါက်ချလာပြီး သူလိုချင်တဲ့ပုံစံကိုလာရှင်းပြသတဲ့ ။ တမူထူးခြားပြီးဆန်းသစ်လှတဲ့ ချန်ပိုရဲ့ပန်းပုလက်ရာတွေကိုကြည့်ပြီး အင်မတန်မှ သဘောကျလွန်းလို့ ချန်ပိုကိုပဲအလုပ်အပ်ခဲ့ပြီးအသေအချာမှာတယ် ။

"......... ချန်ပိုရေ.....ဒီအလုပ်ကတော့..မင်းဘဝကိုအဆုံးအဖြတ်ပေးမဲ့အလုပ်ပဲကွဲ့....ဒီပန်းပုကိုမိဘုရားကြီးရဲ့မွေးနေ့မှာလက်ဆောင်အဖြစ်ဆက်သဖို့ရည်ရွယ်တာမို့...မင်းသာဒီပန်းပုကိုထင်ပေါ်အောင်အစွမ်းပြနိုင်ခဲ့ရင်စင်တော်ကကောက်မှာပဲ...မင်းနာမည်လဲတိုင်းကျော်ပြည်ကျော်ဖြစ်လာပြီး..ကျောက်စိမ်းပန်းပုလောကမှာမင်းကိုယှဉ်နိုင်သူရှိတော့မှာမဟုတ်ဘူး...အစွမ်းကုန်သာကြိုးစားပေတော့.........”

ချန်သခင်ကြီးပြန်သွားတော့ ချန်ပိုကကျောက်စိမ်းတုံးကြီးကို အသေအချာလေ့လာကြည့်သတဲ့ ။ လဲ့ကြည်စိမ်းနေတဲ့မျက်နှာပြင်ကို ယုယုယယစုံဆန်ပွတ်သပ်နေရင်း အင်မတန်မှလဲပီတိဖြစ်နေသေးတယ် ။ ဒီကျောက်စိမ်းရဲ့ပုံသဏ္ဍာန်နဲ့ အရောင်အသွေးကိုကြည့်ပြီး ဂရုဏာနတ်သမီးကွမ်ယင်မယ်တော်ပုံကိုထုဖို့သဘောတူခဲ့ကြပြီးသားဆိုတော့ ကျောက်စိမ်းတုံးကြီးကိုကိုထိကိုင်လိုက်တဲ့တခဏမှာပဲ ချန်ပိုဟာသူမတူတဲ့ဂုဏ်ဝင်မြောက်လက်ရာတခုကို သူဖန်တီးနိုင်တော့မယ်ဆိုတာသေချာသိလိုက်တော့စိတ်ရောကိုယ်ပါမြူပ်နှံတော့တာပါပဲ ။ သူအလုပ်လုပ်နေတဲ့တလျှောက်လုံးကို ဘယ်သူမှအနားလာခွင့်မရသလို မပြီးမချင်းလဲဘယ်သူ့ကိုမှမပြဘူး ။

ကွမ်ရင်မယ်တော်ကျောက်စိမ်းပန်းပုလဲပြီးသွားရော လူသာမန်တို့လက်နဲ့ထွင်းထုထားတာနဲ့မတူဘဲ နတ်ဘုံကနေအခုပဲဆင်းကြွလာသလိုထင်ရတဲ့ ဂရုဏာနတ်သမီးရဲ့ဖျော့လဲ့မှုန်ညက်တဲ့အလှကိုတအံ့တသြရှုစားကြရတော့တာပါပဲ ။ ပန်းပုရဲ့ကိုယ်ဟန်အမူအရာတွေကိုတော့သမားရိုးကျပုံစံအတိုင်းပဲထုလုပ်ထားပေမဲ့ ဂရုဏာရိပ်ပြေးနေတဲ့မျက်နှာကတော့ မြင်သူငေးကြရသတဲ့ ။ ရိုးရာအတိုင်းဆိုပေမဲ့သွဲ့

ပျောင်းနန္ဒွဲ့တဲ့ကိုယ်ဟန် နဲ့ လွင့်ပါးဝေ့ဝိုက်နေတဲ့ဝတ်ရုံတွေဟာ ဒါကျောက်စိမ်းသားနဲ့ထုထားတဲ့ပန်းပုပါဆိုရင်တောင် ယုံရက်စရာမရှိဘူး ။ အနုစိတ်အသက်ဝင်လွန်းလို့ ဘုံကြိုးပြတ်လေတဲ့ မြသားနတ်မယ်လျကို ဖူးတွေ့လိုက်ရသလိုပဲရှုမဝကြည့်မဆုံးဖြစ်ကြရတယ် ။ ဒါပေမဲ့ ဒီအချက်အားလုံးကိုကျော်လွန်ပြီးဟန်နိုင်ငံတခုလုံးကဘယ်ကျောက်စိမ်းသမား ၊ ဘယ်ပန်းပုဆရာမှလိုက်မမှီနိုင်တဲ့ဆန်းသစ်တီထွင်မှုဖြစ်တဲ့ ဒီပန်းပုရဲ့အထူးခြားဆုံးအချက်ကတော့ ကွမ်ယင်မယ်တော်ရဲ့ နားရွက်ဖျားလေးတွေမှာဆင်ထားတဲ့ ကျောက်စိမ်းနားဋ္ဌောင်းအရှင်ပါတဲ့ ။ တလှုပ်လှုပ်နဲ့နေပြီး လေပြေတချက်သွေးလိုက်ရင်တောင်မွတ်နေအောင်လည်သွားတတ်တဲ့ ကျောက်နားဋ္ဌောင်းအရှင်ဟာ သွေးကြောလေးတွေဖောက်မြင်ရတော့မလို ထင်မိမှားရအောင်ကိုနုနယ်အသက်ဝင်လှတဲ့ ကွမ်ယင်မယ်တော်ရဲ့နားရွက်ဖျားလေးနဲ့ပနံရလွန်းလို့လူတွေဆိုတာပြောမဆုံးနိုင်တော့ဘူး ။ ဒီလိုတင့်တယ်အချိုးကျလွန်းလှလို့ မြင်သူတိုင်းကသက်ပြင်းရှိုက်ပြီးမဝနိုင်အောင်ကြည့်ရတဲ့ ကျောက်စိမ်းနတ်မိမယ်ရဲ့မျက်နှာကတော့ ချန်ပိုရဲ့နှလုံးသားထဲကမိန်းကလေးရုပ်နဲ့ တထေရာတည်းပါပဲ ။ ဘယ်သူ့ရုပ်ရည်လဲဆိုတာတော့မိတ်ဆွေတို့ အခုလောက်ဆိုတွေးမိရောပေါ့ ။

ချန်သခင်ကြီးဝမ်းသာဂုဏ်ယူလိုက်ပုံကတော့ ဘာနဲ့မှတောင်နှိုင်းမပြတတ်တော့ဘူး ။ ဒီလိုလက်ရာဆိုတာကရွှေနန်းတော်မှာတောင် တအံ့တသြနဲ့မြတ်နိုးကြမဲ့ရတနာဆိုတာအသိသာကြီးကိုး ။ သူ့မှာဒီပန်းပုကိုပဲတစိမ့်စိမ့်နဲ့ကြည့်မဝနိုင်အောင်ငေးရင်းနဲ့ အမှတ်တမဲ့ဆိုသတဲ့ ။

"..........ကွမ်ယင်မယ်တော်ရဲ့မျက်နှာကိုကြည့်ရတာ..ငါ့သမီးလေးမေလန်းနဲ့ဆင်လိုက်တာကွယ်......"

ချန်ပိုက ဝင့်ဝင့်ကြွားကြွားပဲတုန့်ပြန်တယ် ။

".......ဟုတ်ပါတယ်..ဦးရီးတော်...ညီမလေးမေလန်းဟာ..ကျွန်တော့်အနုပညာစျာန်အရင်းခံပါပဲ....."

"...........အင်း...ကောင်းပါလေ့ကွယ်...မင်းကတော့လူတလုံးသူတလုံးဖြစ်ဖို့ရာသေချာနေပါပြီ....မင်းကို ဒီအခွင့်အရေးကြီးကိုယုံယုံကြည်ကြည်ပေးအပ်ခဲ့တဲ့..ငါ့ကျေးဇူးကိုလဲမမေ့နဲ့ကွဲ့........."

ဝမ်းသာလုံးဆို့နေတဲ့ ချန်သခင်ကြီးကတော့ ရှည်ရှည်ဝေးဝေးမတွေးဘဲဒီလောက်ပဲပြောပြီး ချန်ပိုကိုရော ဆိုင်ရှင်ကိုပါလုပ်အားခထက်ကို ပိုပိုသာသာချီးမြှင့်ပြီးပန်းပုနဲ့အတူပြန်သွားရော ။

အဲဒီနေ့ကစလို့ချန်ပိုရဲ့နာမည်ဟာတဟုန်ထိုးကိုကျော်ကြားလာခဲ့တယ် ။ ဒါပေမဲ့သူ့အလိုချင်ဆုံးအရာ ကိုတော့ပိုင်ဆိုင်ခွင့်မရှိလေတော့ သူ့ဘဝမှာမေလန်းသာမရှိရင် ဒီကျော်ကြားမှုဟာလဲဘာမှအဓိပ္ပါယ်မရှိ ဘူးဆိုတာ ချန်ပိုနားလည်လိုက်သတဲ့ ။ သူ့ရဲ့လုပဆန်းကြယ်လှတဲ့ စိတ်ကူးစိတ်သန်းမှန်သမျှ ၊ နတ်ဖန် ဆင်းသလားထင်ရတဲ့ တီထွင်ဖန်တီးမှုမှန်သမျှဟာ သူ့ရဲ့နှလုံးသားထဲကပြည့်လျှံထွက်လာတဲ့ အချစ်ရဲ့ အသီးအပွင့်တွေပဲကိုး ။ အချစ်ကြောင့်သာလောကကြီးရဲ့အံ့ဖွယ်ရာနနယ်တဲ့အလှကို နားလည်သဘော ပေါက်ပြီးကြည့်မြင်တတ်လာသလို အချစ်ကပဲခမ်းနားကြီးကျယ်စွာကွန့်မြူးတဲ့ဉာဏ်ကို လှုံ့ဆော်ပေးပြန် တယ် ။ ဒီတော့ အချစ်မှမရှိရင် ချန်ပိုဟာခန်းခြောက်နေတဲ့ရေတခွက်လို ဗလာချည်းပဲ ..သာမန်လူတွေ နဲ့ဘာမှမခြားတော့ဘူး ။ ဝမ်းနည်းနေတဲ့လူငယ်ဟာ ဒီအလုပ်မှာစိတ်ပါဝင်စားမှုလျော့လာပြန်သတဲ့ ။ အပ်ထည်တွေကို အကုန်ငြင်းလွှတ်တဲ့အပြင် သူကြောင့်စီးပွားပျက်မလိုဖြစ်နေတဲ့ဆိုင်ရှင်ကိုလဲမညှာနိုင် တော့ဘူး ။ အချစ်မှမရှိတဲ့နောက်နတ်စောင့်သလိုထင်ရတဲ့သူ့လက်ချောင်းလေးတွေမှာလဲ လမိုင်းမကပ် နိုင်တော့ဘူး ။

ဒီလိုနဲ့မေလန်းလဲ အခါလင့်ပြီလို့တော့မဆိုနိုင်သေးပေမဲ့ မိဘတွေမျက်ခုံးတလှုပ်လှုပ်ဖြစ်ရတဲ့နှစ်ဆယ့် တစ်နှစ်ထဲဝင်လာတာတောင်မင်္ဂလာကိစ္စအထမမြောက်နိုင်သေးဘူး ။ ဒီတင်ချန်အိမ်တော်ထက်တောင် မှခနကြွယ်ပြီး ဩဇာအာဏာကြီးလှတဲ့အိမ်တော်တခုကနေ မေလန်းကိုလာကြောင်းလမ်းကြသတဲ့ ။ ဒီ တခါတော့မေလန်းဘာအကြောင်းပြတာကိုမှလက်မခံတော့ဘဲ စေ့စပ်ကြောင်းလမ်းတာကိုလက်ခံလိုက် ကြတယ် ။ နှစ်အိမ့်တစ်အိမ်အောင်သွယ်တော်တွေဝင်ထွက်ပြီး လက်ဆောင်ပစ္စည်းတွေလဲလှယ်ပြီးချိန် မှာတော့စေ့စပ်ခြင်းအထမြောက်ခဲ့လို့ မင်္ဂလာကိစ္စကိုစီစဉ်နေကြပြီ ။

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့ဘဲအရှူးမီးဝိုင်းဖြစ်ရာတဲ့ ချန်ပိုနဲ့မေလန်းခမြာသူတို့နှစ်ဦးအမြဲအတူနေရဖို့အတွက်ခိုးပြေးဖို့ကြံကြသတဲ့ ။ ချန်ပိုရဲ့ပညာနဲ့ဆိုရင်တော့ ဘယ်မှာနေနေ ဝမ်းဝခါးလှနိုင်ပါတယ်ဆိုပြီးတော့ မေလန်းရဲ့လက်ဝတ်ရတနာနည်းနည်းကို မရှိဝမ်းစာရှိတန်ဆာအနေနဲ့ယူပြီး ချန်အိမ်တော်လက်လှမ်းမမှီနိုင်တဲ့ နယ်စွန်နယ်ဖျားမှာတူနှစ်ကိုယ်ချစ်တိုင်းပြည်ထူထောင်ဖို့ စီစဉ်ကြတယ် ။ ဒါနဲ့တညနေလူလုံးမသိတသိအချိန်မှာ ဥယျာဉ်အနောက်ဘက်ကနေခိုးထွက်ကြသတဲ့ ။ ကံဆိုးချင်တော့လွတ်လုဆဲမှာပဲ အိမ်တော်ကအစေခံအိုကြီးတယောက်က သူတို့မောင်နှံကိုဆည်းဆာအချိန် အနောက်ဥယျာဉ်တံခါးနားမှာတွေ့လိုက်တော့ သင်္ကာမကင်းဖြစ်တော့တာပေါ့ ။ ချန်ပိုနဲ့မေလန်းအကြောင်းကို အိမ်တော်သားတွေထဲမသိသူမှမရှိတာ ။ ဒါနဲ့သူတို့ခိုးပြေးဖို့ကြံတာကိုလဲရိပ်မိရော အစေခံအိုကြီးကချန်အိမ်တော်ရဲ့မျက်နှာပျက်ရမဲ့ကိစ္စကိုတားဖို့ကြိုးစားပါတော့သတဲ့ ။ အဖိုးကြီးက မေလန်းကိုအတင်းဆွဲထားပြီးအိမ်တော်ဘက်ကိုလဲ အော်ခေါ်ပြီးတပ်လှန့်တယ် ။ အနောက်ဥယျာဉ်က အိမ်တော်နဲ့အတော်လှမ်းလို့ဘယ်သူမှမကြားပေမဲ့ လူမိသွားမှာကိုစိုးရိမ်ပြီးချန်ပိုကအဖိုးကြီးကိုအတင်းတွန်းဖယ်တယ် ။ အဖိုးကြီးကဘယ်လိုမှမလွှတ်တော့ကြံရာမရာဘဲ လက်သီးနဲ့တချက်တည်း ကော်သတ်လိုက်တာ အစေခံကြီးခမြာ ပစ်အလဲကျ အောက်ကကျောက်စောင်းနဲ့အုတ်ဆက်ရိုက်မိပြီးတချီတည်းငြိမ်ကျသွားသတဲ့ ။ အဖိုးကြီးမလှုပ်မယှက်ဖြစ်နေတာကိုမြင်တော့ ပိုတောင်ကြောက်သွားပြီး ချန်ပိုနဲ့မေလန်းလဲအသက်လုပြေးကြတော့တာပါပဲ ။

နောက်နေ့မနက်မှာ ချန်အိမ်တော်ကလူတွေလဲ အနောက်ဥယျာဉ်ထဲမှာသေနေတဲ့အစေခံကြီးကိုတွေ့ပြီး ချန်ပိုနဲ့မေလန်းခိုးရာလိုက်သွားတာကို သိလိုက်ကြရတော့တာပဲ ။ ချန်သခင်ကြီးတို့မောင်နှံခမြာ သူတို့သမီးမေလန်း အစေခံသာသာရှိတဲ့ဝမ်းကွဲအကိုနဲ့ခိုးရာလိုက်သွားတဲ့သတင်းကိုတိုင်းကျော်ပြည်ကျော်မဖြစ်ရလေအောင်အုပ်ရဆိုင်းရတာကတမျိုး ၊ မိဘမျက်နှာကိုအိုးမဲသုတ်သွားတဲ့သမီးမိုက်နဲ့သားရေပေါ်အိပ်သားရေနားစားသွားတဲ့ကောင်ကိုလိုက်ရှာရတာကတမျိုးနဲ့ ကိုယ်စိတ်နှစ်ပါးဒုက္ခရောက်ရှာကြတယ် ။ ချန်သခင်ကြီးမှာအံ့အားသင့်ပြီး အမျက်ချောင်းချောင်းထွက်ပုံကတော့ ကြောက်ဖို့တောင်ကောင်းတယ်။ ချန်ပိုဆိုတဲ့ အနူလက်နဲ့ရွှေခွက်နှိုက်ချင်တဲ့ကောင်ကို သူမသေမချင်းရေအဆုံးမြေအဆုံးရှာပြီးအပြစ်ပေးဖို့တောင်သစ္စာဆိုသတဲ့ ။

အချစ်အတွက်နဲ့စွန့်စားခဲ့ကြတဲ့ချန်ပိုနဲ့မေလန်းမောင်နှံကတော့ ကိုင်ဖန်မြို့တော်အနှံ့လိုက်ရှာနေကြတဲ့သူတွေကြားကနေသိုးကာသီကာလွတ်လာကြပြီးနောက်လဲ တပြေးတည်းပြေးနေကြရတယ် ။ မြို့ကြီးပြကြီးမှန်သမျှကိုရှောင်ကွင်းပြီးခရီးရှည်ကြီးကိုနှင်လာလိုက်ကြတာ နောက်ဆုံးယန်စီမြစ်တဖက်ကမ်းကိုပါကျော်လို့ဟန်နိုင်ငံတောင်ပိုင်းကျန်စေနယ်အထိရောက်သွားကြသတဲ့ ။ ချန်ပိုကဝမ်းသာအားရဆိုတယ်။

"..............ကျန်စေဘက်မှာကျောက်စိမ်းကောင်းကောင်းထွက်သတဲ့ကွဲ့....ဟန်ကျတာပဲ......."

မေလန်းကတော့ တွေးတွေးဆဆနဲ့ဆိုရှာတယ် ။

"............အကိုရယ်...အခုလိုခက်ခက်ခဲခဲ..ခြေရာလဲဖျောက်ရေလဲနောက်ပြီးခါမှ..အကိုကျောက်စိမ်းပြန်ကိုင်လို့သင့်ပါ့မလား...အကို့လက်ရာကိုလူတွေမှတ်မိသွားရင်...ခြေရာခံပြီးအိမ်တော်ကကျွန်မတို့ဘယ်နေရာမှာရှိသလဲဆိုတာကိုသိသွားမှာပေါ့..............."

"..........ဒါပေမဲ့..ကိုယ်တို့ကျောက်စိမ်းလုပ်ငန်းနဲ့ပဲအသက်မွေးဖို့..စီစဉ်ခဲ့ကြတာမဟုတ်ဘူးလား........."

"...........အဲဒါကအိမ်တော်ကနေ..ရှောရှောရှူရှူလွတ်မြောက်လာမယ်ထင်တုန်းကအစီအစဉ်ကိုး...အခုတော့..အိမ်တော်ကအစေခံဦးကြီးတိုင်ကိုလဲ..မတော်တဆသတ်ပစ်လိုက်မိတော့..ကျွန်မတို့ကရာဇဝတ်သားတပိုင်းဖြစ်နေပြီ....ကျွန်မကတော့အကို့ကို..ကျောက်စိမ်းမကိုင်ခိုင်းစေချင်တော့ဘူးရှင်...ရွှံ့စေးရုပ်ဖြစ်ဖြစ်..ဝါးမီးအိမ်လေးတွေဖြစ်ဖြစ်ပြန်လုပ်ပြီးအသက်မွေးရအောင်ပါ..အကိုရယ်..နော်...ကံကိုယုံပြီးဆူးပုံမနင်းလိုက်ပါနဲ့ကွယ်.........."

"........ဒါပေမဲ့..ကိုယ်ကကျောက်စိမ်းပန်းပုလောကမှာ..နာမည်ရပြီးသားပဲဟာ........."

"………အဲဒါကြောင့်ပြောတာပေါ့..အကိုရယ်…အကို့လက်ရာလိုမျိုးကနစ်ယောက်မှမရှိနိုင်တာ…ပန်းပုကို မြင်တာနဲ့တင်လူတွေကချက်ခြင်းမှတ်မိကြမှာပဲ….ဒါဆိုရင်တော့..ကျွန်မတို့ကိုပြန်မိသွားဖို့ဆိုတာသေချာ ပေါက်ပဲဆိုတာ..အကိုလဲသိမှာပါ……"

"……….ဒါပေမဲ့ကျန်စေနယ်ဆိုတာက..ကိုင်ဖန်နေပြည်တော်ကနေ..မိုင်ပေါင်းထောင်ချီဝေးကွာတာပဲ ဟာ..စိတ်မပူပါနဲ့ကွယ်..တို့ကိုဘယ်သူမှခြေရာမခံမိလောက်ပါဘူး……"

"………အကိုကကျောက်စိမ်းနဲ့မှအလုပ်လုပ်ချင်သပဆိုရင်တော့…အကို့လက်ရာဟန်ကိုပြောင်းပစ်လိုက် မှဖြစ်မှာပဲ….ခါတိုင်းလိုအင်မတန်အနုစိတ်တာမျိုးမထုတော့ဘဲ..အဖြစ်လောက်ပဲထုတော့ပေါ့…………"

မေလန်းကတရားနည်းလမ်းကျကျဆိုတော့ ဘာမှပြန်မချေပတတ်တော့တဲ့ချန်ပိုဟာ နှုတ်ခမ်းကိုက်လို့ ငြိမ်နေသတဲ့ ။ သူလိုရှာမှရှားဆိုတဲ့တစ်သောင်းတစ်ယောက်ပန်းပုပညာရှင်က ဘယ်လိုအလုပ်သင်မဆို တတ်နိုင်တဲ့ဝါစာကမာလောက်နဲ့ကျေနပ်ရမှာတဲ့လားဆိုတဲ့အတွေးတွေကလဲ ခေါင်းထဲမှာဆူဝေလို့ရယ်။ သူ့ရဲ့ကျော်ကြားလှတဲ့လက်ရာကိုပဲ အပျက်စီးခံမလား ၊ သူရဲ့ကျော်ကြားလှတဲ့လက်ရာကပဲ သူတို့ဘဝ ကိုဖျက်ဆီးတာခံမလားဆိုတာကို မျက်စိတဆုံးမစဉ်းစားတော့ မေလန်းစိုးရိမ်ရှာတဲ့အတိုင်းပဲ ချန်ပိုဟာ သူ့မူပိုင်လက်ရာကိုတော့လျှော့မယ်လို့ လုံးလုံးဝန်မခံပေဘူးပေါ့ ။ ယန်စီမြစ်ကိုဖြတ်ကြကတည်းကိုက ချန်ပိုဟာကျောက်စိမ်းထွက်တဲ့ ကျန်စေနယ်ဘက်ကိုပဲ တချိန်လုံးခြေဦးလှည့်နေတာကို မေလန်းသတိ ထားမိသတဲ့ ။ ကန်တုံဘက်ကနေပြီး တောင်ဘက်လွင်ပြင်တွေကိုကျော်မိလို့ တောင်ပေါ်ကိုစတက်ကြ ပြီဆိုတာနဲ့ကိုကျန်စေနယ်မြေလွှာထဲက ကျောက်စိမ်းတွေကချန်ပိုကိုညို့ခေါ်နေသလိုပဲ အဲဒီဘက်ကို တန်းတန်းမတ်မတ်ကြီးသွားတော့တာကိုး ။ နယ်ကြီးတနယ်ဖြစ်တဲ့ နန်ချန်မှာတော့သူတို့မနားရဲကြဘူး ။ ဆက်သွားကြရင်းနဲ့ နောက်ဆုံးကျန်စေကို ဒုတ်ဒုတ်ရောက်တဲ့အထိပါပဲ ။ အမှန်ကတော့ ကျန်စေဟာ ကျောက်စိမ်းတမျိုးတည်းနဲ့ နာမည်ကျော်တာတော့မဟုတ်ဘူး ။ ကျန်စေကထွက်တဲ့ ရွှံ့ဖြူဟာအလွန် ကိုနုညက်ပြီးလှပတဲ့ ကောင်လင်းကြွေထည်တွေထုတ်လုပ်ဖို့အတွက် အဓိကကုန်ကြမ်းပေါ့ ။ ဒါကိုသိ တော့မေလန်းက ချန်ပိုကိုကြွေထည်လိုင်းပြောင်းကိုင်ဖို့ တိုက်တွန်းရှာပေမဲ့အချည်းနှီးပါပဲ ။ ခေါင်းမာ

သလောက်တဖွတ်ထိုးနိုင်လှတဲ့ချန်ပိုကတော့သူ့လက်တွေဟာ ကျောက်စိမ်းကိုမှမကိုင်ရရင်သနတယ် ထင်တာကိုး ။ မျက်ကန်းတစ္ဆေမကြောက် ဒီလိုလဲပြောသေးသတဲ့ ။

".........မင်းကအကို့ကို..ကြွေထည်လိုင်းပြောင်းခိုင်းရင်လဲ..ကိုယ်ကတော့တော်အိလျော်အိကြွေထည် လောက်နဲ့ကျေနပ်နေမှာမဟုတ်ဘူး......ကိုယ့်ရဲ့လက်ရာဟာအမြဲတမ်း..သူများနဲ့မတူဘဲတမူထူးပြီးကွဲ ထွက်နေမှာပဲ...ဒီလိုသာဆိုရင်တော့..ကျောက်စိမ်းထုတာမှဟုတ်တုတ်တုတ်ရှိဦးမယ်..........."

နောက်ဆုံးမှာတော့ မေလန်းခမျာစိတ်လေးလေးနဲ့ပဲ ချန်ပိုဖွဲ့ခတ်နေတာကိုအလျှော့ပေးလိုက်ပေမဲ့ တခုတော့တောင်းဆိုသတဲ့ ။

".........ကဲပါ...အကိုရယ်..ကျောက်စိမ်းမှကျောက်စိမ်းဆိုရင်လဲကျွန်မမပြောတော့ပါဘူး...ဒါပေမဲ့အကို့ မျက်နာကိုတစ်ရွာလုပ်ပြီးလိုက်လာတဲ့....ကျွန်မကိုငဲ့ညှာသောအားဖြင့်...ပန်းပုတွေကိုအကို့နာမည်ခံပြီး မထုစေချင်ဘူး...ကျွန်မတို့မှာအခုတောင်..ကျီးလန့်စာစားနေနေရတာ...အကို့လက်ရာကြောင့်လူသိများ ပြီးဒုက္ခထပ်မရောက်ချင်တော့ဘူးကွယ်....ကျွန်မကိုချစ်ရင်..ဒါလေးတော့သဘောတူပေးပါနော်......."

မနေနိုင်လွန်းလို့သာဒီလိုတောင်းပန်ရပေမဲ့ မေလန်းရဲ့စိတ်ထဲကတော့ သူမတူတဲ့အနုပညာတွေဖန် ဆင်းနိုင်တဲ့ ချန်ပိုရဲ့လက်ချောင်းတွေဟာ သာမန်လောက်နဲ့တော့ မကျေနပ်နိုင်ဘူးဆိုတာသိနေသတဲ့။ အလုတရားကိုအဆုံးစွန်ထိုးထွင်းမြင်နိုင်တဲ့ဉာဏ်ရယ် ၊ ဘာမဆိုစင်းလုံးချောမှကျေနပ်တဲ့ဉာဥ်ရယ် ၊ သူ့ ရဲ့ပါရမီကိုအထင်ကြီးမြတ်နိုးတတ်တဲ့မာနရယ်ကိုပေါင်းလိုက်ရင် သူနဲ့ချန်ပိုကိုဒုက္ခတွင်းထဲဆွဲချမှာကြမ္မာ ကချန်အိမ်တော်ကသူတို့ကိုလိုက်ရှာနေတဲ့ ရဲမက်တွေမဟုတ်ဘဲ ချန်ပိုကိုယ်တိုင်ပဲဆိုတာကိုလဲမေလန်း ခမျာကြိုမြင်နေရှာတယ် ။ ချန်ပိုကလဲ ကျန်စေလိုကျောက်စိမ်းမြေကိုရောက်လာပြီးသူ့စိတ်ကြိုက်အံ့ဖွယ် သရဲ ဆန်းပေ့ ၊ လှပေ့ ၊ အသက်ဝင်ပေ့ဆိုတဲ့အနုပညာတွေကို တဝကြီးဖန်တီးမယ်ဆိုခါမှ သူ့နာမည်နဲ့ ထုလို့မရနိုင်တဲ့ကံကြမ္မာရဲ့သရော်ချက်ကိုခါးကော့နေအောင်ခံရတော့တာပဲ ။ ဘာပဲဖြစ်ဖြစ်လေ ရွေးစရာ လမ်းမရှိတော့ အောင့်အောင့်အင်းအင်းနဲ့ပဲသဘောတူပြီး မေလန်းယူလာတဲ့လက်ဝတ်ရတနာတချို့ကို

ထုခွဲလို့ကုန်ကြမ်းကျောက်စိမ်းအရိုင်းတုံးတွေဝယ်ကာဆိုင်လေးတဆိုင်စတည်သတဲ့ ။ မေလန်းကတော့ အမြဲလိုလိုချန်ပိုအလုပ်လုပ်တဲ့နားမှာရှိနေတတ်ပြီး တဖွဖွသတိဖော်နေတတ်တယ် ။

"...............အကိုရေ...ဒီလောက်ဆိုရင်ရောင်းတန်းဝင်ပါပြီ.....ထပ်ပြီးအချောမသတ်ပါနဲ့တော့...ကျွန်မပြောခဲ့တာတွေကိုမမေ့ပါနဲ့ကွယ်.........."

မေလန်းဒီလိုပြောတိုင်း ချန်ပိုကလုပ်လက်စကိုချက်ချင်းရပ်ပစ်ပြီး ဝမ်းပန်းတနည်းပြုံးတတ်သတဲ့ ။ ဒီလိုနဲ့ချန်ပိုဟာ ရိုးရိုးကျောက်စိမ်းနားဋ္ဌောင်းအလုံးတွေ ၊ ဆွဲပြားအပိုင်းတွေကိုပဲ အသက်မွေးဝမ်းကျောင်းအနေနဲ့လုပ်နေရတယ် ။ ဒါပေမဲ့ချန်ပိုလို ကျောက်စိမ်းအရိုင်းတုံးထဲက ကွယ်ဝှက်နေတဲ့အလှတရားကိုပိုနေတဲ့ကျောက်သားတွေဖယ်ပြီးစိတ်မျက်စိနဲ့ကြည့်တတ်သူအဖို့တော့ အင်မတန်အသက်ဝင်မဲ့ပန်းပုဖြစ်လာမဲ့ကျောက်သားတွေကို ဘာအနုပညာမှမပါတဲ့ရိုးရိုးပစ္စည်းတွေအဖြစ်လုပ်ပစ်လိုက်ရတာဟာ ရာဇဝတ်မှုကျူးလွန်နေရသလိုပဲ ။ ဘယ့်နှယ်..သူ့လက်ထဲကလဲ့ကြည်မြနေတဲ့ကျောက်စိမ်းတုံးကိုသာ မက်မုံသီးခိုးနေတဲ့မျောက်ကလေးပုံထုလိုက်ရ ဘယ်လောက်များအသက်ဝင်လိုက်မလဲလို့တောင့်တမိပေမဲ့ တကယ်လုပ်နေရတာကတော့ ကျွန်မတွေ ၊ တောသူမတွေဝတ်တဲ့နားဋ္ဌောင်းတွေပါပဲ ။ ဒီလိုနဲ့သူ့ရဲ့လက်ချောင်းလေးတွေဟာ အနုပညာလက်ရာသစ်ကိုမွေးဖွားချင်စိတ်နဲ့တုန်ယင်ဆာမွတ်လို့ မခံနိုင်တော့တဲ့တနေ့မှာ ချန်ပိုဟာနတ်သမီးအိမ်မက်ထဲကလို ဆန်းကြယ်လှတဲ့ပန်းပုတွေကို တိတ်တိတ်ခိုးလို့ထုမိပြန်သတဲ့ ။ ဒီလိုသူ့စိတ်အဆာပြေထုလိုက်တဲ့ လက်ရာတစ်ခုနှစ်ခုဟာ သူရောင်းတန်းဝင်လောက်ပဲလုပ်နေတဲ့လက်ဝတ်ရတနာပစ္စည်းအရာအထောင်ထက်ကို ပိုပြီးအမြတ်အစွန်းရလာတဲ့အခါမှာ မေလန်းမှာစိတ်ပူပင်ရပြန်တော့တယ် ။ ချန်ပိုရဲ့ဇ ပေါ်လာပြန်ပြီကိုး ။

"...........အကိုရယ်....ဒီလိုလက်ရာနဲ့သာဆိုရင်တော့မကြာခင်ပဲ..အကိုနာမည်ဟိုးဟိုးကျော်ပြန်ဦးတော့မယ်...ကျွန်မမှာလဲမပေါ့မပါးကြီးနဲ့ကွယ်..အရေးရယ်အကြောင်းရယ်ဆိုရင်..နယ်ကူးချောင်းကူးပြေးကြဖို့ခက်လိမ့်မယ်ရှင်...သတိထားပါနော်....."

"............အေး...ဟုတ်သားပဲ...ရင်သွေးလေးရောက်လာရင်တော့...တို့တော့မိသားစုစစ်စစ်ဖြစ်ရချည်သေးရဲ့ကွာ......အကိုဝမ်းသာလိုက်တာကွယ်.........."

ချန်ပိုကတော့မေလန်းပြောသမျှကို အာရုံထဲသိပ်ထားဟန်မတူပဲ ကိုယ်လေးလက်ဝန်ကြီးနဲ့ဇနီးကိုပဲခါတိုင်းထက်ကိုယုယုယယရှိပေမဲ့ မေလန်းရဲ့ရင်ထဲကစိုးရိမ်စိတ်ကိုတော့ဘယ်လိုမှမဖြေဖျောက်နိုင်ခဲ့ဘူး။

".........ကျွန်မတို့ဘဝလေးမှာအခုမှတည်ငြိမ်လာခါစရှိသေးတာ......အခုတော့အကို့လက်ရာတွေကသိပ်နာမည်ကောင်းရလွန်းနေတယ်ကွယ်........ကျွန်မတော့သိပ်ရင်လေးတာပဲ........."

တကယ်လဲကျန်စေမှာအခြေချတာ တနစ်တောင်မရှိသေးတဲ့ကာလအတွင်းမှာပဲ ပေါင်ဟိုကျောက်စိမ်းအနုပညာပစ္စည်းမှအိမ်မှာမရှိရင် အိမ်တော်တွေကြားထဲမှာခေတ်မမီသလိုဖြစ်လာပြန်တယ် ။ ပေါင်ဟိုဆိုတာကချန်ပိုရဲ့ကျောက်စိမ်းဆိုင်နာမည်ပေါ့ ။ တမြို့လုံးမှာရှိသမျှသူဌေးသူကြွယ် ၊ သူကောင်းမျိုးနွယ်မှန်သမျှကပေါင်ဟိုကျောက်စိမ်းလက်ရာတွေကို အရူးအမူးဝယ်ယူစုဆောင်းကြတဲ့အပြင် ကျန်စေနယ်ကြီးရဲ့တခြားမြို့တော်ကလူတွေကိုက ဒီကျောက်စိမ်းလက်ရာကိုဝယ်ဖို့ ချန်ပိုတို့မြို့ကိုခရီးသွားရင်းဟန်လွှဲရောတကူးတကပါလာကြရသတဲ့ ။ တရက်မှာတော့ချန်ပိုရဲ့ဆိုင်ထဲကိုလူတယောက်ဝင်လာပြီး ပစ္စည်းတွေကိုကြည့်ရင်းနဲ့ ရုတ်တရက်ကြီးထမေးပါလေရော ။

"...........ဟာ...ဘယ်သူများလဲလို့ကြည့်နေတာ..ခင်ဗျားကကိုင်ဖန်နယ်ကချန်သခင်ကြီးရဲ့တူတော်တဲ့ကျောက်စိမ်းပန်းပုသမားချန်ပိုမဟုတ်လားဗျ..........."

ချန်ပိုလဲလိပ်ပြာလွင့်မတတ်လန့်သွားပြီး သူကိုင်ဖန်နယ်ကိုတောင်မရောက်ဖူးကြောင်း ပျာပျာသလဲငြင်းတော့လူစိမ်းကသင်္ကာမကင်းကြည့်ရင်းဆိုပြန်သတဲ့ ။

"..........ခင်ဗျားကကိုင်ဖန်နယ်ကိုမရောက်ဖူးဘူးသာဆိုတာ..ပြောတော့ဖြင့်မြောက်ပိုင်းသားကိုင်ဖန်လေသံနဲ့ပါလား......ဒါနဲ့ခင်ဗျားကအိမ်ထောင်နဲ့လား........."

".......ပစ္စည်းတွေကြည့်မှာသာကြည့်ပါ...မိတ်ဆွေ.....ကိုယ်ရေးကိုယ်တာတွေကျုပ်မဖြေပါရစေနဲ့......."

လူစိမ်းရှိနေတဲ့တလျှောက်လုံးမှာမေလန်းက ဆိုင်အနောက်ကနေ ရင်တမမနဲ့ချောင်းနေခဲ့ပြီးသူလဲပြန်ရော အဲဒီလူဟာသူ့အဖေချန်သခင်ကြီးရုံးက အတွင်းရေးမှူးတယောက်ဆိုတာ ချန်ပိုကိုပြောပြရသတဲ့ ။ မေလန်းစိုးရိမ်လာခဲ့တဲ့အတိုင်းပဲ ချန်ပိုရဲ့အနုပညာဟာသူတို့ရဲ့သာယာလာစဘဝကို အရိပ်မည်းထိုးလာခဲ့ပြီလေ ။ နောက်တနေ့ကျတော့ အဲဒီလူဟာ ချန်ပိုရဲ့ဆိုင်ကိုရောက်လာပြန်ပြီး မနေ့ကစကားကိုဆက်ဖို့ကြိုးစားပြန်သတဲ့ ။

"............ချန်ပိုဆိုတာဘယ်သူမှန်း..ကျုပ်မသိဘူးလို့ပြောနေပြီပဲ..ခင်ဗျားလူမှားနေတာဖြစ်ပါလိမ့်မယ်...ကိုယ့်လမ်းကိုယ်သွားပါ..မိတ်ဆွေ...ကျုပ်ကျောက်စိမ်းရောင်းတိုင်း..ခင်ဗျားပြောတဲ့ကျောက်စိမ်းသမားဖြစ်ရတော့မှာလား........"

".............အေးလေ..ခင်ဗျားကဘူးကွယ်ကွယ်နေမှတော့လဲကျုပ်ပြောပြရသေးတာပေါ့......ချန်ပိုဆိုတဲ့လူကိုလူသတ်မှု..ချန်အိမ်တော်ရဲ့သမီးကိုပြန်ပေးဆွဲမှုအပြင်..ရတနာပစ္စည်းတွေကိုခိုးယူမှုနဲ့ပါ..လိုက်ရှာနေကြတယ်...ခင်ဗျားဟာအဲဒီဝရမ်းပြေးမဟုတ်ဘူးဆိုတာ..ကျုပ်ကိုသက်သေပြနိုင်ရင်ပြလေဗျာ...ခက်ခက်ခဲခဲတော့မဟုတ်ပါဘူး....ခင်ဗျားမိန်းမကိုသာကျုပ်အတွက်..လက်ဘက်ရည်တခွက်လောက်လာပို့ခိုင်းပါ...ခင်ဗျားမိန်းမဟာချန်မေလန်းမဟုတ်ဘူးဆိုရင်..ခင်ဗျားချန်ပိုမဟုတ်ဘူးဆိုတာကျုပ်ယုံလိုက်ပါ့မယ်...ကဲ...ဘယ့်နယ်လဲ........."

"............ဟေ့လူ...ကျုပ်ဟာကျုပ်ဒီမှာကောင်းရောင်းကောင်းဝယ်လုပ်စားနေတာ..ခင်ဗျားကစစ်လားဆေးလားနဲ့ကျုပ်ကိုစီးပွားပျက်အောင်လုပ်နေတာလား....ခင်ဗျားအခုထွက်သွား............"

ဒေါသတကြီးနဲ့ချန်ပိုက ကြောက်ကန်ကန်ပြီးမောင်းထုတ်တော့ လူစိမ်းကထီးမထင်တဲ့အပြုံးနဲ့ထွက်သွားလေရဲ့ ။ အဲဒီမှာတင်ချန်ပိုတို့လင်မယားလဲ ချက်ခြင်းပဲကျောက်စိမ်းပစ္စည်းတွေလောက်ပဲထုတ်ပိုးယူငင်ပြီးလှေတစင်းငှားလို့ ညတွင်းချင်းပြေးရပြန်သတဲ့ ။ အဲဒီတုန်းကသူတို့သားလေးကမှ သုံးလသားပဲရှိရှာသေးတယ် ။ ကံဆိုးမသွားရာမိုးလိုက်လို့ရွာဆိုသလိုပဲ ကန်ရှိန်နယ်ရောက်တော့သားလေးကခရီးပမ်းရာပြီးအပြင်းဖျားတော့ ရှေ့မဆက်နိုင်တော့ဘဲ အဲဒီမှာတင်ဆင်းပြီး ကလေးအသက်လုကြရပြန်သတဲ့ ။ ရေလမ်းခရီးကိုတစ်လလောက်မရပ်မနားဆန်တက်ခဲ့တာတကြောင်း ၊ ကလေးဆေးဖိုးကလဲထောင်းပြန်တော့ ချန်ပိုတို့မောင်နှံမှာကျောက်စိမ်းရတနာတွေကလွှဲလို့ ခြူးတပြားမှမကပ်တော့တဲ့အခြေအနေဖြစ်သွားတယ် ။ ဘယ်လိုမှမတတ်နိုင်တဲ့အဆုံးမှာ မျက်လုံးစုံမှိတ်ပြီး ချန်ပိုရဲ့လက်ရာတွေထဲကအကောင်းဆုံးတခုဖြစ်တဲ့ မျက်လုံးတဖက်မှိတ်ပြီးသားကောင်ချောင်းနေတဲ့ခွေးရုပ်ပန်းပုကိုဝမ်လို့ခေါ်တဲ့ ကျောက်စိမ်းကုန်သည်တယောက်ဆီကိုသွားရောင်းလိုက်ရတော့သတဲ့ ။ ပန်းပုကိုမြင်တော့ ဝမ်ကတအံ့တသြဆိုတယ် ။

"..........အလိုလေး.....ဒါဟာပေါင်ဟိုလက်ရာပါကလားဗျ....ဘယ်သူမှဒီလိုဟာမျိုးကိုတုပြီးမထုနိုင်ကြဘူး......ကောင်းလိုက်တဲ့ပန်းပုဗျာ........"

ဝမ်လိုကျောက်စိမ်းကုန်သည်ဆီကဒီစကားကြားတော့ ချန်ပိုကဝမ်းထဲကနေကြိတ်ဂုဏ်ယူရင်းဆိုတယ် ။

"............ဟုတ်ပဗျာ.......ကျုပ်ကိုယ်တိုင်ပေါင်ဟိုဆိုင်ကဝယ်လာတာပါ..........."

ဒါနဲ့ပန်းပုရောင်းပြီးရလာတဲ့ ငွေစတွေနဲ့ကန်ရှိန်မှာပဲခဏနေဖို့ဆုံးဖြတ်ကြရတယ် ။ ကန်ရှိန်ဟာတောင်တန်းအရိပ်တွေမိုးနေတဲ့ တောင်ခြေနယ်တခုပေါ့ ။ စင်ကြယ်လှတဲ့တောင်ကြားလေချို လတ်လတ်ဆတ်ဆတ်နဲ့လွင်နေအောင်ပြာတဲ့ဖန်ပြာသားလို ကန်ရှိန်နယ်ကဆောင်းဦးပေါက်ကောင်းကင်အရောင်က ချန်ပိုနဲ့မေလန်းကိုဖမ်းစားလိုက်နိုင်တာကိုး ။ သူတို့သားကလေးကလဲဒီနယ်ကရာသီဥတုနဲ့တည့်ဟန်ရှိတော့ ကန်ရှိန်မှာအခြေချရင်း လုပ်ငန်းထောင်ဖို့ကြိုးစားကြပြန်တယ် ။ ကန်ရှိန်မြို့တော်ကြီးကသိပ်ကြီးပြီး လူစုံ

တော့တတ်နိုင်သမျှဖတ်မြုပ်ချင်တဲ့ချန်ပိုနဲ့မေလန်းဟာ မိုင်နှစ်ဆယ်လောက်မြို့ကနေသွားရတဲ့တောပိုင်း တနေရာမှာနေဖို့ကြံကြတယ် ။ နေရာသစ်မှာအခြေချပြီးစီးပွားရေးစမယ်ဆိုရင် ငွေလိုနိုင်တယ်ဆိုပြီး ချန်ပိုကသူ့လက်ရာပန်းပုတခုကိုထုတ်ရောင်းပြန်သတဲ့ ။

"………အကိုရယ်…အကို့ဟာကအရွှေ့ရယ်ကိုလက်ယပ်ခေါ်သလိုဖြစ်နေပြီ….ကျွန်မတို့မှာဟိုပန်းပုရောင်း ထားတဲ့ငွေလဲရှိနေသေးတဲ့ဟာကို……."

"…………ဒါပေမဲ့ကျောက်စိမ်းဆိုင်ထောင်ရင်တော့..ဒီငွေကမလောက်နိုင်ဘူးလေ…မေလန်းရဲ့………"

"…………ကျောက်စိမ်းဆိုင်ထောင်ဖို့..ဒီတခါတော့ကျွန်မလုံးလုံးကိုခွင့်မပြုနိုင်ဘူး..ရှင်ရေ့…ထောင်ချင် သပဆိုရင်..မြေထည်ဆိုင်သာစပေတော့………"

"…….မြေထည်ဟုတ်လား…..ကိုယ်ကကျောက်စိမ်းသမားကွ…ရွှံ့စေးကိုင်တဲ့ကောင်မဟုတ်ဘူး……."

"……ဒီတခါတော့ကျွန်မစကားကိုနားထောင်ပါ..အကို….အကိုကျွန်မစကားကိုအလေးမထားတဲ့အတွက် သေပြေးရှင်ပြေးပြေးခဲ့ရပြီးပြီ…ကျောက်စိမ်းနဲ့အလုပ်လုပ်ဖို့ရာက..အကို့ဘဝမှာဒီလောက်တောင်အရေး ကြီးသလား…ဒီကျောက်စိမ်းထွင်းတာဟာ..အကို့မယားနဲ့သားလေးထက်တောင်အရေးပါသလား…ပြော စမ်းပါဦး….နောက်နောင်နှစ်ပေါင်းတွေကြာလို့…လူတွေမေ့လောက်ပြီဆိုမှကျောက်စိမ်းကိုပြန်ကိုင်ရင်လဲ နောက်မကျသေးဘူးမဟုတ်လားရှင်…..ပြောရခက်လှချည့်…အကိုရယ်……….."

ဒီလိုနဲ့အတော်လေးအတိုက်အခံဖြစ်ကြပြီးနောက်ဆုံးမှ ချန်ပိုကစိတ်မပါ့တပါနဲ့ မြေဖုတ်ရွှံ့စေးနက်ရုပ် တွေလုပ်တဲ့ဆိုင်ကိုစထောင်တယ် ။ ဒီလိုနဲ့လူမသိသူမသိအသက်မွေးဝမ်းကျောင်းဖို့အတွက် မြေထည် ဗုဒ္ဓရုပ်ပွားတော်ရာပေါင်းများစွာကိုသာ အပတ်တိုင်းလုပ်နေရပေမဲ့ ကန်တုန်ကလာတဲ့ကျောက်စိမ်းကုန် သည်တွေဆိုင်ရှေ့ကနေဖြတ်သွားပြီဆို ချန်ပိုခမြာကျောက်စိမ်းကိုင်ပြီးပန်းပုထုချင်တဲ့စိတ်ကယင်းထသ

လိုထလာတတ်ပါသတဲ့ ။ သွားရင်းလာရင်းနဲ့ကျောက်စိမ်းထည်ဆိုင်တွေမှာများဝင်ကြည့်မိရင် ဒေါသအ နိုင်နိုင်ထိန်းလို့လှည့်ထွက်လာပြီး အိမ်ရောက်လာမှလုပ်လက်စရွှံ့ရုပ်တွေကို ဖျက်ဆီးပစ်တဲ့အချိန်တွေ လဲမနည်းလှဘူး ။

"..........ကျောက်စိမ်းဆစ်နေရမဲ့ငါ့လက်တွေက..ရွှံ့ပုပ်တွေကိုကိုင်နေရတယ်လို့ကွာ....ထွီ.........."

ချန်ပိုရဲ့မျက်လုံးထဲက ဖွတ်တရွတ်လုပ်မဲ့အရိပ်အယောင်တွေကိုတွေ့လိုက်မိတော့ မေလန်းခမျာကျော ထဲကနေစိမ့်ပြီးဆိုရှာသတဲ့ ။

".............ဘုရား...ဘုရား....ကိုယ်ကျိုးနည်းကုန်ကြတော့မှာပဲ.....စိတ်ထိန်းမှပေါ့...အကိုရယ်............"

တရက်မှာကျောက်စိမ်းကုန်သည်ဝမ်က ချန်ပိုကိုလမ်းမှာဆုံမိတော့ ဟိုတခါကရောင်းသွားတဲ့ပေါင်ဟို ပစ္စည်းလိုဟာမျိုးတွေထပ်ရလိုရငြားနဲ့ ချန်ပိုကိုအိမ်ထဲဖိတ်ပြီးစကားပြောကြတယ် ။

"...........ဝမ်ကုန်သည်ကြီး....မတွေ့တာကြာပြီနော်...ဘယ်ပျောက်နေတာတုံးဗျ............"

".............ဟာ..မပြောပါနဲ့တော့ဗျာ...ကျုပ်အခုပဲကျန်စေကပြန်ရောက်တာ...ကြည့်ပါဦးဗျာ....ပေါင်ဟို ကျောက်စိမ်းသမားလက်ပျက်သွားလိုက်တာဆိုတာ.....ဒီလက်ရာတွေကိုသာကြည့်ပါတော့.........."

ပြောရင်းဆိုရင်းနဲ့ ဝမ်ကသူကျန်စေကနေဝယ်လာတဲ့ ကျောက်စိမ်းပန်းပုတွေကိုထုတ်ပြသတဲ့ ။ ချန်ပိုက အစကတော့စိတ်ထိန်းပြီးငြိမ်နေသေးပေမဲ့ သူထုခဲ့ဖူးတဲ့မက်မုံသီးသူခိုးမျောက်ကလေးကို ကျောက်စိမ်း အနီသားနဲ့ခပ်ညံ့ညံ့တုပြီးထုထားတာကိုမြင်တော့ ဒေါသတကြီးနဲ့ပြောမိပါလေရော ။

".......တောက်....ဒါပေါင်ဟိုကျောက်စိမ်းပန်းပုမဟုတ်ဘူးဗျ.....အတုကြီးဆိုတာကြည့်ရုံနဲ့သိတယ်......"

"......ကျုပ်လဲသိပါတယ်ဗျာ....ပေါင်ဟိုလက်ရာအစစ်သာဆိုရင်..မျောက်ကလေးရဲ့မျက်နှာပေါ်မှာလော ဘကြီးတဲ့အရိပ်အယောင်တွေ..ညစ်ကျယ်ကျယ်အမူအရာတွေကိုထင်ဟပ်အောင်ထုထားမှာပေါ့....ဒါနဲ့ ခင်ဗျားကပေါင်ဟိုပစ္စည်းတွေအကြောင်းနားလည်လှချည်လားဗျ............"

ဝမ်က ဆွဲဆောင်လိုဟန်နဲ့ငြင်ငြင်သာသာမေးတော့ ချန်ပိုကတိုတိုပဲဖြေတယ် ။

"............သိသင့်သလောက်တော့သိတယ်..............."

"...........ဟိုတခါကခင်ဗျားလာရောင်းတဲ့..ပေါင်ဟိုလက်ရာခွေးရုပ်လိုဟာမျိုးကတော့ရှာမှရှားပါပဲ...ကျုပ် ပြန်ရောင်းတော့...အမြတ်အစွန်းကိုအများကြီးရလိုက်သဗျ.....အဲဒီလိုပစ္စည်းလေးများနောက်ထပ်မရနိုင် ဘူးလားဗျာ......ခင်ဗျားသာဆိုရင်တော့..ပစ္စည်းအစစ်ကိုသိမှာပဲဆိုတော့လေ......."

"............သိရုံတင်မကဘူး...ပေါင်ဟိုလက်ရာစစ်စစ်မျောက်သူခိုးလေးဟာ..ဘယ်လိုပုံလဲဆိုတာကျုပ်ပြ မယ်...သိချင်ရင်လိုက်ခဲ့ပေတော့............"

သူ့လက်ရာကိုဖားတုလို့ခရုခုန်ရကောင်းလားဆိုပြီး စိတ်ဆိုးနေတဲ့ချန်ပိုဟာ မလုပ်သင့်တဲ့အမှားကြီး တခုကိုလုပ်လိုက်မိသတဲ့ ။ အဲဒါကတော့ဝမ်ကုန်သည်ကို သူ့ဆိုင်ခေါ်ပြီး ကျန်စေမှာတုန်းကသူထုခဲ့တဲ့ မျောက်ရုပ်ကိုထုတ်ပြလိုက်မိတဲ့အပြင် ဝမ်အတင်းတောင်းဝယ်တာကိုနားယောင်ပြီးရောင်းလိုက်မိတာ ပဲ ။ ဒုက္ခကအဲဒီမှာတင်စတာပေါ့လေ ။ ဘာဖြစ်လို့လဲဆိုတော့ နောက်တခါနန်ချန်မှာလုပ်တဲ့ ကျောက် စိမ်းအနုပညာလက်ရာပြပွဲမှာ ဝမ်ကချန်ပိုဆီကဝယ်လာတဲ့လက်ရာတွေကိုတင်ပစ်တဲ့အပြင် လာသမျှ သူ့အပေါင်းအသင်းတွေကိုလဲ သူ့ဒီပစ္စည်းတွေကို ကိုင်ရှိန်နယ်ကမြေထည်သမားလူအတစ်ယောက်ဆီ ကဘယ်လိုဈေးပေါပေါနဲ့နှပ်ချခဲ့ပုံတွေကို ဂုဏ်တယူယူနဲ့ပြောတော့တာကိုး ။ ပြီးတော့လဲ အဲဒီမြေထည် သမားဟာရွှံ့စေးနဲ့ အလုပ်လုပ်သူဖြစ်ပေမဲ့ ဒီလိုကျောက်စိမ်းပန်းပုရတနာတွေတခုပြီးတခုထုတ်ရောင်း နေနိုင်တာဟာ အတော်ဆန်းကြောင်းလဲတဖွဖွပြောနေသေးတယ် ။

မကြာပါဘူး ။ ခြောက်လလောက်နေတော့ ကိုင်ဖန်နေပြည်တော်ကရဲမက်တွေဟာ ဖမ်းဝရမ်းကိုင်ပြီး ချန်ပိုကိုလူသတ်မှုနဲ့ဖမ်းပြီးမေလန်းကိုနေပြည်တော်ကိုပြန်ခေါ်သွားဖို့ ရောက်လာကြတော့တာပါပဲ ။ သူတို့ကျန်စေနယ်မှာဆိုင်ဖွင့်တုန်းက လာပြီးမေးလားစမ်းလားလုပ်တဲ့ချန်သခင်ကြီးရုံးကအတွင်းရေးမှူးဆိုတဲ့လူစိမ်းလဲရဲမက်တွေနဲ့အတူပါလာသတဲ့ ။ ပြေးမလွတ်နိုင်မှန်းသိတော့ ချန်ပိုကမေတ္တာရပ်ခံတယ် ။

"............ခင်ဗျားတို့နဲ့လိုက်ဆိုရင်လဲလိုက်ခဲ့ပါ့မယ်ဗျာ....အိမ်ထဲကသိမ်းစရာရှိတာလေးတွေသိမ်းဆည်းခဲ့ပါရစေဦး..............."

မေလန်းကလဲဝင်ပြောသတဲ့ ။

".........ကိုင်ဖန်နေပြည်တော်အထိပြန်ဖို့ဆိုရင်...လမ်းမှာကလေးအတွက်လိုမဲ့ပစ္စည်းတွေကိုလဲထုတ်ပိုးရဦးမှာရှင့်...ဘာပဲဖြစ်ဖြစ်..ဒီကလေးဟာချန်သခင်ကြီးရဲ့မြေးဆိုတာမမေ့ကြပါနဲ့.....အခုလိုတက်သုတ်ရိုက်ပြီးပစ္စည်းမစုံမလင်နဲ့ခရီးပြင်းနှင်ရလို့...ကလေးဖျားနာပြီးတခုခုဖြစ်ရင်ရှင်တို့တာဝန်ပဲ............"

ရဲမက်တွေကလဲဖမ်းဝရမ်းသာကိုင်ထားပေမဲ့ နေပြည်တော်မရောက်မချင်းအကျဉ်းသားတွေကိုကောင်းကောင်းမွန်မွန်ဆက်ဆံဖို့ အမိန့်ရထားတော့ချန်ပိုနဲ့မေလန်းကိုဆိုင်နောက်ထဲဝင်ပြီးပစ္စည်းသိမ်းခွင့်ပြုကြရတာပေါ့ ။

မခွဲခွာခင်နှုတ်ဆက်ရတဲ့ ခဏတာအချိန်လေးကတော့ ချန်ပိုနဲ့မေလန်းရဲ့နှလုံးသားတွေကိုဖျစ်ညှစ်ခြေမွတော့တာပါပဲ ။ သားလေးနဲ့ အသက်ထက်ချစ်ရတဲ့မယားကိုတသက်စာပွေ့ဖက်နှုတ်ဆက်အပြီးမှာ ပြတင်းပေါက်ကနေခုန်ချပြီး ချန်ပိုထွက်ပြေးရတော့တယ် ။ ဘယ်တော့မှပြန်မတွေ့ရတော့မဲ့ဇနီးနဲ့သားဆီကမျက်ရည်တွေဟာ သူ့မျက်ရည်တွေနဲ့ရောနှောပြီးအေးစက်စိုရွှဲလို့ ။ ပြတင်းပေါက်ကနေ တိုးတိတ်ငြင်သာလှမ်းပြောလိုက်တဲ့မေလန်းရဲ့နောက်ဆုံးစကားဟာ သူ့နှလုံးသားကိုသံပူကပ်လိုက်သလိုပါပဲ ။ သူ့အနားမှာအမြဲပါရမီဖြည့်ရှာတဲ့ ဂရုဏာရှင်မလေးကိုချစ်မဝသေးခင်မှာ ချန်ပိုထားခဲ့ရတော့မယ် ။

"...........သွားတော့နော်..အကို...ကျွန်မအကို့ကိုအသက်ထက်ဆုံးချစ်နေမှာပါ....ကျောက်စိမ်းကိုဘယ်တော့မှလက်ဖျားနဲ့တောင်မထိပါနဲ့တော့နော်.........."

မေလန်းကိုတသက်စာခွဲမသွားခင်နောက်ဆုံးအနေနဲ့ ချန်ပိုတချက်လှမ်းကြည့်တယ် ။ ပြတင်းပေါက်မှာကိုယ်တပိုင်းပေါ်နေတဲ့ သူချစ်ရတဲ့မေလန်းဟာမော့လန်နေတဲ့မျက်နှာလေးနဲ့ သူ့ကိုသမင်လည်ပြန်လှည့်ငေးလို့ ၊ ဘယ်ဘက်လက်ကလေးကလဲ နှုတ်ဆက်သလိုဆန့်တန်းလို့ တသက်စာခိုလှုံခွင့်မရှိနိုင်တော့တဲ့ ချစ်ဦးသူချန်ပိုရဲ့ရင်ခွင်ကိုပဲ မမှိတမိုလှမ်းရှာလေရော့သလား ။ အဲဒါဟာချန်ပိုရဲ့နှလုံးသည်းပွတ်မှာတသက်စာစွဲထင်ခဲ့တဲ့ သူ့ရဲ့ဂရုဏာနတ်သမီးပုံရိပ်ပါပဲ ။

ဒီလိုနဲ့ချန်ပိုမြင်ကွင်းထဲကနေပျောက်ကွယ်သွားတဲ့အခါမှ မေလန်းဟာတည်တည်ငြိမ်ငြိမ်ပဲပြတင်းပေါက်ကိုအသာပိတ်ပြီး ပစ္စည်းတွေကိုဟန်မပျက်သိမ်းကာဆည်းကာနဲ့ အလုပ်ရှုပ်နေသတဲ့ ။ စောင့်နေကြတဲ့ရဲမက်တွေကိုကလေးထိန်းခိုင်းထားပြီး ထုတ်ပိုးရင်းနဲ့စကားများတောင်ပြောနေသေးတယ် ။ ရဲမက်တွေသင်္ကာမကင်းဖြစ်လာပြီး တအိမ်လုံးကိုရှာဖွေတဲ့အချိန်မှာတော့ ချန်ပိုကိုအစတောင်ရှာမရတော့ပေဘူး ။ မေလန်းအိမ်တော်ကိုပြန်ရောက်ချိန်မှာတော့ သူ့မိခင်ချန်သခင်မကြီးဟာကွယ်လွန်နှင့်ရှာပြီ ။ ခါတိုင်းမေလန်းကိုအချစ်ဆုံးဖခင်ချန်သခင်ကြီးကတော့ မျက်နှာမှာအပြုံးရိပ်တစတောင်မထင်တော့တဲ့လူအိုကြီးဖြစ်နေခဲ့ရုံသာမက မေလန်းကိုလုံးလုံးမျက်နှာချင်းမဆိုင်ဘူး ။ အဲ..မြေးလေးကိုတွေ့မှသာ နည်းနည်းမျက်နှာထားလျော့လာတာလောက်ပဲရှိတယ် ။ ကြေကွဲကျိုးပဲ့ခဲ့ရှာပြီဖြစ်တဲ့ ချန်သခင်ကြီးဟာ တကယ်တော့သမက်ချန်ပိုကိုမိမလာတာတောင်စိတ်သက်သာရမိတယ် ။ အခုလိုသမီးနဲ့မြေးမျက်နှာကိုမြင်လိုက်ရတော့ တကယ်လို့များချန်ပိုမိလာခဲ့ရင်တောင်ဘယ်လိုအပြစ်ပေးရမယ်ဆိုတာကိုစဉ်းစားလို့မရဘူးကိုး ။ အရင်တုန်းကလို အသေဆိုးနဲ့ဝေဒနာခံစားပြီးသေရအောင်ကွပ်မျက်ပစ်ချင်တဲ့စိတ်မျိုးမရှိတော့ပေမဲ့ ချန်အိမ်တော်တခုလုံးကိုမျက်နှာပျက်အရှက်ရစေရုံတင်မကပဲသူ့အချစ်ဆုံးသမီးရဲ့ဘဝကိုဖျက်ဆီးပစ်ခဲ့တဲ့ ချန်ပိုကိုတော့ သူသေသည်အထိခွင့်မလွှတ်နိုင်ဘူး ။

ဒီလိုနဲ့တနှစ်ပြီးတနှစ်ကုန်လွန်လာခဲ့ပေမဲ့ ချန်ပိုရဲ့သတင်းကတော့အစအနမကြားရအောင်ကိုပျောက်ကွယ်နေတုန်းပဲ ။ တနေ့တော့ကန်တုန်နယ်ကယန်နယ်စားက နေပြည်တော်ကိုလာရင်း ချန်သခင်ကြီးဆီဝင်လာသတဲ့ ။ ဒါနဲ့မတွေ့တာကြာပြီဖြစ်တဲ့မိတ်ဟောင်းဆွေဟောင်းအတွက် ညစာစားပွဲကျင်းပပေးကြတာပေါ့ ။ ယန်နယ်စားကညစာစားပွဲကို အလွန်ထူးခြားတဲ့ပစ္စည်းတခုယူလာသတဲ့ ။ အဲဒါကတော့ဟိုအရင်တုန်းကချန်သခင်ကြီးမိဘုရားကြီးကိုဆက်သဖူးခဲ့တဲ့ ကွမ်ယင်မယ်တော်ကျောက်စိမ်းပန်းပုကိုယှဉ်နိုင်တယ်လို့ သူယူဆတဲ့ကျောက်စိမ်းနတ်မယ်ပန်းပုပါပဲ ။ ဂရုဏာနတ်သမီးကွမ်ယင်ပုံကိုပဲထုထားတဲ့ ဒီကျောက်စိမ်းနတ်မယ်ဟာထူးထူးခြားခြားပဲ ပထမလက်ရာနဲ့ဆင်ရုံမကပိုတောင်တင့်တယ်သေးတယ်လို့ သူကဆိုတယ် ။ ယန်နယ်စားကလဲ ဒီကျောက်စိမ်းနတ်မယ်ရုပ်ကို မိဘုရားကြီးကိုဆက်ဖို့ရည်ရွယ်တာပါပဲ ။ ဒီပန်းပုနဲ့ချန်သခင်ကြီးဆက်သခဲ့တဲ့ပထမကွမ်ယင်မယ်တော်ပန်းပုနဲ့ဆိုရင် တစ်စုံဖြစ်သွားအောင်ဆိုပြီးတော့ပေါ့လေ ။ ညစာစားပွဲကိုတက်ရောက်လာကြတဲ့ သူကောင်းမျိုးတွေကတော့ မိဘုရားကြီးကိုချန်သခင်ကြီးလက်ဆောင်ဆက်သထားတဲ့  နားဗွှောင်းအရှင်နဲ့ကျောက်စိမ်းပန်းပုကို တွဲဖက်နိုင်တဲ့လက်ရာမျိုးဆိုတာမရှိနိုင်ဘူးလို့ထင်ကြေးဝိုင်းပေးကြတော့ ယန်နယ်စားက ဝင့်ဝင့်ကြွားကြွားဆိုသတဲ့ ။

"……….ခင်ဗျားတို့မျက်မြင်တွေ့ရရင်..ကျုပ်ပြောတာမမှားဘူးဆိုတာကိုသိကြမှာပါ……………."

ဒါနဲ့ညစာစားပြီးသွားကြတော့ စားပွဲကိုရှင်းလင်းစေပြီးယန်နယ်စားက ပြောင်လက်နေတဲ့သစ်နက်တံတင်းတခုကိုယူချလာစေသတဲ့ ။ တံတင်းအထဲက ကျောက်စိမ်းဖြူသားနဲ့ထုထားတဲ့ ကျောက်စိမ်းနတ်မယ်ကိုထုတ်လာပြီးစားပွဲပေါ်လဲတင်လိုက်ရော ညစာစားပွဲခန်းမတခုလုံး မှင်သက်ပြီးငြိမ်ကျသွားလိုက်တာအပ်ကျသံတောင်ကြားရမလောက်ပဲ ။ လဲ့လဲ့စိမ်းနေတဲ့အကြောလေးတွေယှက်သန်းနေတဲ့ဖြူဖျော့ဖျော့ကျောက်စိမ်းနတ်မယ်ကတော့ ကြေကွဲဖွယ်အမူအရာနဲ့ ပရိသတ်ကြီးကိုဝမ်းပန်းတနည်းငေးလို့ ။

ဒီနတ်မယ်ပန်းပုအကြောင်းကို အစေခံမလေးတယောက်ကလာပြောတော့ မေလန်းကယွန်းလိုက်ကာကြားထဲကနေလှမ်းအကြည့်မှာ ကျောက်စိမ်းနတ်မယ်ကိုမြင်လိုက်တာနဲ့ သွေးဆုတ်ဖြူဖွေးသွားပြီးမေ့လဲမကျသွားအောင် မနည်းထိန်းလိုက်ရသတဲ့ ။

"………အကိုရယ်…အကိုအသက်ရှင်လျက်ရှိသေးတယ်နော်….ဒါအကို့လက်ရာပါပဲ….အကိုရယ်…."

ဆိုပြီးအခါခါရေရွတ်ရင်းနဲ့မူးမေ့မလိုဖြစ်နေတဲ့မေလန်းဟာ စိတ်ကိုအနိုင်နိုင်ထိန်းပြီး ချန်ပိုအသက်ရှင်လျက်ရှိမရှိသိရအောင် လှမ်းနားထောင်နေတုံး အခန့်သင့်ပဲညွှဲသည်တယောက်က ယန်နယ်စားကိုကိုလှမ်းမေးလိုက်တယ် ။

"……….ကောင်းလိုက်တဲ့လက်ရာဗျာ…….ပန်းပုသမားကဘယ်သူတဲ့တုန်း….နယ်စားကြီး…………"

"………ဟာ…ပြောပြမယ်…ပြောပြမယ်…ဒီပန်းပုကိုထုတဲ့ပန်းပုသမားအကြောင်းကပိုတောင်စိတ်ဝင်စားစရာကောင်းသေးတယ်…သူကသာမန်ကျောက်စိမ်းပန်းပုသမားမဟုတ်ဘူးဗျ…ကျုပ်နယ်သားလဲဟုတ်ဟန်မတူဘူး…ကျုပ်တောင်ကျုပ်မိန်းမရဲ့တူမသာနမော်နမဲ့မလုပ်ဘူးဆိုရင်..ဒီပန်းပုသမားရှိနေမှန်းတောင်သိမှာမဟုတ်ဘူး….ဒီလိုလေဗျာ…တရက်တော့ဒီတူမကမင်္ဂလာဆောင်တခုသွားဖို့ဆိုပြီးကျုပ်မိန်းမဆီကနေ..ရှေးဟောင်းကျောက်စိမ်းနဂါးလိမ်လက်ကောက်တစုံငှားသွားသဗျ…ဒီနဂါးနှစ်ကောင်လှလှပပလိမ်ယှက်နေတဲ့လက်ကောက်တွေဟာ..ကျုပ်တို့နယ်စားမျိုးရိုးအဆင့်အဆင့်လက်ဆင့်ကမ်းလာခဲ့တဲ့..အမွေအနှစ်ပစ္စည်းတွေဆိုတော့ပုံစံတူဆိုတာမရှိဘူး…အဲဒါကိုဗျာ..တူမတော်ကပွဲထိုင်သွားဖို့ထုတ်ဝတ်ရင်း..တကွင်းကျိုးသွားသတဲ့…အင်မတန်ရှားပါးတဲ့ဘိုးဘွားပိုင်ရတနာကိုချိုးပစ်မိလိုက်တဲ့တူမလဲ..စိတ်ဆင်းရဲနမြောတာကတကြောင်း…ကျုပ်တို့ကိုမပြောဝံ့တာကတကြောင်းနဲ့တပိန်ပိန်တလိန်လိန်နဲ့..ကျောက်စိမ်းဆိုင်တကာ..ပန်းတိမ်ဆိုင်မှန်သမျှလှည့်လည်ပြီး..ကျိုးသွားတဲ့လက်ကောက်နဲ့တပုံစံတည်းဖြစ်အောင်..ထုနိုင်မဲ့သူကိုလိုက်ရှာရော…ဆိုင်တိုင်းကလဲဒီလိုလက်ရာမျိုးဆိုတာ..အခုခေတ်မှာဘယ်သူမှမလုပ်နိုင်တော့တဲ့အကြောင်းပြောလွှတ်ကြသတဲ့…တူမကလဲအကြံကုန်ဂဠုန်ဆားချက်တဲ့သဘောနဲ့..လက်ဘက်ရည်ဆိုင်တွေမှာကြေငြာလိုက်ကပ်ထားခဲ့တော့နောက်တရက်မှာအင်မတန်မှစုတ်စုတ်ပြတ်ပြတ်နဲ့..ငတ်မွတ်နေပုံရတဲ့လူတယောက်ရောက်လာပြီးသူအဲဒီကျိုးသွားတဲ့ရှေးဟောင်းလက်ကောက်ကိုအစားထိုးဖို့အတွက်..နောက်တကွင်းကိုထုပေးနိုင်တယ်လို့ပြောသတဲ့…ဒါနဲ့တူမကလဲဝမ်းသာအားရနဲ့အကောင်းကျန်နေတဲ့..လက်ကောက်တဖက်ကို

နမူနာထုတ်ပြလိုက်တော့...အဲဒီလူကစကားများများဆိုမနေဘဲ...တပုံစံတည်းခွဲမရအောင်တူတဲ့လက်ကောက်တဖက်ကိုအလွယ်တကူထုပေးလိုက်သတဲ့..ဒီတင်တူမတော်ကဝမ်းသာလွန်းလို့..အစားပြန်ထုတဲ့လက်ကောက်အသစ်နဲ့အဟောင်းကိုလာပေးတော့..ကျုပ်မိန်းမကိုယ်တိုင်တောင်ဘယ်ဟာကအသစ်..ဘယ်ဟာကတော့လက်ကောက်အဟောင်းဆိုတာမခွဲတတ်ဘူးဗျား...ဒီလောက်ဆိုရင်သူ့ရဲ့လက်ကိုခင်ဗျားတို့သိရောပေါ့..အဲဒါကတော့...ဒီပန်းပုသမားကိုကျုပ်တို့ဘယ်လိုစပြီးသိကျွမ်းခဲ့သလဲဆိုတာပဲဗျ.......

..........ဒါနဲ့မိဘုရားကြီးကချန်သခင်ကြီးဆက်သခဲ့တဲ့..ကွမ်ရင်မယ်တော်နဲ့အစုံလိုက်ဖြစ်သွားအောင်နောက်ထပ်ဂရုဏာနတ်သမီးပန်းပုတခုလိုချင်နေတယ်ဆိုတာ..ကျုပ်ကြားတော့ဒီလူ့ကိုပဲတန်းပြီးပြေးမြင်မိတာပဲ...ဒါနဲ့ကျုပ်လဲကျုပ်နယ်ရဲ့ကန်တုန်ကျောက်စိမ်းတွင်းတွေထဲက..အကောင်းဆုံးဆိုတဲ့ကုန်ကြမ်းကျောက်စိမ်းအရိုင်းတတုံးကိုရအောင်ရှာပြီးဒီပန်းပုသမားကိုဆင့်ခေါ်ရတယ်...သူ့ကိုခေါ်လာကြတော့ဗျာ..အခုပဲကွပ်မျက်ခံရတော့မလိုကြောက်လန့်ပြီးပါလာလို့...ကျုပ်သူ့ကိုခေါ်ရတဲ့အကြောင်းအရင်းကိုမနည်းရှင်းပြယူရသေးတယ်...ဒါနဲ့ကျုပ်လိုချင်တဲ့ပန်းပုပုံစံကို..သူ့မျက်စိထဲမြင်လာအောင်လို့ဆိုပြီး..မိဘုရားကြီးရဲ့ကျောက်စိမ်းနားဋ္ဌောင်းအရှင်နဲ့ကွမ်ယင်မယ်တော်ပန်းပုအကြောင်းကို..ကျုပ်ပြောပြတော့အဲဒီလူဆီကမျက်နှာကိုဖြတ်အရိုက်ခံလိုက်ရသလိုမျိုး...နာနာကျင်ကျင်ရှိုက်သံထွက်လာပေမဲ့...ဘာမှတော့မပြောဘူးဗျ...အဆန်းပဲ...ပြီးမှအမှားတခုကိုသိသိကြီးနဲ့လုပ်မိတော့မလိုပုံမျိုးနဲ့လျာထားတဲ့ကျောက်စိမ်းအရိုင်းတုံးဆီသွားပြီးမရွံ့မရဲကြည့်နေသေးတယ်..နောက်တော့မှစိတ်ဒုန်းဒုန်းချလိုက်ဟန်နဲ့ဘက်စုံထောင့်စုံကနေအပြန်ပြန်အထပ်ထပ်..လှည့်ပတ်ပြီးကြည့်နေလိုက်တာအကြာကြီးပဲ....

....ဒါနဲ့ကျုပ်က..."ဘယ်လိုလဲမောင်မင်း...မိဘုရားကြီးရဲ့ကွမ်ယင်ကိုမှီနိုင်တဲ့ပန်းပုမျိုးထွက်လာနိုင်ပါ့မလား.."လို့မေးမိတော့မာနတကြီးနဲ့ထွက်လာစေရမယ်လို့အာမခံသဗျ....ဘာတဲ့..သူ့တဘဝလုံးမှာဒီလိုကျောက်စိမ်းဖြူအသားမျိုးကို..ပန်းပုထုချင်လွန်းလို့စောင့်နေတာကြာလှပြီတဲ့....မိဘုရားကြီးရဲ့အရင်ပန်းပုကိုမှီတဲ့အပြင်..ပိုသာလွန်တဲ့လက်ရာကိုတောင်ရစေရမတဲ့....အဲ..တခုပဲ..သူ့စိတ်ကြိုက်ပုံစံကိုထုခွင့်ပြုရမဲ့အပြင်..သူ့ကိုပန်းပုထုခလိုပညာကြေးပေးတာမျိုးလဲမလုပ်ရဘူးတဲ့လေ...ဒါနဲ့သူတောင်းဆိုတဲ့အတိုင်းသူ့ကိုအခန်းတခုမှာ..သာမန်အိပ်ရာတခုရယ်..စားပွဲတလုံးရယ်နဲ့..ပန်းပုထုရာမှာလိုအပ်မဲ့ စူးဆောက်ကိ

ရိယာတွေနဲ့အတူနေရာချပေးရတယ်...ဒီပန်းပုသမားဟာအတော်ကိုဆန်းတဲ့သူပါဗျာ..သူအလုပ်လုပ်နေတာကိုလာကြည့်ဖို့မပြောနဲ့..တနေ့နှစ်ခါထမင်းပို့ဖို့အစေခံလာတာတောင် မကြိုက်ချင်ဘူး...သူမသေခင်မှာသူ့ရင်ထဲကမြိုသိပ်ထားတဲ့အကြောင်းအရာတခုခုကို...ဖွင့်ပြောဖောက်ခွဲထုတ်ပစ်ချင်ခဲ့သလိုမျိုးသည်းကြီးမည်းကြီးအလုပ်လုပ်တော့တာပဲ...ဘဝမှာသူနောက်ဆုံးအနေနဲ့..အပြီးသတ်ခဲ့ရမဲ့ကိစ္စကိုလုပ်နေတာကျလို့ဗျာ...မအိပ်မစားနဲ့အလေးအနက်ထားပုံများ...ပန်းပုထုနေတဲ့ငါးလအတောအတွင်း..ကျုပ်တောင်အနားသီခွင့်မရခဲ့ဘူးဆိုရင်ယုံတော့ဗျို့...ဒီလိုနဲ့ထုပြီးသွားတော့လဲ..အချောကိုင်နေတာကိုကသုံးလနီးနီးကြာသေးတယ်.....သူစိတ်ကျေနပ်တဲ့တနေ့တော့..ဆိုင်းမဆင့်ဗုံမဆင့်ပဲပန်းပုကိုကျုပ်လက်ထဲလာထည့်တယ်..အခုခင်ဗျားတို့မှင်သက်မိနေသလိုပဲ..ကျုပ်မှာပန်းပုကိုမြင်မြင်ချင်းတုန်လှုပ်မိတော့တာပဲ..စကားအစရှာမရသလိုဆွံ့အနေတဲ့ကျုပ်ကို..ပန်းပုသမားက..ထူးထူးဆန်းဆန်းမျက်နှာပေးမျိုးနဲ့ကြည့်ပြီးပြောသဗျ...ဘာတဲ့..."..ဒီပန်းပုဟာ..ကျုပ်ရဲ့နှလုံးသည်းပွတ်..ကျုပ်ရဲ့ဘဝဇတ်လမ်းပါပဲ..ဒီပုံပြင်ကိုပြောပြဖို့အခွင့်အရေးပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်..."တဲ့ဗျ...အဲဒီလိုပြောပြီးပြီးချင်းလှည့်ထွက်သွားတော့တယ်...ကျုပ်မှာဆုတော်ငွေချီးမြှင့်ချင်လွန်းလို့..နယ်အနှံ့လူကုန်ဖြန့်ရှာပေမဲ့အလကားပါပဲ..တခါတည်းစုတ်စမြုပ်စကိုပျောက်ကွယ်သွားတော့တယ်....အဲဒါသူ့ကိုနောက်ဆုံးတွေ့လိုက်ရတာပါပဲ............."

အဲဒီလိုယန်နယ်စားက ဇတ်ကြောင်းပြန်ပြနေတုန်း အတွင်းခန်းထဲကနေပြီး နှလုံးသားတွေကွဲထွက်သွားသလိုမျိုးနာနာကျင်ကျင် အော်ညည်းလိုက်တဲ့မိန်းကလေးသံတစ်သံထွက်လာပါသတဲ့ ။ အဲဒီအသံဟာကြားရတာတောင် ရင်နာစရာကောင်းလွန်းလို့ ထမင်းစားခန်းထဲကလူတွေမှာ နေရာမှာတင်ကြောင်အပြီးထိုင်ငိုင်နေမိတော့ကြတာပါပဲ ။ ချန်သခင်ကြီးကအတွင်းခန်းထဲကိုပြေးဝင်သွားတော့ ကြမ်းပြင်ပေါ်မှာမေလန်းဟာသတိလစ်ပြီးပုံလျက်လဲကျနေခဲ့ပြီ ။ တအံ့တဩဖြစ်နေတဲ့ယန်နယ်စားကို ချန်အိမ်တော်ရဲ့မိတ်ဆွေအရင်းအချာသခင်ကြီးတပါးကတိုးတိုးကပ်ပြီးရှင်းပြတယ် ။

"............နယ်စားရေ့....အဲဒါချန်သခင်ကြီးရဲ့သမီးမေလန်းဆိုတာပေါ့...ခင်ဗျားယူလာတဲ့ကျောက်စိမ်းနတ်မယ်ဟာမေလန်းရဲ့ဘဝဇတ်လမ်းပါပဲ...ခင်ဗျားပြောပြတဲ့အဲဒီပန်းပုကိုထုခဲ့တဲ့ပန်းပုသမားကတော့..မေလန်းရဲ့ခင်ပွန်းကျောက်စိမ်းပန်းပုကျော်ချန်ပိုဆိုတာပေါ့ဗျာ.........."

မေလန်းသတိပြန်လည်လာတော့ စားပွဲအနားကိုကပ်လာပြီး ကျောက်စိမ်းနတ်မယ်ပန်းပုကိုအသာအယာစမ်းရာတယ် ။ ပန်းပုကိုလဲထိမိရော ချန်ပိုရဲ့အငွေ့အသက်ကလေးကိုရှာဖွေတွေ့ရှိလိုက်သလိုပဲတခါတည်းအနားကပ်ပြီးကျစ်ကျစ်ဖက်ထားလိုက်တာမလွှတ်တော့ဘူး ။ ညစားစာပွဲလာမင်းပရိတ်သတ်ကတော့ရင်ကွဲရှာတဲ့ကျောက်စိမ်းနတ်မယ်ရဲ့ ကိုယ်ပွားသက်ရှိမိန်းကလေးကိုမယုံနိုင်သလိုငေးလို့ ။ အဖြစ်အပျက်အလုံးစုံကိုသိလိုက်ရတဲ့နောက် ယန်နယ်စားကဆိုသတဲ့ ။

"…………ဒီပန်းပုကိုငါ့သမီးပိုင်ပါတယ်ကွယ်…မင်းရဲ့ကိုယ်ပွား..မင်းခင်ပွန်းရဲ့နှလုံးသားကိုမင်းဆီမှာပဲထားခဲ့ပါတော့မယ်…မိဘုရားကြီးကိုတခြားလက်ဆောင်အစားထိုးပြီးဆက်သလို့ရတယ်…ဒီပန်းပုဟာသမီးအတွက်နည်းနည်းဖြစ်ဖြစ်ပဲအလွမ်းပြေစရာဖြစ်မယ်ဆိုရင်တောင်..ဘဘကျေနပ်ပါပြီ…မင်းရဲ့ခင်ပွန်းနဲ့ပြန်ဆုံမဲ့တနေ့အထိ..ဒီပန်းပုကိုသမီးလက်ထဲမှာပဲအပ်ခဲ့မယ်……."

အဲဒီနေ့ကနေစလို့ပဲ အမည်မဖော်နိုင်တဲ့ရောဂါတခုရလာသလို မေလန်းဟာအမြဲတရောင်ရောင်နဲ့လုံးပါးပါးလာတော့တယ် ။ စိတ်ထောင်းလို့ကိုယ်ကြေရှာတယ်ထင်ပါရဲ့ ။ သမီးကိုဒုတိယအကြိမ်ထပ်ပြီးအဆုံးရှုံးမခံနိုင်တော့တဲ့ ချန်သခင်ကြီးဟာချန်ပိုများပြန်လာရင်လက်ခံမယ်လို့တောင်ဆိုရှာသတဲ့ ။ ဒီကြေကွဲစရာဇတ်လမ်းကိုကြားလိုက်ရတဲ့ ယန်နယ်စားဟာအဲဒီနှစ်နွေဦးပေါက်တာနဲ့ ကန်တုန်နယ်ကိုပြန်ပြီးချန်ပိုကိုအင်တိုက်အားတိုက်ရှာဖွေပေးပေမဲ့ အရာမထင်ပါဘူး ။ ချန်ပိုဟာသူချစ်တဲ့ဇနီးနဲ့ ကျောက်စိမ်းပညာကိုလုံးလုံးနှုတ်ဆက်လို့အားရခဲ့သလိုပဲ အစအနရှာမရအောင်ကိုပျောက်ကွယ်ခဲ့ပြီ ။ ချန်ပိုရဲ့လက်ရာကျောက်စိမ်းပန်းပုတွေလဲ နောက်ပိုင်းမှာလုံးလုံးကိုထွက်မလာတော့တဲ့အခါမှာ မေလန်းစကားကိုနားထောင်ပြီးကျောက်စိမ်းကိုပဲကျောခိုင်းခဲ့ပြီလား ၊ ကျောက်စိမ်းပညာကိုဖက်တွယ်ရင်းပဲကွယ်လွန်ရှာလေတော့သလားဆိုတာ ဘယ်သူမှမသိနိုင်တော့ဘူး ။

နောက်နှစ်နှစ်ကြာတော့ ကိုင်ဖန်နယ်မှာဖြစ်သွားတဲ့ကပ်ရောဂါဆိုးမှာ မေလန်းရဲ့သားလေးပျက်စီးရရှာပြန်သတဲ့ ။ လောကဓံရဲ့ထုထောင်းမှုဒဏ်ကို အဖန်ဖန်အထပ်ထပ်ခံလာပြီးနောက်မှာ ခင်ပွန်းသည်နဲ့သူ့ရဲ့ရင်သွေးလေးဆုံးရှုံးလိုက်ရတာကတော့ နောက်ဆုံးကောက်ရိုးတမျှင်ပဲထင်ပါရဲ့ ။ မေလန်းဟာ

လောကီကိုငြီးငွေ့စိတ်ကုန်သွားဟန်နဲ့ဆံလုံးလုံးပယ်ပြီး ကျောက်စိမ်းနတ်မယ်ပန်းပုတခုပဲအဖော်ပြုလို့ ဝတ်ကြောင်စွန့်ပြီးသီလရှင်ဘဝခံယူလိုက်တော့တယ် ။ ကျောင်းထိုင်ဆရာကြီးရဲ့အဆိုအရတော့ ဆရာလေးမေလန်းဟာသူ့ကမ္ဘာလေးထဲမှာပဲပျော်မွေ့နေသလိုမျိုး ဘယ်သူနဲ့မှလဲစကားမပြောသလိုသူ့အခန်းကိုလာတာလဲမနှစ်သက်လှဘူးတဲ့ ။ ကျောင်းထိုင်ဆရာကြီးကိုတောင် ဝင်ခွင့်မပြုတဲ့သူ့အခန်းလေးထဲမှာ မေလန်းဟာတနေကုန်ထိုင်ပြီးစာတပိုဒ်ပြီးတပိုဒ်ရေးကာ ဂရုဏာနတ်သမီးကျောက်စိမ်းနတ်မယ်ရှေ့မှာ မီးရှို့ပူဇော်လို့အချိန်ကုန်လွန်စေခဲ့တယ် ။ ချန်ပိုကိုပြောချင်ခဲ့တဲ့စကားတွေလား၊ သေသလားရှင်သလား မသိရတဲ့ခင်ပွန်းကို မေတ္တာပို့အမျှဝေနေရှာသလား ၊ ဂရုဏာနတ်သမီးကိုပဲ သူ့နှလုံးသည်းပွတ်အချစ်ဦးအပေါ် စောင့်ရှောက်ဖို့ဆုတောင်းနေသလားဆိုတာတော့ ကာယကံရှင်သာသိနိုင်မှာဖြစ်ပေမဲ့ မေလန်းကတော့သူ့ကမ္ဘာလေးထဲမှာ ငြိမ်းချမ်းရာရနေဟန်တော့ရှိရှာတယ်လို့ဆိုတယ် ။

သီလရှင်ဘဝနဲ့အနှစ်နှစ်ဆယ်လောက် သီတင်းသုံးအပြီးမှာတော့မေလန်းကွယ်လွန်ရှာတယ် ။ ဒီလိုနဲ့ ပဲတစ်ခေတ်မှာတစ်ယောက်ဆိုရမဲ့ ကျောက်စိမ်းပန်းပုကျော်ချန်ပိုရဲ့ရင်ထဲကဂရုဏာနတ်သမီးကတော့ မြေပေါ်ကနေပျောက်ကွယ်ရှာပြီး သူ့ကိုယ်ပွားကျောက်စိမ်းနတ်မယ်ကိုသာချန်ထားခဲ့တော့တယ် ။

♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥



## Chastity

This is developed from a short anecdote in popular books of jokes and anecdotes. The chicken story is in the original. The anecdote tells how a widow, on the eve of receiving a memorial arch erected in her honor, was tempted by a servant, lost the arch, and hang herself.

( Ling Yutang)

Translated by Ma Hninpwint

## ၅ ။ ပြဟ္မစရိယမုန့်ခုံး

စုချောင်ရွှေမြို့တော်ကနေ နည်းနည်းလောက်ဆက်သွားလိုက်ရင် တောင်ပြာတန်းမြင့်မြင့်ကြီးတွေနဲ့စိမ့်မြေတွေအနားသတ်ထားတဲ့ဝေရှန်ကန်ရဲ့ ကြားထဲမှာတောင်ကြားလွင်ပြင်မြို့လေးရှိသတဲ့ ။ အဲဒီမြို့ကလေးကိုသွားရာလမ်းအိုကြီးတဖက်တချက်မှာတော့ ကျောက်သားမုန့်ခုံးတွေကိုစီရရီတွေ့ရလိမ့်မယ် ။ ဒီမြင်ကွင်းဟာဟန်နိုင်ငံတဝှမ်းမှာရှိတဲ့နယ်တိုင်းက မြို့တွေရွာတွေမှာတွေ့ရလေ့ရှိတာကြောင့်ဆန်းလှတယ်လို့မဆိုနိုင်ဘူး ။ ဒီခမ်းခမ်းနားနားနဲ့ အဆန်းတကြယ်ထုလုပ်ထားတဲ့မုန့်ခုံးလေးတွေဟာထင်ရှားကျော်ကြားတဲ့ စာပေပညာရှင်လိုမင်းယောက်ျားတွေနဲ့ စင်ကြယ်တဲ့အကျင့်သီလရှိတဲ့ မုဆိုးမတွေကိုဂုဏ်ပြုထားတဲ့အထိမ်းအမှတ်ပေါ့ ။ ပြဟ္မစရိယာပုဒ်ကိုမယိမ်းမယိုင်စောင့်ထိန်းနိုင်တဲ့ မုဆိုးမတွေကိုဒီလိုဂုဏ်ပြုဖို့ဆိုတာ ဘုရင်မင်းမြတ်ဆီကအသိအမှတ်ပြုတဲ့စာချွန်တောင်လိုအပ်တာဆိုတော့ပေါ့ပေါ့တန်တန်ကိစ္စတော့မဟုတ်ပေဘူး ။ ဒါကြောင့်မို့လဲအလွန်ငယ်ရွယ်တဲ့အိမ်ထောင်ဦးကာလမှာခင်ပွန်းသည်ကွယ်လွန်သွားပေမဲ့ တပင်ထပ်မထူတော့ဘဲ သွားလေသူအပေါ်ကိုပဲ အသက်ထက်ဆုံးသစ္စာမြဲမြဲသွားတဲ့ မုဆိုးမအိုကြီးတွေသာ ဒီလိုနည်းနဲ့ ဂုဏ်ပြုခြင်းကိုခံရလေ့ရှိသတဲ့ ။ ဒီလိုအဆုံးစွန်စင်ကြယ်ခြင်းကိုစောင့်ထိန်းသွားတဲ့မိန်းမသားတွေကို အဲဒီခေတ်ကအလွန်ကြည်ညိုကြပေမဲ့ အပြောလွယ်သလောက် အကြောင်းအမျိုးမျိုးကြောင့် လိုက်နာစောင့်ထိန်းဖို့ဘယ်လောက်ခက်သလဲဆိုတာကို ဒီဇတ်လမ်းကသက်သေပြပါလိမ့်မယ် ။

♦♦♦♦♦♦♦♦♦♦♦♦

"..................မေဟွားရေ...အထဲဝင်ခဲ့တော့လို့ဆိုနေတာ..ဘာလုပ်နေသေးတာတုန်း.........."

ဝမ်မုဆိုးမလေးက သူ့သမီးကိုအိမ်ထဲဝင်ဖို့ခေါ်နေရင်းနဲ့ တဆက်တည်းဆူပါလေရော ။

"............သမီးနော်...ကိုယ်ကအရွယ်ရောက်ပြီးသား...မိန်းမပျိုဆိုတာလဲသတိရဦးမှပေါ့....လမ်းပေါ်က တောင်လှမ်းမြင်နေရတဲ့..အိမ်ရှေ့တံခါးနားမှာလတ်လျားလတ်လျားလုပ်နေတာ..မိန်းမကောင်းတွေရဲ့ အလုပ်မဟုတ်ဘူး...သိရဲ့လား...အခုဝင်ခဲ့တော့...ကိုယ့်ကိုယ်ကိုယ်ကလေးပေါက်စများမှတ်နေလား...."

သူ့မအေဆူပူသံကြားတော့ မေဟွားဟာရှက်ကိုးရှက်ကန်းမျက်နှာနဲ့ ခေါင်းငိုက်စိုက်ချလို့ဝင်လာလေရဲ့ ။ ဝမ်မုဆိုးမလေးရဲ့သမီးမေဟွားဆိုတာက နှုတ်ခမ်းနီနီနဲ့ သွားဖွေးဖွေးလေးတွေစီလို့ အသားအရေကလဲ မက်မုံပွင့်များလို ဖြူစင်ဝင်းနစ်နေတဲ့အပြင် ပန်းသွေးရောင်သမ်းနေတဲ့ပါးမို့လေးတွေနဲ့အင်မတန်ချောတဲ့ မိန်းကလေးပေါ့ ။ မြို့ကြီးသူတွေလိုလှုပ်လီလှုပ်လဲ့မဟုတ်ပဲ ပွင့်ပွင့်လင်းလင်းနဲ့လွတ်လွတ်လပ်လပ်ရှိလှ တဲ့မေဟွားလေးဟာတခါတလေလဲအင်မတန်မှခေါင်းကြောမာတတ်သတဲ့ ။ တကယ့်ကိုတောရဲ့သမီးပျို ဆိုကြပါစို့။ အခုလဲသူ့အမေဆူပူရင်းအတင်းပြန်ခေါ်လို့သာ မလှမ်းချင်လှမ်းချင်နဲ့ဝင်လာရပေမဲ့ ရင်တွေ တလှပ်လှပ်ခုန်နေတုန်းပါပဲတဲ့ ။ အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်တဲ့သူ့အမေကိုလဲ ရှင်းပြသလိုပြော ရင်းစိတ်ကောက်ပြီးငိုပါလေရော ။

"..........မေမေကလဲ....သူများတွေလဲကြည့်နေကြတာပဲဟာကို......."

အခုလိုမေဟွားတို့သားအမိ တဆူဆူတပူပူဖြစ်နေရတဲ့အကြောင်းအရင်းကတော့ တောင်ကြားမြို့လေး ကိုဒီနေ့မှရောက်လာတဲ့တပ်စိတ်တစိတ်က သူတို့လမ်းထဲကိုဖြတ်လာကြလို့ပါပဲ ။ အယောက်ခုနစ်ဆယ် ရှစ်ဆယ်လောက်ရှိမဲ့စစ်သည်တွေဟာ ဝတ်စုံတူညီ ၊ လက်နက်တပြောင်ပြောင်နဲ့ချီတက်လာလိုက်တာ မေဟွားတို့နေတဲ့ကျောက်စရစ်ခင်းလမ်းကျဉ်းလေးတခုလုံး သိမ့်သိမ့်တုန်လို့နေသတဲ့ ။ အခုလိုမကြုံစဖူး မြင်ကွင်းကို မိန်းမယောကျ်ားလူကုန်ထွက်ကြည့်ကြတာပါပဲ ။ တချို့အဖွားကြီးတွေများဆိုရင် အိမ်အပြင် နံ့ရံကိုတောင်စိမ်ပြေနပြေမှီလို့ပေါ့လေ ။ အပျိုလေးတွေကတော့ ချောင်းဖို့အကောင်းဆုံးနေရာဖြစ်တဲ့ဝါး ယင်းလိပ်ကန့်လန့်ကာတွေကြားမှာကိုယ်စီရပ်လို့ပေါ့ ။ အဲဒီလိုကိုယ်စီကိုယ်ငှချောင်းသူချောင်း ၊ ပြောင် ထွက်ငေးလိုငေးလုပ်နေကြတဲ့အထဲမှာ မေဟွားကတော့တမူထူးပြီးတခြားအပျိုတွေလို အိမ်ထဲမှာနေပြီး ဝါးယင်းလိပ်ကြားကနေမသိမသာမကြည့်ဘဲနဲ့ အိမ်အပြင်ထိထွက်ချသွားပြီးအိမ်ရှေ့ကကျောက်တံတိုင်း

ပုပုလေးအပေါ်ကိုတက်ပြီးကြည့်သတဲ့ ။ ဒီတော့ ထိုးထိုးထောင်ထောင်နဲ့ ထင်းထင်းကြီးဖြစ်နေတဲ့ မရွှေမေဟွားကိုအိမ်နီးနားချင်းတွေမဆိုထားနဲ့ အဲဒီချီတက်လာတဲ့တပ်စုကိုဦးဆောင်လာတဲ့ တပ်မှူးလေးကတောင် တပြသာသာလောက်ကတည်းကသတိပြုမိသတဲ့ ။ ဒါနဲ့တပ်မှူးလေးလဲကျောက်နံရံပေါ် လူတက်ရပ်နေတဲ့အိမ်နားကိုရောက်လာတော့မှ မိန်းမပျိုလေးဖြစ်နေမှန်းသိလိုက်ရလို့ တအံ့တသြနဲ့ကြည့်မိတော့ မက်မုံသီးမှည့်ကလေးလို ဝင်းဝါစိုပြေတဲ့အသားအရေမှာပန်းသွေးရောင်လေးသန်းနေတဲ့ ချစ်စဖွယ်မိန်းကလေးကသူ့ကိုပြုံးပြတယ် ။တပ်မှူးလေးလဲရုတ်တရက်ကြည့်ရင်း တပ်စုနဲ့အတူမြင်းအသားကျစီးလို့ကျော်သွားပေမဲ့ နှစ်ခါလောက်ကို အနည်းဆုံးလည်ပြန်ကြည့်မိပါသတဲ့ ။

သူတို့တပ်စိတ်ကတော့ဒီနေ့ပဲစူချောင်ကနေထွက်လာကြတာ ။ အကြောင်းကတော့တောင်ဘက်စူးစူးမိုင်သုံးဆယ်လောက်နားက တောင်ပြာတန်းတွေထဲမှာခိုအောင်းနေတဲ့ခါးပြဂိုဏ်းတဂိုဏ်းဟာ တနေ့တခြားအတင့်ရဲလာပြီး အနီးအနားကမြို့ရွာတွေကို တချိန်လုံးဝင်ရောက်လုယက်နေကြတာကို အမြစ်ဖြတ်ရှင်းလင်းပစ်ဖို့တာဝန်နဲ့လာကြတာပဲ ။ ဒီဟွန်ချွမ်လိုတောင်ကြားလွင်ပြင်မြို့ငယ်လေးမှာတော့ တပ်စိတ်တခုလုံးအတွက်နေရာထိုင်ခင်းကတော့ သိပ်မလွယ်လှပေဘူး ။ တပ်သားတွေကတော့ ဘုံကျောင်းတွေ ပုထိုးတော်တွေနားကဇရပ်တွေမှာစခန်းချတည်းခိုကြပေမဲ့ အရာရှိတွေကတော့ မြို့ထဲကမြို့မိမြို့ဖအိမ်တွေလိုဟာမှာခဏစတည်းချလေ့ရှိကြတယ် ။ ဒါကြောင့်တပ်မှူးလေးက မိန်းကလေးကိုလှည့်ကြည့်ရင်း သူ့အိမ်နေရာကိုပါတခါတည်းမှတ်ထားလိုက်တော့တယ် ။

ဒါနဲ့ တပ်စိတ်လဲနေရာတကျဖြစ်ရော နေ့လည်ပိုင်းလောက်မှာမေဟွားတို့အိမ်ကို တပ်မှူးလေးပေါက်ချလာပြီးဒီအိမ်မှာသူ့ကိုခေတ္တတည်းခိုခွင့်ပြုဖို့မေတ္တာရပ်ခံတော့တာပဲ ။ မေဟွားတို့အိမ်ထဲကိုဝင်မိမှအဲဒီအိမ်မှာအိမ်ရှင်ယောကျာ်းရယ်လို့မရှိဘဲ သူတွေ့ခဲ့တဲ့မိန်းကလေးရဲ့အမေမုဆိုးမလေးရယ် ၊ သူ့အဘွားမုဆိုးမကြီးရယ်နဲ့ မိန်းမသားတွေချည်းပဲနေထိုင်ကြတာကို တပ်မှူးလေးသိရပါသတဲ့ ။ အဲဒီတော့မှတပ်မှူးလေးလဲ အားနာနာနဲ့ရှင်းပြတာပေါ့လေ ။ သူကဒီမြို့မှာတာဝန်နဲ့နှစ်လလောက်နေရမယ်ဆိုပေမဲ့ ရက်တော်တော်များများကတော့ တာဝန်နဲ့တောထဲသွားနေရဖို့များတဲ့အပြင် စားရေးသောက်ရေးလဲဘာမှဝန်လေးစရာမလိုပဲ အိပ်ဖို့နေရာလေးတခုပဲလိုအပ်ကြောင်းကိုပေါ့ ။

သူမနက်ကတွေ့ခဲ့တဲ့မိန်းကလေးမေဟွားကတော့ အဲဒီအနားမှာတချိန်လုံးရှိနေပြီး သူ့အဘွားနဲ့အမေကိုခေါင်းညိတ်ခိုင်းစေချင်လှပြီ ။ မေဟွားရဲ့အဘွားမုဆိုးမကြီးကတော့ အသက်ခြောက်ဆယ်လောက်ရှိပြီးပါးရေတွန့်တပြုံးပြုံးနဲ့ သဘောမနောကောင်းတဲ့ရုပ်ပါပဲ ။ ဆံထုံးမှာလဲ မုဆိုးမတို့ရဲ့အမှတ်အသားဖြစ်တဲ့ကတ္တီပါအနက်စခေါင်းစည်းကိုဆင်ယင်လို့ ။ မေဟွားရဲ့အမေဝမ်မုဆိုးမလေးကတော့ ရှည်ရှည်သွယ်သွယ်နဲ့ အသက်သုံးဆယ့်ငါးပတ်ဝန်းကျင်လောက်ပေါ့ ။ နှာတံပေါ်ပေါ် ၊ နှုတ်ခမ်းဖူးဖူးနဲ့ဝမ်မုဆိုးမလေးဟာအတော်ကြီးကိုတင့်တယ်လှတာကို တပ်မှူးလေးသတိပြုမိပါသတဲ့ ။ ဝမ်မုဆိုးမလေးဟာသူ့သမီးနဲ့ ချွတ်စွပ်နီးပါးတူပေမဲ့ ပိုပြီးတည်ငြိမ်ရင့်ကျက်တဲ့အလှနဲ့ အလွန်အိန္ဒြေကြီးပေမဲ့ ကြက်သရေရှိလှတယ် ။ မျက်နှာပေါ်မှာအမြဲတမ်း မတုန်မလှုပ်အမူအရာမျိုးတပ်ဆင်ထားတတ်ပြီး တချက်လေးတောင်ပြုံးလေ့မရှိတော့အဟန့်ကောင်းလှတဲ့ ဝမ်မုဆိုးမလေးရဲ့ထက်မြက်ပုံရတဲ့မျက်လုံးတွေကတော့ အဖြေရှာဖို့လုံးလုံးမလွယ်တဲ့ပဟေဠိတွေလိုပါဘဲ ။ ဒီမျက်နှာဖုံးအောက်မှာ ဘာတွေတွေးနေသလဲဆိုတာ ဘယ်သူမှသိနိုင်မယ်မထင်ဘူး ။

ဒါနဲ့အိမ်ဦးနတ်ယောကျ်ားသားရယ်လို့လုံးလုံးမရှိဘဲ မျိုးဆက်သုံးဆက်ကမိန်းမသားသုံးယောက်ပဲနေနေလာခဲ့တဲ့အိမ်မှာ ယောကျ်ားတယောက်ကို ခေါ်သွင်းတည်းခိုစေဖို့ဆိုတာမလွယ်လှပေမဲ့ လူရည်သန့်တပ်မှူးလေးကိုမြင်ရပြန်တော့ မငြင်းရက်ကြပြန်ဘူး ။ ကိုယ်လုံးကိုယ်ပေါက်သွယ်သွယ် ၊ အရပ်မြင့်မြင့်နဲ့ပခုံးကားကြီးအပေါ် ဆံပင်နက်နက်တွေဝဲနေတဲ့တပ်မှူးလေးကလဲ ခါတိုင်းသူတို့မြင်နေကျ ကြမ်းကြမ်းတမ်းတမ်း နဲ့ စာမတတ်ပေမတတ် ၊ တံတွေးတွေတပျစ်ပျစ်ထွေးနေတတ်တဲ့စစ်သားလူကြမ်းမျိုးလုံးလုံးမဟုတ်ပေဘူးကိုး ။ ပေယန်းစစ်တက္ကသိုလ်ကဘွဲ့ရလာတဲ့ တပ်မှူးလေးလီဆွန်းဟာ စကားပြောဆိုတာလဲယဉ်ကျေးသိမ်မွေ့လှပြီး အနေအထိုင်ဟန်အမူအရာတွေကလဲ အထက်တန်းကျလှပါသတဲ့ ။

"............ဝမ်ကတော်တို့မိန်းမသားတွေအတွက်..ကျွန်တော်ရှိနေခြင်းဟာဝန်ထုတ်ဝန်ပိုးမဖြစ်စေချင်ပါဘူးဗျာ....ကျွန်တော့အတွက်ဘာမှအထွေအထူးဒုက္ခမရှာစေလိုပါဘူး......အိပ်ရာထိုင်ခင်းရယ်...ကိုယ်လက်သန့်စင်ဖို့နေရာလေးရယ်...လက်ဘက်ရည်ကြမ်းလေးလောက်ဆိုရင်ကိုကျေးဇူးကြီးလှပါပြီ......"

လို့တပ်မှူးလေးလီဆွန်းကပြောတော့ ဝမ်မုဆိုးမလေးကလဲသိမ်သိမ်မွေ့မွေ့ပဲဆိုသတဲ့ ။

"..........ကျွန်မတို့အိမ်ကတော့..တပ်မှူးလေးမြင်တဲ့အတိုင်းကြွယ်ဝိုးကြွယ်ဝထဲကမဟုတ်တော့..အားနာမိပါတယ်...ဒါပေမဲ့တပ်မှူးလေးစိတ်မရှိဘူးဆိုရင်..နယ်လှည့်ပြန်လာတဲ့အခါတိုင်းကိုယ့်အိမ်လိုပဲသဘောထားလို့ဝင်ထွက်နားနေနိုင်ပါတယ်ရှင်...လိုအပ်တာရှိရင်လဲအမိန့်ရှိစေချင်ပါတယ်.........."

တကယ်လဲ ဝမ်မုဆိုးမပြောတဲ့အတိုင်း မိန်းမသားသုံးယောက်ကျားကန်နေရတဲ့အိမ်လေးဟာ သောင်သောင်သာသာရှိပုံမရတာတော့အမှန်ပါပဲ ။ အိမ်ကခပ်ရှိုးရှိုးပဲဆောက်ထားပြီး ကျဉ်းကျဉ်းမှောင်မှောင်နဲ့ပေါ့ ။ လက်ရာကောင်းပရိဘောဂတွေနဲ့တန်ဆာဆင်ထားပေမဲ့ အဖိုးတန်ကြီးထဲကမဟုတ်တဲ့အပြင် အိုဟောင်းလှပြီဆိုတာကို လွင့်ပြယ်နေတဲ့ဆေးရောင်ကိုကြည့်ရုံနဲ့တင်သိနိုင်တယ် ။ ဒါပေမဲ့ မိန်းမသားတွေနေတဲ့အိမ်ပီပီ အလွန်သန့်ရှင်းပြောင်လက်နေတဲ့အပြင် အစီအစဉ်တကျရှိလှပါသတဲ့ ။ ဒါနဲ့တပ်မှူးလေးအတွက်အိမ်ဦးခန်းမှာ ဝါးခုံရှည်ကြီးတခုနဲ့အိပ်ရာပြင်ပေးဖို့ပြင်ဆင်ကြတယ် ။ မေဟွားကတော့ အတွင်းခန်းထဲမှာသူ့အမေဝမ်မုဆိုးမလေးနဲ့အိပ်ပြီး အလယ်ခန်းထဲမှာ ဝမ်ဘွားဘွားကအိပ်မယ်ပေါ့ ။ ဒီလိုဆိုရင်တော့မိန်းမပျိုလေးရှိတဲ့အိမ်ကို ယောကျ်ားပျိုတယောက်လာတည်းတဲ့အတွက် ထွက်လာနိုင်မဲ့ သွားပုတ်လေလွင့်မေးငေါ့စရာမှန်သမျှကိုလဲ ရှင်းပြီးသားဖြစ်သွားရော ။

ကြိုကြိုတင်တင်ကာကွယ်မဲ့သာကာကွယ်ကြရပေမဲ့ လူချောလူခံ့တပ်မှူးလေးကိုမြင်မြင်ချင်း မုဆိုးမအမေနဲ့အဘွားနှစ်ယောက်စလုံးခေါင်းထဲကိုချက်ချင်းဝင်လာတဲ့အတွေးကတော့ မေဟွားဟာလက်ထပ်ဖို့အရွယ်ရောက်လာပြီ ဆိုတာပါပဲ ။ အနည်းဆုံးတော့ ကြောင်းလမ်းစေ့စပ်ထားတာမျိုးလောက်ဖြစ်ဖြစ်ရှိသင့်နေပြီလေ ။ သူ့အမေရဲ့နာတံလေးရယ် ၊ ထက်မြက်လှပတဲ့မျက်လုံးဝိုင်းကြီးတွေနဲ့ မက်မုံပွင့်လိုဝင်းနှစ်ဖြူဖွေးလို့ နူတ်ခမ်းလေးတွေ ၊ ပါးလေးတွေရဲနေတတ်တဲ့ မေဟွားလိုမိန်းမချောကို ကြိုက်တဲ့သူတွေဆိုတာဒုနဲ့ဒေးပေါ့ ။ တနယ်လုံးမှာအလှဆုံးလို့ဆိုရမဲ့ မေဟွားဟာလက်ထပ်ဖို့အရွယ်ရောက်နေပြီဆိုတာကိုလဲသိကြပါရဲ့ ။ ခက်တာက သူတို့ဝမ်မိသားစုကိုခိုက်တယ်ဆိုပြီးတော့အယူသီးနေကြတာပါပဲ ။ ပြောမယ်ဆိုရင် ဝမ်မိသားစုကမုဆိုးမမျိုးရိုးလိုဖြစ်နေတယ်လေ ။ မျိုးဆက်နှစ်ဆက်စလုံးမှာ လင်ယောကျ်ား

တွေကလက်ထပ်ပြီးပြီးချင်းဆိုသလိုပဲ ဆုံးသွားခဲ့ကြတာကိုး ။ အဲဒီတော့ ဒီအဘွားနဲ့အမေမှာ မုဆိုးမ ဇာတာပါလာရင် သမီးမှာလဲပါလာနိုင်တယ်လို့လူတွေကယူဆကြတယ် ။ အဲဒီတော့မေဟွားကိုယူမဲ့ သတို့သားကတော့ ကံကိုယုံပြီးဆူးပုံနင်းရတော့မဲ့အဖြစ်မဟုတ်လား ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ မုဆိုးမဖြစ်ကံပါလာနိုင်တဲ့မိန်းကလေးကိုလက်ထပ်တာကတော့ ကိုယ့်ကိုယ်ကိုသေကြောင်းကြံတာနဲ့ မခြားလှပေဘူးကိုး ။ ပြီးတော့လဲဝမ်မိသားစုဟာ ချမ်းတောင့်ချမ်းသာထဲကလဲမဟုတ်ကြရှာတော့လူ တွေကစွန့်စားရမှာမတန်လှဘူးလို့ထင်ကြတာလဲပါတာပေါ့ ။ မေဟွားလိုမိန်းမချောအတွက်ကတော့ အသက်ပင်သေသေဆိုတဲ့အချစ်သူရဲကောင်းတွေရှိပေမဲ့ မိဘဆွေမျိုးတွေပိုင်းဖျက်လို့ပျက်ရတာတွေ ချည်းပဲ ။ ဒီလိုနဲ့ပဲမေဟွားမှာအသက်သာဆယ့်ကိုးနှစ်ရှိလာပေမဲ့ အခုချိန်အထိအမြန်းမခံရသေးဘူး ။

ဒါနဲ့ပေါ့လေ တပ်မှူးလီဆွန်း ဝမ်မိသားစုကိုရောက်လာတာဟာ မိန်းမသားသုံးယောက်တည်းသာအမြဲ နေခဲ့တဲ့အိမ်မှာတော့ အစစအရာရာ အပြောင်းလဲကြီးပြောင်းလဲသွားသလိုပါပဲ ။ လီဆွန်းဟာ မေဟွားနဲ့ ခဏချင်းမှာပဲရင်းနှီးသွားပြီး ဝမ်ဘွားဘွားကိုလဲတရိုတသေရှိလှသတဲ့ ။ အိန္ဒြေကြီးလှတဲ့ ဝမ်မုဆိုးမလေး တောင်တပ်မှူးလီဆွန်းကြောင့် ပြုံးမိတဲ့အခါတွေမနည်းဘူး ။ တက်ကြွရွှင်ပျပြီး စကားပြောကောင်းလှတဲ့ လီဆွန်းရောက်လာတာဟာ မိန်းမသားသုံးယောက်အတွက်တော့ ပျင်းကိုမပျင်းရတော့ဘူး ။ အင်မတန် ဆိတ်ငြိမ်လှတဲ့ မုဆိုးမတွေရဲ့နေအိမ်မှာမကြားရတာကြာလှပြီဖြစ်တဲ့ ယောကျာ်းသံသြသြတွေ ၊ အသံဝါ ဝါနဲ့ရယ်မောသံတွေကြားကြရတိုင်း မုဆိုးမနှစ်ယောက်ခမြာ လီဆွန်းသာသူတို့အိမ်မှာအမြဲနေသွားနိုင်ခဲ့ ရင်သိပ်ကောင်းမှာပဲလို့ မေဟွားအတွက်ရည်မှန်းပြီး တိတ်တခိုးမျှော်လင့်မိရှာကြပါသတဲ့ ။

တနေ့တော့လီဆွန်းနယ်မှစခန်းချနေရာကနေ ဟွန်ချွမ်မြို့ကိုခဏပြန်လာတော့ အိမ်ရှေ့ခန်းမှာဘယ် သူ့ကိုမှမတွေ့တာနဲ့ အတွင်းခန်းထဲကိုဝင်ကြည့်မိသတဲ့ ။ အခန်းထဲမှာတော့ ဝမ်မုဆိုးမလေးဟာ ဂန္ထဝင် စာပေတွေ ၊ ရှေးပေမူဟောင်းတွေထည့်ထားတဲ့ စာအုပ်စင်လေးအနားမှာအလုပ်ရှုပ်နေတယ် ။ ဒါနဲ့မုဆိုး မတွေရဲ့နေအိမ်မှာ အခုလိုစာကောင်းပေကောင်းတွေကိုတွေ့လိုက်ရလို့ အံ့အားသင့်သွားတဲ့လီဆွန်းလဲ စေ့စေ့စပ်စပ်လိုက်ကြည့်တော့ သစ်ထွင်းစာချပ်ကြီးတွေကို အဝတ်အပြာရောင်မှိန်ဖျော့ဖျော့နဲ့ထုတ်ထား တဲ့ရှေးဟောင်းအကျဆုံးပထမပေမူတွေကိုပါတွေ့လိုက်ရသတဲ့ ။ မိန်းမတွေဖတ်ရှုလေ့လာလေ့ရှိတဲ့ဟာ

မျိုးမဟုတ်တော့ သူ့ခင်ပွန်းရဲ့ပစ္စည်းတွေထင်ပါရဲ့လို့တွေးမိတာပေါ့ ။ ပြီးတော့မိန်းကလေးတွေကြိုက်တတ်တဲ့ အပျော်ဖတ်အချစ်ဝတ္တုလေးတွေနဲ့ ကလေးစာအုပ်တချို့လဲရှိသေးသတဲ့ ။ ဒါနဲ့ရှေးပေမူကြီးတွေကိုထုတ်ကြည့်ရင်းလီဆွန်းကဆိုတယ် ။

"..........ဝမ်ကတော်တို့ဆီမှာ...စာကောင်းပေကောင်းတွေတော်တော်စုံတာပဲကိုး................"

"..........အို...တပ်မှူးလေးသာ...ဂန္ထဝင်စာပေကိုစိတ်ဝင်စားတယ်ဆိုရင်..ကြိုက်သလိုသာလွတ်လွတ်လပ်လပ်ထုတ်ကြည့်ပါ....ဒါတွေကကျွန်မရဲ့ခင်ပွန်းသည်စုဆောင်းထားခဲ့တာပေါ့............"

"...........ဟိုနားကကလေးစာအုပ်လေးတွေကရော...ခင်ပွန်းသည်ရဲ့ပစ္စည်းတွေပဲလား........"

ကလေးမရှိတဲ့အိမ်ပေမဲ့ ကလေးစာပေတွေကို အတွဲလိုက်အတော်များများသတိထားမိတာကြောင့် လီဆွန်းကထပ်မေးကြည့်တော့ ဝမ်မုဆိုးမလေးကရှက်သွေးဖျန်းရင်းဆိုတယ် ။

"..........အဲဒါကတော့ကျွန်မအလုပ်အတွက်ပါ...ဒီလိုလေ...ကျွန်မကပညာအတတ်ကြီးတော့မဟုတ်ပေမဲ့ကလေးတွေကိုစာသင်ပေးပါတယ်...အထူးသဖြင့်မိန်းကလေးတွေကိုပေါ့.........."

ဒီလိုဆိုတော့မှ ဒီကလေးစာအုပ်တွေတော်တော်များများက မိန်းကလေးတွေအတွက်ရည်စူးထားတာကိုအခုမှသတိပြုမိသတဲ့ ။ ဥပမာ - မိန်းမသားတို့အတွက်ဆိုရိုးစကားများ ပုံနှိပ်စာအုပ်တို့ ၊ အမျိုးသမီးစာပေပညာရှင်ပန်ချောင်ရေးခဲ့တဲ့ ဣတ္ထိယတို့ကျင့်ဝတ်စာစောင်တွဲတော်တော်များများတွေရယ် ၊ ရှုမားကွမ်ရေးတဲ့ အိမ်ထောင်ကိုစီမံခန့်ခွဲခြင်းအနုပညာ သုံးလေးအုပ်စတာတွေပေါ့ ။ တကယ့်ကိုမိန်းကလေးငယ်တွေကိုသင်ကြားရာမှာ သုံးလေ့ရှိတဲ့စာပေမျိုးတွေပါပဲ ။

"………ဩော်..ဝမ်ကတော်က..စာသင်ခြင်းနဲ့အသက်မွေးဝမ်းကျောင်းပြုတာကိုး…စိတ်တော့မရှိပါနဲ့ဗျာ.. ကျွန်တော်ကအိမ်ထောင်ဦးစီးမရှိဘဲနဲ့ဝမ်ကတော်တို့..သမီးယောက္ခမဘယ်လိုများနေထိုင်စားသောက်ကြသလဲဆိုတာကိုအံ့သြနေတာ……."

"……….ဒီလိုပဲသူ့ဟာနဲ့သူတော့ဖြစ်သွားတာပါပဲ..တပ်မှူးရယ်…..ယောက္ခမကြီးလုပ်နိုင်ကိုင်နိုင်တုန်းကတော့ကျွန်မတို့ဇာထိုးပန်းထိုးနဲ့..အသက်မွေးခဲ့ကြတာပေါ့…အခုတော့ကျွန်မစာသင်တာကအဓိကဝင်ငွေဆိုပါတော့…ပုံမှန်အတန်းရယ်လို့သတ်သတ်မှတ်မှတ်မရှိပေမဲ့…မိန်းကလေးတွေကတော့လာလိုက်သွားလိုက်ပါပဲ….အသက်အရွယ်နဲ့သူ့မိသားစုကအလေးပေးသင်ကြားစေချင်တာပေါ်မှာမူတည်ပြီး..တခါတရံတော့လပိုင်းနဲ့တင်ပြီးသွားသလို..နှစ်နဲ့ချီသွားတာမျိုးလဲရှိတတ်တယ်…ကျွန်မကမိန်းကလေးတွေကိုအိမ်ထောင်ကျင့်ဝတ်တွေ..ဇနီးကောင်း..ချွေးမကောင်းတွေရဲ့ကျင့်ဝတ်တွေကို..ရှေးထုံးဟောင်းအတိုင်းတိတိကျကျသင်ကြားပေးတော့…ဒီမြို့ကသမီးရှင်မှန်သမျှကသူတို့ကလေးတွေကိုကျွန်မဆီပို့ကြပါတယ်….စာသင်ခရယ်လို့အများကြီးမရပေမဲ့…ကျွန်မတို့သုံးယောက်အတွက်တော့လောက်ငတယ်ဆိုရမှာပေါ့………"

ပြောရင်းဆိုရင်းနဲ့ တပ်မှူးလေးလီဆွန်းက ချူရှီ၏အဆိုအမိန့်များ ဆိုတဲ့ကွန်ဖြူးရှပ်အတွေးအခေါ်စာမူကြီးကိုဖွင့်ကြည့်နေတာမြင်တော့ လီမုဆိုးမလေးကဆိုပြန်သတဲ့ ။

"……….အဲဒီစာအုပ်တွေကတော့..သွားလေသူခင်ပွန်းရဲ့အကြိုက်ပေါ့လေ….ကျွန်မကတော့ခုနကပြောခဲ့တဲ့အတိုင်းစာတတ်ပေတတ်လဲမဟုတ်တော့..မဖတ်ဖြစ်ပါဘူး…လိုလဲမလိုအပ်ဘူးလို့ထင်တယ်လေ.. မိန်းမတွေအဖို့တော့..မိခင်တယောက်ရဲ့တာဝန်..ချွေးမတို့ကျင့်ဝတ်..ဇနီးမယားရဲ့ဝတ္တရားနဲ့..သမီးတို့ရဲ့နာခံမှု…ကောင်းသောအကျင့်ကိုစောင့်ထိန်းမှု..သစ္စာမြဲမြံမှု..စတာတွေကိုသိထားဖို့ပဲလိုတာပဲ……….."

"………အင်း…ဝမ်ကတော်လက်ထွက်မိန်းကလေးတွေကတော့…တကယ့်မိန်းမကောင်းလေးတွေဖြစ်လာမှာပါပဲ…..ဒါနဲ့ဒီစာအုပ်တွေကိုကြည့်ရတာ..ဝမ်ကတော်ရဲ့ခင်ပွန်းသက်ရှိထင်ရှားစဉ်အခါက..တော်တော်တင်းကြပ်တဲ့..ကွန်ဖြူးရှပ်ဝါဒီသမားထင်ပါရဲ့ …"

ဒီအကြောင်းအရာကတော့ သူ့အတွက်နာကြည်းစရာဖြစ်ဟန်နဲ့ဝမ်မုဆိုးမလေးကစကားမဆက်ဘဲငြိမ်နေသတဲ့ ။ အခုလိုစကားပြောကြည့်တော့မှပဲ ခါတိုင်းအိန္ဒြေထိန်းချုပ်ပြီး မထုံတက်တေးနဲ့စကားဆိုလေ့ရှိတဲ့ဝမ်မုဆိုးမလေးကိုလီဆွန်းနည်းနည်းတော့ထဲထဲဝင်ဝင်နားလည်လာသလိုပဲ ။ သူ့အလုပ်အကြောင်းကိုဂုဏ်ယူတဝက်၊ နိမ့်ချတဝက်နဲ့စိတ်ပါလက်ပါပြောပြနေတဲ့ ဝမ်မုဆိုးမလေးမျက်နှာမှာခါတိုင်းတပ်ဆင်နေကျမျက်နှာဖုံးတောင်ကွာကျသွားသလိုထင်ရပြီး ငယ်မူငယ်သွေးဆင်လို့ လှိုက်လှိုက်လှဲလှဲရှိလာတာကိုလီဆွန်းသတိပြုလိုက်မိတယ် ။ အခုလိုပေါ့ပေါ့ပါးပါးနဲ့စကားဆိုနေပြန်တော့လဲ ဝမ်မုဆိုးမလေးရဲ့နဂိုချောမောပြေပြစ်တဲ့ရုပ်အဆင်းဟာ ပိုတောင်ပေါ်လွင်လာပါသတဲ့ ။ လီဆင်းကတော့ ဝမ်မုဆိုးမရဲ့သမီးချောမေဟွားကိုမေတ္တာရှိနေတာမှန်ပေမဲ့ ဒီအမေရဲ့ဘဝကိုကြုံကြုံခံပြီး ဖြစ်လေရာမှာအလှတရားကိုတွေ့အောင်ရှာလို့ ရောင့်ရဲတင်းတိမ်နိုင်တဲ့စိတ်အလှရယ် ၊ သမီးထက်ပိုမိုရင့်ကျက်တည်ငြိမ်ပြီး ကြက်သရေရှိလှတဲ့ရုပ်အလှရယ်ကိုတော့ မချီးကျူးပဲမနေနိုင်ဘူး ။ တကယ်တမ်းသာ ဒီဝမ်မုဆိုးမလေးဟာ ဝမ်မျိုးနွယ်စုတွေရဲ့ဂုဏ်ယူစရာမိန်းမကောင်းတယောက်ဖြစ်ပြီး သူ့ရဲ့သွားလေသူခင်ပွန်းအပေါ် သစ္စာမြဲမြံမှုအတွက် မကြာခင်မှာဂုဏ်ပြုမှတ်ခုံးနဲ့တောင်အသိအမှတ်ပြုခံရတော့မဲ့သူဆိုတာကိုသာ လီဆွန်းသိလိုက်ရရင်ပိုလို့တောင်အံ့သြလေးစားလိမ့်ဦးမယ် ။

ဒီလိုနဲ့နောက်တခါတပ်မှူးလေးလီဆွန်း စခန်းချရာလင်ချန်နယ်ကနေပြန်လာတော့ မီးဖိုချောင်ကနေဖြတ်ဝင်ရတဲ့ အိမ်နောက်ဖေးမြေကွက်လပ်မှာ သီးပင်စားပင်ဥယျာဉ်လေးတခုရှိနေတာတွေ့ပြန်သတဲ့ ။ အဲဒီနေ့မနက်မှာသူအိမ်ပြန်လာတော့ မေဟွားကိုခါတိုင်းလိုမတွေ့ရလို့ရှာရင်း ဝမ်မုဆိုးမလေးကိုမီးဖိုထဲမှာတွေ့လိုက်ရတယ် ။ လီဆွန်းတကယ့်တကယ်လိုက်ရှာနေတာကတော့ မေဟွားကိုဖြစ်ပေမဲ့ သူ့အမေရှေ့မှာသမီးကိုလိုက်ရှာနေတာဆိုတာကပြောမကောင်းဘူးလေ ။ ဒါနဲ့ဝမ်ဘွားဘွားကိုနှုတ်ဆက်မလို့ရှာနေတာလို့ပဲပြောလိုက်ရတော့ဝမ်မုဆိုးမလေးက သူ့ကိုခုနကပြောတဲ့ဥယျာဉ်လေးဆီကိုခေါ်သွားရော ။

"…….လာ…လာ….တပ်မှူး…မေမေကအိမ်နောက်ကဥယျာဉ်ထဲမှာ..နေပူစာလှုံနေတယ်ထင်ပါရဲ့…"

အထဲရောက်သွားမှ အိမ်နဲ့စာလိုက်ရင်အတော်ကြီးတဲ့ဥယျာဉ်ဆိုတာ တအံ့တသြတွေ့လိုက်ရတာ

ပဲ ။ သစ်တော်သီးပင်တွေ ၊ ပန်းခြံတွေအပြင် ဂေါ်ဖီထုတ်စိုက်ခင်းတွေ ၊ ကြက်သွန်မြိတ်ခင်းတွေနဲ့ တခြားအသီးအနှံတွေကို သူ့နေရာနဲ့သူအကန့်လိုက်စနစ်တကျစိုက်ပျိုးထားသတဲ့ ။ ဘေးတဖက်တချက်မှာတော့ အိမ်နီးချင်းတွေရဲ့အုတ်တံတိုင်းတွေနဲ့အလုံပိတ်ပြီးသားဖြစ်နေပေမဲ့ နောက်ဖေးပေါက်ကနေထွက်လိုက်ရင်တော့ လမ်းကြားလေးတခုကိုရောက်သွားရော ။ အဲ..အဲဒီနောက်ဖေးလမ်းကြားလေးကိုထွက်တဲ့တံခါးနားက ကြက်ခြံရှေ့မှာအစောင့်တဲလိုမျိုး တယောက်ခန်းသေးလေးတခုနားမှာနေပူစာလှုံနေတဲ့ဝမ်ဘွားဘွားဆီ ဝမ်မုဆိုးမလေးကလီဆွန်းကိုခေါ်သွားတယ် ။ ဝမ်ဘွားဘွားကို နှုတ်ဆက်စကားစမြည်ပြောနေရင်းနဲ့ ဉယျာဉ်ထဲဟိုဟိုဒီဒီလျှောက်နေတဲ့ ဝမ်မုဆိုးမလေးကိုကြည့်ရင်း သူသာအိမ်ယာထပ်ပြီးထူထောင်ချင်သေးတယ်ဆိုရင် အချိန်မရွေးဖြစ်နိုင်မှာပဲလို့ လီဆွန်းတွေးမိသတဲ့ ။ အဲဒီခေတ်ကမုဆိုးမတို့ဆင်ပြင်ပုံအတိုင်း ဆံထုံးကိုခေါင်းထိပ်မှာတင်းတင်းထုံးလို့ကတ္တီပါအနက်လေးအုပ်ပြီး အနက်ရောင်ဝတ်လုံကိုသေသေသပ်သပ်ဝတ်ထားတဲ့ ဝမ်မုဆိုးမလေးရဲ့သွယ်လျနွဲ့ပျောင်းတဲ့ကိုယ်ဟန်နဲ့ တည်ကြည်ပေမဲ့အရောင်ဖျော့ဖျော့တမျိုးလက်နေတဲ့မျက်လုံးဝိုင်းဝိုင်းကြီးတွေကိုကြည့်ရင်အသက်သုံးဆယ့်ငါးနှစ်ဆိုတာ ယုံအောင်အတော်ပြောယူရမဲ့သဘောမှာရှိတယ် ။ အထူးခြားဆုံးကတော့ဝမ်မုဆိုးမလေးရဲ့ မာနကြီးဟန်ရပေမဲ့ အိန္ဒြေရတည်ကြည်တဲ့မျက်နှာထားပါပဲ ။

"............ဉယျာဉ်ကတော်တော်ကြီးတာပဲကိုး....ဝမ်ကတော်ကိုယ်တိုင်ထိန်းသိမ်းတာပဲလား.........."

"............မဟုတ်ဘူး...တပ်မှူးရဲ့......ချန်ကြီးကပဲအစအဆုံးစိုက်ပျိုးယုယတာပါပဲ............"

"........ဉယျာဉ်ကတော့စနစ်ကျပါပေတယ်ဗျာ....ဒါနဲ့ချန်ကြီးဆိုတာဘယ်သူများလဲ..ဝမ်ကတော်...."

".............ဟုတ်ပါရဲ့....တပ်မှူးလေးကရှေ့တန်းထွက်နေတာများတော့..ချန်ကြီးကိုဘယ်တွေ့ဖူးဦးမလဲချန်ကြီးဆိုတာကျွန်မတို့ရဲ့ခြံသမားပေါ့ရှင်...ဒီဉယျာဉ်ကနေ..ဖရဲတို့..သခွားတို့..ဂေါ်ဖီတို့စတဲ့အသီးအနှံတွေ..ရာသီအလိုက်ပေါ်တိုင်း..ဈေးမှာသွားသွင်းပေးတာလဲသူပါပဲ....ချန်ကြီးကစိုက်ပျိုးရေးနဲ့ပတ်သက်လာရင်အလွန်တော်သလိုငွေရေးကြေးရေးလဲသိပ်စိတ်ချရတာရှင့်...ကျွန်မတို့မုဆိုးမတွေအိမ်မှာချန်ကြီးရှိနေလို့

သာအားကိုးရာရပါပေတယ်.....အဲ..ဟိုမြင်နေရတဲ့အစောင့်တဲလေးက...ချန်ကြီးရဲ့တဲပေါ့........."

ဆိုပြီးပြောပြနေတုန်း တဲလေးတံခါးပွင့်လာပြီး ချန်ကြီးထွက်လာသတဲ့ ။ နွေလည်ကြီးဆိုတော့အလုပ်လုပ်နေဟန်တူတဲ့ချန်ကြီးဟာ ကိုယ်တပိုင်းဗလာနဲ့ခြံထဲဆင်းလာတယ် ။ ညိုပေမဲ့ စိုပြေတဲ့အသားအရေနဲ့ကျစ်လစ်ပြီးကြွက်သားအမြောင်းလိုက်ထနေတဲ့ချန်ကြီးဟာ အသက်လေးဆယ်သာသာလောက်ပဲရှိဦးမယ် ။ ခေါင်းမှာတဘက်တထည်ကို ယာသမားဟန်နဲ့ပေါင်းထားတဲ့ချန်ကြီးရဲ့မျက်နှာကတော့ ရိုးသားပြီးသဘောကောင်းဟန်အထင်းသားပေါ်လွင်နေတဲ့အပြင် ရေလောင်းပေါင်းသင်စတာတွေကိုပဲ မှန်မှန်လုပ်နေရုံကလွဲလို့ ဘာအပူအပင်စိတ်သောကမှမရှိတော့ အရေးအကြောင်းဆိုတာလုံးလုံးမရှိဘဲ တင်းရင်းပြီးပျိုရွယ်လှပါသတဲ့ ။ လီမုဆိုးမလေးက ချန်ကြီးကိုလှမ်းခေါ်ပြီး တပ်မှူးနဲ့အသိအကျွမ်းဖွဲ့ပေးသေးတယ် ။ ဒါနဲ့ချန်ကြီးအလုပ်လုပ်ဖို့ ဥယျာဉ်ထဲကိုပြန်ဆင်းခါနီး ခြံသမားတွေလုပ်နေကြအတိုင်းပဲ ရေတွင်းနားသွားပြီးရေတပုံးငင်လို့ ဘူးသီးခြောက်ခွက်နဲ့အားပါးတရခပ်သောက်ပြီး ပိုတဲ့ရေကိုသူ့ကျောပေါ်တဝက် လက်ပေါ်တချို့ဖိတ်တဝက်စင်တဝက်လောင်းချပြီးဆေးကြောနေရော ။ ဟန်တွေပန်တွေလုပ်မနေပဲ ရိုးရိုးကြီးပြုမူနေတာကို တပ်မှူးလေးကကြည့်ကောင်းကောင်းနဲ့ကြည့်နေတုံး ရုတ်တရက်နေရောင်ဖြာထွက်လာတော့ရေတွေစိုလက်လို့ညိုမောင်းနေတဲ့ချန်ကြီးရဲ့ ကြွက်သားပြိုင်းပြိုင်းလက်မောင်းတွေဟာ ထင်းကနဲပါပဲ ။ ဒီမြင်ကွင်းကိုကြည့်ရင်း ဝမ်မုဆိုးမလေးရဲ့နှုတ်ခမ်းထောင့်လေးတွေ အမှတ်မထင်ဆတ်ဆတ်တုန်သွားတာကိုလီဆွန်းသတိပြုမိလိုက်သတဲ့ ။ ဝမ်ကတော်ကတော့ ဘာမှမဖြစ်သလိုပုံနဲ့ ဟန်မပျက်ဆက်ပြောတယ် ။

".............တကယ်ပါရှင်....ချန်ကြီးသာမရှိရင်..ကျွန်မတို့တော့..ဘာလုပ်ရမှန်းတောင်သိမှာမဟုတ်ဘူးမိသားစုဝင်တယောက်လိုပဲ..အလုပ်ကိုမခိုမကပ်လုပ်တဲ့အပြင်..လခပေးတာလဲမယူဘူး..အသီးအနှံတွေပေါ်ပြီးငွေနည်းနည်းပိုလို့သူ့ကိုလုပ်ခလေးပေးမယ်ကြံရင်လဲ..သူ့မှာထောက်ပံ့ရမဲ့သူမရှိတော့ငွေမလိုဘူးချည်းပြောတာပဲ...ချန်ကြီးလိုလူကတော့ရှားပါတယ်ရှင်...အခုလိုနေစရာစားစရာရှိရုံနဲ့တင်ကိုကျေနပ်နေတာ...ချန်ကြီးရဲ့အမေရှိတုန်းကတော့..ကျွန်မတို့နဲ့အတူခေါ်ထားခဲ့တာလေ...အဲဒီတုန်းကလဲသူ့အမေကိုအင်မတန်ဂရုစိုက်သိတတ်တဲ့သားပေါ့.....အခုသူ့အမေကြီးဆုံးရှာတော့..ချန်ကြီးလဲတကောင်ကြွက်ဘဝ

နဲ့ပဲခပ်အေးအေးနေတာပဲ....ဆွေရယ်မျိုးရယ်လို့လဲမရှိဘူးတဲ့လေ...သိပ်ရိုးသားပြီးအင်မတန်အလုပ်ကြိုးစားတာ...လောဘရယ်လို့လဲမရှိဘူး...မနှစ်ကကျွန်မသူ့ကိုဝတ်လုံအသစ်တထည်..ချုပ်ပေးမိတာတောင်လက်ခံဖို့မနည်းတိုက်တွန်းယူရတယ်.....ပြောရရင်သူ့ခမြာဒီမိသားစုရဲ့ခြံသမားသာဆိုပေမဲ့..သူ့ဘက်ကချည်းပဲကူညီစောင်မနေတာကပိုပါတယ်....ကျွန်မတို့အတွက်အလုပ်လုပ်ပေးတဲ့အတွက်သူ့အတွက်ဘာအကျိုးအမြတ်ရယ်လို့..မယ်မယ်ရရမရှိရှာပါဘူး..............”

အဲဒီနေ့ကနေ့လည်စာစားပြီးလို့ လီဆင်းဉယျာဉ်ထဲကိုပြန်ဆင်းသွားတော့ ချန်ကြီးကကြက်ခြံပြင်နေတာတွေ့တာနဲ့ တပ်မှူးလေးလဲအပျင်းပြေပိုင်းကူကြရင်း သူတို့နှစ်ယောက်သားပိုရင်းနှီးလာသတဲ့ ။ အဲဒီတုန်းကတော့ တပ်မှူးလေးလီဆွန်းဟာ သူချန်ကြီးနဲ့အတူဝိုင်းပြင်ခဲ့တဲ့ကြက်ခြံက နောင်တချိန်မှာဝမ်မုဆိုးမလေးရဲ့ဘဝကိုပြောင်းလဲသွားစေမဲ့ဇာတ်လမ်းရဲ့ အဓိကအခန်းကဏ္ဍဆိုတာကိုဘယ်သိပါ့မလဲ ။ တခါတလေလဲ အသေးအဖွဲလို့ထင်ရပြီးလူတွေသတိမမူမိတဲ့အရာတွေဟာ ဘဝမှာအရေးပါလာတတ်တာပဲမဟုတ်လား ။ အဲဒါနဲ့ ကြက်ခြံပြင်နေကြရင်းချန်ကြီးက တောလေသံရိုးရိုးကြီးနဲ့ သူ့အလုပ်ရှင်ဝမ်မုဆိုးမတွေအကြောင်းကို ချီးမွမ်းခန်းဖွင့်သတဲ့ ။

“............ဟာ...တပ်မှူးနယ်...ပြောလို့ပြောတာမဟုတ်ဘူး..ကျုပ်တို့မမလေးလိုမိန်းမမျိုးတော့ဘယ်ရှိနိုင်ပါ့မလဲ...အင်နန်စိတ်သဘောထားကောင်းတာကိုးဗျ...ကျုပ်အမေကြီးမှာမသေခင်အိုဇာတာကောင်းရရှာတာ..ဝမ်မမလေးကောင်းပေလို့ပေါ့.....ဟိုသူများတွေပြောတော့..ရွှေနန်းတော်ကဝမ်စာပေပညာရှင်ကကျုပ်အလုပ်ရှင်တွေအတွက်..ပြဟ္မစရိယကျောက်မှန်ခုံးတောင်လုပ်ပေးဦးမှာတဲ့ဗျ...နှစ်ယောက်စလုံးကမုဆိုးမဘဝနဲ့အရိုးထုတ်သွားကြတာမဟုတ်လား..ကြည်ညိုစရာကောင်းချက်တော့ဗျာ...ဝမ်ဘွားဘွားရဲ့အိမ်သားကသူအသက်နှစ်ဆယ်ကတည်းကပျက်စီးသတဲ့...သူ့ရဲ့တဦးတည်းသောသားကတော့..ကျုပ်အလုပ်ရှင်ဝမ်မမလေးနဲ့အိမ်ထောင်ပြုတာပေါ့.....အဲ..မမလေးရဲ့ခင်ပွန်းကျပြန်တော့..သူ့အသက်ဆယ့်ရှစ်နှစ်မှာတင်ဆုံးရှာတယ်....ဆုံးပုံကလဲဗျာ....မနက်စောစောခေါင်းထဖြီးရင်းလဲကျသွားတာ..အသက်ပါပျောက်ကရောတဲ့ဗျား...ဒါမျိုးများတော့ကြုံဖူးပေါင်..အဲ...အဲဒီတုန်းကကျုပ်ရဲ့အလုပ်ရှင်မမလေးခမြာမှာကိုယ်ပြည့်လက်ပြည့်ကြီးနဲ့တဲ့....မေဟွားလေးကိုမွေးလာပြန်တော့လဲမိန်းကလေးဖြစ်နေတော့..သူတို့မှာ

ဝမ်မျိုးဆက်ရဲ့နာမည်ခံမဲ့သားအတွက်ခေါင်းခြောက်နေကြရတာပေါ့....တွေးကြည့်တောင်သိနိုင်သလေ..ဝမ်မမလေးလိုရုပ်ရည်မျိုးဗျာ....ငယ်ငယ်ရွယ်ရွယ်နဲ့မုဆိုးမဖြစ်ရတာလွယ်မှတ်လို့.....သူတို့မှာဝမ်မျိုးဆက်နာမည်ခံဖို့အတွက်..သားတောင်တောင်းပြီးမွေးစားဖို့ကြံကြသေးသတဲ့.....ဒါမျိုးဆိုတာကလဲအခက်သားကလားနော်ဗျာ......တချို့အိမ်တွေမျာ းကျတော့လဲသားသမီးတွေကိုမွေးနိုင်လိုက်တာ..ဟောတယောက်ဟောတယောက်ပဲ..ပေါင်းပင်များကျလို့..ပေါပုံပြောပါတယ်....ဒီအိမ်ကျပြန်တော့..သားနဲ့ပတ်သက်လို့ကံနည်းရှာတယ်ဆိုရမပေါ့.....လူတွေကလဲ..ဝမ်အိမ်ကယောက်ျားသားတွေအတွက်..ခိုက်တတ်တယ်ဆိုပြီးတော့ကာအမွေးစားမခံကြဘူးတဲ့...ဒါနဲ့မေဟွားတယောက်နဲ့ပဲကျေနပ်ကြရတာ...မေဟွားဆိုလို့ခုတလောဒီကလေးတောင်အရွယ်ရောက်လာမင့်ကိုး...ရုပ်ရည်လေးကလဲချောပါ့ဗျာ....သင့်မအေ့ခြေရာနင်းတာပဲ...တပ်မှူးရာ..ခင်ဗျားဒီကောင်မလေးမကြိုက်ဖူးလား....ခင်ဗျားတို့မြို့ကြီးသူတွေဘာလုပ်ဖို့တုံး...ပွေလီကြပါဘိသနဲ့...မယားဆိုတောသူမှတဲ့....စိတ်ကူးမလွဲလိုက်လေနဲ့နော............"

ချန်ကြီးက သူ့ဝသီအတိုင်းရိုးရိုးကြီးနဲ့ဟောင်ဖွာဟောင်ဖွာပြောနေသမျှကို လီဆွန်းကပြုံးပြီးနားထောင်နေရင်းတွေးမိတယ် ။ မေဟွားကိုကြိုက်ဖို့တော့ သူ့ကိုအထူးတလည် တိုက်တွန်းစရာတောင်မလိုပါဘူး ။ သူကိုယ်တိုင်ကိုက မောင်ကြံရွယ်တဲ့စံပယ်ကုံးနဲ့နီးနီးနေရဖို့ပဲ ဟွန်ချွမ်မြို့ရဲ့အိမ်ကြီးအိမ်ကောင်းတွေမှာတောင်မတည်းဘဲနဲ့ မုဆိုးမနှစ်ယောက်ရဲ့အိမ်ကုပ်ကလေးကို လိုလိုလားလားနဲ့ရွေးချယ်ခဲ့တာကိုး ။ ဒီပြောဆိုနေကြရင်းနဲ့ချန်ကြီးပြောနေတဲ့ထဲက သူနားမရှင်းတာတခုကိုမေးကြည့်သတဲ့ ။

"..........ခုနကပြောနေတဲ့ ပြဟ္မစရိယမုခ်ခုံးဆိုတာဘာလဲ...ချန်ကြီးရ........."

"..........အိုဗျာ..အဲဒါကစာရိတ္တစင်ကြယ်ပြီး..သွားလေသူအပေါ်အသက်ထက်ဆုံး..သစ္စာစောင့်သိသွားတဲ့မုဆိုးမတွေအတွက်..ရပ်ရွာကကျောက်မုခ်ခုံးတည်ပြီးဂုဏ်ပြုပေးတာပေါ့...တပ်မှူးကျုပ်တို့မြို့ကိုလာတုန်းကမြို့အဝင်လမ်းတဖက်တချက်မှာစီရီနေတာတွေ့ခဲ့မှာပေါ့.....အဲ..အဲဒီပြဟ္မစရိယကျောက်မုခ်ခုံးကတောဒီမြို့မှာဟူမျိုးနွယ်ဝင်တွေရဲ့ဟာတခုပဲရှိတော့..ဝမ်မျိုးနွယ်တွေကသိပ်မကျေနပ်ချင်ကြဘူးတဲ့..ဒါနဲ့ကျုပ်ရဲ့အလုပ်ရှင်ဝမ်မမလေးနဲ့..ဝမ်ဘွားဘွားအကြောင်းကို..နန်းတွင်းကဝမ်မျိုးနွယ်ပညာရှင်ကြီးကိုစာလှမ်းရေး

ကြသတဲ့…တကယ်လဲသူတို့ကိုမှမပေးရင်ဘယ်သူ့ပေးမတုံး..ဟုတ်ဘူးလား..ဝမ်ဘွားဘွားဆိုတာမုဆိုးမဘဝနဲ့နေလာတာနှစ်ပေါင်းလေးဆယ်ကျော်လဗျာ…နည်းနည်းနောနောမှတ်လို့….အဲ..ဝမ်မမလေးဆိုရင်လဲမေဟွားတသက်ပါပဲ…..ဒါနဲ့ဝမ်စာပေပညာရှင်က..ဘုန်းတော်ကြီးဘုရားဆီကိုသူတို့အကြောင်းစာတင်မှာတဲ့ဗျာ…ကိုင်း…..”

“…………တကယ်လား…ချန်ကြီးရ……ကျွန်တော်ဖြင့်အခုမှပဲကြားဖူးတော့တယ်…..”

“…….သြော်…တပ်မှူးနယ်…ကျုပ်ကအလကားမဟုတ်ဘဲပြောပါ့မလား…..အကျင့်သီလမြတ်လွန်းလို့မင်းကြီးကတောင်ဂုဏ်ပြုတယ်ဆိုတာ..ပေါ့သေးသေးမှတ်လို့ဗျာ….ဒါနဲ့လူတွေပြောကြတာကတော့..အဲဒီလိုမုဆိုးမတွေကို..အသပြာတစ်ထောင်စီပါချီးမြှင့်သတဲ့…ကျုပ်ဖြင့်ကြားရတာအားရလွန်းလို့ပါ…..ကျုပ်တို့မမလေးခမြာသူ့ရုပ်ရည်လေးနဲ့..တင့်တင့်တယ်တယ်ထားနိုင်တဲ့သူနဲ့အိမ်ထောင်ထပ်ပြုရင်လဲရသားနဲ့..ဝမ်ဘွားဘွားကိုငဲ့ပြီးဝမ်မုဆိုးမဘဝနဲ့ပဲချို့ချို့ငဲ့ငဲ့နေရှာတာ….ကျုပ်ဖြင့်ဒီလိုစိတ်ဓါတ်မျိုးအင်နန်ကြည်ညိုလွန်းလို့..အလုပ်ချည်းကျုံးလုပ်ပေးတာပဲ……ငယ်ငယ်ရွယ်ရွယ်နဲ့အိမ်ယာထူထောင်ပြီးချမ်းချမ်းသာသာနေမဲ့အစား..ယောက္ခမကြီးကိုမသေမချင်းပြုစုနေတာတချက်နဲ့တင်ကို….မုဆိုးကတော့ထိုက်လှပေါ့ဗျာ……သူ့ကိုယ်တိုင်သားရနိုင်ပါလျက်နဲ့..မုဆိုးမဘဝနဲ့ပဲအရိုးထုတ်ပြီး..မေဟွားလေးအိမ်ထောင်ကျလို့မြေးရမှပဲ…ဝမ်အိမ်ရဲ့အမွေခံသားအဖြစ်တောင်းပြီးမွေးစားတော့မယ်တဲ့လေ…ကိုင်း…..ဒီလိုစိတ်ဓါတ်မျိုး..ခင်ဗျာ့ထမင်းထုတ်နဲ့လည်ရှာတောင်ဘယ်တွေ့နိုင်မတုံး…တကယ်ပါဗျာ..ဝမ်မမလေးလိုချွေးမမျိုးရှားချက်ပြောပါတယ်………”

နောက်ပိုင်းမှာတော့တပ်မှူးလီဆွန်းလဲ တာဝန်ပိပြီးပြန်လိုက်သွားလိုက် ခဏခဏမလုပ်နိုင်တော့ဘူး ။ တတ်နိုင်ရင်တော့ သူလဲတောထဲမှာဓါးပြဂိုဏ်းကိုလိုက်ဖမ်းနေမဲ့အစား မေဟွားဆိုတဲ့မိန်းမဆိုးလေးကိုပဲလိုက်ဖမ်းချင်တာပါပဲ ။ သူတို့နှစ်ယောက်မှာမေတ္တာမျှပြီးခါမှအတူနေရတယ်လို့ကိုမရှိသလောက်ပဲ ။ လီဆွန်းခမျာ ရှေ့တန်းမှာမေဟွားကိုလွမ်းတိုင်း သူကလေးရဲ့အမူအရာအပြောအဆိုတွေကို စားမြုံ့ပြန်ပြီးတွေးရင်းနဲ့ပဲ အချိန်ကုန်ရတယ် ။ မေဟွားဟာတောသူအရိုးခံလေးဖြစ်တဲ့အတိုင်း လီဆွန်းကိုချစ်ရှာတာ

များတုန်တောင်နေသတဲ့ ။ သူလီဆွန်းကိုဘယ်လောက်မြတ်နိုးတာ ၊ ဘယ်လောက်လေးစားတာတွေကို ပြောင်ပြောင်ဖွင့်ပြောတတ်တဲ့အပြင် သူ့ရင်ထဲကခံစားချက်တွေကိုလဲ ဖုံးကွယ်ဖို့ကြိုးစားတာမျိုးမရှိဘူး ။ မြို့ကဟန်ကြီးပန်ကြီးနဲ့ ကြိုးရှည်ရှည်လှန်တတ်တဲ့မမတွေနဲ့ အကျွာကြီးကွာတော့ လီဆွန်းမှာမေဟွားကို ပိုလို့တောင်ချစ်ရသေးတယ် ။ ပြီးတော့ သူ့ကိုကိုးကွယ်မတတ်ချစ်ရာတဲ့ဒီမိန်းကလေးကြောင့် လီဆွန်းမှာ သူ့ကိုယ်သူဇဗ္ဗူတလူ လို့အထင်ရောက်ရပေါင်းလဲမနည်းဘူး ။ မေဟွားဟာဒီလိုအရိုးခံသက်သက်နဲ့အံ့သြစရာကောင်းလောက်အောင်ချစ်တတ်ရုံတင်မကပဲ သူ့ပင်ကိုယ်စရိုက်လေးကိုကလဲသွက်လက်ချက်ချာလှတဲ့အပြင်ကလေးဆန်ဆန်ဆိုးနွဲ့ပြီး ကျီစယ်ကာနောက်ပြောင်ကာနေတတ်သေးတယ် ။ မေဟွားနဲ့နေရတာဟာလီဆွန်းအဖို့ရိုးသွားတယ်ဆိုတာမျိုးကိုမရှိဘဲ တနေ့တမျိုးကိုအချစ်တိုးစရာဖြစ်ရပါသတဲ့ ။

သူတို့နှစ်ယောက်မေတ္တာမျှကြပြီဆိုကတည်းက တပ်မှူးလေးကတော့ ထိန်းထိန်းသိမ်းသိမ်းနေရှာပေမဲ့ ဟန်မဆောင်တတ်တဲ့မေဟွားက မောင်းတီးပြီးမကြေငြာရုံတမယ်ရှိတော့ ဝမ်ဘွားဘွားနဲ့ဝမ်မုဆိုးမလေးလဲချက်ချင်းသိသွားကြတာပါပဲ ။ လီဆွန်းကအသက်နှစ်ဆယ်ခွန်ရှိပြီဆိုပေမဲ့ လူလွတ်ဖြစ်နေဆဲဆိုတော့ သူတို့နှစ်ယောက်ရဲ့အချစ်ဟာနဖူးစာပါပဲလို့ဝမ်ဘွားဘွားကတော့ဆိုတယ် ။ ဘယ်လိုပဲဖြစ်ဖြစ် ကံဆိုတာပြောမရလေတော့ ဖက်ပေါက်တာမျိုးမဖြစ်ရလေအောင် သမီးရှင်တွေဘက်ကတော့ ကြိုကြိုတင်တင်ကာကွယ်ကြရတာပေါ့ ။ ဒါနဲ့အခါတိုင်းလိုပဲဝမ်ဘွားဘွားကအလယ်ခန်းမှာအိပ်ပြီး မေဟွားနဲ့မအေဝမ်ကတော်ကအတွင်းခန်းမှာအိပ်ကြတယ် ။ အဲ..ပိုလာတာကတော့ ညစာစားပြီးတာနဲ့ဝမ်ဘွားဘွားကအလယ်ခန်းတံခါးကိုသော့ခတ်ရုံတင်မကဘူး ၊ ဝမ်မုဆိုးမလေးကလဲအတွင်းခန်းကနေ ထပ်ပြီးသော့ခတ်ပစ်လိုက်တာပဲ ။ ဒီလိုသတိထားနိုင်သမျှထားကြပေသိ ပုစွန်ဆိတ်လေးဘယ်လိုပင်ငယ်ပေမဲ့ ပင်လယ်ကူးနိုင်တယ်ဆိုတာကိုတော့မအေဝမ်မုဆိုးမလေးက ရိပ်မိနေသတဲ့ ။ တခါတလေလီဆွန်းကရှေ့တန်းမှာ လုပ်စရာရှိတယ်ဆိုပြီးအိမ်မပြန်လာတဲ့အခါမျိုးဆို တိုက်တိုက်ဆိုင်ဆိုင်မေဟွားကလဲနေ့လည်ဘက်ပျောက်ပျောက်သွားတတ်ပြီးညစာစားခါနီးမှအိမ်ပြန်လာတတ်တာကိုး ။ ဝမ်ကတော်လဲငယ်ရာကနေကြီးလာသူပဲဟာ ။ သူတို့ချစ်သူနှစ်ယောက်အပြင်မှာချိန်းတွေ့နေကြတယ်ဆိုတာမသိရှိပါ့မလား ။ ဒါပေမဲ့တင်းလွန်းရင်ပြတ်တတ် ၊လျော့လွန်းရင်ပတ်တတ်တဲ့သဘောကိုနားလည်တဲ့ ဝမ်မုဆိုးမလေးက လက်ပူးလက်ကြပ်မမိမချင်း မေးစမ်းတာမျိုးမလုပ်ပဲအသာပဲလွှတ်ထားသတဲ့ ။

တနေ့မှာတော့မေဟွားက ညစာစားချိန်ကိုနှစ်နာရီတိတိနောက်ကျတဲ့အထိ အိမ်ပြန်ရောက်မလာခဲ့တော့မအေနဲ့ဝမ်ဘွားဘွားတို့မှာ ဆပ်ပြာသည်လင်ပျောက်သလိုပျာယာခတ်ကုန်ကြရှာတယ် ။ လိုက်ပဲရှာရတော့မလို ၊ အိမ်မှာပဲစောင့်နေရမလိုဖြစ်နေတုန်းမှာ မေဟွားပြန်ရောက်လာတော့မှဟင်းချရတော့တာ ။ ဖြစ်ချင်တော့အဲဒီနေ့ကအလွန်သာယာပြီးနေ့တာရှည်စပြုနေတဲ့ မိုးနှောင်းပိုင်းရာသီအစဆိုတော့ စိမ်းစိုလှသတဲ့ ။ လီဆွန်းနဲ့မေဟွားလဲ မြို့ပြင်နည်းနည်းထွက်လိုက်ရင် လမ်းတလျှောက်လုံးအပင်ရိပ်တွေယှက်ဖြာလို့ပေါင်းကူးအမိုးခုံးလေးလိုဖြစ်နေတဲ့လမ်းကလေးကနေ လျှောက်သွားလိုက်ကြတာ ရေညှိစိမ်းစိမ်းဖုံးနေတဲ့ကမ်းပါးတွေအနားသတ်ထားတဲ့ စမ်းရေအိုင်လေးတခုအနားကိုရောက်သွားကြတယ် ။ တဖက်မှာတော့ စိမ်းစိုနေတဲ့ တောင်ရိပ်ညိုညိုတွေအုပ်မိုးလို့ ။ အဲဒီနေ့လည်ကသာယာလိုက်ပုံဆိုတာ ပြောမပြတတ်ဘူး ။ တောင်ရိပ်တွေဘက်ကတသုန်သုန်သွေးလာတဲ့လေနအေးကြောင့် အိုက်စပ်စပ်နေတာပျောက်သွားသလို ကျောက်စိမ်းရောင်စိန်ကတ္တီပါလို စိမ်းသစ်နေတဲ့အမွှေးရှည်ရှည်ရေညှိတွေဖုံးနေတဲ့ ကျောက်တုံးလေးတွေကလဲထိုင်ချင်စရာရယ် ။ အဲဒီနေရာလေးကနေလှမ်းကြည့်လိုက်ရင် အဝေးမှာငွေသားသင်ဖြူးခင်းထားတဲ့အလား လက်နေတဲ့ဝေရှန်ကန်ကြီးကိုလှမ်းတွေ့နိုင်သေးတယ် ။ အိမ်မက်ဆန်ဆန်သာယာလှတဲ့ ဒီနေရာမျိုးမှာ ချစ်ရသူတဲ့ထိုင်နေရတဲ့သူအဖို့ကတော့ အချိန်တွေဘာတွေဆိုတာလဲသတိမထားနိုင်ကြတော့ဘူး ။ အသက်ထက်ဆုံးဘဝကိုအတူဖြတ်သန်းသွားဖို့ သစ္စာဆိုပြီးကြပြီဖြစ်တဲ့ လီဆွန်းနဲ့မေဟွားအဖို့ကတော့ ဒီလိုတယောက်အနားတယောက်ရှိရုံနဲ့တင်ကို သူတို့ကမ္ဘာပြည့်စုံလှပြီကိုး ။ ဒါနဲ့ အဲဒီအိုင်ကလေးအနားထိုင်ပြီးရောက်တတ်ရာရာပြောမိကြတော့မေဟွားက သူ့အမေဝမ်ကတော်ငယ်ရွယ်စဉ်တုံးက လှလွန်းအားကြီးလို့မုဆိုးမပူပူနွေးနွေးဘဝမှာကို လာစပ်ဟပ်ကြတဲ့လူတွေဆိုတာ ရာနဲ့ချီကြောင်း ၊ အဲဒီလူတွေ အကုန်လုံးကိုတယောက်မကျန်သူ့အမေကငြင်းပစ်ပြီး အခုလိုမုဆိုးမဘဝနဲ့ပဲအရိုးထုတ်နေကြောင်းတွေပြောပြနေရင်း ရုတ်တရက်ပဲအခုလိုဆိုသတဲ့ ။

"…သိလား….အကို…..ကျွန်မသာမေမေ့နေရာမှာဆိုရင်..နောက်အိမ်ထောင်ထပ်ပြုလိုက်တာကြာပေါ့…."

"……….ဟေ….ဘာဖြစ်လို့တုန်း..အချစ်ရဲ့…..မင်းမေမေနောက်အိမ်ထောင်မပြုတာဟာ..ဂုဏ်ယူစရာမဟုတ်ဘူးလား…………"

"..........ဂုဏ်ယူစရာတော့ဟုတ်ပါရဲ့....ဒါပေမဲ့ကျွန်မအတွက်တော့..မိန်းမသားဘဝဆိုတာ..လင်ရယ်သားရယ်နဲ့စည်စည်ကားကားနေရမှ..ဘဝအဓိပ္ပါယ်ပြည့်စုံတယ်လို့ထင်တာပဲ...အိမ်မှာအမြဲကြားနေရတဲ့..ဗြဟ္မစရိယအကျင့်သီလ..ဘာညာစောင့်ထိန်းမှုဆိုတဲ့..ကွန်ဖြူးရှပ်သဘောတရားတွေကိုလဲ..မုန်းလှအီလှပါပြီ....တကယ်ပါပဲ............"

ငယ်ရွယ်ပြီးနုလုံးသားထဲမှာ ချစ်ခြင်းမေတ္တာတွေပြည့်လျှံနေတဲ့ မေဟွားအဖို့တော့အာသဝေါကုန်ခန်းနေတဲ့သူတော်စင်တွေလို ဗြဟ္မစရိယပုဒ်ကိုစောင့်ထိန်းနေကြတဲ့အဘွားနဲ့အမေရဲ့ဘဝတွေကိုအားကျကျလိုက်လျှောက်စရာအဖြစ် ဘယ်မြင်နိုင်ပါ့မလဲ ။

"............ကွယ်...မင်းအမေရဲ့ဘဝမျိုးကိုရွေးချယ်ဖို့ဆိုတာ..တော်ရုံတန်ရုံသစ္စာရှိပုံမျိုးနဲ့ဘယ်လွယ်ပါ့မလဲ......"

လို့လီဆွန်းကပြောတော့ မေဟွားကစိတ်အားထက်ထက်သန်သန်နဲ့ ပြန်ချေသတဲ့ ။

"............အို..မိန်းကလေးတယောက်ရဲ့ဘဝပေးတာဝန်ဟာဘာလဲ..အကိုရဲ့....အိမ်ထောင်ပြုပြီးသားသမီးတွေမွေးလို့..မိသားစုအတွက်မျိုးဆက်သစ်ကလေးတွေ..လူ့လောကကြီးထဲကိုခေါ်လာဖို့ပဲမဟုတ်လား.....မေမေ့မှာငယ်ငယ်ရွယ်ရွယ်နဲ့မုဆိုးမဖြစ်သွားတာတောင်..နောက်အိမ်ထောင်ပြန်မပြုခဲ့တာဟာတကယ်မလွယ်ကူမှန်း..ကျွန်မသိပါတယ်..အထူးသဖြင့်မေမေ့လိုကျောထောက်နောက်ခံမတောင့်တင်းတဲ့အပြင်..ဆင်းရဲတဲ့မုဆိုးမဆိုပိုဆိုးတာ့မပေါ့....ဒီလိုဘဝမျိုးထဲမှာကြံ့ကြံ့ခံရပ်တည်နိုင်တဲ့စိတ်ဓါတ်ကိုတော့လေးစားမိပါတယ်....ဒါပေမဲ့ပွင့်ပွင့်လင်းလင်းပြောရရင်..အဲဒီအသက်ထက်ဆုံးသစ္စာမြဲမြံတဲ့မုဆိုးမတွေကိုဂုဏ်ပြုတဲ့ဗြဟ္မစရိယမုခ်ခုံးဓလေ့ဆိုတာကို..ကျွန်မတော့အယုံအကြည်မရှိဘူး........."

မေဟွားလိုကလေးဆန်ဆန်မိန်းကလေးဆီက ဒီလိုစကားမျိုးထွက်လာတော့ လီဆွန်းမှာအံ့သြလွန်းလို့မေးမိပါသတဲ့ ။

"............ဟေ....ဘယ်လို........."

"............ကျွန်မလဲကြီးလာတော့မှ..တွေးမိတာပါ...မေမေဟာသိပ်ကိုရည်မှန်းချက်ကြီးပြီးတင်းကျပ်လှတဲ့ခလေ့တွေကိုတရိုတသေလိုက်နာချင်သူပဲ....ပြောချင်တာကမေမေဟာ..ဖေဖေ့အပေါ်အခုထိမေတ္တာမပျက်သေးလို့သစ္စာစောင့်သိပြီး..ပြဟ္မစရိယာကျင့်နေတာထက်..ရှေးထုံးခလေ့ကိုမပယ်နိုင်တာရော..ဒီမုခ်ခုံးနဲ့ဂုဏ်ပြုခံရမှာကိုရည်မှန်းပြီးရော..နောက်အိမ်ထောင်ထပ်မပြုတာလို့ကျွန်မထင်တာပဲ...အို..အကိုရယ်...ကျွန်မဘာဖြစ်လို့ဒီစကားမျိုးပြောမိသလဲဆိုတာ..ကိုယ့်ကိုယ်ကိုယ်လဲမသိတော့ပါဘူး........."

သူ့အမေကိုဒီလိုဝေဖန်မိလို့ အပြစ်ရှိသလိုခံစားရနေရတဲ့မေဟွားကို စိတ်ပြောင်းသွားအောင်လီဆွန်းကသူ့အမေနဲ့အဘွားအတွက်ဝမ်မျိုးနွယ်တွေက ဂုဏ်ပြုပေးကြမဲ့ကျောက်မုခ်ခုံးတွေအကြောင်းမေးစမ်းကြည့်သတဲ့ ။

"..........အင်းလေ...အကျင့်သီလအလွန်စင်ကြယ်တဲ့မုဆိုးမအနေနဲ့..ဂုဏ်ပြုခံရမဲ့မေမေ့အတွက်ကျွန်မဝမ်းသာပါတယ်...ဒါပေမဲ့အကိုသိတဲ့အတိုင်းဘွားဘွားရဲ့ကျန်းမာရေးကလဲ..တနေ့ရွှေတနေ့ငွေဖြစ်နေတာကြာပြီလေ....ကျွန်မကလဲအကိုနဲ့လက်ထပ်ပြီးရင်..သျှောင်နောက်ကိုဆံထုံးပါရတော့မှမဟုတ်လား...ဘွားဘွားသာဒီကြားထဲတခုခုဖြစ်သွားခဲ့ရင်..မေမေ့ခမြာတယောက်တည်းပဲ..ငွေစတထောင်ရယ်..သူ့ကျောက်မုခ်ခုံးရယ်ကိုပဲအဖော်ပြုပြီး..သူတော်စင်မုဆိုးမဘဝကိုဖက်တွယ်လို့..မသေမချင်းအထီးကျန်နေရရှာတော့မှာ....တဘဝလုံးအထီးကျန်နေခဲ့ရတာတောင်မလုံလောက်သေးသလိုပဲ..ဒီဂုဏ်ပုဒ်ကြီးရဲ့အကျဉ်းသားဘဝကနေဘယ်တော့မှရုန်းထွက်ခွင့်ရှိတော့မှာမဟုတ်ဘူး........"

မေဟွားကဒီလိုစကားကြီးစကားကျယ်တွေနဲ့ သူ့အမေရဲ့အနာဂတ်ကိုလှမ်းစိတ်ပူနေတာကိုကြည့်ပြီးလီဆွန်းကသဘောတွေကျနေပါသတဲ့ ။ အခုမှအချစ်နဲ့တွေ့စမိန်းကလေးတယောက်ကို မြတ်သောသီလတွေဘာတွေကိုရှင်းပြနေလို့လဲ ဘယ်နားဝင်ပါ့မလဲ ။ တကယ်လဲပြောကြစတမ်းဆိုရင်တော့ အချစ်ဆိုတာမရှိပဲစင်ကြယ်ခြင်းဂုဏ်ပုဒ်ကိုသာဖက်တွယ်လို့ ခြောက်ကပ်ကပ်နေလာခဲ့ကြတဲ့ သူ့အမေနဲ့အဘွားရဲ့ဘဝတွေ

ကိုထဲထဲဝင်ဝင်မြင်တွေ့နားလည်ခဲ့သူမို့ မေလန်းပြောတာမှားတယ်လို့လဲဆိုလို့မရနိုင်ပြန်ဘူး ။ လူတွေက အပေါ်ယံဂုဏ်ပုဒ်ကိုသာမြင်ပေမဲ့ သူတို့ရဲ့နှလုံးသားတွေမှာဘယ်လောက်အေးစက် အထီးကျန်နေကြရှာမလဲဆိုတာကိုတော့ သိနိုင်ကြတာမှတ်လို့ ။

စကားပြောကောင်းနေကြတုံးရှိသေး ရုတ်တရက်ပဲမေဟွားကနေဝင်စပြုနေတာကို သတိထားလိုက်မိပြီး ပျာလောင်ခတ်ကုန်ကြတော့တာပဲ ။ ခါတိုင်းအိမ်ပြန်ချိန်ထက်ကို အများကြီးနောက်ကျသွားပြီကိုး ။

"........အမလေး...ဒုက္ခပါပဲ..အကိုရဲ့....အချိန်ဒီလောက်ရှိသွားမှန်းကိုမသိလိုက်တော့တာ...ကျွန်မတော့ ကျောပေါ်ပျောတင်ခံရတော့မှာပဲ...လမ်းလျှောက်နေလို့ကတော့ပိုတောင်နောက်ကျသွားလိမ့်ဦးမယ်... မြန်မြန်ပြေးမှပါပဲ........"

မေဟွားလဲသုတ်ခြေတင်ရတော့သတဲ့ ။ အိမ်ရောက်တော့ အပြင်းအထန်ဆူပူကြိမ်းမောင်းထုထောင်းခံ ရတာအလည်လွန်တဲ့မေဟွားလဲ ကျောသိသိမကြေရုံတမယ်ကျန်တာပဲ ။ တအိမ်လုံးဒီကိစ္စကြောင့် တဆူ ဆူဖြစ်နေရတဲ့ကြားထဲ လီဆွန်းနောက်တခါတပ်စခန်းကိုပြန်သွားတာနဲ့အိမ်နီးချင်းဒေါ်စပ်စုတယောက်က လီဆွန်းနဲ့မေဟွားကိုနှစ်ယောက်အတူတွဲလို့မြို့ထဲလျှောက်နေတာကြကတခါ၊ တောစပ်အိုင်လေးဘက်ကို သွားတဲ့မြို့ပြင်လမ်းမှာကတခါတွေ့ခဲ့တယ်ဆိုပြီး မီးလောင်ရာလာလေပင့်ပါလေရော ။ တသက်လုံးမိန်းမ ပျိုတွေကို ဗိုင်းကောင်းကျောက်ဖိဖြစ်ဖို့သင်ကြားပေးလာတဲ့ ဝမ်မုဆိုးမလေးကတော့ မေဟွားကိုယောင်းမ မြင်းစီးထွက်ရကောင်းမလားဆို ဒေါသူပုန်ထပြီးစစ်မေးတာပေါ့လေ ။ မေဟွားကရုက်ရုက်နဲ့ငိုယိုပေမဲ့ ငြင်း ကွယ်ဖို့မကြိုးစားပါဘူး ။ တပ်မှူးလေးနဲ့သူဟာ တဘဝလုံးတောင်အတူဖြတ်သန်းကြဖို့သစ္စာဆိုပြီးခဲ့ပြီကိုး ။ ဒါနဲ့သူတို့နှစ်ယောက်အပြင်ကိုတွဲပြီးထွက်မိကြောင်း ၊ မေတ္တာမျှနေတာလဲမှန်ကြောင်းနဲ့ တပ်မှူးလေးကိုသူ လက်ထပ်ဖို့ခေါင်းညိတ်ပြီးပြီလို့ပြောပြလိုက်တော့ မအေဝမ်မုဆိုးမလေးမှာ ယမ်းပုံမီးကျတော့တာပါပဲ ။

"...............လုပ်ရက်ပါပေ့..မေဟွားရယ်...ငါနဲ့ညည်းအဘွားက..ဟွန်ချမ်မြို့မှာမိန်းမကောင်းတွေအဖြစ် စံပြနေလာခဲ့သမျှ..ညည်းမို့လို့ခြေနဲ့ဖျက်ရက်တယ်အေ...ဝမ်မျိုးနွယ်တခုလုံးတော့..တံတွေးခွက်ထဲမျော

ရုံရှိတော့တာပဲ....ငါတို့တသက်လုံးစောင့်ထိန်းလာခဲ့တဲ့..မိန်းမကောင်းတွေရဲ့နာမည်ကတော့ညည်းလုပ်လို့အဖတ်ဆည်စရာတောင်ရှိတော့မှာမဟုတ်ဘူး.....အိမ်နီးချင်းတွေဆိုတာကတော့..ပါးစပ်အရသာခံပြီးပြောလိုက်ဆိုလိုက်ကြမဲ့အမျိုး....ညည်းငါ့သမီးဖြစ်နေပါလျက်နဲ့..ဘာကြောင့်များဒီလောက်တောင်မိုက်ရတာတုန်း....ဟင်......အိမ်ခြေသိက္ခာထိန်းဖို့ဒီလောက်သွန်သင်နေတဲ့ကြားက..ညည်းမရှက်ဘူးလား.......”

“..........မရှက်ပါဘူး......ကိုယ့်ချစ်သူကိုချစ်တာရှက်စရာမှမဟုတ်တာ...ကျွန်မလဲကလေးမှမဟုတ်တော့တာ..မေမေရဲ့...ကျွန်မနဲ့ရွယ်တူတွေဆိုအိမ်ထောင်ပြုကုန်တာ..ကြာလှပြီ...မေမေတို့အကိုနဲ့သဘောမတူနိုင်ဘူးဆိုရင်လဲ..ကျွန်မအတွက်အိမ်ထောင်ဖက်သာရှာပေးကြ.....ကျွန်မကတော့မေမေတို့လိုပြဟ္မစရိယအကျင့်ကြီးကျင့်သုံးပြီး...အထီးကျန်စွာနဲ့တသက်လုံးမနေနိုင်ဘူး.....သူတော်စင်မှဆိုးမဆိုပြီးခြောက်သွေ့လို့အနှစ်မပါဗလာသက်သက်ဖြစ်နေတဲ့ဒီလိုဘဝမှာ..မေမေကရောတကယ်ပျော်လို့လား...........”

မေဟွားကသူ့ဝသီအတိုင်း စိတ်ထဲရှိသမျှကိုရိုက်ကြီးတငင်နဲ့ပြောချလိုက်တော့ ဝမ်မုဆိုးမလေးခမျာအရှိုက်ထိပြီး ဒေါသထွက်လွန်းလို့စကားတောင်အထစ်ထစ်အငေါ့ငေါ့ဖြစ်ကုန်တယ် ။

“...........ညည်း...ညည်း..ဘာ..ဘာပြောတယ်...ဟင်...မိုက်ရိုင်းလှချည်လား..မေဟွားရဲ့......”

“..........ကျွန်မပြောတာမဟုတ်နေလို့လား..မေမေရဲ့......မေမေရော..အထီးမကျန်ဘူးလား...တကယ်ဆိုအရွယ်ရှိတုန်း..နောက်အိမ်ထောင်ပြုဖို့သင့်............”

“.............ညည်းပါးစပ်ပိတ်ထား.....မအေကိုမအပ်မရာခံပြောနေတာ....လျှာတိုမဲ့မိန်းမ.....မိုးကြိုးပစ်မှာမကြောက်ဘူးလားဟင်....ဘုရား..ဘုရား...ကြည့်ကြပါဦး..အရပ်ကတို့..............”

မေဟွားရဲ့စကားတောင်မဆုံးသေးဘူး..ဝမ်မုဆိုးမလေးကဆတ်ဆတ်တုန်ပြီးဖြတ်အော်တော့တာပဲ ။ မေဟွားလိုကလေးစိတ်မပျောက်သေးတဲ့သူမို့သာ ဒီလိုသူတကာရှောင်ကွင်းသွားတဲ့အမှန်တရားကို

အကုန်ဖွင့်ပြောပစ်တာကိုး ။ ငိုရင်းယိုရင်းတဖွတ်ထိုးစိတ်နဲ့သာပြောချပစ်ပေမဲ့ ဒီစကားတွေဟာသူ့မအေ ဝမ်မုဆိုးမလေးကိုဘယ်လောက်တောင် အထိနာသွားစေတယ်ဆိုတာဘယ်သိပါ့မလဲ ။ ဝမ်မုဆိုးမလေး အဖို့တော့ နောက်အိမ်ထောင်ထူဖို့စကားဆိုတာ အင်မတန်မှစက်ဆုပ်ရွံရှာစရာ မကြားဝံ့မနာသာမပြော အပ်တာကိုကြားလိုက်ရသလိုပဲ တီဆားတို့သလိုထွန့်ထွန့်လူးတော့တယ် ။ လောကမှာတခါတလေ အ မှန်တရားလောက် အခံရခက်စေတာဘယ်ရှိမလဲ ။

"..........ဒီလောက်နစ်ပေါင်းများစွာသွန်သင်လာခဲ့တာတောင်...တဖက်နားကဝင်..တဖက်နားကထွက်ပါ လားဟဲ့...ငါ့သမီးအရင်းခေါက်ခေါက်လုပ်နေပြီး..မေဟွားရယ်...ရှက်စရာကောင်းလိုက်တာ..ငါ့သာအရင် သတ်သွားပါတော့...အမိုက်မရဲ့............"

ဝမ်မုဆိုးမလေးဟာ မကြုံစဖူးရှိုက်ကြီးတငင်ငိုရှာသတဲ့ ။ စကားတခွန်းဟာ ဘယ်လောက်တာသွား တယ်ဆိုတာ တခါတလေအံ့စရာပါပဲ ။ ဆယ့်ကိုးနစ်လုံးလုံး သူခံစားခဲ့ရတဲ့အထီးကျန်မှုတွေ ၊ ဝမ်းနည်း နာကျင်ခဲ့တာတွေ ၊ မုဆိုးမဘဝနဲ့မျက်နှာငယ်စွာရုန်းကန်ခဲ့ရတာတွေအားလုံးကို ဝမ်မုဆိုးမလေးရဲ့နှလုံး သားထဲမှာထည့်သွင်းမြှုပ်နှံပြီး ကြပ်ကြပ်ကြီးပိတ်ထားခဲ့တဲ့တံခါးဟာ မေဟွားရဲ့စကားတခွန်းနဲ့တင်ဆွဲ ဖွင့်လိုက်သလိုပဲ ထိန်းမနိုင်သိမ်းမရအကုန်သွန်ထွက်လာတော့တယ် ။ လူမမယ်သမီးနဲ့အလုပ်အကျွေး ပြုရမဲ့ယောက္ခမတယောက်ပဲကျန်ပြီး ခြူးတပြားတောင်မကပ်ခဲ့တဲ့ မုဆိုးမငယ်ငယ်ရဲ့ဒုက္ခတွေကိုဘယ် သူများသိနိုင်မလဲ ။ မုဆိုးမမှာလဲချစ်တတ်တဲ့နှလုံးသားရှိတာပဲ ။ သူလဲအားငယ်လာရင်ချစ်သူရဲ့ရင်ခွင် ခိုဝင်ပြီးငိုပစ်ချင်စိတ်ရှိတာပဲ ။ ချစ်သူရဲ့လက်ကိုအားကိုးတကြီးဆုပ်ပြီး မိသားစုနဲ့သိုက်သိုက်ဝန်းဝန်းမ နေချင်ပဲရှိပါ့မလား ။ ဒါတွေကိုမြိုသိပ်ကြိတ်မှိတ်ပြီးဖြတ်ကျော်လာခဲ့တဲ့ သူ့ဘဝ ၊ သူ့သီလကိုအခုတော့ သူ့သမီးကတောင်ပျက်ရယ်ပြုနေပြီကော ဆိုပြီးမဆည်နိုင်မတန့်နိုင်ငိုမိတာပါပဲ ။ အဲဒီခေတ်မှာ မုဆိုးမ မုန်သမျှဟာ အိမ်ထောင်မထူဘဲအသက်ထက်ဆုံးနေသွားလေ့ရှိတာပဲကိုး ။ ဘယ်သူမှလဲအဲဒီဓလေ့ကို မေးခွန်းမထုတ်သလို တခြားထွက်ပေါက်လဲမရှာကြဘူး ။ နေဝင်နေထွက်လိုဘဲ မုဆိုးမနဲ့ဖြဟွစရိယအ ကျင့်ကိုဖြစ်ရိုးဖြစ်စဉ်လို့ပဲသဘောထားတဲ့ခေတ်ထဲမှာ ကြီးပြင်းလာခဲ့တဲ့ဝမ်မုဆိုးမလေးအဖို့တော့သူ့လို ရုပ်ရည်နဲ့အိမ်ထောင်ထပ်ထူဖို့ရာ မခက်ခဲပေမဲ့ဒီဘဝကိုပဲကျေကျေနပ်နပ်ရွေးချယ်ခဲ့တာပါပဲ ။ တခါတ

လေပင်ပန်းအထီးကျန်လွန်းလို့ အားကိုးရာရှာချင်တဲ့စိတ်နည်းနည်းဖြစ်ဖြစ်ပဲပေါ်လာရင်တောင် အမြန်ဆုံးခေါင်းထဲကနေ မောင်းထုတ်လိုက်တာ..မကြာကြောင်းမစည်ရာမဟုတ်ပါလား ။ အခုတော့ သူ့သမီးကြောင့်မို့ပဲ မေ့ထားချင်ခဲ့တဲ့ ၊ မေ့လဲမေ့ထားနိုင်ခဲ့တဲ့ ခံစားချက်တွေပြန်ပေါ်လာမှကိုး ။

ဝမ်မုဆိုးမလေးခမြာ မေဟွားကိုလဲမဆူတော့ဘူး ။ တသက်လုံးကမာန်တင်းလာခဲ့သမျှကျိုးပဲ့ကြေမွပြီးအရုပ်ကြိုးပြတ်သာဖြစ်ကျန်နေခဲ့သတဲ့ ။ မေဟွားကတော့ သူမထင်မှတ်ပဲခံပြောလိုက်တဲ့စကားတခွန်းနဲ့တင်သူ့အမေဒီလိုဖြစ်သွားတာကိုတွေ့တော့ အကြောက်ကြီးကြောက်ပြီး အသံကိုမထွက်တော့ဘူး ။ တကယ်ကတော့ မေဟွားပြောတာမှန်လွန်းအားကြီးလို့ ဝမ်မုဆိုးမလေး အထိနာသွားတာပါပဲ ။ မုဆိုးမတယောက်ရဲ့ရင်ထဲကအေးစက်ကျင်ခဲနေတဲ့နှလုံးသားကို အမုန်တရားနဲ့မီးပြင်းတိုက်လိုက်သလိုမျက်ရည်တွေစိမ့်အိုင်မဆုံးပဲရှိုက်ငင်လို့သာနေရှာသတဲ့ ။ ခလေ့ထုံးတမ်းအောက်မှာ ဗိုင်းကောင်းကျောက်ဖိနေလာပေမဲ့ ဝမ်မုဆိုးမလေးဟာလဲ အာသဝေါကုန်ခမ်းနေတဲ့ရဟန္တာမဟုတ်ပေတော့ မေဟွားနဲ့တပ်မှူးလေးလီဆွန်းချစ်သူနှစ်ယောက်ကိုမြင်တိုင်း သူ့နှလုံးသားကိုလှုပ်နှိုးလိုက်သလိုခံစားမိရှာတယ် ။ အချစ်ဆိုတာကိုမသိသေးခင်မှာပဲ မိဘသဘောတူတဲ့လူနဲ့လက်ထပ်ခဲ့ရပြီး ခင်ပွန်းနဲ့နှလုံးသားချင်းမရင်းနှီးခင်မှာပဲမုဆိုးမဖြစ်ခဲ့ရတဲ့ဝမ်မုဆိုးမလေးခမြာ သူသာငယ်ရွယ်တုန်း ချစ်တဲ့သူနဲ့တွေ့ခဲ့ရရင်ဆိုတာမျိုးလဲစိတ်ရှုပ်ရှုပ်နဲ့တွေးမိချိန်တွေရှိခဲ့တာကိုး ။

ဘာပဲဖြစ်ဖြစ်တသက်လုံးကစင်ကြယ်လာခဲ့တဲ့ဝမ်မိသားစုရဲ့နာမည်ကောင်းကို အပျက်မခံနိုင်ဘူးဆိုပြီးမေဟွားရဲ့ကိစ္စကို ဝမ်မုဆိုးမလေးကကိုယ်တိုင်ကိုင်တွယ်သတဲ့ ။ လီဆွန်းသာ ဒီမြို့ထဲမှာရှိနေဆဲသာဆိုရင်မေဟွားက အိမ်ပြန်မလာဖို့သွားသတိပေးတာမျိုးလုပ်မှာကိုလဲ သူကြိုတွေးမိတယ် ။ တကယ်လို့သွားသတိပေးရုံမဟုတ်ဘဲတခါတည်းသာခိုးရာလိုက်ပြေးသွားရင်တော့ ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီးဝမ်မုဆိုးမလေးက သူ့သမီးကိုအခန်းထဲမှာ သော့ခတ်လှောင်ထားလိုက်တော့တာပဲ ။ ဒါနဲ့ တပတ်လောက်အကြာမှာ လီဆွန်းတပ်စခန်းကနေအိမ်ခဏပြန်လာတော့ ဝမ်မုဆိုးမလေးကိုတင်းတင်းမာမာမျက်နှာထားကြီးနဲ့တွေ့လိုက်ရတော့သတဲ့ ။

"............ဝမ်ကတော်..နေကောင်းလားဗျ....ဘွားဘွားရောကျန်းမာရဲ့လား...ဒါနဲ့မေဟွားရော..မတွေ့ပါလား........."

"..........နေကောင်းကြတယ်....မေဟွားကအခန်းထဲမှာ.........."

"...........မေဟွားကဘာလို့အခန်းအောင်းနေရတာလဲ..နေများမကောင်းလို့လား.........."

လို့လီဆွန်းမေးလိုက်မိတော့ ဝမ်မုဆိုးမလေးကနှုတ်ခမ်းပါးတွေတင်းတင်းစေ့ပြီးမဲ့ပြုံးနဲ့ဆိုသတဲ့ ။

"..........တပ်မှူးလေးဘယ်အချိန်များဒီလိုမေးလာမလဲလို့..ကျွန်မစောင့်ကြည့်နေတာ...ဘာလဲ..မြို့ထဲကဆုံနေကြနေရာမှအကြာကြီးစောင့်နေပြီးမှ..မေဟွားရောက်မလာလို့လိုက်လာတာလား......."

"...........ဗျာ.......မြို့ထဲကဆုံနေကြနေရာ..ဟုတ်လား...ကျွန်တော်ဒီနေ့မနက်မှ..တပ်စခန်းကပြန်လာတာပါ..ဝမ်ကတော်ရဲ့......ဘာများဖြစ်လို့လဲ.........."

"............ဟန်ဆောင်မနေပါနဲ့တော့...တပ်မှူးရယ်...ကျွန်မကအမေပါ...မသိပဲရှိပါ့မလားရှင်...ရှင်တို့ကိုလူတကာကတမြို့လုံးအနှံ့မှာ..မမြင်ချင်မှအဆုံးပါ........"

ပြောရင်းနဲ့ကို ဒေါသထွက်လာသလိုပဲ ဝမ်ကတော်ကလေသံမာသထက်မာလာပါသတဲ့ ။ မျက်လုံးကလဲသူ့မှုပိုင်ဟန်အတိုင်းမာနရောင်တရှိန်ရှိန်တောက်နေပေမဲ့အိန္ဒြေအနားသတ်လို့ ခပ်တည်တည်ပဲလီဆွန်းကိုစိုက်ကြည့်လို့ ။ လီဆွန်းလဲဘယ်ကနေဘယ်လိုစရှင်းပြရမှန်းမသိတာနဲ့ စကားလုံးတွေရွေးနေတုန်းရှိသေးအတွင်းခန်းထဲကနေ မေဟွားရဲ့ငိုယိုအော်ဟစ်သံတွေထွက်လာပါလေရော ။

"..........အကိုရေ...လီဆွန်း.....ကျွန်မကိုကယ်ပါဦး......တံခါးဖွင့်ပေးကြပါ....အကိုရေ...အကိုရေ...ကျွန်မကိုတံခါးဖွင့်ပေးပါ....ကျွန်မကိုချုပ်ထားကြတယ်..အကိုရဲ့.......ကယ်ပါဦး.........."

ဆိုပြီးတံခါးထုသံတွေထွက်လာပြီး မေပွားရဲ့ငိုသံတွေခေါ်သံတွေအဆက်မပြတ်ထွက်လာတော့တာပဲ ။

"................ဟောဗျာ........ဘယ်လိုဖြစ်ကြတာတုန်း...ဘာဖြစ်လို့မေပွားကိုလှောင်ထားရတာလဲ.....ခက်တော့တာပဲဗျာ.........."

လီဆွန်းလဲအံ့ဩတကြီးနဲ့အတွင်းခန်းထဲကို စွတ်ဝင်သွားတော့ ဝမ်ဘွားဘွားကပါလိုက်လာပြီး မျက်ရည်လည်ရွဲနဲ့လီဆွန်းကိုမေးသတဲ့ ။

"..............တပ်မှူးလေးရယ်....မေပွားကိုတကယ်ပဲသားမှတ်မှတ်မယားမှတ်မှတ်..ပေါင်းသင်းမှာမို့လား..အဘွားရဲ့မြေးလေးကို..တပ်မှူးလိုအခြေမြင့်တဲ့သူကကြောရရုံကြံရင်...တို့တော့ရင်ကွဲရတော့မှာပါပဲ....."

အခုမှပဲတအိမ်လုံးတင်းမာပြီးတအုံနွေးနွေးဖြစ်နေကြတဲ့အကြောင်းအရင်းကို လီဆွန်းနားလည်သွားရတော့တယ် ။ အခန်းထဲကနေမေပွားရဲ့ငိုသံတွေကတော့ အဆက်မပြတ်ထွက်လာနေတုန်းပဲ ။

"..........အကိုရေ...အကို...လီဆွန်း..ကျွန်မကိုဒီအိမ်ကြီးထဲကနေခေါ်သွားပေးပါ...တံခါးလာဖွင့်ပေးကြပါဦး....အကို..ဘယ်မှာလဲ........."

"...........ဝမ်ဘွားဘွားရော..ဝမ်ကတော်ပါဘာမှစိုးရိမ်စရာမရှိပါဘူးဗျာ...ကျွန်တော်ကမေပွားကိုတကယ့်မေတ္တာစစ်နဲ့မြတ်မြတ်နိုးနိုးချစ်တာပါ...မကြာခင်လဲမေပွားကိုတင့်တင့်တယ်တယ်တောင်းရမ်းယူဖို့စဉ်းစားထားပြီးသားပါခင်ဗျာ....အခုတော့သူ့ခမျာလဲငိုရလွန်းလို့မောရှာရော့မယ်...ထွက်ခွင့်ပေးလိုက်ကြပါတော့..ကျွန်တော့ချစ်သူနဲ့ခဏစကားပြောပါရစေ.........."

ဒါနဲ့တံခါးဖွင့်ပေးလိုက်ကြတော့ မေဟွားကတခါတည်းလီဆွန်းရဲ့ရင်ခွင်ထဲကိုပြေးဝင်သွားပြီး ငိုတော့တာပဲ ။

"........အကိုရေ....ဒီအိမ်ကြီးကနေလွတ်ရာကိုပြေးကြပါစို့...ကျွန်မကိုတခါတည်းခေါ်သွားပါနော်....ထပ်ပြီးမထားခဲ့ပါနဲ့တော့....မေမေတို့ကကျွန်မကိုပြန်ချုပ်ထားကြမှာ.......သွားကြပါစို့...နော်..အကို..........."

သူ့သမီးဒီလိုပြောတာကြားတော့ ဝမ်မုဆိုးမလေးကတခါရှိုက်ကြီးတငင်ငိုပြန်သတဲ့ ။ လီဆွန်းကနောက်နောင်မိသားစုကိုဒီလိုစိတ်ပူစေတာမျိုးမဖြစ်စေရပါဘူးဆိုပြီး အကြိမ်ကြိမ်အထပ်ထပ်တောင်းပန်ပေမဲ့ဝမ်မုဆိုးမလေးကတော့ သူ့အကြောင်းနဲ့သူရင်ကွဲမတတ်ကိုငိုတာပဲ ။ အဲဒီတုန်းကတော့လီဆွန်းနားမလည်နိုင်ခဲ့သေးဘူးပေါ့ ။ ဘာပဲဖြစ်ဖြစ် တပ်မှူးလေးလီဆွန်းကတော့ လူကြီးလူကောင်းပီသသူဆိုတော့ ကြေလည်သည်အထိအနူးအညွတ်တောင်းပန်တာပါပဲ ။ ဖြစ်ခဲ့သမျှကိစ္စတွေဟာလဲ သူ့အပြစ်သာဖြစ်ပြီး မေဟွားကိုလဲလူကြီးစုံရာနဲ့တင့်တောင့်တင့်တယ်လာကြောင်းလမ်းဖို့ခွင့်ပြုစေလိုကြောင်းနဲ့ သူဟာဝမ်မိသားစုရဲ့သားတယောက်ဖြစ်လာဖို့မျှော်လင့်ပါကြောင်း သာယာညွတ်ပျောင်းခွင့်တောင်းတယ် ။ မေဟွားကတော့ တခါတည်းငိုနေရာကတိတ်သွားပြီး တိမ်စင်လလိုဝင်းပသွားလိုက်တာ သူ့မအေနဲ့ဝမ်ဘွားဘွားတောင်မျက်နာပူယူရတယ် ။

ဒါနဲ့ဒီပြဿနာကြီးကြေလည်ငြိမ်းအေးသွားတော့ ပျော်စရာအချိန်ရောက်လာတော့တာပါပဲ ။ လီဆွန်းရဲ့စစ်ဆင်ရေးတာဝန်လဲမကြာခင်ပဲပြီးသွားတော့ သူ့မိဘတွေကိုယ်တိုင်လိုက်လာပြီးမေဟွားကိုလာရောက်တောင်းရမ်းပေးကြသတဲ့ ။ စေ့စပ်ပြီးမကြာခင်ပဲ မေဟွားလဲလက်ထပ်ပြီးတော့ ခင်ပွန်းသည်တပ်မှူးလေးရှိရာ စူချောင်မြို့ကိုလိုက်သွားတော့တယ် ။

လူ့စိတ်ဆိုတာကလဲ အဆန်းသားကလား ။ မေဟွားနဲ့လီဆွန်းရဲ့ကသောင်းကနင်းနဲ့အချစ်ဇတ်လမ်းလဲလက်ထပ်ခြင်းနဲ့ပျော်စရာအဆုံးသတ်သွားပေမဲ့ ဝမ်မုဆိုးမလေးမှာဒီအချစ်အကြောင်းကို ခေါင်းထဲကနေကိုထုတ်လို့မရဘူး ။ မေဟွားအိမ်ထောင်ကျပြီးသုံးလအကြာမှာ ဝမ်ဘွားဘွားကလဲစိတ်ချသွားသလိုမျက်

စိမိုတ်သွားပြန်တော့ ဝမ်မုဆိုးမလေးတယောက်တည်းပဲကျန်ခဲ့တော့တယ် ။ ဝမ်ဘွားဘွားနာရေးအတွက် တော့လီဆွန်းပဲလာနိုင်သတဲ့ ။ မြေချပြီးကြလို့အိမ်သားတွေပဲကျန်တော့ ဝမ်မုဆိုးမလေးက သူ့အတွက်မုဆိုးခံးဆောက်ပေးဖို့အတွက် ရှေနန်းတော်ကခွင့်ပြုလိုက်ပြီဖြစ်ကြောင်းလီဆွန်းကိုပြောပြတယ် ။ တမြို့လုံးလဲ ဒီအကြောင်းကိုပဲပြောနေကြပြီး ဝမ်မျိုးနွယ်စုကတော့အလွန်ကိုဂုဏ်ယူနေကြသတဲ့ ။ အမှန်ကတော့ဝမ်မုဆိုးမနှစ်ယောက်စလုံးအတွက် မုဆိုးခံးတည်ဖို့ရည်ရွယ်ခဲ့ပေမဲ့ အခုဝမ်ဘွားဘွားကမမျှော်လင့်ဘဲကွယ်လွန်သွားတော့ သူတော်စင်မုဆိုးမတစ်ယောက်ပဲကျန်ခဲ့တော့တာပေါ့လေ ။ အခုဆိုရင် ဝမ်မုဆိုးမလေးကို ဝမ်မိန်းမမြတ်ဆိုပြီးတောင်လူတွေကပြောင်းလဲခေါ်ဆိုနေကြပြီ ။ အဲဒီခေတ်အခါနဲ့တော့ အမြင့်ဆုံးဂုဏ်ပြုခြင်းခံရတာပါပဲ ။ မေဟွားပြောခဲ့ပုံအရဆိုရင် ဒါဟာဝမ်မုဆိုးမလေးရဲ့တသက်တာရည်မှန်းချက်ကြီးဖြစ်ပေမဲ့ အခုလိုပန်းတိုင်ရောက်ခါနီးကျပြန်တော့ လီဆွန်းကိုဒီအကြောင်းတွေပြောပြနေတဲ့ဝမ်မုဆိုးမရဲ့လေသံဟာ စိတ်အားထက်သန်မှုလုံးလုံးမရှိတဲ့အပြင် စိတ်စနိုးစနောင့်တောင်ဖြစ်နေသလိုထင်ရပါသတဲ့ ။

"............ဟာ.....မုဆိုးခံးတည်ဖို့ကဒါဆိုရင်မဝေးတော့ဘူးပေါ့...အမေ့သမီးမေဟွားသာသိရင်တော့..ဘယ်လောက်တောင်ဝမ်းသာလိုက်မလဲ........"

"..........အင်းပေါ့လေ...သူတို့မုဆိုးခံးထူချင်သပဆိုရင်လဲထူကြပေါ့...မေမေကတော့..ဒါတွေစိတ်ထဲသိပ်မရှိတော့ပါဘူး.....ဒါနဲ့မေဟွားရော..နေကောင်းရဲ့လား......လိုက်လာမယ်ထင်နေတာ..........."

"............ဟာ..အဲဒါပြောမလို့ပဲ..မေမေရေ့...မေဟွားမှာကိုယ်ဝန်ရှိနေပြီ....အဲဒါကြောင့်သူ့ခမျာအဘွားရဲ့နောက်ဆုံးခရီးကိုလာချင်ရက်နဲ့ပဲနေခဲ့ရတာ...သားဦးကိုယ်ဝန်ဆိုတော့ခရီးကြမ်းနဲ့မဖြစ်တာနဲ့လေ....."

"............အမလေး....စောစောကပြောရောပေါ့....လီဆွန်းရယ်...အဲဒါကမှ..တကယ့်သတင်းကောင်းဟာကို...ဝမ်းသာလိုက်တာကွယ်....မင်းနယ်..ရောက်ရောက်ချင်းပဲပြောပါတော့........."

ဝမ်မုဆိုးမလေးခမျာ မြေးရတော့မဲ့သတင်းကြားတော့ဝမ်းသာလိုက်တာများ တုန်တောင်နေသတဲ့ ။

"............ပြောမလို့ပါပဲဗျာ...ဒါပေမဲ့မေမေ့ပြဟ္မစရိယမုခ်ခုံးကိစ္စကြားလိုက်ရတော့..ကျွန်တော်လဲဝမ်းသာလုံးဆို့ပြီးမေ့သွားတာပဲ...ပြီးတော့အမေ့မြေးကိစ္စကနောင်လဲသိရမှာပဲကိုး...ကျောက်မုခ်ခုံးကိစ္စလောက်လောလောဆယ်အရေးကြီးတာဘာရှိမလဲ........."

"..........အင်း...အရေးကြီးလှတယ်လဲမဟုတ်ပါဘူး.......ဒါနဲ့ငါ့သမီးအကြောင်းပြောပြစမ်းပါဦးကွယ်....."

ဒီလိုစိတ်မဝင်စားဟန်နဲ့ ဝမ်မုဆိုးမလေးကစကားစဖြတ်လိုက်တော့ လီဆွန်းမှာအတော်အံ့ဩသွားမိသတဲ့ ။ မေဟွားပြောခဲ့တဲ့ ပြဟ္မစရိယမုခ်ခုံးရဲ့အကျဉ်းသားအနေနဲ့ တသက်လုံးမသေမချင်းအထီးကျန်ရတော့မှာဆိုတာကိုလဲ ပြန်ကြားယောင်မိတယ် ။ ဒါပေမဲ့ သူ့ယောက္ခမဝမ်မုဆိုးမလေးလဲ ဒီလိုပဲခံစားနေရကြောင်းကိုတော့ သူလုံးလုံးကိုမတွေးမိဘူး ။ တွေတွေဝေဝေနဲ့ လီစွန်းလဲ စူချောင်နယ်ကအကြောင်းတွေကိုပြောပြနေတုန်း ရုတ်တရက်ဝမ်မုဆိုးမလေးကဖြတ်မေးသတဲ့ ။

".......အဲဒီပြဟ္မစရိယမုခ်ခုံးကို..လက်ခံသင့်တယ်လို့ထင်လားဟင်........."

"..........ဟာ...လက်မခံရင်တော့...မိုက်ရာကျ...အဲလေ...ကျွန်တော်ဆိုလိုချင်တာက..မေမေ့တသက်လုံးစင်ကြယ်စွာစောင့်ထိန်းခဲ့တဲ့မုဆိုးမဂုဏ်ပုဒ်ကို..ဘုန်းတော်ကြီးဘုရားကအသိအမှတ်ပြုတော့..တခြားသူတွေအတွက်လဲစံပြဖြစ်တာပေါ့....မေမေလဲထိုက်ထိုက်တန်တန်ဂုဏ်ပြုခံထိုက်ပါတယ်........"

အံ့အားအသင့်ကြီးသင့်သွားတဲ့ လီဆွန်းလဲမရေမရာနဲ့သာပြန်ဖြေလိုက်ရပေမဲ့ မေဟွားပြောခဲ့တဲ့အထီးကျန်ဝေဒနာကိုတော့သူလှမ်းမြင်လိုက်ရသလိုပါပဲ ။ ဒီလိုနဲ့ဝမ်ဘွားဘွားကိစ္စလဲပြီးရော လီဆွန်းနဲ့တခြားရပ်ဆွေရပ်မျိုးတွေတဖွဲဖွဲပြန်ကုန်ကြပြီ ။ မိန်းမသားသုံးယောက်တည်းနေလာခဲ့တဲ့ အိမ်လေးမှာအခုတော့ ဝမ်မုဆိုးမလေးပဲကျန်ခဲ့ရှာတော့တယ် ။ ဝမ်ဘွားဘွားအတွက်ဝမ်းနည်းကြေကွဲတဲ့အထိမ်းအမှတ်အနေနဲ့ ပိတ်ဖြူတွေရစ်သိုင်းထားတဲ့အိမ်ကလေးကတော့ ထုံးဖြူသုတ်ထားတဲ့ဂူသင်္ချိုင်းလိုပဲ ထိတ်လန့်စရာတိတ်ဆိတ်လို့ ။ တံခါးဝမှာတော့ရွှေနန်းတော်ကအရာရှိကိုယ်တိုင်လာချိတ်သွားတဲ့ "တအိမ်မိုးအောက် ၊ သူတော်စင်

နှစ်ယောက်” စာတန်းပါ ပိုးစာချွန်တော်က လေအဟုန်မှာငြင်ငြင်သာသာလွှဲယမ်းနေတယ် ။ ခါတိုင်းလို ယောက္ခမကိုပြုစုရ ၊ သမီးကိုထိန်းကျောင်းရဆိုတဲ့ ဗာဟီရကိစ္စတွေမရှိတော့တဲ့ဝမ်မုဆိုးမလေးဟာ သူ့ တယောက်တည်းကျန်ခဲ့တော့မှပဲ ရှေ့ဆက်ရမဲ့အနာဂတ်ခရီးအတွက် အများကြီးစဉ်းစားမိတော့တယ် ။ ဘာမှမကြာသေးခင်ကပဲ ယောက္ခမရယ် ၊ သမီးရယ် ၊ တပ်မှူးလေးလီဆွန်းရယ်နဲ့ ပျော်ရွှင်ဆူညံကြ ၊ ငို ယိုကြနဲ့အသက်ဝင်နေတဲ့အိမ်လေးမှာ အခုတယောက်တည်းကျန်ခဲ့ရတဲ့ ဝမ်မုဆိုးမလေးဟာ မကြောက် စဖူးလဲကြောက်လာမိသတဲ့ ။ သူ့ခေါင်းထဲမှာလဲ လီဆွန်းနဲ့မေလန်းရဲ့အချစ်ကိစ္စ ၊ လက်ထပ်မင်္ဂလာ ၊ ဝမ် ဘွားဘွားကွယ်လွန်ခြင်း ၊ မကြာခင်ပဲလူ့လောကထဲရောက်လာတော့မဲ့မြေးနဲ့ ပြဟ္မစရိယကျောက်မုခ်ခုံး စသဖြင့် မျက်စိတမှိတ်အတွင်းမှာပဲလောလောလတ်လတ်ဖြစ်သွားပျက်သွားတဲ့ လောကဓံတရားကြောင့် မွှန်းကြပ်လွန်းလို့ပေါက်ကွဲမတတ်ပဲ ။

ဒီလိုအချိန်မျိုးမှာ ဝမ်မုဆိုးမလေးအနား အမြဲမပြတ်ကူညီစောင့်ရှောက်နေတာကတော့ ချန်ကြီးပါပဲ ။ အသုဘကိစ္စမှာလဲ သူပဲအစအဆုံးတာဝန်ယူပြီးဖြေရှင်းသွားတော့ ဝမ်မုဆိုးမလေးမှာဘာမှဝန်ပိပြီးမကျန် ရစ်ခဲ့ဘူး ။ အခုကျပြန်တော့လဲ ဝမ်းနည်းအထီးကျန်နေတဲ့ ဝမ်မုဆိုးမလေးကိုတတ်နိုင်သလောက် ကူညီ ပြန်တယ် ။ ဝင်ငွေအတွက်အသီးအနှံတွေကို ခါတိုင်းထက်ကိုဝီရိယပိုပိုနဲ့စိုက်ပျိုးရောင်းချပေးတဲ့အပြင် ခါ တိုင်းဈေးဝယ်နေကျ မေလန်းနေရာမှာဝင်ပြီးမနက်တိုင်းဈေးပါသွားပေးသတဲ့ ။ အိမ်ကိစ္စအသေးအဖွဲလေး တွေနဲ့စကားပြောဆိုရမဲ့နေရာတွေမှာလဲ သူ့ဟာသူအလိုက်တသိကိုင်တွယ်သွားပေးတော့ ဝမ်မုဆိုးမလေး အနေနဲ့ တယောက်တည်းကျန်ခဲ့ပေမဲ့ ဘာမှတော့အခြေပျက်မသွားတာ အမှန်ပါပဲ ။ အထီးကျန်ရှာတဲ့ဝမ် မုဆိုးမလေးခမြာမီးဖိုချောင်မှာချက်ပြုတ်နေရင်းနဲ့ ဥယျာဉ်ထဲအလုပ်လုပ်နေတဲ့ချန်ကြီးကိုပဲအားကိုးတကြီး လှမ်းကြည့်မိချိန်တွေလဲမနည်းဘူး ။ တခါတလေတော့လဲ ချန်ကြီးနဲ့သွားပြီးစကားပြောနေတတ်ပါသတဲ့ ။ သူတို့ရဲ့ဥယျာဉ်ကလဲ အင်မတန်တိတ်ဆိတ်ပြီး လူသူလေးပါးလှမ်းမမြင်နိုင်တဲ့နေရာမဟုတ်လား ။ ဒီလိုနဲ့ ဆိတ်ကွယ်ရာမှာ နေ့တိုင်းနှစ်ယောက်အတူစကားပြောလုပ်ကိုင်နေကြတဲ့ အလုပ်ရှင်နဲ့ခြံသမားတို့ကြားမှာ မမြင်နိုင်တဲ့သံယောဇဉ်ကြိုးတချောင်းဖြစ်ပေါ်လာသလိုပါပဲ ။ သံယောဇဉ်ဆိုပေသိ ဝမ်ကတော်လေးဘက် ကစိတ်ညွှတ်မိတာပိုပြီး ချန်ကြီးကတော့သူ့အလုပ်ရှင်ကို ကိုးကွယ်မတတ်ကြည်ညိုတာမှာ အခုသနားတာ ပါပိုလာတယ် ဆိုပါတော့ ။

ဒီလိုအချိန်မှာပြည်ပန်းညိုရှိုချင်လျက်နဲ့ဆားကဖျက်ဆိုသလို ဝမ်မျိုးနွယ်စုထဲကဦးကြီးက ရွှေနန်းတော်ကဝမ်ပညာရှင်အသုဘအတွက်ကူလိုက်တဲ့ငွေစတရာကို လာပေးရင်းနဲ့ပြဟ္မစရိယမုဲခံ့းနဲ့ဂုဏ်ပြုဆုတော်ငွေအသပြာတစ်ထောင်ကိုမကြာခင်မှာ လာရောက်စိုက်ထူပေးအပ်ကြတော့မဲ့အကြောင်း သတင်းကောင်းလာပါးသတဲ့ ။ ဝမ်ဦးကြီးလဲပြန်ရော ဝမ်မုဆိုးမလေးဟာသူ့ဘဝရဲ့အခက်ခဲဆုံးလို့ဆိုရမဲ့ ဆုံးဖြတ်ချက်တခုကိုကိစ္စတွေလွန်မသွားခင်ချမှတ်ရတော့မယ်ဆိုတာ သိလိုက်တယ် ။ ချန်ကြီးကတော့ ဒီသတင်းအပေါ်မှာကာယကံရှင်ဝမ်မုဆိုးမလေးထက်တောင် ဝမ်းသာလှိုက်လှဲသေးတယ် ။ သူ့စိတ်ထဲမှာ ဒီလောက်မြင့်မြတ်ပြီးအဆင့်အတန်းလဲမခွဲခြားတတ်တဲ့အလုပ်ရှင်ကို ပိုလို့တောင်ကြည်ညိုလာတော့ ဒီမုဲခံ့းဟာဝမ်မုဆိုးမနဲ့သာအထိုက်တန်ဆုံးလို့ထင်သကိုး ။

ဝမ်မုဆိုးမလေးခမြာမှာလဲအကြပ်ရိုက်ရတော့တယ် ။ သူလိုမုဲခံ့းတောင်အထူခံရတော့မဲ့ မုဆိုးမအနေနဲ့ဘယ်ကနေဘယ်လိုစပြီး ချန်ကြီးကိုရေလာမြောင်းပေးလုပ်ရမှန်းလဲမသိဘူး ။ ဟိုအရိပ်အကဲနားမလည်လှတဲ့ခြံသမားငထူကလဲ သူ့အလုပ်ရှင်မသိသာအရိပ်ပြသမှုကို အကောင်မထင်တော့ခက်နေတာဲ ။ ဝမ်မုဆိုးမလေးမှာ ဟင်းသီးဟင်းရွက်ရမယ်ရှာပြီး ခြံထဲလဲခဏခဏဆင်းပါရဲ့ ။ ကောင်းကင်ပြာပြာအောက်က ချန်ကြီးရဲ့ရိုးသားတဲ့မျက်နှာညိုကြီးကိုတွေ့လိုက်တိုင်း ပြောစရာရှာမရတော့ပြန်ဘူး ။ သူနှစ်ပေါင်းများစွာလိုက်လျှောက်ကျင့်သုံးလာခဲ့တဲ့ထုံးတမ်းစဉ်လာတွေ ၊ မုဆိုးမဘဝရဲ့တခုတည်းသောတံတိုင်းလိုဖြစ်နေတဲ့အိန္ဒြေသိက္ခာတွေကခွင့်မပြုတာကလဲတပိုင်းပေါ့လေ ။ ဒါနဲ့တင် သူလုပ်နေကျအတိုင်း ခံစားချက်ကိုမျက်နှာမှာမပေါ်စေပဲ ပြန်လှည့်လာခဲ့တာချည်းပဲ ။ ချန်ကြီးကလဲအင်မတန်ရိုးသားပြီးသစ္စာရှိလှတဲ့အပြင် သူ့အလုပ်ရှင်ကို လူမကနတ်တမျှလောက်ထင်တာဆိုတော့ မြင်းကမလှုပ်ပဲ ခုံလှုပ်ဖို့ရာဆိုတာ လွယ်တာမှတ်လို့ ။ ဒီလိုနဲ့ဝမ်မုဆိုးမလေးရဲ့ခံစားချက်ကို သိလိုက်ရတဲ့တနေ့မှာတော့ ချန်ကြီးမှာဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲမျောက်မီးခဲကိုင်မိသလို ထိုင်မရထမရဖြစ်တော့သတဲ့ ။ ဖြစ်ပုံကဒီလိုလေ ။

မေဟွားမီးဖွားပြီးတော့လီဆွန်းနဲ့အတူ ဝမ်မုဆိုးမလေးဆီကိုမြေးလာပြကြသတဲ့ ။ ဂွမ်းပုံကြီးလိုဖြူဖွေးလို့တပွေ့တပိုက်မြေးမလေးကို သူ့ရင်ခွင်ထဲထည့်ပေးလိုက်တော့ ဝမ်မုဆိုးမလေးဝမ်းသာကြည်နူးလိုက်ပုံများဘာနဲ့မှတောင်နှိုင်းမပြတတ်ဘူး ။ ဝမ်မုဆိုးမလေးအနေနဲ့ အဘွားဖြစ်ဖို့ရာငယ်လွန်းသေးပေမဲ့ အခုလိုမျိုး

ကလေးပေါက်စနလေးကိုရင်ခွင်ထဲပွေ့ထားမိပြန်တော့လဲ ချစ်ခြင်းမေတ္တာတွေယိုဖိတ်လို့လာပြန်တော့သတဲ့ ။ ခါတိုင်းလိုစိတ်ခံစားချက်မပြတာတွေဘာတွေလဲ ခေါင်းထဲမထည့်နိုင်တော့ဘူး ။ သားအချစ် မြေးအနှစ်မဟုတ်ပါလား ။

"..........မေဟွားရယ်...ငါ့သမီးတောင်..ကလေးမအေဖြစ်လာပြီ....ညည်းကိုအခုလို..အိမ်ထောင်သည်ဘဝမှာလင်နဲ့သားနဲ့သိုက်သိုက်ဝန်းဝန်းတွေ့ရတာ..မေမေဝမ်းသာလိုက်တာကွယ်...သမီးအတွက်ကတော့စိတ်အေးရပါပြီ.........."

ဝမ်မုဆိုးမလေးကအခုလိုပြောတော့ မေဟွားခမြာမျက်ရည်မဆည်နိုင်ဘူး ။ သူပြောခဲ့သမျှ ၊ ငိုအောင်လုပ်ခဲ့သမျှတွေကိုလဲ သူ့အမေကအပြစ်မယူတဲ့အပြင် အခုနောက်ပိုင်းမှာပိုပြီးတောင် စိတ်သဘောထားပျော့ပျောင်းလာပြီးကြင်နာခံစားတတ်လာတာကို ရိပ်မိလိုက်လို့ပါပဲ ။ သူတို့ကလေးလာပြတဲ့ရောက်စနေ့မှာသူ့အမေကိုမျက်နှာငယ်လေးနဲ့ တယောက်တည်းအိမ်ရှေ့ခန်းထဲမှာထိုင်နေတာတွေ့လိုက်ကတည်းကမေဟွားရင်ထဲဆို့နစ်သွားလိုက်တာ ။ သူ့အမေဟာခါတိုင်းသူမှတ်မိနေကျ မတုန်မလှုပ်နဲ့အိန္ဒြေကြီးအဟန့်ကြီးလုတဲ့ပုံလဲလုံးလုံးမရှိရှာတော့ဘူး ။ ခါတိုင်းဆင်စွယ်ပန်းပုလိုခံစားချက်မရှိတဲ့မျက်နှာဟာလဲ အခုတော့နေလောင်ပန်းကလေးလိုနွမ်းဖျော့လို့ ။

အဲဒီအချိန်မှာပဲဥယျာဉ်ထဲဆင်းပြီး ချန်ကြီးကိုနှုတ်ဆက်တဲ့လီဆွန်းလဲ မယုံနိုင်စရာသတင်းကိုကြားလိုက်ရတော့တာပဲ ။ သူဥယျာဉ်ထဲဆင်းလာတော့ မြေတူးနေတဲ့ချန်ကြီးက ဘာမပြောညာမပြောနဲ့ လီဆွန်းကိုသူ့တဲလေးထဲအတင်းဆွဲသွင်းသတဲ့ ။ ပြန့်ကျယ်ရိုးသားတဲ့ချန်ကြီးရဲ့မျက်နှာပေါ်မှာတော့ မဟားဒရားစိတ်လှုပ်ရှားနေရုံသာမက ဝမ်းသာလုံးဆို့နေတဲ့ပုံကလဲမဖုံးနိုင်မဖိနိုင်ဖြစ်နေတဲ့အပြင် တဆက်တည်းပဲစိတ်ရှုပ်ထွေးနေတဲ့အရိပ်အယောင်တွေအမျိုးမျိုးထင်ဟပ်လို့ရယ် ။

"............တပ်မှူးရေ့...ခင်ဗျားရောက်လာတာ..ကျုပ်တော့သိကြားနီကြီးဆင်းလာတာထက်တောင်ဝမ်းသာသေးတယ်.....အဆင်သင့်လိုက်ပုံကတော့ဗျား......ကျုပ်ကိုအကြံဉာဏ်လေးပေးပါဦးဗျို့....ကျုပ်မှာ

ပညာကလဲမတတ်တော့..ဘာလုပ်ရမှန်းမသိဝွကျနေတာ.........”

“...............ဘာများလဲ...ချန်ကြီးရ...........”

ချန်ကြီးကရှက်ကိုးရှက်ကန်းမျက်နှာကြီးနဲ့ ငြိမ်ကျသွားပြီးမှပြောပြသတဲ့ ။

“...........ဟိုသင်းဗျာ...ဟိုလေ..ကျုပ်အလုပ်ရှင်ဝမ်ကတော်နဲ့ပတ်သက်လို့ပါဗျာ...........”

“...............ဝမ်ကတော်နဲ့ပတ်သက်လို့ဟုတ်လား...ကျွန်တော့်ယောက္ခမမှာဘာများအဆင်မပြေတာရှိလို့လဲ..ချန်ကြီးရဲ့..........”

“...........မဟုတ်ဘူးလေ...အဆင်မပြေတာကကျုပ်ပါ...အဲ...ဟုတ်သေးပါဘူး....အိုလဗျာ....ဘယ်လိုရှင်းပြရမှန်းတောင်မသိတော့ဘူး...ခင်ဗျားကျုပ်ကိုအကြံပေးမှဖြစ်မှာပါ......ဒီပြင်လူတော့ကျုပ်မယုံဘူး......”

“..............ကဲပါ..ဟုတ်ပါပြီ....ချန်ကြီးနဲ့ရော..ပတ်သက်နေလို့လား.........”

“...........ပတ်သက်သလားဆိုတော့...ဟုတ်တယ်ဆိုပါတော့......ဝွကျချက်တော့ဗျာ..........”

“..................ကျွန်တော့်ကိုဘာဖြစ်ကြသလဲဆိုတာ..အရင်ပြောပြမှကူညီပေးလို့ရမှာပေါ့....ချန်ကြီးနဲ့ဝမ်ယောက္ခမကြားထဲမှာ..အဆင်မပြေတာမျိုးရှိနေလို့လား.........”

ဒီတော့မှချန်ကြီးကသူ့ဝသီအတိုင်း ဖြစ်ကြောင်းကုန်စင်ကို တောလေသံလေးလေးကြီးနဲ့တောင်တလုံးမြောက်တလုံးပြောပြတော့တယ် ။ စစချင်းတော့ တပ်မှူးလေးလီဆွန်းခမြာ သူ့နားသူကိုမယုံနိုင်ဘူး ။ ချန်ကြီးကရိုးရိုးသားသားပဲ အိပ်ဖာသွန်မှောက်တစမကျန်ပြောပြတဲ့အခါမှ လီဆွန်းမှာတဖြည်းဖြည်းနားလည်

တော့တယ် ။ သူ့ယောက္ခမဝမ်မုဆိုးမလေးဟာ အင်မတန်ရှုပ်ထွေးတဲ့နည်းကိုသုံးပြီး သူ့နည်းသူ့ဟန်နဲ့ချန်ကြီးကိုရေလာမြောင်းပေးလုပ်ရှာတဲ့အကြောင်းပါပဲ ။ ခမြာမှာ တသက်လုံးကအင်မတန်ကိုအိန္ဒြေကြီးကြီးနဲ့နေလာတဲ့သူဆိုတော့ အပ်နဲ့ထွင်းရမှာကိုပုဆိန်နဲ့ပေါက်နေတယ်ဆိုပါတော့ ။ မေဟွားလိုမိန်းကလေးမျိုးသာဆိုရင် အနမ်းတပွင့်လောက်နဲ့ပြီးသွားရမဲ့ကိစ္စဟာ ဝမ်မုဆိုးမလေးအတွက်တော့ အမယ်ဘုတ်ကဲ့ သူချည်ခင်လိုရှင်းလို့ကိုမတတ်ရှာဘူး ။

ချန်ကြီးပြောသမျှကိုဇတ်ကြောင်းပြန်ရရင် အဲဒီတလောကနွေပေါက်စပြုလာတော့ အင်မတန်ပူလို့ညမှာချန်ကြီးကကိုယ်တပိုင်းဗလာနဲ့ပဲအိပ်နေမိတာများပါသတဲ့ ။ အဲ..ဒီ့အရင်အပတ်ကတညမှာတော့ ချန်ကြီးအိပ်ပျော်နေတုန်း ဝမ်မုဆိုးမလေးကအသာလာနှိုးတယ်လို့ဆိုတယ် ။ ချန်ကြီးနိုးလာတော့ ဝမ်မုဆိုးမလေးကတံခါးဝမှာရပ်လို့တဲ့ ။ လတောင်အနောက်ကောင်းကင်မှာဝင်စပြုနေပြီ ။ ချန်ကြီးလဲတအံ့တသြနဲ့ ထပြီးဘာများလိုလို့လဲလို့မေးတော့ ဝမ်မုဆိုးမလေးကခပ်အေးအေးဖြေသတဲ့ ။

".......ဘာမှမလိုပါဘူး....ချန်ကြီးရယ်...ရှင်ကလဲအအိပ်ကြီးလိုက်တာ..ကြက်တွေဒီလောက်ဆူညံနေတာတောင်မနိုးဘူးလား...ကျွန်မစိတ်ထဲမှာတောကြောင်ဝင်ဆွဲတယ်ထင်လို့ထလာကြည့်တာပဲ............."

ကြက်ခြံကိုသွားဖို့ရာက ချန်ကြီးအိပ်တဲ့အစောင့်တဲလေးကိုဖြတ်သွားရမှာကိုး ။ ချန်ကြီးလဲထလာတော့မြက်တွေမှာနှင်းဥတွေတွဲခိုလို့ ။ မနက်ခင်းသုံးနာရီလောက်တော့ ရှိဟန်တူတယ် ။ ဒါနဲ့ကိုယ်ဗလာနဲ့ ချန်ကြီးကိုကြည့်ပြီး ဝမ်မုဆိုးမလေးကဆိုတယ် ။

"..........ချန်ကြီး..ပြန်အိပ်လိုက်ပါတော့..အပေါ်အင်္ကျီမပါဘဲမပါနဲ့..အအေးမိတော့မှာပဲ..ကြက်တွေလဲငြိမ်သွားမှာပဲဟာ...တောကြောင်လဲပြေးပြီထင်ပါရဲ့........"

ဒါနဲ့ချန်ကြီးလဲ ဝမ်မုဆိုးမလေးကိုမီးဖိုချောင်နားအထိလိုက်ပို့ခဲ့ပြီးမှ ပြန်အိပ်လိုက်သတဲ့ ။ ကြက်ခြံနဲ့အတော်ဝေးတဲ့အိမ်ဘက်က သူ့အလုပ်ရှင်တောင်ကြားပြီး ကပ်လျက်နေနေတဲ့သူကတော့ ကြက်သံမကြား

မိလို့အံ့သြရင်းပေါ့လေ ။ ဒါပေမဲ့တောကြောင်ရိုင်းတွေဆိုတာ သိပ်မြန်ပြီးအသံမထွက်သလောက် ချန်ကြီးကလဲအလုပ်ပင်ပန်းရင် နစ်နစ်မြိုက်မြိုက်အိပ်လေ့ရှိတာမို့ အထွေအထူးတော့မတွေးမိသေးဘူး ။ နောက်နေ့ကျတော့ ဝမ်မုဆိုးမလေးကပြောသတဲ့ ။

"..........ချန်ကြီးရေ....ဒီညတော့ကြက်ခြံကိုလုံမလုံစစ်လိုက်ဦးနော်...ခုတလောတောကြောင်တွေသောင်းကျန်းနေတာ......."

"...........စိတ်ချပါ..မလေး.....ကျုပ်အသေအချာစစ်လိုက်ပါ့မယ်......"

ပြောမဲ့သာပြောလိုက်ရပေမဲ့ သူ့ဒီအိမ်မှာနေတဲ့တလျှောက်လုံး တောကြောင်ခိုးစားလို့ကြက်ပျောက်တာမျိုးတခါမှမကြုံဖူးတော့ ချန်ကြီးလဲဇဝေဇဝါဖြစ်မိတယ် ။ ဒါနဲ့ တတိယညကျတော့ ကြက်ခြံကဝါးတန်းတွေကိုဖြိုပြီးတော့ယူသွားဟန်နဲ့ ကြက်အနက်ကလေးတကောင်ပျောက်သွားပါလေရော ။ ချန်ကြီးကတော့အိပ်လိုက်တာသိုးလို့..ကြက်ပါသွားမှန်းလဲမသိပါဘူး ။ သူ့ကိုတယောက်ယောက်ကစောင်ခြုံပေးရင်း အသာအယာလှုပ်နှိုးတဲ့အခါကျမှ နိုးလာပြီးဝမ်မုဆိုးမလေးကိုတွေ့လိုက်ရတယ် ။

"...............ဟင်....မမလေးပါလား....ဘာ..ဘာဖြစ်လို့တုံးဗျ..........."

"................ကျွန်မတောကြောင်ကိုတွေ့လိုက်တယ်..ချန်ကြီးရဲ့..ဥယျာဉ်တံတိုင်းကိုခုန်ကျော်ပြီးကျွန်မမျက်စိရှေ့တင်ထွက်ပြေးသွားတာ..........."

ဒါနဲ့ချန်ကြီးပျာပျာသလဲနဲ့ ဝတ်ရုံပြတထည်ကောက်ခြုံပြီးထစစ်ကြည့်လိုက်တော့ ကြက်ခြံထောင့်တနေရာမှာအပေါက်ကြီးတခုကိုတွေ့လိုက်ရသတဲ့ ။ ပြီးတော့ ဝမ်မုဆိုးမလေးက သူတောကြောင်ကိုတွေ့လိုက်တယ်ဆိုတဲ့နေရာကိုလဲ လိုက်ပြသေးတယ် ။ ဘာခြေရာလက်ရာမှတော့မတွေ့ပေမဲ့ ခြံတပတ်ပတ်ကြည့်လိုက်တော့ ကြက်နက်မလေးကိုတံတိုင်းနားကပ်ရက်က ပန်းရုံထဲမှာသေနေတာတွေ့ကြရတယ် ။

လည်ပင်းမှာလဲအပေါက်ကြီးနဲ့ဆိုတော့ ဝမ်မုဆိုးမတွေ့တဲ့တောကြောင်လက်ချက်လို့ထင်ပြီး ချန်ကြီးခမြာ အားနာနာနဲ့တောင်းပန်သတဲ့ ။ ဘယ့်နှယ်..သူဒီမှာနေလာတဲ့တလျှောက်လုံး ဘာအကောင်မှပျောက်ရှခဲ့ဖူးတာမှမဟုတ်တာကိုး ။ ဝမ်မုဆိုးမလေးကတော့ ခပ်အေးအေးပဲ ချန်ကြီးကိုနှစ်သိမ့်တယ် ။

"............စိတ်မကောင်းမဖြစ်ပါနဲ့..ချန်ကြီးရယ်...ကြက်လေးတကောင်သေတာ..ဘာမှမဖြစ်လောက်ပါဘူး မနက်ဖြန်ကျရင်..ကျွန်မဒီကြက်ကိုဟင်းချက်လိုက်လို့ရပါတယ်...ဟင်းကောင်းစားရတယ်လို့သာသဘောထားလိုက်...ဟုတ်ပြီလား........."

"............မမလေးကအအိပ်ဆတ်လိုက်တာဗျာ........ကျုပ်ကတော့ကြက်တကောင်လုံးပါသွားတာတောင်လုံးလုံးကိုမနိုးတာဗျို့................"

".............ဒီလိုပါပဲရှင်....တချို့ညတွေမှာမျက်စိကြောင်နေတော့...အသံဗလံမှန်သမျှကြားမိတဲ့သဘောပါပဲ.....ချန်ကြီးကအလုပ်ပင်ပန်းတာကိုး........"

ဒါနဲ့ကြက်သေကိုကိုင်ပြီးစကားတပြောပြောနဲ့ပြန်လာကြတော့ ချန်ကြီးရဲ့တဲနားကိုပြန်ရောက်လာကြသတဲ့ ။ ချန်ကြီးကကြက်သေကိုတဲထဲဝင်ထားတော့ဝမ်မုဆိုးမလေးကတံခါးဝမှာဘဲရပ်ကျန်ခဲ့တယ် ။ ချန်ကြီးလဲအမှတ်မဲ့လှမ်းကြည့်လိုက်တော့ လရောင်အောက်မှာရပ်နေတဲ့ဝမ်မုဆိုးမလေးရဲ့ လက်သည်းနဲ့ဝတ်ရုံအပေါ်မှာကြက်သွေးစက်တချို့ကိုမြင်လိုက်မိလို့ ရေတပုံးငင်ပြီးတောင်ဆေးပေးလိုက်သေးတယ် ။ အားလုံးပြီးကြတော့ ပြန်အိပ်ကြဖို့ကလဲမျက်စိကြောင်နေကြပြီဖြစ်သလို ၊ တခါတည်းအိပ်ရာကထလိုက်ဖို့ကြတော့လဲစောလွန်းနေသေးတော့ ချန်ကြီးကဝမ်မုဆိုးမလေးကို လက်ဘက်ရည်ကြမ်းကျိုပေးသတဲ့ ။

"............မမလေး...အိမ်ထဲပြန်ချင်ရင်..ခဏနေကျုပ်လက်ဘက်ရည်လာပို့ပေးမယ်လေ........."

"............နေပါစေ..ချန်ကြီးရယ်...ဒီနေရာလေးက..သက်တောင့်သက်သာရှိသားပဲ........"

"............လက်ဘက်ရည်လဲဆူစပြုနေပါပြီ....ခဏပါ..မကြာပါဘူး........"

"............အို..အရေးမကြီးပါဘူး...ဖြည်းဖြည်းပေါ့........."

ဆိုပြီး ဝမ်မုဆိုးမလေးက ချန်ကြီးရဲ့အိပ်ရာပေါ်ကိုထိုင်ချရင်း မွေ့ယာခင်းအနွမ်းတွေ ၊ စောင်စုတ်အပြဲတွေ ၊ ခေါင်းအုံးထောင့်ပြဲတွေကိုကြည့်ရင်းဆိုတယ် ။

"............ချန်ကြီးမှာ..အိပ်ယာဖုံးကောင်းကောင်းမရှိတာ..ကျွန်မကိုလဲမပြောဘူး...မနက်ဖြန်ကျမှလာလဲပေးဦးမယ်............"

ဒါနဲ့နောက်တနေ့ကျတော့ ညစာအတွက်ကြက်သားဟင်းပူပူနွေးနွေးကိုလာပေးရင်း ဝမ်မုဆိုးမလေးက ချန်ကြီးကိုသတိပေးပြန်သတဲ့ ။

"...........ဟိုနံရံကအပေါက်ကြီးကိုဖာလိုက်ဦးနော်...ချန်ကြီး......"

"..........ဒီနေ့မနက်ပဲကျုပ်အခိုင်အခန့်ဖာပြီးပြီ...မမလေး........."

"............ကျွန်မစိတ်ထဲမှာ..မနေ့ညကတောကြောင်ပြန်လာမယ်လို့..ထင်နေမိလို့........"

"............ဘာလို့တုန်း..မလေးရဲ့........"

"..........မနေ့ညကကျွန်မတို့နိုးလာလို့..သူ့အစာကိုထားပစ်ခဲ့ရတယ်မဟုတ်လား...အခုတော့ကြက်တွေဘယ်နားရှိသလဲဆိုတာကိုလဲသူသိပြီးပြီဆိုတော့...စားကျက်ဟောင်းကိုပြန်လာမယ်ထင်တာပဲ.....တခါလာဖူးပြီးသွားတော့..လူလဲသိပ်ကြောက်တော့မှာမဟုတ်ဘူး........"

ဝမ်မုဆိုးမလေးကဒီလိုပြောတော့ သူ့အနားကကြက်ခြံကိုအတင့်ရဲပြီးလာဆွဲနေတဲ့ ကြောင်စုတ်ကိုဒီညတော့မိအောင်ဖမ်းမယ်လို့ချန်ကြီးဆုံးဖြတ်ချက်ချလိုက်သတဲ့ ။ အဲဒီညကကြောင်ဖမ်းဖို့စောင့်ကြတဲ့ ဇတ်လမ်းကို ချန်ကြီးကလီဆွန်းကိုအခုလိုဇတ်စုံခင်းပြတယ်။

"...........တပ်မှူးနယ်...ကျုပ်လဲမမလေးကိုညတိုင်းအိပ်မရအောင်ဒုက္ခပေးနေတဲ့ကြောင်ကို..စောင့်ဖမ်းဖို့ကြံတာပေါ့...အဲဒီညကကျုပ်မအိပ်ဘူးဗျ....ကြက်ခြံအနောက်ကခြုံပုတ်အကွယ်မှာ..ခွေးခြေလေးတလုံးချပြီးထိုင်နေတာ...ကျုပ်တဲထဲကဆီမီးကိုတော့မှိန်မှိန်ပဲထွန်းထားရတယ်...ဒါမှဟိုငမိုက်သားကြောင်ကကျုပ်အိပ်ပျော်နေပြီလို့ထင်မှာမဟုတ်လား...အတင့်ရဲပြီးလာတဲ့ကြောင်မှန်သမျှကိုတုတ်စာကျွေးဖို့..ဝါးရင်းတုတ်ဖြောင့်ဖြောင့်မာမာတခုလဲအနားမှာအသင့်ယူထားတာ...ဒါနဲ့ဗျာ..စောင့်လိုက်ရတာ..လကိုမြင့်သထက်မြင့်လာပြီးဝင်ခါနီးအထိပါပဲ...ဘာကြောင်တကောင်တမြီးမှကိုပေါ်မလာဘူး..မနက်လင်းလုတာကတကြောင်းချမ်းလဲချမ်းလာတော့..ကျုပ်လဲဝင်အိပ်ဖို့ကြံနေတုန်းပဲ...ဝမ်မမလေးခေါ်သံတိုးတိုးလေးကြားလိုက်ရသဗျ..အသံလာရာကိုလှမ်းကြည့်လိုက်တော့...ဝင်လုဆဲလရောင်မှိန်မှိန်အောက်မှာ..ပန်းနတ်သမီးမာကူလိုအဖြူဆွတ်ဆွတ်ဝတ်ရုံလေးနဲ့..မမလေးကကျုပ်ဆီလာနေတာ..ပြီးတော့ကြောင်မိပလားတဲ့...မေးရော..ကျုပ်လဲဒီညတော့ကြောင်လာတာမတွေ့လို့..အခန်းပြန်တော့မဲ့အကြောင်းပြောတော့..သူပါလိုက်ပြီးစောင့်မတဲ့လေဘုရားအဆူဆူစူးရစေ့..တပ်မှူးရာ..ကျုပ်ဘဝတလျှောက်လုံးမှာ..ဒီလောက်သာယာတဲ့ညမျိုးမရှိခဲ့ရိုးအမှန်ပါ...လရောင်အောက်က..ကျုပ်တဲထဲမှာမမလေးနဲ့နှစ်ယောက်ထဲထိုင်နေရတာ..ကျုပ်ဖြင့်အိမ်မက်မက်နေသလားတောင်ထင်မိတယ်..ကျုပ်အိပ်ရာပေါ်မှာတော့..ဒီနေ့မနက်ပဲမမလေးပေးထားတဲ့အိပ်ယာဖုံးအဖြူအဆွတ်ဆွတ်ကလေးကလွှားလို့...ဖြူစင်နူးညံ့ချက်များ..ကျုပ်ဖြင့်အိပ်ချပစ်ဖို့နေနေသာသာ..ထိုင်တောင်မထိုင်ဝံ့ပါဘူး..နမြောလွန်းလို့...အဲ..ဒါနဲ့..ကြောင်ကိုစောင့်နေကြရင်း...ကျုပ်တို့လဲပြတင်းပေါက်ကနေဖြာဝင်လာတဲ့လရောင်ကိုပဲ..အတူကြည့်နေမိကြတာ...တကယ်ပါ..ကျုပ်စိတ်ထဲမှာ..မမလေးကိုကြည်ညိုတာကလွဲလို့ဘာမှမဟိုဒင်းခဲ့ရိုးအမှန်ပါ...ဒီအိမ်နေလာတာလဲကြာလှပါပြီ.....အဲဒီညကတော့တမျိုးကြီးပဲဗျာ..ကျုပ်ရင်ထဲမှာကတုန်ကရီကြီးနဲ့ပဲ..မျက်နှာတွေလဲအမ်းလာပြီး..မမလေးစကားပြောနေတာကိုပဲနားစိုက်ထောင်နေမိတယ်......မမလေးကတော့ပြောလိုက်တဲ့စကားတွေဆိုတာ..စုံလို့ပဲ..ခြံအကြောင်း..မေဟွားရဲ့အကြောင်း..ဘဝအကြောင်း..စုံလို့ပါဗျာ....ကျုပ်ကတော့ရင်ထဲမှာတဒိန်းဒိန်းနဲ့..ငုံ့စုံ့ပစ်ကြီးပဲထိုင်နေမိ

တော့မမလေးက..ကျုပ်ဘာကြောင့်အိမ်ထောင်မပြုခဲ့သလဲလို့မေးသဗျ....သြော်..တပ်မှူးနယ်..ကျုပ်က ဘယ်လိုဖြေရမှာတုန်း..အမှန်ကိုအမှန်အတိုင်းပေါ့ဗျာ...ကျုပ်ကသူများရဲ့အခစားခြံသမားဥစ္စာ..မိန်းမယူဖို့ဘယ်ကငွေနဲ့တင်တောင်းမှာတုန်း..ဒါနဲ့မမလေးကိုကျုပ်မတတ်နိုင်လို့..လို့ပဲပြောပြလိုက်တော့ဘာမေးတယ်မှတ်တုန်း...အခုရော..ငွေအလုံအလောက်ရှိရင်အိမ်ထောင်ပြုချင်သေးသလားတဲ့ဗျား..ကျုပ်လဲပြုချင်တာပေါ့..မလေးရာလို့ပြောလိုက်တယ်..ကျုပ်လဲဆင်းရဲပေမဲ့အဖော်ဆိုတာတော့လိုချင်သားပဲ..တပ်မှူးရာ..........”

ချန်ကြီးက အဲဒီညကအဒ့်စရာဇတ်လမ်းကိုဆက်ပြန်တယ် ။ ချန်ကြီးကအဲဒီလိုပြန်ဖြေလိုက်တော့ ဝမ်မုဆိုးမလေးက သူ့ကိုရွှန်းရွှန်းစားစားစိုက်ကြည့်နေလိုက်တာများ မျက်လုံးတောက်တောက်တွေအပေါ်မှာ လရောင်ဟပ်ပြီးကျောက်မျက်တွေအလားတဖျတ်ဖျတ်လက်နေလို့ ချန်ကြီးတောင်ကြက်သီးထမိပါသတဲ့ ။

“............ခင်ဗျားကျုပ်တို့မမလေးမှပတ်ရဲ့လားဗျာ...ပန်းနတ်သမီးမာကူများလူယောင်ဖန်ဆင်းပြီး..ကျုပ်ကိုလာပြုစားလေရော့သလား.........”

“.............ချန်ကြီးကလဲလေ...သိပ်ရိုးတာပဲ...ကျွန်မကရှင့်မမလေးအစစ်ပါပဲတဲ့ရှင်.........”

ပြောလိုက်ခါမှချန်ကြီးရဲ့စိတ်ထဲမှာဝမ်မုဆိုးမလေးဟာ လရောင်အောက်ကနတ်မယ်လျာလိုပိုပြီးလှလာပြီး ယစ်မူးဖွယ်ရာရောင်ခြည်တွေတောင် ဖြာထွက်လာသလိုထင်မိတာနဲ့ ပြူးပြဲပြီးထပ်ကြည့်မိပြန်ပါရော ။

“............သြော်...စိုက်ကြည့်နေပြန်ပါပြီ...ကဲရှင်..ကျွန်မလူဟုတ်မဟုတ်သိချင်ရင်..ဟောဒီလက်ကိုကိုင်ကြည့်.........”

ဆိုပြီးဆန့်ထုတ်ပေးလာတဲ့ဆင်စွယ်နှစ်လိုလက်မောင်းဖြူသွယ်သွယ်လေးကို ချန်ကြီးရဲ့အသားမာတက်နေတဲ့လက်ကြမ်းကြီးနဲ့ အသာထိမိလိုက်တော့ ဝမ်မုဆိုးမလေးကတွန့်သွားသတဲ့ ။

"…………ကျုပ်မမလေးကို..လန့်သွားအောင်လုပ်ဖို့မရည်ရွယ်ပါဘူးဗျာ…ဘုရားပေးပေး..ကျမ်းပေးပေးပါ ရုတ်တရက်မှာမမလေးကို..ကျုပ်ဖြင့်ခြံသမားတွေကိုဖမ်းစားတတ်တဲ့..ပန်းနတ်သမီးမာကူလို့ချည်းပဲထင် မိတယ်….မျက်နှာသာပေးလို့..ရွှေရေးပန်းကန်တက်တာမျိုးမဟုတ်ရပါဘူး…….”

ဝမ်မုဆိုးမလေးကရယ်လိုက်တော့ ချန်ကြီးလဲနည်းနည်းစိတ်သက်သာရာရသွားတယ် ။

"…………ကျွန်မကတကယ်ပဲ..ပန်းနတ်သမီးမာကူလိုချောလို့လား…ချန်ကြီးရယ်……မြှောက်ပြောနေတာ များလား…ပန်းနတ်သမီးမာကူကရော..လူ့ပြေကခြံသမားကြီးကိုမေတ္တာသက်ဝင်ပြီး..ချစ်မိသွားမယ်လို့ချန် ကြီးထင်လားဟင်……”

"…………အိုဗျာ…ဒါတော့သူတို့ကိစ္စကျုပ်ဘယ်သိနိုင်ပါ့မတုန်း…ကျုပ်ကပန်းနတ်သမီးကိုမြင်ဖူးတာတောင် မဟုတ်ဘူး…..အကြားလောက်ရှိတာ…..”

ဒီလိုအရိပ်အမြွက်ပေးလိုက်ပေမဲ့ အတော်ဒုန်းဝေးတဲ့ချန်ကြီးကတော့ လုံးလုံးကိုအဓိပ္ပါယ်မပေါက်လို့ နောက်ဆုံးမှာ ဝမ်မုဆိုးမလေးကပြောင်ပြောင်ပဲပြောရတော့တယ် ။

"………….ချန်ကြီးသာပန်းနတ်သမီးကိုဒီညမြင်ခွင့်ရခဲ့မယ်ဆိုရင်ရော…ဘာလုပ်မလဲဟင်…..ချစ်ရေးမင် ချင်ဘူးလား…..ကျွန်မဟာပန်းနတ်သမီးလောက်လှတယ်ဆို….ကဲ…ကျွန်မနဲ့ပန်းနတ်သမီးကြားမှာဘယ် သူ့ကိုရွေးမလဲ….ဘယ်သူ့ကိုပိုပြီးမေတ္တာရှိသလဲ…………”

"………….ဟာ…မမလေးရာ….မကြုံကောင်းမစည်ရာ…ကျုပ်ကမမလေးရဲ့အခစားခြံသမားဥစ္စာ…ကျုပ် ဒီလိုမစော်ကားဝံ့ပါဘူး…..ကျုပ်ကိုမကျီစားပါနဲ့ဗျာ…..”

"............မဟုတ်ဘူး...ချန်ကြီးရဲ့...ကျွန်မအတည်ပြောနေတာ..အခုလိုမျိုးကျွန်မနဲ့အတူချန်ကြီးအမြဲမနေချင်ဘူးလား.......မေဟွားနဲ့တပ်မှူးလေးလိုမျိုးဘဝအဖော်မွန်တွေအဖြစ်နဲ့ပေါ့............"

"...........ကျုပ်..ကျုပ်နဲ့မမလေးနဲ့အိမ်..အိမ်ထောင်ပြုကြဖို့လား...အလိုလေး..တကယ်ကြီးလား..မမလေးရာ...ကျုပ်အိပ်မက်မက်နေတာတော့မဟုတ်ပါဘူးနော်......ဟို..ဟိုသင်း...ဖြဟွစရိယ်မုန်ခုံးကိုရောဘယ်လိုလုပ်ကြမတုန်း........"

".............ဘယ်လိုမှမလုပ်ပါဘူး....မုန်ခုံးတွေဘာတွေကို..ကျွန်မဂရုလဲမစိုက်လှပါဘူးရှင်..ကျွန်မချန်ကြီးကိုသံယောဇဉ်ရှိနေတာကြာပြီ...ကျွန်မအနားမှာအမြဲရှိနေတဲ့ချန်ကြီးနဲ့ပဲ..ဘဝတလျှောက်လုံးပျော်ပျော်ရွှင်ရွှင်နေသွားနိုင်မယ်ဆိုရင်ကိုကျေနပ်လှပါပြီ.....လူတွေပြောလဲခဏပေါ့..ချန်ကြီးရယ်...ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်လို့ဆိုကြတယ်မဟုတ်လား....ကျွန်မမှာမုဆိုးမဘဝကိုအနှစ်နှစ်ဆယ်လုံးလုံးဖြတ်သန်းလာခဲ့ရတာငြီးငွေ့လှပါပြီ..ရှင်ရယ်...မုန်ခုံးကိုတော့မုဆိုးမအဖြစ်နဲ့ပဲအရိုးထုတ်ချင်သူတွေရသွားပါစေတော့......"

ပြောပြီးတာနဲ့ဝမ်မုဆိုးမလေးက ချန်ကြီးရဲ့ပြည့်တင်းပြန့်ကျယ်ရိုးသားတဲ့ မျက်နှာညိုညိုကြီးအပေါ်မှာ အနမ်းတပွင့်ခြွေချပြီး မှိန်ပျောက်သွားတဲ့လရောင်ခြည်လေးလိုပဲ ငြင်ငြင်သာသာနဲ့ထွက်သွားရော ။

"............အဲဒါပါပဲ.....တပ်မှူးရာ...ကျုပ်လဲမကြံတတ်တော့ပါဘူး...ဘုန်းတော်ကြီးဘုရားကတောင်ချီးမြှင့်မဲ့မုန်ခုံးအစီအစဉ်ကြီးကို..ကျုပ်ကဝင်ပြီးကဖျက်ကယက်လုပ်လို့တော်ပါ့မလားဗျာ......မမလေးကတော့သူ့ကိုမုန်ခုံးစမထူခင်လက်ထပ်ဖို့ပြောနေတော့တာပဲ....မုန်ခုံးစပြီဆိုတာနဲ့ဘာမှလုပ်လို့မရတော့ဘူးတဲ့ဗျ...ခင်ဗျားယုံမလားတော့မပြောတတ်ဘူး..မမလေးကကျုပ်နဲ့အတူသာနေရရင်ကျေနပ်ပြီတဲ့ဗျ..ကျုပ်ဘာလုပ်ရမလဲဟင်....တပ်မှူးပြောပါဦး...ခင်ဗျားအာစေးမိနေသလိုငြိမ်မနေပါနဲ့...ကျုပ်ရင်တွေပူလွန်းလို့ပါ....ကျုပ်ဘာလုပ်သင့်တယ်လို့ထင်လဲ.........."

ချန်ကြီးပြောရင်လဲပြောစရာ..တပ်မှူးလေးလီဆွန်းခမျာ ဒီအဖြစ်ကိုကြားလိုက်ရတော့ အံ့ဩလွန်းလို့ပါး စပ်ဟောင်းလောင်းနဲ့ပဲ ချန်ကြီးကိုပြူးကြည့်နေမိတာ ။ နောက်တော့မှတဖြည်းဖြည်းနဲ့ နားလည်လာပြီးတံ တွေးကိုအလောတကြီးမြိုချလို့ ဗလုံးဗထွေးအော်ပြောမိသတဲ့ ။

"...........ဘာလုပ်ရမှာတုန်း....အလိုက်တဲ့လူနယ်ဗျာ...အမြန်ဆုံးလက်ထပ်မှဖြစ်မှပေါ့........."

ပြီးတော့ကမှူးရှူးထိုးပြေးထွက်သွားပြီး မေဟွားကိုဒီသတင်းသွားပေးရင်း အဖြစ်အပျက်အလုံးစုံကိုပြော ပြတယ် ။

"............ဟယ်...တကယ်ပဲလား....ကျွန်မဝမ်းသာလိုက်တာ..အကိုရယ်...မေမေ့ခမြောမှာအထီးကျန်ဘဝ ကနေလွတ်ရှာတော့မယ်......."

ခဏငြိမ်သွားပြီးမှ မေဟွားကညစ်ကျယ်ကျယ်အပြုံးနဲ့ လီဆွန်းနားတိုးတိုးလေးကပ်ပြောပြန်တယ် ။

"............သိလား..အကို...ကျွန်မအထင်တော့..တောကြောင်ဆွဲတယ်ဆိုတဲ့..ကြက်နက်မလေးသေတာ.. မေမေ့လက်ချက်ပဲဖြစ်မှာပဲ......ချန်ကြီးလိုလူရိုးတွေအတွက်လဲ...မုခ်ရုံးတောင်ဆောက်ပေးသင့်တယ်...ခစ် ခစ်...."

အဲဒီညမှာညစာစားပြီးကြတော့ လီဆွန်းကသူ့ယောက္ခမဝမ်မုဆိုးမလေးကို ဒီလိုစကားစသတဲ့ ။

"..........မေမေရေ...မေမေကဝမ်မျိုးနွယ်နာမည်ခံဖို့အတွက်..သားတယောက်လိုချင်နေခဲ့တာမဟုတ်လား ကျွန်တော်တို့ကလေးကလဲသမီးဦးဖြစ်နေတော့..မေမေတောင်းမွေးစားပြီးဝမ်နာမည်ခံနိုင်းမဲ့အစီအစဉ်လဲ.. မဖြစ်နိုင်တော့ပြန်ဘူးနော်........."

ဝမ်မုဆိုးမလေးကဆတ်ကနဲဖြစ်သွားပြီးမော့ကြည့်တော့ လီဆွန်းကတည်တည်ကြည်ကြည်ဆက်ဆိုတယ် ။

"............ဒီတော့ကျွန်တော်တွေးမိတာလေးတခုရှိတယ်ဗျာ....နားနဲ့မနာ..ဖဝါးနဲ့သာနာပါ..မေမေ...အခုဆိုရင်ဝမ်ဘွားဘွားလဲကွယ်လွန်သွားပြီဆိုတော့.....ဒီဝမ်မိသားစုမှာမေမေတယောက်ပဲနောက်ဆုံးကျန်ခဲ့တာပဲ....ကျွန်တော်ကြည့်နေတာ..ချန်ကြီးဟာသိပ်ရိုးသားကြိုးစားတဲ့အပြင်..ဒီမိသားစုဝင်လိုဖြစ်နေခဲ့တာလဲနှစ်ပေါင်းမနည်းတော့ဘူးမဟုတ်လား....ဒီတော့မေမေသာခွင့်ပြုမယ်ဆိုရင်..မေမေနဲ့ချန်ကြီးလက်ထပ်ပြီးတဲ့အခါမှာ..ချန်ကြီးကိုဝမ်မျိုးနွယ်ခံဖို့အတွက်..ကျွန်တော်ဖြောင်းဖြကြည့်ချင်တယ်.........."

အဲဒီလိုလဲပြောလိုက်ရော ဝမ်မုဆိုးမလေးရဲ့မျက်နှာတခုလုံးပန်းဆီဖျန်းလိုက်သလို ရဲရဲနီသွားပြီးမပီမသနဲ့ဒီလိုပြောပြီးတော့ အခန်းထဲကနေအယောင်ယောင်အမှားမှားနဲ့ထွက်သွားပါလေရော ။

".....အဲ...ဟိုဒင်း...ဝမ်..ဝမ်မျိုးနွယ်နာမည်ခံဖို့ဆိုတော့လဲ...အင်း..ကောင်းသလိုသာကြည့်စီစဉ်ပါကွယ်...."

ဒီလိုနဲ့ဝမ်မုဆိုးမလေးနဲ့ ချန်ကြီးလက်ထပ်လိုက်ကြတော့တယ် ။ မှစ်ခုံးထူဖို့အားခဲထားတဲ့ ဝမ်မျိုးနွယ်စုတခုလုံးကတော့ ခဲလေသမျှသဲရေကျပေါ့လေ ။ ဝမ်ဦးကြီးကတော့ စိတ်ပျက်လက်ပျက်နဲ့ဆိုသတဲ့ ။

".........မိန်းမဆိုတဲ့အမျိုးများ..ယုံကိုမယုံရပေါင်ဗျာ......"

♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥